www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

**ဒို့တာဝန်အရေးသုံးပါး**

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

**ပြည်သူ့သဘောထား**

★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက် (၄)ရပ်**

★ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
★ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
★ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
★ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

**စီးပွားရေးဦးတည်ချက် (၄) ရပ်**

★ စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
★ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

**လူမှုရေးဦးတည်ချက် (၄) ရပ်**

★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
★ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
★ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

BURMESE CLASSIC .com

# ပြန်ခေါ်သက်သေ

## မင်းလူ

ကုံကော်ဝတ်ရည်စာပေ
အမှတ်-၂၂၊ မဟာဓေယျလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၃၉၆၅၈၀၀၊ ၀၉-၅၁၂၇၄၉၃

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၂၃၆၀၂၁၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၂၆၈၀၃၁၁
ပထမအကြိမ် - ဧပြီလ၊ ၂၀၁၁ ခုနှစ်။
ကံ့ကော်ဝတ်ရည်စာပေ
အုပ်ရေ - ၅၀၀
မျက်နှာဖုံးပုံနှိပ် - Sky ပုံနှိပ်တိုက်
အမှတ်-၁၉/B(1)၊ ၅၅-လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
အတွင်းပုံနှိပ် - စွယ်တော်ပုံနှိပ်တိုက်
အမှတ် (၁၄၇)၊ (၅၁) လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ထုတ်ဝေသူ - ဦးကျော်ဇင်၊ ကံ့ကော်ဝတ်ရည်စာပေ
၅၁၊ ရေကျော်လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးဒီဇိုင်း - နေမျိုးဆေး
တန်ဖိုး - ၂၀၀၀ ကျပ်

၈၉၅.၈၃
မင်းလူ
ပြန်ခေါ်သက်သေ / မင်းလူ။ - ရန်ကုန်။
ကံ့ကော်ဝတ်ရည်စာပေ၊ ပထမအကြိမ်၊ ၂၀၁၁ ခုနှစ်။
စာမျက်နှာ-၂၁၉၊ ၁၃×၂၀ စင်တီမီတာ။
(၁) ပြန်ခေါ်သက်သေ

“ကောင်းပြီလေ… နင်က ဒီလောက်တောင် သံယောဇဉ် ဖြတ်ချင်နေမှတော့ ဘယ်တတ်နိုင်ပါ့မလဲ၊ နင့်ကို ငါ ကွာရှင်းပေးလိုက်ပါ့မယ်”

ဟု ရင်ရင်ငြိမ်းက ပြောလိုက်သည်။ သူ့လေသံက တည်တည်ငြိမ်ငြိမ်ပင် ဖြစ်၏။ ‘ကွာရှင်းပေးလိုက်ပါ့မယ်’ ဆိုသော နေရာမှာတော့ နည်းနည်း တိမ်ဝင်သွားသယောင် ထင်ရသည်။

ပေါ်ဒွေးသည် သူ လိုချင်သော အဖြေကို ရသွားသော်လည်း ဝမ်းသာသော အမူအရာ ချက်ချင်း မပြနိုင်သေး။ ရင်ရင်ငြိမ်းက ခါတိုင်းလိုပဲ ခါးခါးသီးသီး ငြင်းဆန်နေလိမ့်ဦးမည်ဟု တွက်ထားသောကြောင့် ရုတ်တရက် မှင်တက်မိသလို ဖြစ်သွားတာ။ မဆိုစလောက် ဆိုင်းငံ့သွားပြီးမှ-

“နင်… နင် တကယ်ပြောတာလား ရင်ငြိမ်း”

ဟု မေးလိုက်သည်။

“ဒါ နောက်ရ ပြောင်ရမယ့် ကိစ္စမှ မဟုတ်တာ၊ ငါကကော ဘယ်တုန်းက ရယ်စရာ ပြောဖူးလို့လဲ”

“ဒါဆို…”

www.burmeseclassic.com

www.burmeseclassic.com



"နေပါဦး၊ ငါ ပြောလို့ မပြီးသေးဘူး၊ နင့်ဆန္ဒအတိုင်း ငါ ကွာပေး
မယ်၊ ဒါပေမဲ့ ငါ့ဘက်က တောင်းဆိုစရာ တစ်ခု ရှိတယ်"

"ပြော… နင် လိုချင်တာ အကုန်ရစေရမယ်"

ဟု ပေါ်ဌေးက အလောတကြီး ကတိပေးလိုက်၏။

"ကောင်းပြီ"

ရင်ရင်ငြိမ်းက သူ၏ တောင်းဆိုချက်ကို ပြောလိုက်သည်။ ပေါ်ဌေး
မြူးမြူးပျာပျာ ဖြစ်သွားပြီး-

"ဒါ… ဒါတော့ နင် သက်သက်ကတ်သတ်တာပဲ၊ အဲဒါကတော့
မလွယ်ဘူး"

"ဟုတ်တယ်လေ၊ ဒီလောက် အရေးကြီးတဲ့ကိစ္စကို နင်က လွယ်လွယ်
လေးနဲ့ ပြီးသွားမယ် ထင်လို့လား"

"တခြား လိုချင်တာ ပြော၊ ဒီအိမ် ယူမလား"

ရင်ရင်ငြိမ်းက ခေါင်းခါသည်။

"ငါ ဘာမှ မမက်မောတတ်တာ နင် သိသားပဲ၊ ခုန ပြောတာပဲ
လိုချင်တယ်"

"မဖြစ်နိုင်ဘူး"

"နင်ပဲ ခုနတုန်းက ဘာမဆို လိုက်လျောမယ်လို့ ပြောပြီးသားပဲ"

ဟု ပြောပြီး ညင်ညင်သာသာကလေး လှည့်ထွက်သွားသည်။ ငိုများ
ငိုသွားသေးလား… မဖြစ်နိုင်။ ဒီမိန်းမဟာ ငိုတောင် ငိုတတ်ရဲ့လား မသိ
မထုံတက်သေးနဲ့။

ပေါ်ဌေးသည် သူ့ကိုယ်သူလည်း မကျေမချမ်း ဖြစ်နေ၏။ စောစော
တုန်းက ဘာကြောင့် အလောသုံးဆယ် ကတိပေးလိုက်ရသလဲ။ ခုတော့ ရင်ရင်ငြိမ်း
က ထိုစကားကို အပိုင်ကိုင်ပြီး တောင်းပွဲ တိုက်ပွဲ လုပ်သွားပြီ။

သူ ထရပ်လိုက်သည်။ ရင်ရင်ငြိမ်း၏ နောက်ကို လိုက်သွားမည်
ပြုသေးသည်။ ဘာမှ ထူးမှာ မဟုတ်ကြောင်း သိသည်။ တစ်ခုခုတော့ လုပ်
လိုက်ချင်နေသည်။ တစ်ယောက်ယောက်ကို တစ်ခုခု ပြောချင်နေသည်။

ထိုအခိုက်တွင် ရဲမော်ကို သွားသတိရ၏။ ဟိုတုန်းက ဒီကောင်သာ
ရှည်ပြီးတော့ အတတ်ဆန်း မထွင်ခဲ့ရင် ဒီကိစ္စ ခုလောက် ခက်ခဲမှာ မဟုတ်ဘူး
ဆိုပြီး ဒေါသက ရဲမော်ဘက် မြားဦးလှည့်သွားသည်။ ထို့ကြောင့် တယ်လီဖုန်း



ရှိရာသို့ ခပ်သွက်သွက် လျှောက်သွားပြီး ရဲမော် ဖုန်းနံပါတ်ကို နှိပ်လိုက်၏။
ခိုင်းချိတ်မိပြီး ခေါ်နေသော အသံ သုံးကြိမ်မြောက်တွင် ဖုန်းလာကိုင်သည်။

"အမိန့်ရှိပါရှင်၊ ဦးရဲမော် အိမ်ကပါ"

ကုမ္ပဏီ အတွင်းရေးမှူး လေသံဖြင့် ထူးကတည်းက ရဲမော်၏ မိန်းမ
မြရီဝင်း ဖြစ်ကြောင်း သိလိုက်၏။

"ရဲမော် ရှိလား"

"ဟုတ်… ခဏကိုင်ထားပေးပါရှင်"

အလွန်ယဉ်ကျေးဖွယ်ရာသော လေသံဖြင့် ပြောပြီး ဖုန်းကို ဘေးချ
လိုက်သံ ဒေါက်ခနဲ ကြားရသည်။ ဟိုကောင် သောက်ရူး သင်ပေးထားတဲ့
ပုံစံနဲ့ ပြောတာ။ ဘာမှန်းလည်း မသိဘူး။

နှစ်မိနစ်၊ သုံးမိနစ်လောက် ကြာတဲ့အထိ ဖုန်းလာမကိုင်သေး။ အိမ်သာ
ထဲ တက်နေလို့လား၊ ရေဒီယို နားထောင်ရင်း သတင်းတစ်ပုဒ် ဆုံးအောင်
စောင့်နေသလား။ စိတ်မရှည်နိုင် ဖြစ်လာသည်။ နောက်ထပ် နှစ်ယူနစ်စာ
လောက် ကြာပြီးတော့မှ-

"ပြောပါ… ရဲမော်ပါ"

လေသံကိုက ဆရာလိုလို သမ္မတလိုလိုနဲ့။ စိတ်တိုလက်စကြောင့်
သုံး လေးခွန်းလောက် ပျစ်ပျစ်နှစ်နှစ် ဆဲပစ်လိုက်မိ၏။ ရဲမော်မှာ ရုတ်တရက်
မို့ ကြောင်သွားဟန်တူသည်။ ခဏ တုံ့ဆိုင်းနေပြီးမှ-

"ဘယ်ကောင်လဲကွ၊ ငါ့ကို ဆဲတာ"

သူက ဘာမှပြန်မပြောတော့-

"ပြောလေကွာ… ရိုင်းလှချည်လား၊ မင်းအမေ…မို့လို့ ဆဲတာ
လား"

သူ ခုမှ သတိရသည်။ ရဲမော်ဆီက အကူအညီတောင်းစရာတွေ
ရှိသေးသည်။ ဒီကောင် စိတ်ဆိုးအောင် မလုပ်သင့်။ ခုချိန်မှာ စိတ်ကို ထိန်းရ
သည်။ ထို့ကြောင့် ဘာမှ ထပ်မပြောတော့ဘဲ ဖုန်းချပစ်လိုက်သည်။ ရဲမော်ရဲ့
တယ်လီဖုန်းဟာ ခေါ်ဆိုသူ နံပါတ် ပေါ်တဲ့ မော်ဒယ်မျိုး မဖြစ်ပါစေနဲ့လို့သာ
ဆုတောင်းရသည်။

စိတ်တော့ မချရသေး။ ဘယ်သူပါလဲလို့ သေသေချာချာ မမေး
သူ့ကို ခေါ်ပေးရကောင်းလား ဆိုပြီး ရဲမော်က မြရီဝင်းကို ဆူချင် ဆူလိမ့်မည်။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ မြရိပ်ဝင်းက အသံက ရင်းရင်းနှီးနှီးထဲကပဲ ဆိုပြီး မမေးလိုက်မိတာပါ
ကိုပေါ့အသံလို့တော့ ထင်တာပဲ… ဟု ပြောကောင်းပြောမည်။ ရဲမော်ကိုယ်တို
ကလည်း မိမိ၏ အသံကို ကျက်မိသွားနိုင်သည်။

ဒါဆိုရင်တော့ ဖုန်းပြန်ဆက်မှာပဲ။ ရှောင်နေရင် ကောင်းမယ်ဟ
တွေးပြီး အိမ်ပြင်ထွက်ဖို့ ပြင်သည်။ တံခါးဝနား အရောက်မှာပင် ဖုန်းသံ
မြည်လာသည်။ ဟိုကောင် ပြန်ဆက်ပြီ ထင်တယ်၊ ဖုန်းမကိုင်တော့ဘဲ အမြ
လစ်ထွက်မည်ပြုပြီးမှ အခြေအနေကို သိချင်သောကြောင့် တံခါးအပြင်မှာ
အသာကွယ်ရင်း စောင့်ကြည့်နေလိုက်သည်။ ရင်ရင်ငြိမ်းသည် ဖုန်းမြည်သံက
ရုတ်တရက် မကြားလို့လား၊ တစ်ခုခု လုပ်နေသဖြင့် လက်မအားလို့လားတော့
မသိ။ တော်တော်နဲ့ လာမကိုင်။

တယ်လီဖုန်းကလည်း သူတို့ ငယ်ငယ်တုန်းကလို 'ကလင် ကလင်
ကလင်…' ဆိုပြီး အကျယ်ကြီး မြည်တာ မဟုတ်။ ခိုညည်းသံလို 'ကူကူ…
ကူကူ'နဲ့။ ဖုန်းသံကို ချဲ့ပေးတဲ့ ကိရိယာလေး ဝယ်တပ်ဦးမှဟု စဉ်းစားသည်။

ရင်ရင်ငြိမ်းက ဖုန်းလာမကိုင်သေး။ ဒီမိန်းမ အဲဒီအတိုင်းပဲ။ လေးတိ
လေးကန်နဲ့။ ဒါကိုပဲ လူတွေက ဣန္ဒြေရှိတယ် ဘာ ညာ ချီးကျူးကြသေးသည်။
တစ်ဖက်က မစောင့်နိုင်လို့ ဖုန်းချသွားလည်း အေးတာပဲ… ဟု တွေးနေတုန်း
ရင်ရင်ငြိမ်း ဖုန်းလာကိုင်သည်။ သူ နားစွင့်လိုက်၏။

"ဟယ်လို… ဟုတ်ကဲ့… ဩော်… တင်ပါ့ဘုရား၊ တင်ပါ့
အဖိတ်နေ့ အမီ ပို့ပေးပါ့မယ် ဘုရား"

အောင်ရာမြေ ဆရာတော် ဖုန်းဆက်တာပဲ။ ကျောင်းကို ရောက်တဲ့
အခါ ရင်ရင်ငြိမ်းက သူတို့ကိစ္စ အကြောင်း ဆရာတော်ကို တိုင်ချင် တိုင်လို
မည်။ ဆရာတော်က ခေါ်ပြီး မေးလျှင် အဖြေရခက်ဦးတော့မည်ဟု တွေးရင်း
လျှောက်ထွက်လာခဲ့သည်။

အစကတော့ လက်ဖက်ရည်ဆိုင် သွားမယ် စိတ်ကူးတာ။ အတွေး
လွန်သွားသဖြင့် ဘယ်ဘက် မချိုးဘဲ ညာဘက် ကွေ့လာမိသည်။ ဒီနေ့တော့
ယောင်တိယောင်ချာတွေချည်း ဖြစ်နေတော့တာပဲ။ နောက်ကြောင်း ပြန်မလှည့်
ချင်တော့သဖြင့် ဆက်လျှောက်လာသည်။ ဘယ်ကိုမှန်းမသိ လျှောက်နေရတာ
ထက်စာလျှင် တစ်နေရာရာမှာ ဝင်ထိုင်လိုက်တာက တော်လိမ့်မည်။



ပန်းခြံနား ရောက်လာသဖြင့် ခုံတန်းတစ်ခုမှာ ဝင်ထိုင်လိုက်သည်။
ခုလို ပန်းခြံထဲမှာ တစ်ယောက်တည်း လာထိုင်ရတာ အတော်ကြောင်စီစီနိုင်
သည်။ အနောက်နိုင်ငံတွေမှာ ဆိုလျှင်တော့ ပန်းခြံထဲမှာ စာအုပ်တစ်အုပ်၊
သတင်းစာတစ်စောင် ဖတ်ရင်း နေပူစာလှုံကြတာ အဆန်း မဟုတ်။ ဒီမှာတော့
အားအားယားယား ထိုင်လေ့မရှိကြ။ အတွဲတွေက လွဲလို့ပေါ့။

ခပ်လှမ်းလှမ်းက ခုံတန်းလျားမှာ စုံတွဲတစ်တွဲ ထိုင်နေကြသည်။
သိပ်အဆင်ပြေပုံမရ။ ပြဿနာတစ်ခုခု ရှိနေဟန်တူသည်။ ကောင်မလေးက
တစ်စုံတစ်ခု မကျေမချမ်း ပြောနေသည်။ ကောင်လေးက ခေါင်းခါပြီး ငြင်း
သည်။ ကောင်မလေး စိတ်မထိန်းနိုင်တော့ဘဲ ကောင်လေး၏ ရင်ဘတ်ကို
အဆက်မပြတ် ထုသည်။ အစတော့ ကောင်လေးက ငြိမ်ခံနေသေးသည်။
နောက်တော့ နာလို့လား မသိ။ ကောင်မလေး လက်ကို ဖမ်းပြီး ဆုပ်ကိုင်ထား
လိုက်သည်။ ကောင်မလေးက ရုန်းသည်။ နောက်… ကောင်လေး၏ ရင်ခွင်
မှာ မျက်နှာအပ်လိုက်သည်။ ကိုယ်ကလေး တသိမ့်သိမ့် တုန်နေသဖြင့် ငိုနေမှန်း
သိသာ၏။ ကောင်လေးက တစ်စုံတစ်ခု ပြောပြီး နှစ်သိမ့်နေဟန်တူသည်။
ကောင်မလေး၏ ကျောကို ခပ်ဖွဖွ ပွတ်သပ်ပေးနေသည်။

ခဏအကြာမှာ ကောင်မလေးသည် ကောင်လေး ရင်ခွင်မှာ အပ်ထား
သော မျက်နှာကို ပြန်ခွာပြီး မော့လိုက်သည်။ မျက်နှာက ဒီဘက် ပြန်လှည့်
လာသည်။ ဟိုက်… သောက်ခွေး၊ ကောင်မလေးက ငိုနေတာ မဟုတ်။
ဟက်ဟက်ပက်ပက် ရယ်နေတာပါလား။ ဘာတွေ ဖြစ်နေကြပါလိမ့်။

ကောင်လေးနှင့် ကောင်မလေးကို ကြည့်ပြီး ပေါ်ဒွေး အားကျလာ
သည်။ သူတို့လို ပြန်ငယ်ချင်စိတ်တောင် ပေါက်လာမိ၏။ လူက ငယ်လို့မရ
သဖြင့် စိတ်ကို ပြန်ငယ်ကြည့်သည်။ ငယ်ချင်လျှင် အတိတ်ကို ပြန်သွားရမည်။

လွန်ခဲ့သော ဆယ့်ငါးနှစ်ခန့်က…

က… ခန့်… နှစ်… ငါး… ဆယ့်… သော… ခဲ့… လွန်…

www.burmeseclassic.com

www.burmeseclassic.com

"ဟေ့ကောင် ငပေါ် … မင်း စိတ်ရှုပ်ပေါက်တိုင်း လျှောက်ထွင်မနေနဲ့ကွ"

ဟု ကံညွန့်မောင်က ပြောသည်။ ပေါ်ဒွေးက–

"ဘာလဲကွ၊ ကိုယ့်ချစ်သူကို လက်ထပ်ချင်တယ် ဆိုတာ စိတ်ရှုပ်ပေါက်တာလား၊ မင်းတို့ကော လက်မထပ်ဘဲနေမှာမို့လို့လား"

"ဟုတ်ပါတယ်၊ ဒါပေမဲ့ မင်းဟာက ဖေါက်တောက်တောက်နိုင်လို့ ပြောတာ၊ လူကြီးချင်းကလည်း သဘောတူထားပြီးပြီ၊ သင့်တော်တဲ့ အချိန်မှာ မင်္ဂလာဆောင်ပေးမယ်လို့လည်း ပြောထားပြီးပြီ၊ ကိစ္စက ပြတ်နေပြီပဲ၊ ဒါကို မင်းက အခုကတည်းက ကြိုပြီး လက်ထပ်စာချုပ် ချုပ်ထားချင်တယ် ဆိုတာကတော့…"

"ဘာဖြစ်လဲ၊ ဒီကိစ္စက နောက်လည်း မလွဲမသွေ လုပ်ရမှာပဲ၊ အခုကတည်းက လက်ထပ်စာချုပ် ချုပ်ထားလိုက်ရင် အိမ်ထောင်သက်တောင် ပိုရသေးတယ်"

သူတို့နှစ်ယောက် ငြင်းခုံနေကြတာကို စောင့်ပြီး နားထောင်နေသော ရဲမော်က ဝင်မေးသည်။



"နေစမ်းပါဦး ကိုပေါ်ရ၊ မင်းက ဘာဖြစ်လို့ လက်ထပ်စာချုပ် ချုပ်ထားချင်ရတာလဲ"

"ငါ သူ့ကို စိတ်မချလို့"

ကံညွန့်မောင်ထံမှ ခွီးခနဲ ရယ်သံ ထွက်လာသည်။ သောက်လက်စ စီးကရက်မီးခိုး သီးသွားသောကြောင့် အဟွပ် အဟွပ်… ဆိုပြီး ချောင်းဆိုးနေသေးသည်။ နေသာထိုင်သာ ရှိသွားတော့မှ–

"မင်းကပဲ သူ့ကို စိတ်မချ ဖြစ်ရသေးတယ်၊ ဟား ဟား…၊ သူခိုးက အိမ်ရှင်တွေ တံခါးမှ ပိတ်ပြီး အိပ်ရဲ့လားလို့ စိုးရိမ်သလို ဖြစ်နေပြီ"

BURMESE CLASSIC .com

ပေါ်ဒွေးက ကံညွန့်မောင်၏ လက်မောင်းကို တစ်ချက် ထိုးလိုက်ပြီး–

"ငါ စိတ်မချဘူးဆိုတာ ငါ့အပေါ် သစ္စာဖောက်သွားမှာကို ပြောတာ မဟုတ်ဘူး၊ သူ စိတ်ပြောင်းသွားမှာကို စိုးရိမ်တာ၊ မင်းတို့ သိသားပဲ၊ ငါ့အချစ်ကို လက်ခံဖို့ ကိစ္စမှာ သူက အင်တင်တင် လုပ်နေတာ၊ ဘေးက ဝိုင်းလှော်ပေးကြလို့သာ အဆင်ပြေသွားတာ မဟုတ်လား၊ ခုကျတော့လည်း သူ့ပုံစံက တစ်မျိုးကြီးပဲ၊ အေးတိအေးစက်နဲ့၊ တစ်ခါတစ်ခါကျရင် ငါ့အချစ်ကို လက်ခံမိတာ မှားများ မှားသွားပြီလား မသိဘူးလို့ ပြောတတ်သေးတယ်၊ တော်ကြာ တစ်ကိုယ်တည်း ဘဝနဲ့ အေးအေးနေတော့မယ်၊ သံယောဇဉ်တွေ ထပ်မတိုးချင်တော့ဘူး၊ ငါနဲ့ လက်မထပ်နိုင်တော့ပါဘူး၊ လုပ်လာရင် ခက်မယ်"

"အဲဒါမျိုးတော့ မဖြစ်နိုင်ဘူး"

ရဲမော်က ကန့်ကွက်စကား ဆိုသည်။

"ရင်ရင်ငြိမ်းဟာ ခုတစ်မျိုး၊ တော်ကြာ တစ်မျိုး လုပ်တတ်တဲ့ မိန်းကလေးမျိုး မဟုတ်ဘူး၊ ကိစ္စတစ်ခုကို သေသေချာချာ စဉ်းစားပြီးမှ ဆုံးဖြတ်ချက်ချတာ၊ တကယ်လို့ မှားသွားတယ် ဆိုရင်တောင် ဖြစ်လာသမျှကို ကြိတ်မှိတ်ပြီး ခံမယ်၊ ဆုံးဖြတ်ချက်ကိုတော့ မပြင်ဘူးဆိုတဲ့ လူမျိုး၊ တကယ်တမ်း စိတ်မချရတာက မင်းပဲ၊ အပြောင်းအလဲက သိပ်မြန်တယ်"

"ဒီလိုတော့ မပြောနဲ့ကွာ၊ တခြားနေရာတွေမှာသာ ငါ စိတ်အပြောင်းအလဲ မြန်ချင်မှ မြန်မယ်၊ သူ့အပေါ်မှာတော့ ဘယ်တော့မှ သစ္စာမဖောက်ဘူး၊ သူ့ကို ငါ ဘယ်လောက် ချစ်တယ်ဆိုတာ ဟိုတစ်ယောက် ကိစ္စနဲ့ နှိုင်းယှဉ်ကြည့်ရင် သိနိုင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



တစ်ကျောင်းလုံးမှာ အလှဆုံး စတား ဆိုသော မိန်းကလေးက ပေါ်ဌေးကို စိတ်ဝင်စားခဲ့ဖူးသည်။ အခွင့်အရေးတွေ အမျိုးမျိုး ပေးခဲ့တာ အားလုံး သိသည်။ ပေါ်ဌေးက တစ်ခွန်း ဟလိုက်တာနဲ့ ကိစ္စပြီးပြီ။ ဒါကို လွှတ်အောင် ရှောင်ပြီး ရင်ရင်ငြိမ်းကိုမှ ကြိုက်ခဲ့တဲ့ ကိစ္စကို ညွှန်းလိုက်ခြင်း ဖြစ်၏။ သူက ဆက်၍-

"ကဲ... မင်းတို့ ပြောသလို ငါကသာ စိတ်မချရတာလို့ဘဲ ထားပါတော့၊ တကယ်လို့ သူနဲ့ ငါနဲ့ လက်ထပ်စာချုပ် ချုပ်ထားလိုက်ရင် စိတ်ချသွားရရော မဟုတ်လား"

ဟု အကြောင်းပြပြန်သည်။ ကံညွန့်မောင်က-

"လက်ထပ်စာချုပ် ချုပ်ထားပြီးမှ မင်းက သစ္စာဖောက်သွားရင်ကော၊ အဲဒါဆို ရင်ရင်ငြိမ်းအတွက် ပိုပြီး နစ်နာမှာပေါ့"

"ဟေ့ကောင်... မင်း ခုထိ ငါ့ကို တစ်ခါမှ အကောင်းမပြောသေးဘူး"

"မင်းက ကောင်းကော ကောင်းလို့လား"

"အောင်မာ... မင်းလို တွေ့သမျှ ကောင်မလေးတွေ အကုန် လိုက်ကြိုက်တဲ့ ကောင်မျိုး မဟုတ်ဘူးကွ"

"ငါက တစ်ပြိုင်တည်း အကုန်လိုက်ကြိုက်တာမှ မဟုတ်တာ၊ တစ်ယောက်ကို လိုက်လို့မရလို့ နောက်တစ်ယောက် ပြောင်းပြီး လိုက်တာပဲ၊ တစ်ယောက်ယောက်နဲ့ အဆင်ပြေသွားရင် ခြေငြိမ်သွားမှာပဲ"

"အေး... ငါကတော့ ဒီတစ်ယောက်နဲ့ပဲ ခြေငြိမ်နေတာ၊ မင်းထက်သာတယ်"

ရဲမော်က ဟိုနှစ်ကောင် ငြင်းနေကြတုန်းမှာ တစ်စုံတစ်ခု စဉ်းစားမိသလို ခေါင်းတညိတ်ညိတ် လုပ်နေသည်။ ငြင်းလို့ ဝလောက်ပြီ ဆိုတော့မှ-

"ငါ တွေးကြည့်လို့ ရသလောက် ပြောရရင်တော့ ကိုပေါ် ပြောတာ လက်ခံရမလို ဖြစ်နေပြီ"

"ဟင်... ဖြစ်ရပြန်ပြီ"

"ဒီလိုလေ... လက်ထပ်တာကတော့ နောက်လည်း လက်ထပ်ရမှာပဲ မဟုတ်လား၊ ခုကတည်းက ကြိုတင်ပြီး စာချုပ်ထားလိုက်ရင် ဒီကောင့်ကို ထိန်းချုပ်ပြီးသား ဖြစ်သွားမယ်"



"ခုနတော့ ဒီကောင်က စိတ်မချရဘူးဆို"

"အေးလေ... ဒီကောင် ရှုတ်ရှုတ် ရှုတ်ရှုတ် လုပ်လာရင် ငါတို့က ဒီစာချုပ်နဲ့ ဝိုင်းပြီး အကျပ်ကိုင်မှာပေါ့ကွ"

"အေး... ကောင်းတယ်ကွ၊ ကောင်းတယ်၊ ဒါဆို ငါ လုပ်လို့မရတော့ဘူး"

ဟု ပေါ်ဌေးက အားတက်သရော ပြောလိုက်သည်။ ကံညွန့်မောင်က-

"ဘာကောင်လဲကွ၊ ကိုယ့်ကို အကျပ်ကိုင်မယ့် ကိစ္စကို ဝမ်းသာနေတယ်"

"ငါတို့ကသာ ပြောနေတာ၊ ဒီအစီအစဉ်ကို ရင်ရင်ငြိမ်းက လက်ခံပါ့မလား"

"လက်ခံအောင် ပြောရမှာပေါ့"

"အရေးကြီးတာက ဟိုနှစ်ယောက်ပဲ၊ သူတို့က တိုက်တွန်းရင် လက်ခံလာမှာပဲ၊ သူတို့နှစ်ယောက်ကို ရအောင် စည်းရုံးရမယ်"

"လွယ်တော့ မလွယ်ဘူး၊ သူတို့ကို စည်းရုံးရတာ အစ္စရေးကို ခွင့်လွှတ်လိုက်ပါလို့ အာရပ်တွေကို ဖျောင်းဖျရသလို ဖြစ်နေမှာပဲ"

ဟု ပေါ်ဌေးက ညည်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

ဟိုနှစ်ယောက် ဆိုတာက ခင်နွဲ့နွဲ့နှောင်းနှင့် ဒေစီပွင့်တို့ ဖြစ်၏။ နှစ်ယောက်စလုံးမှာ နာမည်နှင့် လူ လုံးဝလိုက်ဖက်ခြင်း မရှိကြသူတွေပဲ။

ခင်နွဲ့နွဲ့နှောင်းက ယောကျ်ားလျာ ဖြစ်၏။ လူပုံက ခပ်ပျပ်ပျပ်၊ ဂင်တိုတို၊ ကိုယ်လုံးက တစ်ဖြောင့်တည်း။ ဆံပင်တိုတို၊ ရှပ်လက်တိုဆန်ဆန် အင်္ကျီ အကွက် အစင်းတွေ ဝတ်လေ့ရှိသည်။ ထဘီကို တစ်ခါတလေမှ ဝတ်သည်။ ဂျင်းဘောင်းဘီသာ အဝတ်များသည်။ သူ့နာမည်ထဲက 'ခင်' ဆိုတာနဲ့ 'နွဲ့' ဆိုတာတွေဟာ သိပ်အားပျော့တယ် ထင်သည်။ ထိုစကားလုံးတွေ ထည့်ခေါ်တာကို မကြိုက်။ အနှောင်းဟုသာ ခေါ်စေချင်သည်။

ဒေစီပွင့်သည် နာမည်က အနောက်တိုင်း ဆန်သော်လည်း လူက အလွန်ရှေးရိုးဆန်သူ ဖြစ်၏။ ဆံပင်တိုတို ဖြတ်တာတွေ၊ အကြေကောက်တွေ ခေတ်စားနေတဲ့ အချိန်မှာ သူက ကျစ်ဆံမြီးကြီးနဲ့၊ သူ့အမေ အပျိုအရွယ် လောက်တုန်းကတောင် ကျစ်ဆံမြီး ဆိုတာ တော်တော်အောက်နေပြီ။ ရင်ဖုံး အင်္ကျီ လက်စက၊ အရောင် ရင့်ရင့်မှိုင်းမှိုင်း ထဘီနဲ့။ တကယ့် အပျိုကြီးပုံ ဖမ်းထားသည်။



ရင်ရင်ငြိမ်းနဲ့ သူတို့နှစ်ယောက်မှာ ငါးတန်းတုန်းကတည်းက တစ်တန်းတည်း၊ တစ်ခုံတည်း ထိုင်လာကြတာ။ ဆယ်တန်းကိုလည်း တစ်နှစ်တည်း ဖြိုင်တူ အောင်သည်။ တက္ကသိုလ် တက်တော့လည်း မေဂျာတစ်ခုတည်း အတူတူ။ တစ်သက်လုံး ဘယ်တော့မှ မခွဲဘဲ အပျိုကြီးတွေ လုပ်နေကြမယ့်ပုံ။ နောက်ဆုံး ဘိုးဘွားရိပ်သာမှာ အတူတူ သွားနေကြမယ့်သဘော ရှိ၏။ ဒီကြားထဲကမှ ရင်ရင်ငြိမ်းကို မရမက ဖွဲ့ထုတ်ထားရတာ။

ထိုကိစ္စမှာလည်း ဟိုနှစ်ယောက်ရဲ့ ထောက်ခံမှု ရအောင် အတော်ကြိုးစားခဲ့ရသည်။ ခုလို လက်ထပ်စာချုပ် ချုပ်ဖို့ တိုက်တွန်းပေးပါလို့ အကူအညီ တောင်းရမှာ အတော်ဝန်လေးစရာ ကောင်းနေသည်။

တကယ်တမ်း ပြောကြည့်တဲ့အခါကျတော့ ထင်သလောက် လက်ဝင်လှကြောင်း တွေ့ရသည်။ ရင်ရင်ငြိမ်းကတော့ ထုံးစံအတိုင်းပဲ။

"မဖြစ်ပါဘူးဟယ်၊ လူကြီးတွေ မသိဘဲ ဘာမှ မလုပ်ချင်ဘူး၊ ဒီလို လုပ်တာလည်း သိပ်အဓိပ္ပာယ်မရှိပါဘူး"

ဆိုပြီး အင်တင်တင် လုပ်နေသည်။

ဟိုနှစ်ယောက်ထဲက ပြောရလွယ်မည့် ဒေစီပွင့်ကို အရင်ဆုံး ချဉ်းကပ်ရသည်။ သူက စိတ်ပျော့သည်။ သနားတတ်သည်။

"ငါကတော့ ပြဿနာ မရှိပါဘူး၊ အနှောင်းက ဘယ်လိုနေမယ် မသိဘူး၊ သူ သဘောမတူရင် ရင်ငြိမ်းကလည်း လက်ခံမှာ မဟုတ်ဘူး"

ဟု ဒေစီပွင့်က အနှောင်းဆီ လွှဲချသည်။

"အနှောင်း သဘောတူအောင် နင်လည်း ကူပြောပေးပေါ့ဟာ"

ပေါ်ဒွေးက သူ့ကို ပြန်ပြီး တာဝန်ပေးလိုက်သည်။

အနှောင်းသည် စိတ်မြန်လက်မြန် ရှိသူ ဖြစ်၏။ ယောကျ်ားလေးနှင့်တူအောင် တမင်မြန်ချင်ယောင်ဆောင်တာလည်း ဖြစ်နိုင်သည်။ ညနေစောင်းမှာပဲ ပေါ်ဒွေးတို့အိမ် ရောက်လာသည်။ ခရီးရောက်မဆိုက် ခါးကြီးထောက်ပြီး-

"နင်က ဘာဖြစ်လို့ လက်ထပ်ချင်ရတာလဲ"

ဟု တဲ့တိုးကြီး တန်းမေးသည်။ အသံကျယ်သွားသဖြင့် လူကြီးတွေ ကြားသွားမှာစိုးလို့ နှုတ်ခမ်းကို လက်ညှိုးနှင့် တေ့၍ သတိပေးလိုက်ပြီး-

"လက်ဖက်ရည်ဆိုင် သွားရအောင်"

www.burmeseclassic.com

www.burmeseclassic.com



“ဘာ… ငါက”

ဆိုပြီးမှ သူ့ကိုယ်သူ သတိရသွားပြီး-

“အင်း… ကောင်းသားပဲ”

ဟု ယောက်ျားလေးချင်း ဆက်ဆံသည့် လေသံမျိုးဖြင့် ပြောသည်။

တကယ်တော့ လက်ဖက်ရည်ဆိုင်အထိတောင် မရောက်ဖြစ်။ လမ်းမှာပင် ကိစ္စပြတ်သွားသည်။

“ကဲ… ပြောစမ်းပါဦး၊ နင်က ဘာကြောင့် ကြိုတင်ပြီး လက်ထပ်စာချုပ် ချုပ်ချင်ရတာလဲ”

“စိတ်မချလို့”

“ဘာပြောတယ်၊ နင်က ငါ့သူငယ်ချင်းကို ဘယ်လိုအစားမျိုး ထင်လို့ စိတ်မချရတာလဲ”

“သူ့ကို စိတ်မချတာ မဟုတ်ပါဘူး”

“ဒါဖြင့် ငါတို့ကိုပေါ့၊ ဟုတ်လား…”

“ဟာ… မဟုတ်ပါဘူး၊ ငါ့ကိုယ်ငါ စိတ်မချတာပါ”

“ဘယ်လို… ဟင်း… ကိုယ့်ဟာကိုယ်တောင် စိတ်မချတဲ့ ယောက်ျားမျိုးဟာ ဘယ်နေရာမှာ သွားပြီး အားကိုးလို့ ရမှာလဲ”

အခြေအနေကတော့ သိပ်မကောင်းလှ။ တောက်လျှောက်ကြီး တိုက်ခိုက်ခံနေရသည်။ ပေါ်ဌေးကလည်း ဘာဆက်ပြောရမှန်းမသိဘဲ ကြောင်အအ ဖြစ်နေရာမှ စိတ်ကူးတည့်ရာ ပြောလိုက်မိ၏။

“ဒီလိုပါဟာ… ခုတလော ငါ့စိတ်တွေ လေးနေတယ်၊ သူနဲ့ ငါနဲ့ ခွဲခွာရလိမ့်မယ် ဆိုပြီး အစွဲအလမ်း တစ်ခုခု ဖြစ်နေတယ်၊ ငါ သူနဲ့ အလွဲမခံနိုင်ဘူး၊ ဒါကြောင့် ခုလို စိတ်ကူးမိတာပါ”

အနှောင်း တွေပြီး စဉ်းစားနေသည်။ တအောင့်ကြာမှ-

“နင်… ရင်ငြိမ်းကို တကယ်ချစ်သလား”

“မေးမှ မေးရက်တယ်ဟာ”

“အေးလေ… နင် ခုလို လက်ထပ်ချင်တယ် ဆိုကတည်းက သူ့ကို တကယ် ချစ်လို့ပဲဆိုတာ သိသာပါတယ်၊ ကောင်းပြီ… နင့်ကို ငါ စိတ်ချသွားပြီ၊ နင် ပြောတဲ့ကိစ္စ ငါ သဘောတူတယ်၊ ရင်ငြိမ်းကိုလည်း ငါ တိုက်တွန်းပေးမယ်၊ တစ်ခုတော့ ရှိတယ်နော်၊ နောက်တော့ကျမှ ‘သစ္စာဖောက်ရင်တော့ နင့်ကို ငါ အသေသတ်ပြီးသားပဲလို့ မှတ်ထားလိုက်”



ဒီလိုကျတော့လည်း ထင်သလောက် မခက်ပါလားဟု တွေးပြီး ပေါ်ဌေး အတော်ပျော်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com

ရဲမော်က ဆရာကြီး လုပ်ပြီး ဦးဆောင်သည်။ စာချုပ်စာတမ်းတွေ လက်နှိပ်စက် ရိုက်သော သူ့အသိတစ်ယောက် ရှိသည်။ ထိုသူက အားလုံး စီစဉ်ပေးသည်။ ဝန်ဆောင်ခ ပေးလိုက်ရုံပဲ ဖြစ်သည်။ ကျောက်တံတားမြို့နယ်၊ တရားရုံးမှာ လက်ထပ်စာချုပ် ချုပ်ရမည်။ ရုံးအနီးရှိ ဂိုဒေါင်လိုလို အခန်းတစ်ခုထဲမှာ လက်နှိပ်စက် ရိုက်သူတွေ စုထိုင်ကြသည်။ ကိုယ့်စားပွဲနှင့် ကိုယ်၊ ကိုယ့်မိတ်နှင့် ကိုယ်၊ ကိုယ့်အဆက်အသွယ်နှင့် ကိုယ် အလုပ်လုပ်ကြသည်။ ထိုနေရာမှာ ဆုံရပ်အဖြစ် ဆုံကြဖို့ ချိန်းထားသည်။

ပေါ်ဌေးက ကံညွန့်မောင်နှင့် အတူသွားသည်။ အနှောင်းနှင့် ဒေစီပွင့်တို့က ရင်ရင်ငြိမ်းကို ခေါ်လာမည်။ ရဲမော်က စီစဉ်စရာတွေ အဆင်သင့်လုပ်ထားဖို့ ကြိုတင်သွားနှင့်သည်။ လက်ထပ်စာချုပ် ချုပ်တဲ့ အတွေ့အကြုံကို ရလာရအောင်၊ ကိုယ့်အလှည့်ကျရင်လည်း တရားရုံးနဲ့ စိမ်းမနေရအောင် ဆူကောင်မလေး မြရီဝင်းကိုပါ ခေါ်လာခဲ့မည်ဟု ဆိုသည်။

ချိန်းထားတဲ့ နေရာ ရောက်တော့ သူတို့ချည်း မဟုတ်ဘဲ တခြားသူငယ်ချင်းတွေ တစ်ပြုံတစ်မကြီးကိုပါ တွေ့လိုက်ရလေသည်။



"ဟင်… လူတွေက များလှချေလား"

ဟု ပေါ်ဌေးက တအံ့တသြ မေးလိုက်တော့ ရဲမော်က-

"အေးကွ… သက်သေလက်မှတ်ထိုးပေးဖို့လေ"

"သက်သေက နှစ်ယောက်ဆို ရတာပဲ၊ ဒီလောက် အများကြီး လိုလို့လား"

"လိုတာပေါ့ကွ၊ သက်သေများတော့ ပိုပြီး ခိုင်လုံတာပေါ့၊ တကယ်လို့ နောက်ပိုင်းမှာ မင်း ပြဿနာလုပ်ရင် အားလုံးက မင်းကို ဝိုင်းဗျင်းကြမှာပဲ"

"မင်းတို့က ငါ့ကို ခုထိ မယုံကြသေးဘူးလား၊ ဘာလဲ… ရင်ငြိမ်းကို ထိုင်ကန်တော့ပြီး သစ္စာဆိုမှ ယုံကြမှာလား"

ပေါ်ဌေးက ပြောရင်း ထိုင်ချမည့်ဟန် လုပ်လိုက်သည်။ နောက်လို့ နောက်မှန်း မသိသော ရင်ရင်ငြိမ်းက-

"အို… မလုပ်ပါနဲ့၊ ရှက်ကြီးနေပါ့မယ်"

ဟု မှာမှာသလဲ တားလိုက်သဖြင့် ရယ်ကြရသေးသည်။ အောင်ကျော်က ခေါင်းတညိတ်ညိတ် လုပ်နေရာမှ-

"အေးကွာ… ငါလည်း လက်ထပ်စာချုပ် ဘယ်လို လုပ်ရတယ်၊ ဘာတွေ လိုအပ်တယ် ဆိုတာ လေ့လာထားရမယ်၊ ဒါမှ ငါတို့အလှည့်ကျရင် လွယ်ကူသွားမှာ၊ ဟုတ်တယ် မဟုတ်လားဟေ့ အနှောင်း"

ဟု လှမ်းပြောသည်။ အနှောင်းက-

"ငကျော်… သူများတွေ မင်္ဂလာယူနေတဲ့ အချိန်မှာ ငါ ရန်မဖြစ်ချင်ဘူး၊ နှင့်ပါးစပ်ပုပ်ကြီးကို ပိတ်ထားစမ်း"

ဟု ပြန်ခွပ်သည်။ ချက်ကောင်း စောင့်နေသော အောင်ချို့က-

"နေစမ်းပါဦး ကျော်ကြီးရာ၊ အဲဒီအခါကျရင် မင်းက သတို့သားအနေနဲ့ လက်မှတ်ထိုးမှာလား၊ သတို့သမီးအနေနဲ့ လက်မှတ်ထိုးမှာလား"

ဟု သိပ်ထည့်လိုက်သည်။ လက်နှိပ်စက်သမားသည် တဝါးဝါး တဟားဟား လုပ်ရင်း နောက်ပြောင်နေကြသော သူတို့အုပ်စုကို အတော်သဘောကျနေသည်။ သူကလည်း အသက် သုံးဆယ်ဝန်းကျင်ခန့် လူရွယ်ပိုင်းသာ ဖြစ်သောကြောင့် ရောပြီး ပျော်နေခြင်း ဖြစ်၏။

"လက်ထပ်ဖို့ ကျွန်တော် စီစဉ်ပေးခဲ့တာ များပြီ၊ ဒီတစ်ခါလောက် ပျော်စရာကောင်းတာ မရှိဘူး၊ ဒီလောက် သက်သေ လက်မှတ်ထိုးမယ့်လူ

www.burmeseclassic.com

www.burmeseclassic.com



များတာလည်း မကြုံဖူးဘူး၊ ခင်ဗျားတို့ကို ဂုဏ်ပြုတဲ့အနေနဲ့ ကျွန်တော်လည်း သက်သေအဖြစ် လက်မှတ်ဝင်ထိုးချင်တယ်ဗျာ”

“ဟာ… ဘယ်ဖြစ်မလဲ၊ အစ်ကိုကြီးနဲ့ ဘာဆိုင်လို့လဲ”

*ဟု ပေါ်ဒွေးက ငြင်းသည်။*

“လုပ်ပါဗျာ… ပျော်လို့ပါ၊ ဒီလိုလုပ်… ကျွန်တော့် ဝန်ဆောင်ခကို လျှော့ယူမယ်လေ”

“မဖြစ်ပါဘူး၊ အလိုလိုကမှ လူတွေ များနေရတဲ့ကြားထဲ”

“မင်းကလည်းကွာ၊ တစ်ယောက် ပိုသွားရုံနဲ့ ပြဿနာ မရှိပါဘူး၊ ပိုတောင် ခိုင်လုံသွားသေးတယ်”

ရဲမော်က ဟိုလူ့ဘက်က ဝင်ထောက်ခံသည်။ ပေါ်ဒွေးကိုလည်း ခပ်လှမ်းလှမ်းကို ဆွဲခေါ်သွားပြီး-

“ငါတို့တွေ အလှည့်ကျရင်လည်း သူ့ကို အကူအညီတောင်းရဦးမှာကွ၊ ခွင့်ပြုလိုက်ပါကွာ၊ ဒီလိုလူမျိုးက ပေါင်းထားတာ မမှားဘူး”

“ဒါဆိုလည်း ပြီးရောကွာ”

လက်နှိပ်စက်သမားက ကျေနပ်သွားသည်။ လက်ပတ်နာရီကို ကြည့်ပြီး-

“ကဲ… အချိန်ကျပြီ၊ သွားကြရအောင်”

“နေဦး… တစ်ယောက် လိုသေးတယ်”

“ဘယ်သူလဲ”

“ကောင်းထွန်း”

“ဟာကွာ… ဒီကောင့်ကို ဘာဖြစ်လို့ ခေါ်ရတာလဲ၊ အမြဲတမ်း လေးတိလေးကန်နဲ့၊ ဘယ်တော့ဖြစ်ဖြစ် ချိန်းလိုက်ရင် နောက်ကျတာချည်းပဲ၊ မေ့လည်း မေ့တတ်သေးတယ်”

“ငါ့စိတ်ထင်တော့ ဒီကောင် ထုံးစံအတိုင်း အပျင်းထူနေတာ ဖြစ်မယ်၊ ဘာမှလည်း မလုပ်ရဘဲနဲ့ သိပ်ပင်ပန်းနေပြီ ဆိုပြီး အိပ်ရာထဲ ခွေနေလိုက်၊ မဖြစ်သေးပါဘူး ဆိုပြီး မျက်နှာ ထသစ်လိုက်၊ မလန်းဘူးဆိုပြီး ပက်လက်ကုလားထိုင်မှာ နှပ်လိုက်၊ သွားမှကောင်းမယ် ဆိုပြီး အဝတ်အစား ထလဲ၊ နောက်ကျနေပြီ… မထူးတော့ဘူး ဆိုပြီး ပြန်လှဲ၊ ချီတုံ့ချတုံ့ လုပ်နေတာ ဖြစ်ရမယ်”



“ခက်တာပဲကွာ၊ မင်းကလည်း ဒီကောင့်အကြောင်း သိသားနဲ့”

ပေါ်ဒွေးက ရဲမော်ကို အပြစ်တင်သည်။

“သူ့တစ်ယောက်တည်း ကွက်ပြီး ချန်ထားလို့ ဖြစ်မလားကွ၊ တော်ကြာ… ဒီကောင် သိသွားရင် ပြဿနာရှာလိမ့်မယ်၊ သူ့အကြောင်းလည်း သိသားနဲ့”

“မေ့များ မေ့နေလား မသိဘူး”

“ငါ သေသေချာချာ မှာထားတာပါကွာ၊ လာမှာပါ၊ ဆယ်မိနစ်လောက်တော့ စောင့်ကြည့်လိုက်ပါဦး”

လက်နှိပ်စက်သမားက-

“စောင့်လို့ မဖြစ်တော့ဘူး၊ ခုချိန် သွားမှ၊ တော်ကြာ နောက်ကျနေလို့ဆိုပြီး တရားသူကြီးက တခြားအမှုတစ်ခု ခေါ်ပြီး စစ်နေရင် တမေ့တမော စောင့်နေရမယ်”

ဟု သတိပေးသည်။

“ကဲ… ဒါဆိုလည်း သွားကြမယ်၊ သူ့ဟာသူ အချိန်မီ ရောက်မလာတာတော့ မတတ်နိုင်ဘူး”

တရားရုံးဆီသို့ လမ်းလျှောက်သွားကြသည်။ ဒီတော့မှ ရုံးပေါက်ဝမှာ မြိန်မြိန်ကြီး ရပ်စောင့်နေသော ကောင်းထွန်းကို တွေ့ကြရလေသည်။

“မင်းက ဘယ်လို ဖြစ်ရတာလဲ”

ပေါ်ဒွေး မပြောနိုင်ခင် ရဲမော်က ဦးအောင် မေးပေးလိုက်သည်။ ကောင်းထွန်းက သိပ်အရေးမကြီးဟန်ဖြင့်-

“မင်း ချိန်းတဲ့ နေရာကို ငါ မေ့နေလို့ကွ၊ ဘာပဲဖြစ်ဖြစ် တရားရုံးကိုတော့ လာကို လာရမှာပဲ ဆိုပြီး ဒီမှာ လာစောင့်နေတာ”

“မင်း အရက်နာကျနေလို့ မလာနိုင်ဘူး ထင်နေတာ”

ဟု ပေါ်ဒွေးက မကျေမချမ်း ပြောတော့-

“အရက်နာကျရမှာက ဒီနေ့ မဟုတ်ဘူး၊ မနက်ဖြန် မနက်မှ ကျမှာ၊ ဒီည ပွဲကြီးပွဲကောင်း ရှိတယ်လေ၊ တဝကြီး ကိုင်ရမှာ”

“ဘာပွဲလဲ”

“ဘတ်ချလာနိုက်လေကွာ၊ ကိုပေါ်က ဒကာခံမယ့်ပွဲ”

www.burmeseclassic.com



"ဘာ… ငါက ဘတ်ချလာနိုက် လုပ်ရမယ်… ဟုတ်လား၊ အခု ဘာက တကယ် လက်ထပ်တာမှ မဟုတ်ဘဲကွ"

"ဟင်… တကယ် မဟုတ်ဘူးလား၊ ဒါဆို မင်းက ရင်ရင်ငြိမ်းကို တည်လိုလိုနဲ့ လှည့်စားပြီး လက်ထပ်စာချုပ် အတု လုပ်မလို့ပေါ့လေ"

"ဟာ… ဟော့ကောင်၊ အလိုလိုကမှ ငါ့ကို ဝိုင်းပြီး မယုံသင်္ကာ ဖြစ်နေရတဲ့ကြားထဲ၊ မင်းက လျှောက်ပြောနေတယ်"

"အဲဒါကြောင့်ပေါ့ကွ၊ မင်းကသာ ဘတ်ချလာနိုက် လုပ်လိုက်ရင် ဘကယ် အစစ်အမှန်ပဲဆိုတာ သက်သေပြပြီးသား ဖြစ်သွားတာပေါ့"

"မင်းကတော့ ဘယ်လိုနည်းနဲ့ သောက်ရမလဲ ဆိုတာပဲ စဉ်းစား နေတာပဲ"

"မောင်ကောင်း ပြောတာ မှန်တယ်ကွ၊ ဒီည တစ်ပွဲ ပေးလိုက်ရင် ပြီးတော့ တရားဝင်သွားမယ်"

ကံညွန့်မောင်က ကောင်းထွန်းဘက်မှ ဝင်ထောက်ခံလိုက်သည်။

"ကဲ… ပြီးရောကွာ၊ ပြီးရော"

ရုံးခန်းထဲ ဝင်သွားသော လက်နှိပ်စက်သမား ပြန်ထွက်လာပြီး-

"ကဲ… လာကြ၊ လာကြ၊ အဆင်သင့် ဖြစ်ပြီ"

ဟု ပြောပြီး ရုံးခန်းထဲ ခေါ်သွားသည်။

တရားသူကြီးသည် အသက် လေးဆယ့်ငါးလောက်ပဲ ရှိဦးမည်။ ီးနောက်ပူအောင် စဉ်းစားရလွန်းလို့လားတော့ မသိ။ ထိပ်ပြောင်စပြုနေပြီ။ ပျော်တတ်ပုံရသည်။ သဘောလည်း ကောင်းမယ့်ပုံပဲ။

"တပျော်ကြီးပါလားဟေ့"

ဟု ခရီးဦးကြိုပြုရင်း နှုတ်ဆက်သည်။

"ကဲ… ထုံးစံအတိုင်း မေးရဦးမယ်၊ မိန်းကလေးကို အဓိကထားပြီး မေးမယ်၊ ငါ့တူမက… ဟောဒီက အဲ… မောင်ပေါ်ဒွေးနဲ့ လက်ထပ်မယ့် ကိစ္စမှာ ကိုယ့်သဘောနဲ့ ကိုယ် လက်ထပ်တာလား၊ တစ်စုံတစ်ယောက်က ခြိမ်းခြောက် အကျပ်ကိုင်လို့၊ ဒါမှမဟုတ် ဖြားယောင်းသွေးဆောင်လို့၊ ဒါမှ မဟုတ် အတင်းအဓမ္မ တိုက်တွန်းလို့လား"

ရင်ရင်ငြိမ်းသည် အိပ်မက် မက်သလို ဖြစ်နေ၏။ မျက်လုံးလေး လယ် ကလယ် ဖြစ်နေရာမှ အနောင်းကို လက်ညှိုးထိုးပြပြီး-



"သူ… သူ တိုက်တွန်းလို့"

တရားသူကြီး မျက်နှာတည်သွားပြီး-

"ဘာ… ငါ့တူမကိုယ်တိုင် သဘောတူလို့ မဟုတ်ဘူးပေါ့"

"မဟုတ်ပါဘူး"

အားလုံး မျက်စိမျက်နှာ ပျက်ကုန်ကြသည်။ ပေါ်ဒွေးက-

"နင်… နင်… ဘာတွေ လျှောက်ပြောနေတာလဲ"

တရားသူကြီးက လက်ကာပြလိုက်ပြီး-

"ဒါဆိုရင်တော့…"

"ဟာ… မဟုတ်သေးဘူး၊ နားလည်မှု လွဲနေပြီ၊ သူ ပြောတာက သဘောတူလို့ မဟုတ်ဘူးဆိုတာ မဟုတ်ဘူးလို့ ပြောတာ၊ ဟုတ်တယ် မဟုတ် လား ရင်ငြိမ်း"

ရင်ရင်ငြိမ်းက ခေါင်းညိတ်ပြန်သည်။ တရားသူကြီးက ရင်ရင်ငြိမ်းကို သေသေချာချာ အကဲခတ်ကြည့်သည်။ အတွေ့အကြုံ ရင့်ကျက်သူပီပီ အခြေ အနေကို နားလည်လိုက်သည်။

"ဟုတ်တယ်တွေ… မဟုတ်ဘူးတွေနဲ့ ရှုပ်ကုန်ပြီ၊ ကဲ ကဲ… ရှင်းရှင်းလေးပဲ မေးမယ်၊ မရင်ရင်ငြိမ်းက မောင်ပေါ်ဒွေးကို လက်ထပ်ချင် သလား"

ရင်ရင်ငြိမ်းက ပေါ်ဒွေးကို တစ်ချက် ကြည့်သည်။ ပေါ်ဒွေးမှာ ပင်နတီ ကန်သွင်းခံရခါနီး ဂိုးသမားတစ်ယောက်၏ မျက်နှာထားလို ဖြစ်နေ၏။ ရင်ရင်ငြိမ်းက ခေါင်းညိတ်ပြသည်။ တရားသူကြီးက-

"နှုတ်က ဖွင့်ပြောမှ တရားဝင်တယ်"

"ဟုတ်… ဟုတ်ကဲ့"

"ကိုယ့်သဘောနဲ့ ကိုယ် လက်ထပ်ချင်တာလား"

"ရှင်… ဟုတ်ပါတယ်"

"ကဲ… ဟုတ်ပြီ၊ ဒါဆို လက်မှတ်ထိုး"

လက်မှတ်ထိုးပြီးကြတော့ တရားသူကြီးက ဆုံးမစကား အနည်းငယ် ပြောသည်။

"ကဲ ကဲ… သွားလို့ရပြီ"

ထိုစဉ်တွင် အောဘီကျော်က တစ်စခန်း ထသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဦးလေး… အဲ… ဆရာ… အဲ အဲ တရားသူကြီးမင်း ခင်ဗျာ၊ ကျွန်တော် တစ်ခုလောက် မေးပါရစေ"

"မင်း ခေါ်ချင်သလို ခေါ်ပါကွာ၊ အဘလို့ မခေါ်ရင် ပြီးတာပဲ၊ အဲ… ဘာမေးချင်လို့လဲ"

"ဒီလိုပါ၊ ကျွန်တော်လည်း လက်ထပ်စာချုပ် လုပ်ချင်ပါတယ်၊ တစ်ခု ရှိတာက သတို့သမီးဘက်ကတော့ မသေချာသေးဘူး၊ သတို့သားအနေနဲ့ပဲ တစ်ဖက်သတ် ကြိုတင်ပြီး လက်မှတ်ထိုးထားလို့ မရဘူးလား"

"မရဘူး၊ ရုံးတော်ရှေ့မှာ နှစ်ယောက်စလုံး ရှိမှ ထိုးလို့ရမယ်"

"ရုံးရှေ့မှာတော့ ရှိပါတယ်၊ ဒါပေမဲ့…"

ဆိုပြီး အနောင်းကို ပြုံးစေ့စေ့ လုပ်ရင်း လှမ်းကြည့်သည်။ အနောင်းမှာ ဘာမှ မပြောသာသဖြင့် အံကြိတ်ပြီး မျက်စောင်းသာ ထိုးနေရသည်။ ရုံးအပြင်ကို ရောက်လျှင်တော့ အဘိကျော် မစားသာဘူးသာမှတ်။

"ငါ့စိတ်ထင်တော့ကွာ၊ ကျော်ကြီးလို အသားမည်းမည်း၊ အရပ်ရှည်ရှည်တောက်တောက်၊ ခါးက ကိုင်းကိုင်း၊ ခေတ်ဟောင်းက မျက်မှန်နဲ့ ဝုံတုံးကြီးဟာ ဒီရုံးကို လာခွင့်ရမယ့် ကောင်မျိုး မဟုတ်ပါဘူး"

ကံညွန့်မောင်က ပြောတော့ ကောင်းထွန်းက-

"ဘယ်ပြောနိုင်မလဲကွ၊ လက်ထပ်ဖို့ မဟုတ်ဘဲ တခြားအမှုတစ်ခုခုနဲ့ လာချင်လာနေရမှာပေါ့"

ထိုအခါ တရားသူကြီးက-

"ဟေ့ကောင်တွေ… တရားရုံးထဲမှာ အဲဒီလို နိမိတ်မရှိတဲ့ စကားမျိုး မပြောရဘူးကွ၊ တော်တော်ရှုပ်တဲ့ ကောင်တွေ၊ သွားကြတော့ကွာ… သွားကြတော့၊ ငါ အလုပ်တွေ ရှိသေးတယ်"

ဟု ရယ်ရယ်မောမော နှင်ထုတ်သည်။

သူတို့ အုပ်စု တစ်ယောက်ကို တစ်ယောက် နောက်ရင်း ပြောင်ရင်း ထွက်သွားကြသည်။ တရားသူကြီးကို နှုတ်ဆက်နေရသဖြင့် ပေါ်ဌေးနှင့် ရင်ရင်ငြိမ်းတို့နောက်မှာ ကျန်နေခဲ့သည်။ ရင်ရင်ငြိမ်းမှာ ခုချိန်ထိ အိပ်မက် မပြယ်သေးသလို ဖြစ်နေ၏။ ပေါ်ဌေးက ရင်ရင်ငြိမ်း၏ လက်ကို ဆုပ်ကိုင်လိုက်သည်။ သူ့လက်ကလေးက အေးစက်နေသည်။ ရင်ရင်ငြိမ်းက လက်ကို အသာရုန်းထွက်လိုက်ပြီး-



"အို… လူတွေကြားထဲမှာ"

"တို့တွေ လက်ထပ်ပြီးကြပြီပဲ၊ ကိုယ့်မိန်းမလက် ကိုယ်ကိုင်တာ ဘာဖြစ်လဲ"

"ဟယ်… နင့်စကားကလည်း ရင့်သီးလိုက်တာ"

ဟု ပြောရင်း ရင်ရင်ငြိမ်း၏ မျက်နှာ ရဲခနဲ ဖြစ်သွား၏။

www.burmeseclassic.com

www.burmeseclassic.com

"ငါတို့ လက်ထပ်တုန်းက သူငယ်ချင်းတွေ အားလုံးရှေ့မှာ လက်မှတ်ထိုးခဲ့ကြတာ၊ အခုလည်း အားလုံး သဘောတူမှ ကွာရှင်းပေးနိုင်မယ်၊ လက်ထပ်စာချုပ်မှာ သက်သေအဖြစ်နဲ့ ပါခဲ့တဲ့ လူတွေ တစ်ယောက်မကျန် ကွာရှင်းစာချုပ်မှာလည်း သက်သေလက်မှတ်ထိုးပေးရမယ်၊ ငါ လိုချင်တာ အဲဒါပဲ"

ရင်ရင်ငြိမ်း၏ တောင်းဆိုချက် ဖြစ်သည်။ ထိုတောင်းဆိုချက်သည် ဈေးဆစ်လို့ ရမည် မဟုတ်။ 'နင် လိုချင်တာ အကုန်ရစေရမယ်' ဟု ပေါ်ဒွေးက အလောသုံးဆယ် ကတိပေးခဲ့မိ၏။ ရင်ရင်ငြိမ်းက အိမ်၊ အတွင်းပစ္စည်း၊ ငွေကြေး စသည်တို့ တောင်းလိမ့်မည်ဟု ထင်ခဲ့သည်။

တကယ်တော့ သူ စိတ်လောကြီးပြီး မဆင်ခြင်၊ မသုံးသပ်မိခဲ့ခြင်းသာ ဖြစ်၏။ ရင်ရင်ငြိမ်းသည် ဘာကိုမှ မက်မောတွယ်တာတတ်သူ မဟုတ်။ သူ ဝယ်ပေးထားသော လက်ဝတ်လက်စားတွေကိုတောင် ဆင်မြန်းလေ့မရှိ။ အလှူမင်္ဂလာဆောင် အခမ်းအနားတွေ သွားတဲ့အခါ သူကပဲ အတင်း ဝတ်ဆင်ခိုင်းရသည်။ စိန်နားကပ်ကိုလည်း ကြီးလွန်းတယ်၊ အရောင်တလက်လက်နဲ့၊ တွားဝါသလို ဖြစ်နေတယ် ဆိုလို့ အပါးဝိုင်း ခပ်သေးသေး ခြယ်နားကပ်လေး ဝယ်ပေးထားရတာ။



ဒီလောက် နှစ်အတော်ကြာအောင် ပေါင်းလာတဲ့ ကိုယ့်မိန်းမအကြောင်းကိုယ် သိဖို့ကောင်းသည်။ အလောတကြီး ဆုံးဖြတ်တတ်၊ လုပ်တတ် ကိုင်တတ်သော မိမိကိုယ်ကိုပင် အပြစ်တင်ရတော့မည်။

ခုမှတော့ ဘာမှ မတတ်နိုင်။ လက်ထပ်စာချုပ်မှာ သက်သေလက်မှတ်ထိုးထားတဲ့ လူတွေက အများကြီး။ အားလုံးကို လိုက်ပြီး စည်းရုံးဖို့ဆိုတာ ခလွယ်။ အကုန်လောက်နီးပါးက ရင်ရင်ငြိမ်း ဘက်တော်သားတွေ။ ကိုယ့်စကားကို ယုံမယ့်လူက မရှိသလောက်တဲ့။ ဘယ်လောက်ကြီးပဲ အကြောင်းပြချက်နိုင်လှသည် ဖြစ်စေ၊ ကွာရှင်းစာချုပ်ပေါ်မှာ သက်သေအဖြစ် လက်မှတ်ထိုးပေးဖို့ကတော့ ခါးခါးသီးသီး ငြင်းဆန်မယ့်သူတွေသာ များမှာ သေချာသလောက်ရှိ၏။

ဒါကို သိလို့လည်း ရင်ရင်ငြိမ်းက ခုလို တောင်းဆိုခြင်း ဖြစ်သည်။ ပေါ်ဒွေး ဆိုတဲ့ ကောင်ကလည်း ဒါမျိုး စိန်ခေါ်လာပြီဆိုရင် ဘယ်လောက်ပဲ ခက်ခဲတဲ့ကိစ္စ ဖြစ်ဖြစ်၊ ဘယ်လို အဟန့်အတားမျိုးပဲ ရှိရှိ၊ မဖြစ်ဖြစ်အောင် မရမနေ ကျားကုတ်ကျားခဲ လုပ်တတ်တဲ့ ကောင်မျိုးပဲ။ တွေ့ကြသေးတာပေါ့ ရင်ငြိမ်းရယ်… ဟု စိတ်ထဲက ကျိတ်ပြီး ကြုံးဝါးလိုက်သည်။

အခုလို အမှုတွဲတွေ တသီတတန်းကြီး ပါလာအောင် အဆန်းထွင်ခဲ့တဲ့ ကောင်က ရဲမော် ဖြစ်၏။ သူ စခဲ့တဲ့ ကိစ္စ၊ သူ့ကိုပဲ ပထမဆုံး ပြန်ဖြေခိုင်းရမည်။ ပြောနေ ကြာတယ်၊ အခုပဲ သွားလိုက်တာ ကောင်းမယ်ဟု ဆုံးဖြတ်သည်။ အဝတ်အစားတောင် မလဲတော့ဘဲ ပိုက်ဆံအိတ်သာ ယူသည်။

အရေးထဲမှာ ကားက ရုတ်တရက် စက်နိုးလို့ မရဘဲ ဖြစ်နေ၏။ သူ့ကားက နည်းနည်းတော့ စုတ်သည်။ စက်မှုဇုန်ထုတ် ပြည်တွင်းဖြစ်လည်း မဟုတ်၊ အော်ရီဂျင်နယ်လို့လည်း ပြောလို့မရသော ဂျစ်ကား ဖြစ်၏။ ဟိုအရင်က ဝီလီဂျစ်ကို ပုံသွက်သွားအောင် ဘောနက်လေး၊ မတ်ကတ်လေး အချိုးပြင်၊ စတီယာရင်တို့ ဂီယာတံတို့ကို ခေတ်မီအောင် လုပ်ထားခြင်းသာ ဖြစ်၏။ အင်ဂျင်က သန္တေလေးတော့ ကောင်းသည်၊ ဒီနေ့ကျမှ ဘာဖောက်သလဲ မသိ။

ဆယ့်ငါးမိနစ်လောက် ကြာအောင် ဟိုနှိုက် ဒီနှိုက် လုပ်ပြီးမှ စက်နိုး သွားသည်။ မော်တော်ကားကတောင် ကိုယ့်သခင်ဘက်က မပါချင်တော့ဘူး လားဟု စိတ်တိုတိုနှင့် တွေးမိသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ရဲမော်တို့ အိမ်ရှေ့ ရောက်လို့ လူခေါ်ခေါင်းလောင်း နှိပ်မလို့ ပြင်တုန်းမှာပဲ တံခါးဝကို မြရီဝင်း ရောက်ရှိလာသည်။

"ရဲမော်… ရှိလား"

ပေါ်ဌေးက မေးသောအခါ-

"ဟုတ်… ရှိပါတယ်၊ ဘယ်သူလို့ ပြောရမလဲ၊ အဲ အဲ ဪ… ထိုပေါ်ပါလား၊ လာပါ၊ ဝင်ပါ"

ဆိုပြီး တံခါးဖွင့်ပေးသည်။

"ခဏထိုင်ပါဦးနော်၊ ကိုရဲကို သွားခေါ်ပေးပါ့မယ်"

ဟု ပြောပြီး အိမ်ခန်းထဲ ဝင်သွားသည်။ ပေါ်ဌေးသည် ဒီအိမ်ကို လာတဲ့အခါတိုင်း ခုလိုပဲ အူကြောင်ကြောင် ကိစ္စတွေ ကြုံရတတ်သည်။ တကယ်ဆိုလျှင် မြရီဝင်းမှာ ငယ်သူငယ်ချင်း မဟုတ်သည့်တိုင် ရဲမော်နှင့် ကြိုက်ပြီးကတည်းက သူတို့ သူငယ်ချင်းအုပ်စုဝင် ဖြစ်လာခဲ့ပြီးသား။ ပေါ်ဌေးနှင့် ရင်ရင်ငြိမ်းတို့ လက်ထပ်စာချုပ် ချုပ်တုန်းက သက်သေလုပ်တဲ့ထဲမှာ သူလည်းပါသည်။

နှစ်အိမ် တစ်အိမ် ဝင်ထွက် သွားလာနေခဲ့ကြတာလည်း ဆယ်နှစ်မကကြာခဲ့ပြီ။ မြရီဝင်းနှင့် ရင်ရင်ငြိမ်းတို့ကလည်း ညီအစ်မတွေလိုတောင် ဖြစ်နေပြီ။ ပြောမနာ ဆိုမနာ ဟေးလားဝါးလား ဆက်ဆံရေးမျိုး ဖြစ်ရမည်။ မြရီဝင်းမှာ သဘောကောင်းသူ ဖြစ်သောကြောင့် ဒီလို ဆက်ဆံလို့လည်း ပြဿနာရှိမှာ မဟုတ်။

ခက်နေတာက ဟိုကောင် ရဲမော်ပင် ဖြစ်၏။ သူတို့ လင်မယားနှစ်ယောက်တည်း ရှိတဲ့အခါမှာတော့ ဘယ်လို နေသလဲ မသိ။ သူငယ်ချင်းတွေရှေ့မှာ ဆိုလျှင်တော့ ရဲမော်က မြရီဝင်းကို အတွင်းရေးမှူးတစ်ယောက်လို ဆက်ဆံသည်။ မြရီဝင်းကလည်း ဟိုကောင် ပုံစံသွင်းထားတဲ့အတိုင်း လိုက်နေပေးသည်။ ကွယ်ရာမှာတော့ သူငယ်ချင်းတွေက သူတို့ကို ပေါ်လင်မယားဟု သတ်မှတ်ထားကြသည်။

ခဏအကြာမှာ ရဲမော် ထွက်လာသည်။

"မင်း လာလိမ့်မယ်လို့ ငါ ထင်သားပဲ"

ဟု ပြောရင်း ဝင်ထိုင်သည်။ ပေါ်ဌေး နည်းနည်း သံသယဖြစ်သွားသည်။ ရင်ရင်ငြိမ်းကများ ဖုန်းကြိုဆက်ပြီး တစ်ခုခု ပြောထားသလား မသိ။



ရဲမော်၏ မျက်နှာကို အကဲခတ်ကြည့်သည်။ ခပ်ပေါ့ပေါ့ အမူအရာကိုသာ တွေ့ရ၏။

"ဘာဖြစ်လို့ ထင်တာလဲ"

ဟု သေချာအောင် ထပ်မေးလိုက်သည်။

"ဪ… မင်း ငါ့အိမ် မရောက်တာ ကြာပြီလေကွာ၊ ငါတောင် မင်းဆီ ထွက်လာမလို့ဘဲ၊ မင်း မလာတာ ကြာပြီလို့ ပြောရင် ရောက်လာတတ်တယ်တဲ့၊ သူ သတိပြုမိတာ နှစ်ခါ သုံးခါ ရှိပြီလို့ မြက ပြောတယ်၊ အဲဒါနဲ့ ဟုတ် မဟုတ် စောင့်နေတာ၊ ငါတော့ ဗိုက်ဆံကုန်ဦးတော့မှာပဲ"

"ဘာဖြစ်လို့လဲ"

"မြနဲ့ ငါနဲ့ လောင်းကြေးစားကြေး လုပ်ထားတယ်ကွ၊ သူ ပြောထားတဲ့အတိုင်း မင်း ရောက်လာရင် ငါက သူ့ကို ဖါတိတ်တစ်ထည် ဝယ်ပေးရမယ်"

"ငါ ရောက်မလာရင်ကော"

"ဒါကတော့ကွာ… ဟဲ ဟဲ… မင်း ရောက်မလာပါစေနဲ့လို့ ဆုတောင်းနေတာ"

"မင်းကတော့ကွာ…"

ဆိုပြီး လိုက်ရယ်နေရသည်။ ရဲမော်က အိမ်အတွင်းခန်းဘက် လှည့်ပြီး-

"မြရေ…" ဟု အော်ခေါ်လိုက်သည်။

"လာပါပြီ" ဆိုသော အသံနှင့်အတူ မြရီဝင်း ထွက်လာပြီး (MRTV-4 က အစီအစဉ် ကြေညာတဲ့ မိန်းကလေးတွေလို) လက်နှစ်ဖက်ကို ရှေ့မှာ ယှက်ရင်း ရဲမော်ရှေ့မှာ ရပ်သည်။

"သောက်ရေလေး တစ်ခွက်လောက်ကွယ်"

"ဟုတ်"

ဆိုပြီး မြရီဝင်း အထဲပြန်ဝင်သွားသည်။

ဒီကောင် မင်္ဂလာယူနေပြန်ပြီ။ ရေသောက်ချင်တာများ စောစောကတည်းက တစ်ခါတည်း သောက်လာလည်း ရရက်သားနဲ့။ ဒါမှမဟုတ်ရင် 'မြရေ… ရေတစ်ခွက်လောက် ခပ်ခဲ့ပါ' လို့ လှမ်းအော်လိုက် ပြီးရော။ ခုတော့ လူကို တစ်ခါ ခေါ်ပြီးမှ-ရေသွားခပ်ခိုင်း။ သက်သက် လူရှေ့မှာ အသားယူပြနေတာ။ ဟိုကလည်း ဘာလုပ်လာမလဲ ကြည့်ရ။

www.burmeseclassic.com

www.burmeseclassic.com



ခဏအကြာမှာ မြရီဝင်းသည် ရွှေရောင် ဖန်းကနုတ်တွေ ပါသော ယွန်းလင်ပန်းလေး ကိုင်ပြီး ပြန်ထွက်လာသည်။ စီးရောင် ဖန်ခွက်လှလှပေါ်မှာ ဖန်ပန်းကန်ပြား အုပ်ပြီး ဗန်းပေါ် တင်လာသည်။ ရဲမော် ရှေ့မှာ ကိုယ်ကို ကိုင်း၍ ရပ်ရင်း-

"ရေ… ရပါပြီ"

ဟု ပြောလိုက်သည်။ ရဲမော်က ဖန်ခွက်ကို ယူပြီး ရေသောက်သည်။ သူတို့ ဖြစ်နေပုံကို ကြည့်ပြီး ပေါ်ဌေးမှာ မရယ်မိအောင် သတိထားနေရ၏။ မြရီဝင်းက ပေါ်ဌေးဘက် လှည့်ပြီး-

"ကိုပေါ်ကော… ဘာသောက်ပါမလဲ၊ အပူလား… အအေးလား"

"ဘာဖြစ်ဖြစ် ရပါတယ်"

"ရဲယိုသီးဖျော်ရည် သောက်ပါလား"

"ဘာ… ရဲ… ရဲယိုသီး"

လုပ်ချလိုက်ပြန်ပြီ။ ဒီလောက် နံတဲ့ ရဲယိုသီးကို ဖျော်ရည် လုပ်ပြီး တော့…။ ပေါ်ဌေး နှာခေါင်း အနည်းငယ် ရှုံ့သွားတာကို ကြည့်ပြီး ရဲမော်က-

"မင်းက နံမယ် ထင်လို့လားကွ၊ ရဲယိုဖျော်ရည်လို့သာ… မပြောရင် သိမှာတောင် မဟုတ်ဘူး၊ ငါကိုယ်တိုင် အိမ်မှာ ပျားရည်နဲ့ ဖောက်ထားတာကွ"

"အဲ အဲ… မြည်းကြည့်တာပေါ့လေ"

မြရီဝင်း အတွင်းခန်းထဲ ပြန်ဝင်သွားပြန်သည်။

"မင်းပုံစံ ကြည့်ရတာ တစ်မျိုးပဲကွ၊ အိမ်မှာ တစ်ခုခုများ အလိုမကျ ဖြစ်လာလို့လား"

ရဲမော်က ပေါ်ဌေးကို အကဲခတ်ကြည့်ရင်း မေးသည်။ စကားအစရ တုန်း ဟိုကိစ္စ ပြောလိုက်ရ ကောင်းမလား စဉ်းစားနေတုန်း ရဲမော်ကပဲ ဆက်၍-

"ဘာလဲ… ရင်ရင်ငြိမ်းနဲ့ ငြိလာလို့လား"

"အလကားပါကွာ"

"ရင်ရင်ငြိမ်းကတော့ စိတ်မကောက်တတ်ပါဘူး၊ မင်းက ပြဿနာ ရှာတာပဲ ဖြစ်ရမယ်"

ဘယ်က စပြောရင် ကောင်းမလဲ တွေးနေစဉ် မြရီဝင်း ပြန်ထွက်လာ ပြန်သည်။



"ရဲယိုဖျော်ရည် ရပါပြီ"

ဟု ပြောရင်း ဖန်ခွက်ကို စားပွဲပေါ် တင်ပေးသည်။ ပြီးတော့-

"ရင်ငြိမ်း နေကောင်းလား"

မေးသည်။ ပေါ်ဌေးက-

"ကောင်း… အင်း… ကောင်းပါတယ်"

"ပြန်ရင် သွေးဆေး ပေးလိုက်ဦးမယ်၊ ရင်ငြိမ်းအတွက်…"

ဟု ပြောပြီး ပြန်လှည့်ထွက်သွားသည်။

"သောက်ကြည့်လေကွာ"

ရဲမော်က တိုက်တွန်းသည်။ ပေါ်ဌေးက ဖန်ခွက်ကို ယူပြီး အနံ့ခံ ကြည့်သည်။ ရဲယိုသီးနံ့ ပုပ်အက်အက်မျိုး မရတာတော့ အမှန်ပဲ။ တစ်ငုံ ငုံ ကြည့်သည်။ ဘယ်ဆိုးလို့လဲ။ ဝိုင်လိုလို ဘာလိုလိုနဲ့။ ရင်ထဲက နွေးခနဲ ဖြစ် သွား၏။ နောက် တစ်ငုံ ထပ်သောက်လိုက်သည်။ ခံတွင်းရှင်းပြီး ရင်ချောင် သွားသလို ခံစားရသည်။

"ငါတို့ဆီမှာသာ ရဲယိုသီးတွေ ဖောချင်းသောချင်း ဖြစ်နေလို့ လူတွေ က အထင်မကြီးကြတာကွ၊ အမေရိကန်တို့… ဥရောပတို့မှာဆိုရင် ထိပ်တန်း အသီးအနှံ ဆယ်မျိုး စာရင်းထဲမှာ ဝင်နေပြီ၊ သုတေသနပြုချက်တွေအရ အနောက်တိုင်း ဆေးဝါးတွေနဲ့ ကုလို့ မရတော့တဲ့ ရောဂါ အတော်များများကို ရဲယိုတစ်မျိုးတည်းနဲ့ ပျောက်အောင် ကုလို့ ရတယ်တဲ့၊ ဒါ့ကြောင့် အောလ်အင် ဝမ်းလို့တောင် ဆိုနေကြပြီ၊ အမေရိကန်မှာ ရဲယိုသီး အဆီအနှစ် ဓာတ်စာ ဆေးဖျော်ရည် တစ်လီတာကို ဒေါ်လာ ခုနစ်ဆယ်လောက် ပေးရတယ်ကွ"

ဆိုပြီး ရဲယိုတရားတွေ ဟောနေတော့သည်။

ရဲမော်တို့ လင်မယား နှစ်ယောက်စလုံး ဝန်ထမ်းတွေ ဖြစ်သည်။ မလွတ်လပ်ဘူး၊ ဖိအားတွေ များတယ်၊ ငါ့စိတ်နဲ့ မဖြစ်ဘူး ဆိုပြီး ဝန်ထမ်းဘဝ ကို ငြီးငွေ့နေကြသည်။ ကိုယ်ပိုင် အလုပ်တစ်ခုခုကို လုပ်ချင်သည်။ သူ့စိတ်ကူး ကတော့ ဆေးဖော်ရောင်းဖို့ ဖြစ်၏။

ထို့ကြောင့် ဆေးတွေ တစ်မျိုးပြီး တစ်မျိုး စမ်းသပ် ဖော်စပ်သည်၊ အောင်မြင်လျှင် အလုပ်က ထွက်ပြီး ဆေးဖော် ရောင်းမလို့တဲ့။

ရဲမော်ရဲ့ ရဲယို တရားနာနေရတာနဲ့ပဲ ကိုယ့်ကိစ္စ ပြောမယ့်စကား ဦးတည်ချက် ပျောက်သွားသည်။ ဘယ်လို ပြန်ကောက်ရကောင်းမလဲ စဉ်းစား

www.burmeseclassic.com

www.burmeseclassic.com



သည်။ နောက်တော့ စိတ်ကူးတစ်မျိုး ပြောင်းသွားသည်။ ရဲမော်ကို စည်းရုံးရတာ နည်းနည်း ခက်နိုင်သည်။ မြရီဝင်းကိုလည်း စောစောစီးစီး အသိမပေးချင်သေး။ တော်ကြာ ရင်ရင်ငြိမ်းဆီ သွားပြီး အကြံဉာဏ်တွေ ဘာတွေ ပေးနေလျှင် ပိုပြီးလက်ဝင်သွားနိုင်သည်။ ပြီးတော့ ရဲမော် လက်ခံနိုင်လောက်သောအကြောင်းပြချက်ကိုလည်း ထပ်ရှာချင်သေးသည်။

"ဘယ်လို နေလဲကွ"

ဟု ရဲမော်က ရုတ်တရက် မေးလိုက်သဖြင့် သူ ကြောင်သွားသည်။

"ဘာကို ပြောတာလဲ"

"ဗိုက်ဆာမလာဘူးလား"

သူ ပြောမှ သတိထားမိသည်။ ဗိုက်ထဲမှ လေတွေ လှည့်နေသလို တရွရွ ဖြစ်နေပြီး အစာစားချင်စိတ် ပေါ်လာသည်။

"ဟုတ်တယ်ကွ၊ တစ်မျိုးပဲ… ခုတလော ညနေဘက်မှာ စားချင်သောက်ချင်စိတ် သိပ်မရှိဘဲ ဖြစ်ဖြစ်နေတာ၊ ခုတော့ ဗိုက်ထဲက ဆာသလိုလိုဖြစ်နေတယ်"

ရဲမော်က ကျေနပ်စွာ ပြုံးလိုက်ပြီး-

"အဲဒါ ရဲယိုဖျော်ရည်ရဲ့ တန်ခိုးသတ္တိပေါ့ကွ၊ ဒီမှာပဲ ထမင်းစားသွားပါလား"

မြရီဝင်းက ဟင်းချက် ကောင်းသည်။ ရဲမော် ကြိုက်တတ်တာတွေကိုလည်း သိသည်။ တစ်ခါတလေ ဒီကောင်က ရှာရှာဖွေဖွေ ပေါက်ကရတွေ စားချင်တတ်သည်။ မြရီဝင်းကလည်း မရ ရအောင် ရှာပြီး ချက်ကျွေးတတ်သည်။

အိမ်မှာလည်း ရင်ရင်ငြိမ်းက ခါတိုင်းလိုပဲ သူ့အတွက်ပါ ထည့်ချက်ထားမှာပါပဲ။ သို့ရာတွင် သူက ဒီရက်ပိုင်း တတ်နိုင်သလောက် အိမ်မှာ မစားဘဲ ဆန္ဒပြဖို့ စဉ်းစားထားသည်။ ထို့ကြောင့်-

"ကောင်းသားပဲကွ၊ မြရီဝင်း လက်ရာ မစားရတာ ကြာပြီ၊ ဘာဟင်းချက်လဲ"

"ငါးရံ့ကို ရဲယိုရွက်နဲ့ ငါးပေါင်းထုပ် လုပ်ထားတယ်"

ဒီလင်မယားတော့ ရဲယိုကို စီးရီးလိုက်ကို စားနေတော့တာပဲ။ အမှန်အားဖြင့် ပေါ်ဒွေးသည် ရဲယိုရွက်ကိုတော့ မကြိုက်လှ။ ဒီအိမ်မှာ စားဖို့သဘောတူပြီးသား ဖြစ်နေသောကြောင့် ကြိတ်မှိတ်ပြီး စားလိုက်ရသည်။

www.burmeseclassic.com



"ရဲယိုရွက်ကလည်း အသီးလိုပဲ အာနိသင် ရှိတာပဲကွ"

အသီးတရား ပြီးတော့ အရွက်တရားကိုလည်း ဆက်နာလိုက်ရသေးသည်။

ဒီလိုနဲ့ သူ့ကိစ္စကို စကားမစဖြစ်တော့ဘဲ ဟိုလင်မယား ပေးလိုက်သော ရဲယိုသီး ဖျော်ရည် တစ်ပုလင်း၊ အပူငြိမ်းဆေး တစ်ဘူးနှင့်အတူ ပြန်ခဲ့ရသည်။

မြရီဝင်းက ဆေးပေးလိုက်ကြောင်း ရင်ရင်ငြိမ်းဆီ ဖုန်းဆက်ပြောမှာ သေချာသည်။ ထိုအခါ ရင်ရင်ငြိမ်းက မိမိတို့ အိမ်ထောင်ရေး အခြေအနေကို ပြောလိုက်မလား။ မဖြစ်နိုင်။ ရင်ရင်ငြိမ်းသည် နှုတ်နည်းသူ ဖြစ်၏။ သိုသိုသိပ်သိပ်လည်း နေတတ်သည်။ ကိုယ့်ပြဿနာကို လူတကာ သိအောင် လျှောက်ပြီး ကြေညာတတ်သူမျိုး မဟုတ်။

အိမ်ပြန်ရောက်လို့ အိမ်ဖော် မိန်းကလေးက-

"ဦးပေါ်… ထမင်းစားတော့မလား" မေးလျှင်… အပြင်က စားလာပြီ… ဟု ရင်ရင်ငြိမ်း ကြားအောင် ခပ်ကျယ်ကျယ်လေး အော်ပြောမည်ဟု စဉ်းစားထားသည်။

www.burmeseclassic.com

www.burmeseclassic.com

သက်သေလုပ်မယ့် လူတွေက သဘောတူပြီ ဆိုလျှင် လက်မှတ်ထိုးပေးနိုင်ရန် အတွက် ကွာရှင်းစာချုပ်တစ်ခု လုပ်ထားဖို့ လိုသည်။ သူတို့က ယုံရတာ မဟုတ်။ စကတည်းက အင်တင်တင် လုပ်မယ့်လူတွေက များသည်။ အတော် စည်းရုံးယူရမှာ။ နှုတ်အားဖြင့် သဘောတူပြီး နောက်ကျမှ စိတ်ပြောင်းသွားလို့ လက်မှတ်ထိုးမပေးတော့ပါဘူး ဆိုတာမျိုး ဖြစ်လာနိုင်သည်။ စိတ်နည်းနည်း ယိုင်လာတဲ့အခိုက်မှာ အမိအရ လက်မှတ်ထိုးနိုင်းမှ ဖြစ်မည်။ ဒီအတွက် ကွာရှင်းစာချုပ်တစ်ခု လက်ထဲမှာ အရန်သင့် ကိုင်ထားဖို့ လိုသည်။

စာချုပ်တစ်ခု လုပ်မယ်ဆိုလျှင် ကိုယ့်သဘောနဲ့ ကိုယ် စိတ်ကူးတည့်ရာ လျှောက်ရေးလို့ ရတာ မဟုတ်။ သူ့စည်းကမ်းအတိုင်း ဘောင်ဝင်အောင် လုပ်ရမည်။ ထိုအခါ ရှေ့နေတစ်ယောက်နှင့် တိုင်ပင်ဖို့ လိုအပ်လာသည်။ အိမ်နာမည် ပြောင်းဖို့ ကိစ္စတုန်းက ကူညီခဲ့ဖူးသော ရှေ့နေ ဒေါ်မာမာဦးကို သတိရလိုက်သည်။

ထို့ကြောင့် သူ့ရုံးခန်းမှာ သွားတွေ့သည်။ တရားရုံး သွားနေသည်။ သုံးနာရီကျော်မှ ပြန်ရောက်မယ်ဆိုလို့ ဟိုဒီ လျှောက်သွားပြီး အချိန်ဖြုန်းရင်း စောင့်ရသည်။ သုံးနာရီ ခွဲပြီးမှ ပြန်ရောက်လာသည်။ တွေ့တွေ့ချင်းမှာတော့



ဖော်ဖော်ရွေရွေ ပြုံးပြုံးရွှင်ရွှင်ပဲ။ လာရင်းကိစ္စကို သိသွားပြီးတဲ့အခါကျတော့ မျက်နှာထားက တင်းသွားသည်။ ပြီးတော့…

"ဝမ်းနည်းပါတယ်၊ လင်မယား ကွာရှင်းတဲ့ ကိစ္စတွေမှာ ယောကျ်ား တွေဘက်ကနေ ကျွန်မ ဘယ်တော့မှ လိုက်ပါ ဆောင်ရွက်ပေးလေ့ မရှိဘူး"

ဟု လေသံ ဆတ်ဆတ် ပြောသည်။

'ဒါကြောင့် ခင်ဗျား အပျိုကြီး ဖြစ်နေတာ' ဟု စိတ်ထဲက ပြန်ပြောရင်း ရုံးခန်းထဲက တပ်ခေါက်ပြီး ပြန်ထွက်ခဲ့ရ၏။

နောက်မှ ပြန်စဉ်းစားကြည့်တော့ ဒေါ်မာမာဦး ပြောတာလည်း မှန်တာပဲဟု ဝန်ခံရသည်။ ကွာရှင်းပြတ်စဲတဲ့ ကိစ္စမှာ အမျိုးသမီးရှေ့နေက ယောကျ်ားဘက်မှ လိုက်ပေးတယ်ဆိုတာ သိပ်တော့ သဘာဝမကျလှ။ တစ်ဖက်လူ အပေါ် မိန်းမချင်း ကိုယ်ချင်းမစာနာသလို မျက်နှာပူစရာကြီး ဖြစ်နေလိမ့်မည်။

ဒီတော့ကာ အမျိုးသားရှေ့နေ တစ်ယောက် ရှာရတော့မည်။ သူ့အဖြစ်က တခြားတစ်ယောက်ယောက်ကို ရှေ့နေ အသိရှိလား မေးလို့ သိပ်မကောင်း။ ဘာကိစ္စလဲဗျ၊ ဘာအမှု ဖြစ်လို့လဲ… ဟု မေးရင် ဖြေရခက်သည်။ အမှန်အတိုင်း မပြောပြန်ရင်လည်း အမှားအယွင်း အရှုပ်အထွေး ရှိလို့လား အထင်ခံရမည်။ မိန်းမနဲ့ ကွာမလို့ ဆိုတာကိုလည်း ပြောလို့ မဖြစ်။

တစ်ခါက မင်္ဂလာဆောင်တစ်ခုမှာ ဘောချင်းယှဉ်ထိုင်မိရင်း မိတ်ဆက်ဖြစ်သွားသော ရှေ့နေတစ်ယောက်က လိပ်စာကတ် ပေးထားဖူးသည်။ လိပ်စာကတ်တွေ ထည့်ထားသော စာအုပ်ကလေးထဲမှာ ရှာကြည့်သည်။ မတွေ့။ ဖုန်းနံပါတ်များ မှတ်ထားလိုက်မိသလားလို့ တယ်လီဖုန်းစာအုပ်ကို လှန်ကြည့်တော့မှ တစ်နေရာမှာ ညှပ်ထားတာ တွေ့ရသည်။ ဒေါ်မာမာဦးတုန်းကလို အကြာကြီး စောင့်နေရမှာစိုးသဖြင့် ရုံးခန်းဖုန်းကို အရင်ဆက်လိုက်သည်။ ဖုန်းကိုင်သူက–

"ဦးစောဘရန်ငြိမ်းက ဒီရုံးခန်းမှာ မထိုင်တော့ဘူး ခင်ဗျာ၊ ဘာကိစ္စများ ဖြစ်နေလို့လဲ၊ ကျွန်တော့်ကိုလည်း တိုင်ပင်နိုင်ပါတယ်၊ တတ်စွမ်းသမျှ အကောင်းဆုံး ကူညီဆောင်ရွက်ပေးပါရစေ"

အရေးထဲမှာ အမှုအပ်ဖို့ ဆွယ်နေသေးသည်။

"ဆရာဦးစောဘရန်ငြိမ်းနဲ့ တွေ့မှ ဖြစ်မှာမို့လို့ပါ" ဆိုတော့မှ–

"ဒါဆိုလည်း တာမွေရုံးမှာ သွားစုံစမ်းကြည့်ပါ၊ သူက အဲဒီဘက်မှာ အမှုလိုက်တာ များတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဒီကိစ္စ လုပ်ရတာ အထစ်အငေါ့လေးတွေ ဖြစ်ဖြစ်နေသည်။ ရှော့ရှော့ ရှူရှူ သိပ်မရှိလှ။ ရင်ရင်ငြိမ်းကများ ယတြာတွေ ဘာတွေ ချေထားလို့လား မသိဘူးဟု တွေးလိုက်မိသေးသည်။

ဟိုပုဂ္ဂိုလ် ညွှန်တဲ့အတိုင်း တာမွေ တရားရုံးကို သွားသည်။ ရှေ့နေတွေက လက်ဖက်ရည်ဆိုင် ထိုင်လေ့ရှိသည်။ ထို့ကြောင့် ဆိုင်မှာ ဝင်စုံစမ်းတော့ ဆိုင်ရှင်က–

"လာလိမ့်မယ်ဗျ၊ ဒီနေ့ အာမခံတစ်ခု တင်စရာ ရှိတယ် ပြောတယ်၊ စောင့်နေလိုက်ဦး"

လက်ဖက်ရည် တစ်ခွက် သောက်ရင်း ထိုင်နေလိုက်သည်။ စောင့်သာ စောင့်ရတယ်။ ဦးစောဘရန်ငြိမ်းကို မြင်လျှင် မှတ်မှ မှတ်မိပါ့မလား မသိ။ မင်္ဂလာဆောင်မှာ ဆုံခဲ့ဖူးတာ နှစ်နှစ်လောက် ကြာသွားပြီ။ နာရီပိုင်းလောက်သာ မြင်ခဲ့ရတာ ဆိုတော့ ရေးတေးတေး ဖြစ်နေသည်။ ပိန်ပိန်ပါးပါး၊ နှုတ်ခမ်းမွေး ပါသည်။ သိပ်မသားနားလှ။ ရှေ့နေနှင့် မတူ။ ကဗျာဆရာနှင့် ပိုတူသည် ဆိုတာလောက်ပဲ ပြောနိုင်သည်။

တအောင့်လောက် ကြာတော့ အရောင်လွင့်နေပြီ ဖြစ်သော တိုက်ပုံအင်္ကျီအနက်နဲ့ လူကြီးတစ်ယောက် ဆိုင်ထဲ ဝင်လာသည်။ ဆိုင်ရှင်က တစ်စုံတစ်ခု ပြောပြီး ပေါ်ဒွေး ထိုင်နေရာသို့ လက်ညှိုးထိုးပြသည်။ မျက်မှောင် တစ်ချက် ကုတ်၍ လှမ်းကြည့်ပြီးမှ လျှောက်လာသည်။ ထိုပုဂ္ဂိုလ်မှာ ပိန်ပိန်ပါးပွါး၊ မျက်နှာ စုတ်ချွန်းချွန်း ဆိုတာတော့ ဟုတ်သည်။ နှုတ်ခမ်းမွေး မပါသဖြင့် လူများ လွဲနေသလား ထင်မိ၏။ နောက်တော့ နှုတ်ခမ်းအပေါ်ဘက်ကို လက်နှင့် သပ်လိုက်မှ သဘောပေါက်သွားသည်။ အရင်က နှုတ်ခမ်းမွေး ရှိခဲ့လိမ့်မည်။ ရိတ်ပစ်လိုက်တာ မကြာသေးလို့ အကျင့်ပါပြီး နှုတ်ခမ်းမွေးကို လက်နှင့် သပ်သလို လုပ်နေတာပဲ။

အနားကို ရောက်လာတော့ ပေါ်ဒွေးက ထရပ်၍ ခရီးဦးကြို ပြုလိုက်ရင်း– "ကျွန်တော် ပေါ်ဒွေးပါ"

ဟု မိတ်ဆက်ပြီး မင်္ဂလာဆောင်မှာ ဆုံခဲ့ဖူးတဲ့ အကြောင်း ပြောပြသည်။ ဦးစောဘရန်ငြိမ်းက ခဏလောက် စဉ်းစားနေပြီးနောက်–

"ဟာ··· ဟုတ်ပြီ၊ မှတ်မိပြီ၊ အဲဒီမင်္ဂလာဆောင်တုန်းက ခင်ဗျားက ဗိုက်မကောင်းလို့ ဆိုပြီး ဘာမှ မစားဘူးလေ၊ အဲဒါနဲ့ ခင်ဗျားအတွက် ချပေး



ထားတဲ့ မုန့်တွေ အကုန်လုံး ကျုပ်က ဝါးပစ်လိုက်တာ မဟုတ်လား၊ ဟားဟား··· ကဲ··· ဆိုစမ်းပါဦး၊ ဘာအကူအညီပေးရမလဲ"

ပေါ်ဒွေးက ကွာရှင်းစာချုပ်တစ်ခု ရေးပေးဖို့ ပြောလိုက်သည်။ ရှေ့နေတို့ လိုက်နာရမယ့် ကျင့်ဝတ်ကြောင့်ပဲလား၊ ကွာရှင်းချင်တယ် ဆိုမှတော့ ဘာကြောင့်လဲ ဆိုတာ မေးနေလို့အပိုပဲ ထင်လို့လား မသိ။ အကြောင်းရင်းကို မမေးတော့ဘဲ–

"ဒါက လွယ်ပါတယ်၊ တစ်ခုတော့ ရှိတယ်ဗျ၊ အခုလို ကိုယ့်သဘောနဲ့ ကိုယ် လုပ်တဲ့ စာချုပ်မျိုးကို အရပ်စာချုပ်လို့ ခေါ်တယ်၊ ဒါဟာ အထောက်အထား တစ်ခုအနေနဲ့ပဲ အသုံးဝင်မယ်၊ မခိုင်လုံဘူး၊ တရားရုံးမှာ လက်မှတ်ထိုးမှသာ တရားဝင်တယ်၊ အခုလို ဟာမျိုးကတော့ ခြိမ်းခြောက်ခံရလို့ပါ၊ ဖြားယောင်းလှည့်စားခံရလို့ပါ၊ စာချုပ်အလွတ်မှာ လက်မှတ် ထိုးမိတာပါ ဆိုပြီး နောင်တစ်ချိန်ကျရင် ငြင်းလို့ရတယ်၊ အထူးသဖြင့် မိန်းကလေးဘက်က ပြန်ရုပ်သိမ်းချင်ပါတယ် ဆိုပြီး ရုံးမှာ လျှောက်နိုင်တယ်"

"ဟုတ်ကဲ့··· ဒီလိုပါ၊ အခုဟာက ကြိုတင်စီစဉ်တဲ့ သဘောပါ၊ တရားရုံးမှာ ကွာရှင်းစာချုပ် ချုပ်တဲ့အခါကျရင်လည်း ဆရာနဲ့ပဲ တိုင်ပင်ပြီး လုပ်မှာပါ"

"ဒါဆိုလည်း ကောင်းပြီလေ၊ အဲ··· နေဦး၊ အရေးကြီးတဲ့ အချက်တစ်ချက် ပြောရဦးမယ်၊ စာချုပ်ပေါ်မှာ ရေးတဲ့အခါ ကျွန်တော် ကျွန်မတို့သည် နှစ်ဦးသဘောတူ ကွာရှင်းပါသည် ဆိုတာလောက်ပဲ ထည့်လို့မရဘူး၊ ပစ္စည်းခွန်း ဆိုတာ ရှိသေးတယ်၊ လင်မယား နှစ်ယောက် ပိုင်ဆိုင်တဲ့ ပစ္စည်းတွေကို ဘယ်လိုခွဲဝေယူကြမလဲ၊ ပြီးတော့ သားသမီး ရှိရင်ကော···"

"သားသမီး မရှိပါဘူး"

"ဒါဆိုလည်း ကိစ္စတစ်ခု အေးတာပေါ့၊ ပစ္စည်းခွန်းအတွက် ဘယ်လိုလုပ်မလဲ"

"ဒါတော့ သူနဲ့ ညှိနှိုင်းပြီးတော့ ဖြည့်လိုက်ပါ့မယ်၊ အဲဒီအတွက် စာချုပ်ပေါ်မှာ ကွက်လပ်ချန်ထားခဲ့လို့ မရဘူးလား"

ဦးစောဘရန်ငြိမ်းက အင်တင်တင် မျက်နှာထားဖြင့်–

"ဒီလို ရှိတယ်ဗျာ၊ ခုလို ကိစ္စမျိုးမှာ ကျွန်တော်တို့ ရှေ့နေတွေအနေနဲ့ တရားမျှတမှု ရှိအောင် ဆောင်ရွက်ပေးဖို့ တာဝန်ရှိတယ်၊ တစ်ဖက်က မိန်းမသားလေး ဖြစ်နေတဲ့အတွက် မနစ်နာရအောင် ပိုပြီး ဂရုစိုက်ပေးရလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



ဒီပုဂ္ဂိုလ်ကြီးကလည်း မြင်တောင် မမြင်ဖူးသေးဘဲနဲ့ ရင်ရင်ငြိမ်းဘက်က ပါသလို ဖြစ်နေပြီဟု တွေးလိုက်မိသေးသည်။ မြင်သာ မြင်လိုက်ရရင် ဘက်ပြောင်းသွားမလား မသိ။

"သူ လိုချင်တာ မှန်သမျှ ပေးဖို့ အဆင်သင့်ပါပဲ"

"သိပ်ပြီး အာမခံတာ မရဲတင်းနဲ့ဦးလေ၊ တကယ်လို့ သူက ရှိသမျှ ရွှေ့ပြောင်းနိုင်တဲ့ ပစ္စည်းရော မရွှေ့ပြောင်းနိုင်တဲ့ ပစ္စည်းပါ အကုန်ယူမယ် ဆိုလာရင်ကော"

"ပေးမယ်ဗျာ"

"အင်း… ကြည့်ရတာ ခင်ဗျားက ကွာရ ပြီးရောဆိုတဲ့ အနေအထားမျိုး ရောက်နေပြီ ထင်တယ်၊ ရိုးကော ရိုးရဲ့လား"

"ဗျာ…"

"ထားပါတော့လေ၊ ဒါတွေက ကျွန်တော်နဲ့ မဆိုင်ပါဘူး၊ ကဲ… ဒီတော့ စာချုပ်ပေါ်မှာ ပစ္စည်းခွဲဝေမှုနဲ့ ပတ်သက်ပြီး သူ ကျေနပ်သည်အထိ ဆောင်ရွက်ပေးဖို့ သဘောတူပါတယ် ဆိုတဲ့ အချက်ကို ထည့်ရေးရမယ်၊ သဘောတူလား"

"ရတယ် ဆရာ"

"ဒါဆို ပြီးရော၊ ကျွန်တော် လုပ်ထားလိုက်မယ်၊ တနင်္လာနေ့ ဒီအချိန်လောက်ပဲ လာယူလိုက်"

"ဆရာ့ရုံးခန်းကို လာရမှာလား၊ ဘယ်မှာလဲ"

ရယ်လိုက်ပြီး-

"ကျွန်တော့်မှာ ရုံးခန်း မရှိတော့ဘူး၊ ဒီလက်ဖက်ရည်ဆိုင်က ရုံးခန်းပဲ"

"ဪ… ဟုတ်ကဲ့၊ ဒါနဲ့ အခုကိစ္စအတွက် ဆရာ့ကို ဝန်ဆောင်ခ ဘယ်လောက် ပူဇော်ရမလဲ ခင်ဗျ"

"ရတယ်၊ ဒီအတွက်တော့ မပေးနဲ့၊ မင်္ဂလာဆောင်မှာတုန်းက ခင်ဗျားအတွက် မုန့်တွေ စားပစ်လိုက်တာနဲ့ ကျေရောပေါ့"

"ဟာ… မဟုတ်တာဘဲ ဆရာ"

"တရားရုံးမှာ လက်မှတ်ထိုးကြတဲ့အခါကျမှ သင့်တော်သလောက်ယူမယ်၊ ဟုတ်ပြီလား"



"ဒါဆိုလည်း ကျေးဇူးပါပဲ"

သူက ပေါ်ဒွေးကို ခဏစိုက်ကြည့် အကဲခတ်ပြီးမှ-

"ကဲ… စောစောက ပြောတာတွေက ရှေ့နေတစ်ယောက်အနေနဲ့ ပြောတာ၊ အခုတော့ မိတ်ဆွေတစ်ယောက်အနေနဲ့ ပြောမယ်"

"ပြောပါ ဆရာ"

"ဒီလို ကိစ္စမျိုးဆိုတာ စိတ်လိုက်မာန်ပါ မလုပ်သင့်ဘူး၊ လက်ထပ်တယ် ဆိုတာက လွယ်တယ်၊ ကွာရှင်းဖို့ကျတော့ မလွယ်ဘူး၊ အဲ… ကွာပြီးတော့မှ ပြန်ပေါင်းချင်တယ် ဆိုရင်တော့ အဲဒါ အခက်ဆုံးပဲ၊ သေသေချာချာ စဉ်းစားဦးနော်"

ရင်ရင်ငြိမ်းက ဒီလူကြီးကိုပါ စည်းရုံးထားလေသလားလို့ ရုတ်တရက် တွေးလိုက်မိသေးသည်။ ဘာဆိုင်လို့လဲ။ သူက ဒီကိစ္စကို ခု ပြောမှ သိရတာပဲ။

"ဆရာက ကိုယ်တွေ့ ကြုံဖူးလို့ ပြောနေတာလား"

ဟု ပေါ်ဒွေးက သူ့ဝသီအတိုင်း အထွန့်တက်လိုက်သည်။

"ဟာ… မဟုတ်ပါဘူး"

"ဒါဆို ဆရာက လူပျိုကြီးလား"

ဦးစောဘရန်ငြိမ်းက ပြုံးလိုက်သည်။

"လွန်ခဲ့တဲ့ ခြောက်လလောက်အထိတော့ ဟုတ်ပါတယ်၊ ခုတော့ စိတ်တူကိုယ်တူ ချစ်တဲ့သူကို တွေ့လို့ လက်ထပ်လိုက်ပြီလေ၊ ကျုပ် အမျိုးသမီးက ငယ်ငယ်လေးဗျ၊ သုံးဆယ့်ငါးနှစ်ပဲ ရှိသေးတယ်"

ဟု ဂုဏ်ယူဝင့်ကြွားတဲ့ လေသံနဲ့ ပြောလိုက်သည်။ သူ့ကြည့်တော့ အသက်က ခြောက်ဆယ်နား ကပ်နေလောက်ပြီ။ ထို့နောက် သူက မရှိတော့တဲ့ နှုတ်ခမ်းမွေးကို သပ်ရင်း ဆက်ပြောလိုက်ပြန်သည်။

"တစ်ခါ တစ်ခါကျတော့လည်း အချစ်ဆိုတာ အမိဌာန်နဲ့ ထားတဲ့ နှုတ်ခမ်းမွေးကိုတောင် ပြောင်တလင်းခါသွားအောင် လုပ်ပစ်နိုင်တယ်ဗျ၊ ပေါ့သေးသေး မမှတ်နဲ့၊ သိပ်တန်ခိုးကြီးတယ်"

www.burmeseclassic.com

www.burmeseclassic.com

အလှူခံထွက်သလိုပေါ့။ ငွေကြေး အဆင်ပြေဆုံးလူ၊ လက်အလွယ်ဆုံးလူ၊ အားအနာတတ်ဆုံး လူဆီကို အရင်ဆုံး သွားရသည်။ ဒါမှ အလှူငွေ တောင်းသလောက် များများ ရမည်။ ဒီတော့မှ နောက်လူတွေက ရှေ့ဆုံးကထက် မများတောင် တန်းတူ၊ တန်းတူ မဟုတ်တောင် သိပ်မလျော့အောင် ထည့်ကြလိမ့်မည်။ ဒါဟာ လူ့သဘာဝပဲ။

ခုလည်း ကွာရှင်းစာချုပ်မှာ သက်သေလက်မှတ် ထိုးပေးရန် စည်းရုံးဖို့ ကိစ္စမှာ စိတ်အပျော့ဆုံး၊ သဘောအကောင်းဆုံး၊ ကိုယ်က ဩဇာလွှမ်းမိုးနိုင်မှု အရှိဆုံးလူဆီ အရင်ဆုံး သွားရမည်။

ဘယ်သူ့ကို ရွေးရင် ကောင်းမလဲ။ ဟိုအရင် လက်ထပ်စာချုပ်ပေါ်မှာ လက်မှတ်ထိုးခဲ့တဲ့ လူစာရင်းကို ပြန်စစ်ရမည်။ ဒီလို စဉ်းစားမိတဲ့အခါကျမှ စိုးရိမ်စိတ် ဝင်လာသည်။ ရင်ရင်ငြိမ်းက စာချုပ်တွေကို အရင်ဦးအောင် ယူပြီး ဖွက်ထားလေမလား။ စာချုပ်တွေကို မကြည့်ဖြစ်တာ နှစ်ပေါင်း မနည်းတော့။ ဘယ်နားထားမိသလဲ ဆိုတာတောင် မမှတ်မိဘဲ ဖြစ်နေ၏။



အရေးကြီးသော စာရွက်စာတမ်းတွေ ထားသည့် အံဆွဲထဲမှာ ရှာသည်။ မတွေ့။ ဟုတ်ပါပြီ။ ရင်ရင်ငြိမ်း လက်ဦးသွားပြီ။ ပြီးတော့မှ တစ်နေရာကို သတိရသည်။ အမှတ်တရ ပစ္စည်းတွေ ထားသော ကက်ဘိနက်ကို ဖွင့်ကြည့်တော့မှ တွေ့သည်။ တော်ပါသေးရဲ့။ မဟုတ်သေး။ စာချုပ်က နှစ်စောင် ရှိရမှာ။ ခု တစ်စောင်တည်း တွေ့သည်။

ရင်ရင်ငြိမ်း ယူပြီး ဖွက်ထားတာ ဖြစ်ရမည်။ ဒါ ဘာသဘောလဲ မေးရမည်။ ထို့ကြောင့် အိပ်ခန်းထဲက ထွက်ပြီး အောက်ထပ်ကို ဆင်းလာခဲ့သည်။ ဧည့်ခန်းထဲမှာ မရှိ။ ထမင်းစားခန်းမှာလည်း မမြင်။ ရင်ရင်ငြိမ်း၏ အပိုင်စား နယ်မြေ ဖြစ်သော မီးဖိုခန်းထဲ ဝင်ကြည့်သည်။ မတွေ့။ အိမ်သာ တံခါးကို ဆွဲဖွင့်ကြည့်သည်။ အတွင်းက ကလန့်ထိုးထား၏။ တံခါးကို ပုတ်လိုက်သည်။

"လူ ရှိတယ်"

ဟု အထဲက လှမ်းပြောသည်။ ရင်ရင်ငြိမ်း၏ အသံ မဟုတ်။ အိမ်ဖော်မိန်းကလေး ဝိုင်းစိန် ဖြစ်၏။ ရေချိုးခန်း တံခါးက နည်းနည်းဟနေသဖြင့် ချောင်းကြည့်သည်။ ဘယ်သူမှ မရှိ။ ထောင့်မှာ ကပ်ပြီးတော့များ ပုန်းနေသလား ဟု ကြောင်တောင်တောင် အတွေးဖြင့် အထဲကို ခေါင်းလျှိုပြီး ကြည့်လိုက်မိသေးသည်။

အိမ်အပေါ်ထပ် ပြန်တက်သည်။ ဒီတော့မှ ပန်းအိုး နှစ်လုံးကိုင်ပြီး ဘုရားခန်းထဲက ထွက်လာသော ရင်ရင်ငြိမ်းကို တွေ့လိုက်ရသည်။ ပေါ်ဒွေးက ရှေ့မှ ပိတ်ရပ်လိုက်ပြီး-

"စာချုပ်ကော..."

ရုတ်တရက် အမေးခံလိုက်ရသောကြောင့် ရင်ရင်ငြိမ်း ကြောင်သွားသည်။ လန့်သလိုလည်း ဖြစ်သွား၏။

"လက်ထပ်စာချုပ်ကို ပြောတာ"

"ဘယ်သိပါ့မလဲ"

"ဘာလို့ မသိရမှာလဲ၊ နှစ်စောင် ရှိရမှာ၊ ခုတစ်စောင်ပဲ တွေ့တော့တယ်၊ ဘယ်မှာလဲ"

"အစကတည်းက တစ်စောင်ပဲ ရှိတာပဲဟာ"

"ဘာ... ဘာကြောင့် တစ်စောင်ထဲ ရှိရမှာလဲ၊ ဘာဆိုင်လို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဟိုအရင် စာချုပ် ချုပ်ပြီးကတည်းက တစ်စောင်ကို အနှောင်းတို့ ယူသိမ်းထားတာပဲ၊ အဲဒါ နင်လည်း သိသားပဲ"

ရင်ရင်ငြိမ်းက လေသံမှန်မှန် ခပ်အေးအေး ပြောပြီး ထွက်သွားသည်။ ခုမှ ပေါ်ဌေး သတိရသွားသည်။ ဟိုအရင် လက်ထပ်စာချုပ် ချုပ်ပြီးတော့ ရင်ရင်ငြိမ်းအတွက် စာချုပ်ကို အိမ်က တွေ့သွားမှာစိုးသဖြင့် အနှောင်းက ယူသိမ်းပေးထားခဲ့သည်။ မင်္ဂလာဆောင်ပြီးကျတော့လည်း အနှောင်းက ပေါ်ဌေးကို မယုံလို့ဆိုပြီး ပြန်မပေးဘဲ ထားသည်။ ဒီတုန်းက ပေါ်ဌေးကတောင်-

"ငါ့ဆီက စာချုပ်ရော ယူထားဦးမလား၊ လူတစ်ယောက်လုံး ရနေမှတော့ စာချုပ်က ဘာအရေးလဲ"

ဟု ပြောခဲ့သေးသည်။

လင်မယား အတော်များများသည် လက်ထပ်စာချုပ်ကို ဂရုတစိုက် သိမ်းလေ့မရှိကြ။ မေ့မေ့လျော့လျော့ နေကြတာချည်းပဲ။ တချို့လည်း ဘယ်ထားလို့ ထားမိမှန်း မသိ။ ဟိုချောင်ထိုး ဒီချောင်ထည့်နဲ့ ပျောက်ချင် ပျောက်နေတတ်သည်။ ခြကိုက်လို့… ရေစိုလို့… ပျက်စီး ဆွေးမြည့်တာမျိုးလည်း ရှိ၏။

တကယ်တော့ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတွေအတွက် လက်ထပ်စာချုပ်ဆိုသည်မှာ အထောက်အထား တစ်ခုလောက်သာ ဖြစ်၏။ စာချုပ် မရှိလည်း ဘာမှ အရေးမကြီး။ ဂုဏ်သရေရှိ လူကြီးလူကောင်းတွေက ဖြစ်စေ၊ ယုံကြည်လောက်သော အိမ်နီးနားချင်းတွေက ဖြစ်စေ သက်သေခံလျှင် လင်မယား အရာ မြောက်သည် ဆို၏။

ဒါကလည်း မိန်းမတွေဘက်က အခွင့်အရေး မဆုံးရှုံးရအောင် အကာအကွယ် ပေးထားခြင်း ဖြစ်သည်။ မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေမှာ မိန်းမတွေကို တော်တော် အခွင့်အရေးပေးထားကြောင်း သိရသောကြောင့် မိန်းမဖြစ်ချင်စိတ်တောင် ဖြစ်လာပြီဟု ပေါ်ဌေး စိတ်ပေါက်ပေါက်နဲ့ တွေးမိသေးသည်။

ယောကျ်ားတွေဘက်က တစ်ပန်းသာတာတော့ ရှိသည်။ ယောကျ်ားတစ်ယောက်သည် တစ်ပြိုင်နက်တည်းမှာ မိန်းမအများအပြားကို လက်ထပ်ယူလို့ရသည်။ မယားပြိုင်ပဲဖြစ်ဖြစ်၊ မယားငယ်ပဲဆိုဆို၊ ဒုတိယ… တတိယပဲ ပြောပြော တရားဝင် ယူနိုင်သည်။



မိန်းမတစ်ယောက်အနေနဲ့ကျတော့ လက်ရှိယောကျ်ားနဲ့ တရားဝင် ကွာရှင်းခြင်း မပြုသေးဘဲနဲ့ နောက်ထပ် အိမ်ထောင်ပြုလို့ မရ။ တစ်ပါးသောသူနှင့် ဖောက်ပြားလျှင် ဒါကို အကြောင်းပြုပြီး ယောကျ်ား လုပ်တဲ့လူက စွန့်ပစ်လို့ရသည်။ တစ်ခုတော့ ရှိသည်။ ဒီကိစ္စအတွက် မိန်းမကို အပြစ်ပေး အရေးယူလို့တော့ မရ။ အရှက်တကွဲ အကျိုးနည်း ဖြစ်စေရုံပဲ ရှိမည်။ တချို့ ဘာသာရေးအယူသီးတဲ့ နိုင်ငံတွေမှာလို ခဲတွေနဲ့ ပိုင်းပေါက်ပြီး သတ်တာမျိုးလည်း မရှိ။

ကြာခိုတဲ့ကောင်ကိုတော့ မယားခိုးမှုနဲ့ တရားစွဲလို့ရသည်။ ဒီနေရာမှာလည်း မပိုင်ဘဲ ရမ်းသမ်းစွပ်စွဲလို့ မရ။ အသိသက်သေတွေနဲ့တကွ လက်ပူးလက်ကြပ် မိအောင် ဖမ်းနိုင်ရသည်။ ဒါတောင်မှ ဟိုငနဲက လျှင်လွန်းလို့ အိမ်တံခါးရဲ့ အပြင်ဘက် ရောက်အောင် ရှောင်တိမ်းနိုင်လျှင် တပ်အပ် ယိုးစွပ်ဖို့ ခက်သည်ဟု ဆိုသည်။ ဒီကိစ္စနဲ့ ပတ်သက်၍-

**'သူ့လင်နှင့် ကြုံ**

**တံခါးမုံ**

**လွတ်ရုံကျော်၍ပြေး'**

ဆိုပြီး သံပေါက်ကဗျာတောင် စပ်ဆိုထားသေးတယ် ဆိုပဲ။

ဒါတွေက ဆရာဦးစောဘရန်ငြိမ်း ပြောပြလိုက်တာတွေ။

ဥပဒေ ဆိုတာကလည်း ရှင်းအောင် လုပ်လေ၊ ရှုပ်လေပဲ ထင်ပါရဲ့။ ဒါကြောင့်လည်း တာအိုဝါဒီပညာရှိကြီး လောင်ဇူးက-

**'ဥပဒေတွေ များလေလေ၊ ရိုးဖောက်သူတွေ ပေါလေလေ'**

လို့ မိန့်ဆိုခဲ့တာပဲ ထင်ပါရဲ့။

ထားပါတော့။ ဥပဒေက ဤသို့ ရှိသည် ဆိုရင် အဲဒီအတိုင်းပဲလို့ မှတ်လိုက်ရုံ ရှိတာပဲ။ ဘာတတ်နိုင်တာ မှတ်လို့။ ခုလောလောဆယ်မှာ အရေးကြီးတာက သက်သေလက်မှတ် ထိုးထားတဲ့ လူတွေထဲက ဘယ်သူ့ကို အရင်ဆုံးစပြီး စည်းရုံးရမလဲ ဆိုတာ ရွေးချယ်ဖို့ပဲ။

အိပ်ခန်းထဲ ပြန်ဝင်သည်။ လက်ထပ်စာချုပ်ထဲက သက်သေစာရင်းကို ကြည့်သည်။ အပေါ်ဆုံးမှာ လက်မှတ်ထိုးထားတာက ရဲမော် ဖြစ်၏။ ဒီကောင်က သိပ်မလွယ်။ နောက်ပိုင်းကျမှ ပြောရမည်။

သူ့အောက်မှာ လက်မှတ်ထိုးထားတာက အောဘီကျော်။ သူက အဆက်အသွယ် ပြတ်နေသည်။ ဘယ်ရောက်နေမှန်း မသိ။ စုံစမ်းရဦးမည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ယောက်က ကောင်းထွန်း။ မဆုံဖြစ်တာ ကြာပြီ ဖြစ်သော်လည်း ရှာဖို့ လွယ်သည်။ မိန်းမတွေကို အလိုမလိုက်နဲ့ကွ… ဘာ ညာ ပြောမှုးသည်။ သူ့ကိုပဲ ပထမဆုံး 'တားဂက်' အဖြစ် ရွေးရကောင်းမလား စဉ်းစားနေတုန်း…

အခန်းပေါက်ဝမှာ လူရိပ် မြင်သဖြင့် စာချုပ်ကို နောက်မှာ အမြန်ဝှက်လိုက်ပြီး လှမ်းကြည့်တော့ ပိုင်းစိန် ဖြစ်နေတာ တွေ့ရ၏။

"ဘာလဲ…"

"ညှော်သည် ရောက်နေတယ်"

"အေး… လာခဲ့မယ်"

စာချုပ်ကို သူ့နေရာမှာ ပြန်ထားသည်။ ပြီးတော့မှ ဒီနေရာကို ရင်ရင်ငြိမ်းလည်း သိမှာပဲဟု တွေးမိပြီး စာကြည့်ခန်းထဲက စားပွဲ အံဆွဲထဲ သွားထည့်ထားလိုက်သည်။ ပြန်ထွက်လာပြီး အခန်းဝ ရောက်မှ စိတ်ကူးတစ်မျိုး ပြောင်းသွားပြန်သည်။ စာချုပ်ကို အံဆွဲထဲက ပြန်ထုတ်၊ စင်ပေါ်က စာအုပ်တွေ နောက်မှာ ထိုးထည့်ထားလိုက်သည်။

အောက်ထပ်ကို ဆင်းလာတော့ ညှော်ခန်းမှာ ထိုင်နေသော ကံညွန့်မောင်ကို တွေ့ရသည်။

"အမယ်… ဟော့ကောင် လူရုပ်၊ ငါ့ကို ဖျက်ဆီးမလို့ လာတာလား"

ဟု နှုတ်ဆက်ရင်း ဝင်ထိုင်သည်။ ကံညွန့်မောင်က အရင်လို ဆိုဆိုဆဲဆဲနှင့် ပြန်နှုတ်ဆက်တာမျိုး မလုပ်ဘဲ ခပ်ငေါင်ငေါင် ထိုင်နေသည်။ အမြဲတမ်း တက်ကြွပြီး ဟေးလားဝါးလား ပျော်ပျော်ပါးပါး နေတတ်တဲ့ကောင်က ခုလို ငိုင်တွေတွေကြီး ဖြစ်နေတာ ထူးဆန်းသည်။

"မင်းက ဘာဖြစ်နေတာလဲ၊ နေမကောင်းဘူးလား၊ ဟုတ်မယ်… မျက်နှာကလည်း ချောင်ကျနေတယ်၊ ဝမ်းတွေလျှောပြီး အဆက်မပြတ် ချောင်းဆိုးသေးလား၊ ခန္ဓာကိုယ်ပေါ်မှာကော အနာတွေ ပေါက်သေးလား၊ ကိုယ်ခံအားနည်းပြီး ခဏခဏ ဖျားသလား၊ သွေးလေး ဘာလေးလည်း စစ်ကြည့်ပါဦး"

ဟု နောက်လိုက်သော်လည်း မရယ်ဘဲ မချိပြုံးသာ ပြုံးသည်။

"ဟော့ကောင်… မင်းအချိုးက ဘာလဲကွ၊ ယောက္ခမက နှင်ချလိုက်လို့လား" ဆိုတော့မှ-

"အဲဒီလို ဖြစ်ဖို့တော့ နီးစပ်နေပြီကွာ"



"ဟင်… ဘာဖြစ်လို့လဲ"

ကံညွန့်မောင်က အိမ်ထဲကို မျက်စိ ကစားလိုက်ပြီး-

"အပြင် သွားရအောင်ကွာ"

"ဟာ… စောစောကမှ လက်ဖက်ရည်ဆိုင်က ပြန်လာတာ၊ ပြန်မထွက်ချင်တော့ဘူး"

"ဒီမှာ ပြောလို့ မကောင်းဘူး၊ ရင်ရင်ငြိမ်း ကြားသွားရင်…"

"မပူနဲ့၊ သူ ဘုရားရှိခိုးနေတယ်၊ နောက်နာရီဝက်လောက်နဲ့တောင်ပြီးမှာ မဟုတ်ဘူး၊ ပြောစရာရှိတာ ပြော"

"ငါ မင်းဆီမှာ အကူအညီတစ်ခု တောင်းစရာ ရှိတယ်"

"ရတယ်… နှစ်ခု တောင်းလည်း ရတယ်၊ ဘာလဲ… မင်း မြန်မြန်အမွေရအောင် ယောက္ခမကို လုပ်ကြံပေးရမှာလား"

"မနောက်ပါနဲ့ကွာ၊ ငါ တကယ် အခက်အခဲ တွေ့နေလို့ပါ"

"ဒါဆို ဘာလဲ"

"ငါ့ကို ငွေသုံးသိန်းလောက် ချေးပါကွာ"

"ဘာ… ဟား ဟား"

ပေါ်ဒွေးက ဟားတိုက် ရယ်လိုက်ပြီး-

"မင်း တော်တော်အိုက်တင်ကောင်းလာပြီ"

"တကယ် ပြောတာ"

"ယုတ္တိရှိအောင်လည်း ပြောဦးမှပေါ့ ကံညွန့်မောင်ရာ၊ သူဌေးသမက်… သစ်စက်ပိုင်ရှင်ရဲ့ ယောက်ျား… သစ်ဆိုင်ပိုင်ရှင်ကြီးက ငါ့ဆီမှာ ပိုက်ဆံလာချေးတယ် ဆိုတော့…"

"အဲဒါတွေက ငါ့ဟာမှ မဟုတ်ဘဲ"

"ဒါပေမဲ့ အဲဒီလောက် ပိုက်ဆံက မိန်းမဆီက တောင်းရင် ရတာပဲ"

"မတောင်းချင်လို့ပေါ့"

"ဘာဖြစ်လို့လဲ"

"သူ မသိစေချင်တဲ့ ကိစ္စမို့လို့ပေါ့ကွာ"

ပေါ်ဒွေးက ကံညွန့်မောင်ကို စိုက်ကြည့်ပြီး အကဲခတ်လိုက်သည်။ ဟိုကောင် မနေတတ်မထိုင်တတ် ဖြစ်သွားတာကို သတိပြုမိပြီး-

"ငါ့ကို မှန်မှန်ပြောစမ်း ဟော့ကောင်၊ မင်း ဘာတွေ ရှုပ်ထားသလဲ"

www.burmeseclassic.com

www.burmeseclassic.com



"မင်း သိတဲ့အတိုင်းပဲ၊ အိမ်မှာ နေရတာ နားပူတယ်၊ သူတို့သားအမိ သားအဖတွေဟာ နေ့ရှိသ၍ သစ်အကြောင်းပဲ ပြောနေကြတာပဲ၊ နေ့စဉ်နေ့တိုင်း ကျွန်း၊ ပျဉ်းကတိုး၊ အင်၊ ကညင်၊ သင်းဝင် ဆိုတာပဲ အမြဲ ကြားနေရတယ်၊ ခုတစ်ခါ ကျွန်းနေရာမှာ အစားထိုးလို့ရတဲ့ တောင်ဘိမ်း ဆိုတဲ့ သစ်အကြောင်းကို စိတ်ဝင်စားနေကြပြန်ပြီ၊ သစ်သားကို ဘယ်လောက် စွဲလမ်းသလဲ ဆိုတော့ ငါ့သမီးကို ပိတောက်ညွန့်လို့ နာမည်ပေးထားတာ ကြည့်ပါလား၊ နောက်တစ်ယောက် မွေးရင် ပျဉ်းကတိုးလို့များ မှည့်မလား မသိဘူး"

အရေးထဲမှာတောင် ဝသီက မပျောက်နိုင်ဘဲ နောက်နေသေးတယ် ဟု တွေးပြီး ပေါ်ဒွေး ပြုံးမိသည်။

"ဒါနဲ့ ငွေ သုံးသိန်းနဲ့ ဘာဆိုင်လဲ"

"ငါက ပျော်ပျော်ရွှင်ရွှင် ပေါ့ပေါ့ပါးပါး နေချင်တဲ့ကောင်လေ၊ သူတို့က စီးပွားရေးမှ စီးပွားရေး ဆိုတော့ အိမ်မှာ ငြီးငွေ့လာတာပေါ့ကွာ၊ ဒါနဲ့ ငါလည်း တစ်ပတ် တစ်ခါလောက် စားသောက်ဆိုင် သွားထိုင်ပြီး ဘီယာလေး ဘာလေး သောက်တာပေါ့"

"မင်းလိုကောင် သွားထိုင်တယ် ဆိုကတည်းက ကောင်မလေးတွေ ရှိတဲ့ ဆိုင်ပဲ ဖြစ်ရမယ်"

ကံညွန့်မောင်က ဘာမှ ပြန်မပြောဘဲ ငြိမ်နေသည်။

"ဟိုတစ်ခါ ရဲမော်နဲ့ ငါ့ကို ခေါ်သွားတဲ့ ဆိုင်လား"

ဟု ပေါ်ဒွေးက မေးတော့မှ ခေါင်းညိတ်သည်။ ထိုစဉ်က ကာရာအိုကေ သီချင်းသံတွေ ဆူညံလွန်းသောကြောင့် စကားတောင် ကောင်းကောင်း ပြောလို့မရ။ ရဲမော်က ဒေါကန်ပြီး အသံတိုးခိုင်းသဖြင့် ဆိုင်ရှင်နှင့် အချေအတင် ဖြစ်ခဲ့ရသေးသည်။

"အဲဒီတော့..."

ပေါ်ဒွေးက စကားထောက်ပေးသည်။ ကံညွန့်မောင် ခပ်ဆိုင်းဆိုင်း လုပ်နေပြီးမှ -

"ငါ... အဲဒီဆိုင်က ကောင်မလေးတစ်ယောက်နဲ့ ခင်သွားတယ်"

"ငြိသွားတယ် ပြောစမ်းပါကွာ"

"မင်း သိတဲ့အတိုင်းပဲလေ၊ ငါ့မိန်းမက မာတင်းတင်း ကြွပ်ဆတ်ဆတ်နဲ့ မဟုတ်လား၊ အဲဒီကောင်မလေးကတော့ လှလည်း လှတယ်၊ သဘောလည်း



ကောင်းတယ်၊ ငါ့အပေါ်မှာလည်း အလိုလိုက်တယ်၊ အဲဒါနဲ့ သံယောဇဉ်လေးတွေ ဖြစ်ကုန်တာပါပဲ"

"ခုတော့... မင်းကို အတင်းတွယ်ကပ်နေပြီပေါ့"

"ဒီလိုကွာ... သူက နယ်က လာတာ၊ အခု သူ့အဖေ အသည်းအသန် ဖြစ်နေလို့ ပြန်ရမယ်၊ အဲဒါ ဆေးဖိုးဝါးခ ငွေ သုံးသိန်းလောက် လိုနေတယ် ဆိုလို့"

"ဒါမျိုးတွေက ရိုးနေပါပြီကွာ၊ အဖေ နေမကောင်းလို့၊ အမေအိုကြီးကို လုပ်ကျွေးနေတာပါ ဆိုတာမျိုးတွေ"

"သူ့ဟာသူ ဘာပဲဖြစ်ဖြစ်... ငွေကတော့ မပေးလို့ မဖြစ်ဘူး"

"သူ့ဆီ မသွားတော့ဘဲ အဆက်ဖြတ်လိုက်ပေါ့"

"ငါလည်း ရှောင်နေတာပဲ၊ သူက ဆိုင်ကို ဖုန်းလှမ်းလှမ်းဆက်တယ်ကွ"

"ဘာ... မင်း လည်မလိုလိုနဲ့ တော်တော်တုံးပါလား၊ ဒါမျိုးကို ဖုန်းနံပါတ် ပေးထားရသလား"

"ငါက ပေးတာ မဟုတ်ဘူးကွ၊ ဆိုင်ရှင်က သူ့အိမ် ပြင်မယ် ပြောတာ ကြားတော့ ငါကလည်း ဆိုင်က သစ်တွေများ ရောင်းရမလားလို့ လိပ်စာကတ် ပေးလိုက်မိတယ်၊ အဲဒီကတစ်ဆင့် သိသွားတာ"

"မင်းကို ခြိမ်းခြောက်တဲ့ သဘောပဲ"

"အေးကွာ... သူက ဆိုင်ကို လာခဲ့မယ်လို့တောင် ပြောနေတယ်၊ ငါ့မိန်းမ သိသွားအောင် လုပ်လိုက်မယ် ဆိုတဲ့ သဘောပေါ့"

"ပေးတာက ဟုတ်ပါပြီ၊ တစ်ခါတည်းနဲ့ ပြီးမလား၊ ဒါမျိုးက ရမှန်းသိရင် ထပ်ပြီး ညှစ်နေဦးမှာပဲ"

"နောက်တစ်ခါ လုပ်ရင် ရဲကို တိုင်မယ်၊ ဘာညာ ကြည့်ပြီး ခြောက်ထားရမှာပဲ၊ ခုတစ်ခါတော့ ပေးလိုက်မှ ဖြစ်မယ်၊ မိန်းမ သိသွားရင် ငါ ဘဝပျက်လိမ့်မယ်"

"မင်း တော်တော်ရှုပ်တဲ့ ကောင်ပဲ၊ ခုထိ ခြေမငြိမ်ချင်သေးဘူး"

ကံညွန့်မောင်၏ ယောက္ခမက ချမ်းသာသည်။ သစ်ကန်ထရိုက်ဆွဲသည်။ သစ်စက် ရှိသည်။ သစ်ဆိုင် ဖွင့်ထားသည်။ ဒီလုပ်ငန်းတွေအားလုံး ကံညွန့်မောင် မိန်းမက ဦးစီးသည်။ ငွေရေးကြေးရေး စာရင်းဇယားက အစ

www.burmeseclassic.com

www.burmeseclassic.com



ကိုင်ထားသည်။ ကံညွန့်မောင်က ဆိုင်မန်နေဂျာအဖြစ် နာမည်ခံ ရပ်ပြသာ ဖြစ်၏။ သူ့မိန်းမက စီးပွားရေးကိုသာ စိတ်ဝင်စားသူ ဖြစ်သောကြောင့် လူမှုရေးမှာ အားနည်းသည်။ ကံညွန့်မောင်၏ သူငယ်ချင်းတွေနှင့် ရင်းရင်းနှီးနှီး မရှိ။

ဒီအတွက် အပြစ်ပြောလို့တော့ မရ။ ကံညွန့်မောင်ကို လူကုံထံတစ်ယောက်လို နေနိုင်အောင် စီစဉ်ပေးထားသည်။ သုံးဖို့စွဲဖို့ လုံလောက်အောင် ပေးထားသည်။ နည်းနည်းပါးပါး သောက်တတ် စားတတ်တာကိုလည်း ခွင့်ပြုထားသည်။ ဒီကြားထဲကမှ ကိုယ့်လူက အပိုဇာတ်လမ်းကလေးတွေ ရှုပ်ချင်နေခြင်း ဖြစ်၏။

ပေါ်ဌေး၏ ခေါင်းထဲမှ တစ်ချက် လက်ခနဲ ဖြစ်သွားသည်။ ဟုတ်ပြီ။ ဒါဟာ အခွင့်အရေးကောင်းတစ်ခုပဲ။ ထို့ကြောင့်-

"အေးလေ… သူငယ်ချင်း အချင်းချင်းပဲဟာ၊ ကူညီရမှာပေါ့၊ ခဏ စောင့်ကွာ"

ဆိုပြီး အိမ်ပေါ်ထပ် တက်လာခဲ့သည်။ အိပ်ခန်းထဲ ဝင်ပြီး ငွေသုံးသိန်းနှင့် အဆင်သင့် ရေးထားပြီး ဖြစ်သော ကွာရှင်းစာချုပ်ကို ယူလာသည်။

စားပွဲပေါ်ကို ငွေစက္ကူအုပ်တွေ တင်လိုက်သည်။ ထို့နောက် စာချုပ်ကို ကံညွန့်မောင် ရှေ့ ချပေးလိုက်ပြီး-

"ကဲ… လက်မှတ်ထိုး"

ကံညွန့်မောင်က ငွေချေးစာချုပ် ထင်ပြီး-

"ဟာကွာ… မင်းက ငါ့ကိုတောင် မယုံဘူးလား၊ ငါ အဆင်ပြေတဲ့ အချိန် ပြန်ပေးမှာပါ"

"အဲဒါ မဟုတ်ဘူး၊ သေသေချာချာ ဖတ်ကြည့်ဦး"

ကံညွန့်မောင်က စာချုပ်ကို ယူပြီး ဖတ်ကြည့်သည်။ အကြီးအကျယ် အံ့သြသွားလိမ့်မည် ထင်သော်လည်း-

"မင်းကွာ… အရေးထဲမှာ နောက်နေသေးတယ်၊ ငယ်ကျင့် မပျောက်ချင်သေးဘူး"

"နောက်နေတာ မဟုတ်ဘူး"

"ဒါမျိုး မနောက်ကောင်းဘူးကွာ၊ နိမိတ်မရှိ နမာမရှိ"



"တကယ် ပြောနေတာကွ၊ ဘယ်သူက စာချုပ်စာတမ်းတွေ လုပ်ပြီး အပင်ပန်းခံ နောက်ပါ့မလဲ"

"မင်း… တကယ်"

ပေါ်ဌေးက ခေါင်းညိတ်ပြသည်။ ကံညွန့်မောင်က ပေါ်ဌေး မျက်နှာကို တစ်ချက် စိုက်ကြည့်သည်။ ခုမှ သူ ပါးစပ်အဟောင်းသား ဖြစ်သွား၏။

"ဟေ့ကောင်… မင်း အဓိပ္ပာယ် မရှိတာတွေ လျှောက်မလုပ်နဲ့၊ ကလေးလည်း မဟုတ်တော့ဘူး၊ နေစမ်းပါဦး… မင်းက ဘာကြောင့် ကွာရှင်းချင်ရတာလဲ"

"စိတ်သဘောထားချင်း မတိုက်ဆိုင်လို့ပေါ့"

"မဖြစ်နိုင်တာဘဲ၊ ရင်ရင်ငြိမ်းနဲ့ သဘောထားချင်း မတိုက်ဆိုင်ဘူးဆိုတာ အံ့သြစရာကြီးပဲ၊ ဘာတွေ ဖြစ်ကြတာလဲ၊ ငါ့ကို ရှင်းပြ"

"ရှင်းပြနေရင်… မင်း လိပ်ပတ်လည်အောင် အရှည်ကြီး ပြောပြမှရမယ်၊ အခု မင်းလည်း သွားစရာ ကိစ္စ အရေးကြီးနေတယ် မဟုတ်လား၊ အချိန်မရှိဘူး၊ မင်း လက်မှတ်ထိုး၊ အဲဒီငွေ ယူပြီး သွားတော့"

ကံညွန့်မောင် ခဏတွေသွားပြီးမှ-

"ငါ မထိုးချင်ဘူးကွာ"

"ငါက မင်းကို ကူညီသလို မင်းလည်း ငါ့ကို ဒီကိစ္စ ပြန်ကူညီပေါ့"

"အပေးအယူ လုပ်တဲ့ သဘောပေါ့"

"အဲဒီသဘောပဲ ထားလိုက်ပါတော့"

"ငါက လက်မှတ်မထိုးရင် မင်းကလည်း ပိုက်ဆံမပေးဘူး ဆိုပါတော့"

ပေါ်ဌေးက မျက်နှာတည်တည် ထားပြီး ခေါင်းညိတ်ပြသည်။ ကံညွန့်မောင်က ခေါင်းခါလိုက်ပြီး-

"အဲဒါတော့ မဖြစ်ဘူး၊ ရင်ရင်ငြိမ်း နစ်နာမယ့် ကိစ္စမျိုးတော့ ငါ မလုပ်နိုင်ဘူး"

"သူကိုယ်တိုင်လည်း သဘောတူပြီးသားပဲ"

ဟု ပေါ်ဌေးက မလိမ့်တပတ် လုပ်ဖို့ ကြိုးစားသည်။

"ဒါဆို သူ့ကို ခေါ်လိုက်လေ၊ ငါ မေးမယ်"

ပေါ်ဌေး နည်းနည်းတင်းသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"မေးစရာ မလိုဘူး၊ လက်မှတ်သာ ထိုးလိုက်"

"မထိုးဘူး"

"ဒါဆို ငါလည်း မပေးနိုင်ဘူး"

ဆိုပြီး ငွေထုပ်ကို ယူ၍ အင်္ကျီကြားထဲ ထိုးထည့်လိုက်သည်။ ကံညွန့်မောင်ကလည်း လေသံ မာလာသည်။

"ကိုပေါ်... မင်းဟာ ခုလို ခြိမ်းခြောက် အကျပ်ကိုင်ပြီး အပေး အယူ လုပ်တတ်တဲ့ ကောင်မျိုး ဖြစ်လိမ့်မယ်လို့ ငါ မထင်ခဲ့မိဘူး၊ မင်းကကော ဟိုကောင်မလေးနဲ့ ဘာထူးတော့လို့လဲ"

ပေါ်ဌေး ဆတ်ခနဲ ဖြစ်သွားပြီး-

"ငါက ကိုယ့်အကြောင်းနဲ့ ကိုယ်၊ မင်းလို ရှုပ်လို့ ပွေလို့ ပြဿနာ ဖြစ်ရတာ မဟုတ်ဘူး"

"အေး... ဟုတ်တယ်၊ ငါက လူရှုပ် လူပွေပဲ၊ ဒါပေမဲ့ မင်းလိုတော့ မရက်စက်တတ်ဘူး၊ သူများ ဒုက္ခရောက်နေတာကိုလည်း အခွင့်ကောင်းမယူ တတ်ဘူး"

"ဟေ့ကောင်... ငါ့ကို မစော်ကားနဲ့၊ မင်း သွားတော့"

"အေး... သွားမယ်၊ မင်း ပိုက်ဆံ မရရင်လည်း ဖြစ်ချင်တာ ဖြစ်ပေစေတော့၊ ဒါမျိုးတော့ ငါ မလုပ်နိုင်ဘူး"

ကံညွန့်မောင်က ပြောပြီး ထထွက်သွားသည်။ တံခါးဝ အရောက်မှာ သူ့လက်ကိုင်ဖုန်းက အသံမြည်လာသည်။ သူ နားထောင်လိုက်သည်။

"ငါ့ကို နောင့်ယှက်ပြန်ပြီလား"

ဟု ပြောပြီးမှ ပေါ်ဌေးဘက် တစ်ချက် ကြည့်ပြီး အိမ်အပြင် ခပ် သုတ်သုတ် ထွက်သွားသည်။ ကားနားမှာ ရပ်ပြီး ဖုန်းပြောနေတာကို ပေါ်ဌေး ထိုင်နေရာမှ မြင်နေရသည်။

ကံညွန့်မောင်သည် တစ်စုံတစ်ခုကို ဒေါသတကြီး ပြောနေသည်။ ထို့နောက် လေသံ ပျော့သွားပုံရသည်။ သူ စကားပြောသည့် ဟန်ပန်ကို ကြည့်ပြီး ခန့်မှန်းလို့ရသည်။ ဖုန်းကို ခါးကြားမှာ ချိတ်ထားသော အိတ်ထဲ ထည့်သည်။ ကားပေါ် တက်ထိုင်ပြီး တံခါးကို ဆောင့်ပိတ်သည်။ စက်နှိုးသည်။ ထွက်မသွားသေးဘဲ ငူငူကြီး ထိုင်နေသည်။ ခဏအကြာမှာ စက်သတ်ပြီး ကားပေါ်က ဆင်းသည်။ ခဏတွေရပ်နေပြီးမှ အိမ်ထဲ ပြန်ဝင်လာသည်။



ဆက်တီကုလားထိုင်မှာ ဝင်ထိုင်ပြီး-

"ဟေ့ကောင်... စောစောက ပိုက်ဆံပေး"

"လက်မှတ် အရင်ထိုးလေ"

မျက်စောင်း တစ်ချက်ခဲလိုက်ပြီး-

"ပိုက်ဆံကို စားပွဲပေါ် တင်ထား"

ပေါ်ဌေးက အင်္ကျီကြားထဲမှ ငွေစက္ကူအုပ်တွေကို စားပွဲပေါ် တင်ပေး လိုက်သည်။ ကံညွန့်မောင်က ပိုက်ဆံထုပ်ကို လှမ်းကိုင်သည်။ ပေါ်ဌေးက သူ့လက်ပေါ်မှ အုပ်ကိုင်လိုက်သည်။ ကံညွန့်မောင်က ဘောလ်ပင်ကို ယူပြီး စာချုပ်ပေါ်မှာ လက်မှတ်ထိုးသည်။ ပေါ်ဌေးက လက်ပြန်ရုပ်ပေးလိုက်သည်။ ကံညွန့်မောင်က ငွေထုပ် ယူပြီး ထရပ်သည်။

"ရင်ရင်ငြိမ်းအပေါ်မှာ ငါ သစ္စာဖောက်မိပြီ"

အပေါ်ထပ်ကို မော့ကြည့်သယောင် ပြုရင်း-

"ငါ့ကို ခွင့်လွှတ်ပါဟာ"

ဟု ခပ်တိုးတိုး ရေရွတ်ပြီး လှည့်ထွက်သွားသည်။ ကားပေါ် တက် မောင်းထွက်သွား၏။

ပေါ်ဌေး ကျေနပ်စွာ ပြုံးလိုက်သည်။ ကံများကောင်းချင်တော့ သက်သေ လက်မှတ်ထိုးပေးမယ့် လူက အိမ်တိုင်ရာရောက်ပါပဲလား။ ပြီးတော့မှ တွေခနဲ ဖြစ်သွားသည်။ တစ်ခုခု လွဲနေသလားပဲ။

စာချုပ်ကို ကောက်ယူပြီး အပေါ်ထပ် ပြေးတက်လာခဲ့သည်။ လှေကား အလယ်လောက်မှာ အပေါ်ထပ်က ဆင်းလာသော ရင်ရင်ငြိမ်းနှင့် သွားဆုံ သဖြင့် ကိုယ်ရှိန်သတ်လိုက်ရသည်။ လက်ထဲက စာချုပ်ကို ကိုယ်နှင့် မသိ မသာ ကွယ်ပြီး ဆက်တက်ခဲ့သည်။ စာကြည့်ခန်းထဲ ဝင်သည်။ ဟိုအရင်က လက်ထပ်စာချုပ်ကို ထုတ်ယူသည်။ ကွာရှင်းစာချုပ်နှင့် တိုက်ပြီး စစ်ဆေးကြည့် သည်။ စာချုပ်တွေပေါ်က ကံညွန့်မောင်၏ လက်မှတ်များသည် တစ်ခုနှင့် တစ်ခု မတူဘဲ လွဲနေသည်။ ခွေးသူခိုး... ငါ့ကို ပတ်သွားပြီ။

အောက်ထပ်ကို ပြန်ပြေးဆင်းလာခဲ့သည်။ ဧည့်ခန်းထဲမှာ ရင်ရင်ငြိမ်း ရှိနေသည်။ သူ့ရှေ့မှာ ဖုန်းပြောလို့မဖြစ်။ ဆင်းလက်စ ဖြစ်နေသောကြောင့် ဟန်မပျက် ဆက်ဆင်းသွားပြီး နောက်ဖေးဘက်ကို သွားသည်။ အိမ်သာ

www.burmeseclassic.com

www.burmeseclassic.com



ဝင်သည်။ ရေသောက်သည်။ အချိန်ဖြုန်းတဲ့အနေနဲ့ ထမင်းစားခန်းထဲ ဝင်ပြီး ဟိုလှန် ဒီလှန် လုပ်သည်။ ဝိုင်းစိန်က-

"ဦးပေါ်... ဗိုက်ဆာလို့လား၊ ကော်ဖီဖျော်ပေးရမလား"

မေးနေသေးသည်။ ခေါင်းခါပြီး ထမင်းစားခန်းထဲက ပြန်ထွက်လာခဲ့ရသည်။ အိမ်သာကို နောက်တစ်ခေါက် ယောင်ပြီး ဝင်မိပြန်သည်။ ဝိုင်းစိန်သာ မြင်သွားလျှင်-

"ဦးပေါ်... ဝမ်းပျက်နေတယ် ထင်တယ်" ဟု မေးလေဦးမလား မသိ။

ရင်ရင်ငြိမ်းက ဧည့်ခန်းထဲမှာပဲ ရှိသေးသည်။ ဆက်တီမှာ ထိုင်ပြီး နက္ခတ္တရောင်ခြည်မဂ္ဂဇင်း ဖတ်နေသည်။ တော်တော်နှင့် ထမှာ မဟုတ်တော့။

အပေါ်ထပ်မှာ ဖုန်းတစ်လုံး ရှိသေးသည်။ သို့ရာတွင် အောက်က ဖုန်းနဲ့ အပြိုင်သွယ်ပြီး ဆက်ထားခြင်း ဖြစ်သောကြောင့် ရင်ရင်ငြိမ်းက အောက်က ဖုန်းနှင့် ခိုးနားထောင်လို့ရသည်။ အကြံတစ်ခု ရသဖြင့် ဖုန်းဆီ သွားပြီး ကောက်ကိုင်လိုက်သည်။ တွေ့ကရာ နံပါတ်တွေ နှိပ်သည်။ ဖုန်းတစ်ခုခု ချို့ယွင်းနေသလိုလိုနှင့် လျှောက်စစ်ဆေးကြည့်ချင်ယောင်ဆောင်ပြီး ဖုန်းကြိုးကလစ်ကို ဆွဲဖြုတ်လိုက်သည်။ ထို့နောက် အိမ်ပေါ်သို့ ခပ်သုတ်သုတ် ပြန်တက်လာသည်။

သူ ဂနာမငြိမ် ဖြစ်နေတာကို ရင်ရင်ငြိမ်းက သတိပြုချင် ပြုမိလိမ့်မည်။ တကယ်တော့ သူ့ဘာသာ မလုံမလဲ ဖြစ်နေတာ။ ရင်ရင်ငြိမ်းသည် ကိုရီးယားဇာတ်လမ်းတွဲထဲက မင်းသမီးတွေလို ဖုန်းခိုးနားထောင်တာ၊ တံခါးကြားက ချောင်းပြီး နားထောင်တာတို့ လုပ်တတ်သူမျိုး မဟုတ်။

အပေါ်ထပ်က ဖုန်းဖြင့် ကံညွန့်မောင်၏ လက်ကိုင်ဖုန်းဆီ ဆက်လိုက်သည်။ ကံညွန့်မောင် ထူးသံ ကြားတော့ ဆဲနည်းမျိုးစုံဖြင့် ဆဲလိုက်သည်။ ကံညွန့်မောင်က-

"ဟေ့ကောင်... ဘာဖြစ်နေတာလဲ"

"ခွေးမျိုး... မင်း လက်မှတ်အတုကြီး ထိုးသွားတယ် မဟုတ်လား"

"ဟာ... မဟုတ်တာ၊ အစစ်ပါကွ"

"ငါ ငတုံး မဟုတ်ဘူး၊ ဟိုအရင် လက်ထပ်စာချုပ်ထဲက လက်မှတ်နဲ့ တိုက်ကြည့်ပြီးပြီ၊ မတူဘူး"

"သြော်... ဒါလား၊ ငါ လက်မှတ်ပြောင်းထားတယ်"



"မလိမ်နဲ့"

"တကယ်ပါကွ၊ နိုင်ငံသား စိစစ်ရေးကတ်တွေ လုပ်ပေးတုန်းက ဟိုအရင်က လက်မှတ်ကို မကြိုက်တော့လို့ ပြောင်းထိုးထားတာပါ၊ မင်း မယုံရင် ကြုံတဲ့အခါ ငါ့ကတ်ကို စစ်ဆေးကြည့်လို့ရတယ်"

"ငါ့ကို ပတ်တာဆိုရင်တော့ မလွယ်ဘူးနော်"

"ကိုပေါ်ရာ... မင်းကို ငါ လိမ်ရဲပါ့မလား၊ အလိမ်ပေါ်သွားရင် မင်းက ငါ့အကြောင်းတွေ ငါ့မိန်းမကို သွားတို့လို့ ရတာပဲဟာ"

"ဒါဆို ပြီးရော၊ မင်းလည်း ငါ့ကိစ္စ တခြားကောင်တွေကို သွား မပြောနဲ့ဦးနော်"

"အေးပါ... သြော် ဟေ့ကောင်၊ စောစောက မင်းကို ငါ ပြောခဲ့တာတွေ ဘယ်လိုမှ သဘောမထားနဲ့နော်"

"ရပါတယ်၊ ငါ ပြောတာတွေလည်း မှတ်မထားနဲ့"

ပြောပြီး ဖုန်းချလိုက်သည်။ ခုလောလောဆယ်မှာ ကွာရှင်းစာချုပ်ကိစ္စကို လူများများ မသိစေချင်သေး။ သိကုန်လျှင် လူစုပြီး ဝိုင်းကျပ်ကြလိမ့်မည်။ တစ်ဆင့်ချင်း သွားရမည်။ တစ်ယောက်ချင်း ဖွဲ့ပြီး စည်းရုံးရမည်။

www.burmeseclassic.com

www.burmeseclassic.com

စိတ်သဘောထားချင်း မတိုက်ဆိုင်လို့ ကွာရှင်းချင်တာဟု ကံညွန့်မောင်ကို ပြောခဲ့သည်။ ဘာတွေ မတိုက်ဆိုင်တာလဲ၊ ဘယ်လို မတိုက်ဆိုင်တာလဲ၊ ရှင်းပြရမှာ နည်းနည်းတော့ လက်ဝင်သည်။ ပြောမယ်ဆိုလျှင် မင်္ဂလာဆောင်တဲ့ နေ့က စပြောရမည်။ အဲဒီနေ့ကတည်းက ရင်ရင်ငြိမ်းက ဇာတ်ပြတော့တာ။

ပေါ်ဒွေးသည် လက်ထပ်စာချုပ် ချုပ်ပြီးနောက် ဆောင့်ကြွားကြွား ဖြစ်လာ၏။ သူ့ကိုယ်သူ တကယ့်အိမ်ထောင်သည်ဂိုက်မျိုး ဖမ်းနေသည်။

''ကိုယ်က မင်းတို့လို လူပျိုလူလွတ် မဟုတ်တော့ဘူးကွ၊ အနေအထိုင် ဆင်ခြင်ရမယ်''

ဟု ခပ်ကျော့ကျော့ ပြောသည်။ 'ငါ့မိန်းမကလေး…' စသည်ဖြင့် အသားယူချင်လာသည်။ သူ့ကို ရှေ့တင်ထားပြီး ခုလို ပြောတာကို ရင်ရင်ငြိမ်း က ရှက်သည်။

''အဲဒီလိုကြီး မခေါ်စမ်းပါနဲ့ဟယ်''

လို့ ပြောတော့ ပေါ်ဒွေးက-



''မိန်းမမို့လို့ မိန်းမ ပြောတာပေါ့ဟ၊ ဒါ ရှက်စရာလား၊ ငါလည်း ကြွားချင်တာပေါ့''

''တကယ်လည်း လက်ထပ်ရသေးတာ မဟုတ်ဘဲနဲ့''

ရင်ရင်ငြိမ်း ခုလို ပြောလိုက်တာကိုက ပေါ်ဒွေးကို ရောဂါတစ်ခု ထပ်တိုးအောင် တွန်းအားပေးလိုက်သလို ဖြစ်သွားသည်။ ထို့ကြောင့် ပေါ်ဒွေး သည် မိမိ မိန်းမ လိုချင်ပြီ ဖြစ်ကြောင်း အမေကတစ်ဆင့် ပူဆာလေတော့သည်။

သူနှင့် ရင်ရင်ငြိမ်း ကြိုက်နေကြကြောင်း မိဘတွေ သိသည်။ သဘော လည်း တူသည်။ သူ့အမေကဆိုလျှင် ပေါ်ဒွေးက အလောတကြီး ဆုံးဖြတ် လုပ်ကိုင်တတ်သောကြောင့် ကြုံရာ တွေ့ရာ မိန်းကလေးနှင့် ဖြစ်သွားမှာကို စိုးရိမ်နေခဲ့တာ။ ရင်ရင်ငြိမ်းနဲ့ ဆိုတာ သိရသောအခါ ထခုန်မတတ် ဝမ်းသာ သွားခဲ့သည်။ အဖေကတော့-

''ကောင်မလေး သနားပါတယ်၊ ငပေါ်ရဲ့ ဒဏ်ကို ခံနိုင်ဖို့ မလွယ် ဘူး''

ဟု ဆိုသည်။ ပေါ်ဒွေးကိုတော့-

''မင်း ခုတစ်မျိုး၊ တော်ကြာတစ်မျိုး မလုပ်နဲ့နော်''

ဟု သတိပေးသည်။

အခု ပေါ်ဒွေးက မင်္ဂလာဆောင်ပေးပါ ပြောလာတော့လည်း အမေ က မြန်မြန်ထက်ထက် စီစဉ်ပေးလိုက်ချင်သည်။ တော်ကြာ ဒီကောင် စိတ် ပြောင်းသွားမှာ စိုးရိမ်နေခဲ့တာနှင့် အတော်ပဲ။ အဖေကတော့-

''ဘာ… ဝင်ငွေဖြင့် တစ်ပြားမှ မရှိသေးဘူး၊ မိန်းမ လိုချင်လို့ ရမလား''

''သူ့မှာ ဝင်ငွေ မရှိပေမယ့် ရှင့်မှာ ရှိတာပဲ''

''ဩော်… ငါက ကောင်မလေးကိုပါ အိမ်ပေါ် ခေါ်တင်ပြီး ကျွေး ထားရမယ် ဆိုပါတော့''

''လူတစ်ယောက် ပိုလာရုံနဲ့ ရှင် မွဲမသွားနိုင်ပါဘူး၊ စဉ်းစားကြည့်ဦး၊ ရှင့်မှာက ယောက်ျားလေးအဖော် ရှိတယ်၊ ကျွန်မမှာ မရှိဘူး၊ ရင်ရင်ငြိမ်းသာ ရောက်လာရင် ကျွန်မလည်း တိုင်ပင်ဖော်တိုင်ပင်ဖက် ရတာပေါ့''

''ကိုယ့်သားက အလုပ်အကိုင် မရှိသေးဘဲနဲ့၊ မိန်းမ သွားတောင်းရင် မျက်နှာငယ်မယ်ကွ''

www.burmeseclassic.com

www.burmeseclassic.com



"သူတို့ကလည်း နားလည်ပါတယ်၊ နောက်တော့ အလုပ်တစ်ခုခု စီစဉ်ပေးမယ် ပြောပေါ့၊ ရှင့်သားကလည်း အိမ်ထောင်ကျသွားရင် ဒီတိုင်း နေလို့ မဖြစ်ဘူးဆိုတာ သိမှာပါ၊ ဒါနဲ့… ရှင့်ကို မေးဦးမယ်၊ ရှင် မြေးမချီချင်ဘူးလား"

အဖေ လုပ်တဲ့လူ တွေသွားသည်။ အမေက ချက်ကောင်းကို ထိသွားမှန်း သိသဖြင့် ဆက်ပြီး နှဲ့လိုက်သည်။

"တော်ကြာ… ရှင် ဟိုဘက်လမ်းက ဦးစိုးတင့်လို ဖြစ်နေဦးမယ် နော်၊ သူ့သား အသက် သုံးဆယ့်ငါးနှစ် ရှိပြီ၊ ခုထိ မစွံသေးဘူး၊ သူ့ခမျာ တူ တူမတွေရဲ့ ကလေးတွေကိုပဲ မြေးအရင်းလို သဘောထား ချီပိုးပြီး စိတ်ဖြေနေရရှာတာ"

အဖေလည်း မနေသာတော့ဘဲ တစ်ဖက်က လူကြီးတွေဆီ သွားပြီး တောင်းရမ်းပေးရသည်။ ရင်ရင်ငြိမ်းက မိဘများ မရှိတော့။ ကြီးတော်ဖြစ်သူနှင့် နေရခြင်း ဖြစ်၏။ ကြီးတော်ကြီးကလည်း လှိုက်လှိုက်လှဲလှဲ လက်ခံသည်။ သူက ရင်ရင်ငြိမ်းအတွက် စိတ်ချသွားရလျှင် သာသနာပြုလုပ်ငန်းတွေကို ဖောက်ချလုပ်တော့မည်ဟု စိတ်ကူးထားသည်။

မင်္ဂလာဆောင်မှာ သတို့သားအရန် လုပ်ဖို့ အောဘီကျော်ကို အများသဘောတူ ရွေးလိုက်ကြသည်။ သတို့သမီးအရန်အဖြစ် ဒေစီပွင့်ကို လျာထားသည်။ ဒေစီပွင့်မှာ အလွန်ရှက်တတ်သူ ဖြစ်သောကြောင့် ငြင်းသေးသည်။ ရင်ရင်ငြိမ်းက-

"ငါလည်း ရှက်တာပါပဲဟာ၊ နင်နဲ့ဆိုရင် နှစ်ယောက် အတူတူ ရှက်ဖို့ အဖော်ရလို့ တော်သေးတယ်"

ဟု ပြောသဖြင့် အင်တင်တင်နဲ့ လက်ခံလိုက်ရသည်။

သူတို့နှစ်ယောက်ကို ရွေးရတာကလည်း အကြောင်း ရှိသည်။ ဒီနှစ်ယောက်ကို ကျောင်းတုန်းကတည်းက ဝိုင်းပြီး စနေခဲ့ကြသောကြောင့် ဖြစ်၏။ ဒီမှာတွင် အောဘီကျော်က ပြဿနာ ထလုပ်တော့သည်။

"ဟာ… သူ့လို ပိန်ညှောင်ညှောင် ပုတုံးကြီးနဲ့တော့ ငါ မတွဲနိုင်ဘူး၊ ငါ့အရပ်အမောင်းမျိုးနဲ့ ဆိုရင် ကိုယ်လုံးကိုယ်ပေါက် ခပ်ထည်ထည် ရှိတဲ့ လူနဲ့မှ လိုက်ဖက်မှာ၊ အနှောင်းကို လုပ်ခိုင်း"



အနှောင်းလို ဆတ်တောက်ဆတ်တောက် လမ်းလျှောက်တတ်သော ယောက်ျားလျာတစ်ယောက်က ဆံထုံးတွေ၊ ထိုင်မသိမ်းတွေနဲ့ဆို ဘယ်လိုမှ ကြည့်ကောင်းမှာ မဟုတ်။ အနှောင်းကလည်း လုပ်မှာ မဟုတ်။ အောဘီကျော် ကတော့ ဘယ်လိုမှ ပြောလို့မရဘဲ ဂျီကျနေသည်။ နောက်ဆုံးတော့ သူတို့ အားလုံး ကြောက်ကြရသော အောင်ချိုတို့ အဖေက ခေါ်ဟောက်လိုက်မှ မငြင်းသာဘဲ လက်ခံလိုက်ရသည်။

မင်္ဂလာဆောင်မှာ ပရိသတ် စည်စည်ကားကား၊ သူငယ်ချင်းတွေ စုံစုံလင်လင်နဲ့ ပျော်စရာကောင်းလှသည်။ ရွှေကြိုးတားတာ၊ ခဲဖိုးတောင်းတာ တွေကတော့ တခြားမင်္ဂလာဆောင်တွေအတိုင်းပါပဲ။

ညနေကျတော့ သူငယ်ချင်းတွေရဲ့ တောင်းဆိုမှုအရ လူပျိုညာ လုပ်ပေးရသည်။ အဖေက အရက်သောက်တာ မကြိုက်သော်လည်း ဒီတစ်ခါတော့ ခွင့်ပြုသည်။

"မလွန်စေနဲ့၊ နောက်မကျစေနဲ့"

လို့သာ မှာလိုက်၏။ စားသောက်ဆိုင်တစ်ခုမှာ ထိုင်ကြသည်။

အနှောင်း ဦးဆောင်သော မိန်းကလေးအုပ်စုက-

"အရက်သောက်မယ်ဆို မလိုက်ဘူး၊ အရက်သောက်တဲ့ လူတွေနဲ့ တစ်ဝိုင်းတည်း မထိုင်နိုင်ဘူး" ဆိုသဖြင့် သူတို့ကို အရင်ကျွေးမွေးပြီး စောစော ပြန်လွှတ်လိုက်ရသည်။ ရင်ရင်ငြိမ်းကတော့ ပင်ပန်းပြီး ငြီးစီစီ ဖြစ်နေလို့ဆိုပြီး မလိုက်ဘဲ နေခဲ့သည်။

ယောက်ျားလေးတွေချည်းပဲ ကျန်တော့မှ ယမကာဝိုင်း စ,ကြသည်။ လူပျိုညတို့ရဲ့ ထုံးစံအတိုင်း သူငယ်ချင်းတွေက ပေါ်ခွေးကို သင်တန်းတွေ အမျိုးမျိုး ဝိုင်းပေးကြသည်။ တကယ်တော့ သူတို့လည်း ဘာအတွေ့အကြုံမှ ရှိကြတာ မဟုတ်။ ကြားဖူးနားဝတွေ လျှောက်ပြောကြခြင်းသာ ဖြစ်၏။

ဒီနေ့ညအဖို့ အပြောများတဲ့ ကိစ္စကတော့ ရင်ရင်ငြိမ်း လှတယ် ဆိုသော အကြောင်းပင်။ စားကောင်း သောက်ကောင်းအောင် ဝိုင်းမြှောက်ကြ တာလည်း ပါသည်။ တကယ်လှတာလည်း ပါသည်။

ရင်ရင်ငြိမ်းသည် ပုံမှန်အတိုင်းဆိုလျှင် အလှပြင်လေ့မရှိ။ သနပ်ခါး လောက်၊ ကရင်မ်ပတ်ဖ်လောက်က အလွန်ဆုံးပဲ။ ရိုးရိုးလေးသာ နေတတ်သူ ဖြစ်၏။ ဒီနေ့တော့ သတို့သမီးအဖြစ် မပြင်လို့မရ။ အလှဖန်တီးလျှင် မိတ်ကပ်

www.burmeseclassic.com

www.burmeseclassic.com



ဟာန်နီကလည်း ရင်ရင်ငြိမ်းနှင့် လိုက်ဖက်မည့် ဆံထုံး၊ မိတ်ကပ်၊ နှုတ်ခမ်းနီ အရောင်က အစ အစွမ်းကုန် ပညာပြထားသဖြင့် ရုတ်တရက် မမှတ်မိနိုင်လောက်အောင်ကို လှနေသည်။ မင်္ဂလာပွဲ လာသူတိုင်းက ''လှလိုက်တာ… ကျက်သရေရှိလိုက်တာ'' ဟု ပြောကြရ၏။

ပေါ်ဌေးမှာ သူငယ်ချင်းတွေရဲ့ ချီးကျူးစကားကို နားထောင်ရင်းက ရင်ရင်ငြိမ်းကို မျက်စိထဲ မြင်ယောင်လာသည်။ ခုချက်ချင်းပဲ အိမ်ကို ပြန်ပြေးချင်စိတ်တောင် ပေါက်လာမိ၏။ နာရီတကြည့်ကြည့် လုပ်နေတာကို ရဲမော်က ရိပ်မိသည်။

ည ၉ နာရီထိုးသောအခါ ရဲမော်က ဝိုင်းသိမ်းဖို့ ပြောသည်။ ကောင်းထွန်းက မ၀သေး။ အောင်ချိုကလည်း ဒီပုံစံမျိုးနဲ့ အိမ်ကို မပြန်ရဲဘူးဆိုသဖြင့် အတော်ပဲ ဖြစ်သွား၏။ နောက်တော့ အောဘီကျော်၊ ကံညွန့်မောင်နှင့် ရဲမော်တို့ပါ လွတ်လွတ်လပ်လပ် ရှိသော ကောင်းထွန်းတို့ အိမ်သို့ လိုက်အိပ်ကြသည်။ ဆိုင်က ပုလင်းတစ်လုံး ၀ယ်သွားကြသည်။

ပေါ်ဌေး အိမ်ပြန်ရောက်သောအခါ အမေက တံခါးဖွင့်ပေးသည်။ အဖေကတော့ အလိုက်သိစွာ စောစော၀င်အိပ်ပေးသည်။ အမေကလည်း တစ်နေကုန် ပင်ပန်းခဲ့လို့ အိပ်တော့မယ်ဟု ပြောပြီး အခန်းထဲ ၀င်သွားသည်။ ပေါ်ဌေးတို့ လွတ်လွတ်လပ်လပ် နေလို့ရအောင် အပေါ်ထပ် တစ်ထပ်လုံးကို ပေးထားသည်။

သူ အပေါ် တက်လာခဲ့သည်။ အိပ်ခန်းထဲ ၀င်သည်။ ရင်ရင်ငြိမ်းသည် ခုတင်ပေါ်မှာ တင်ပါးလွှဲ ထိုင်နေ၏။ ပေါ်ဌေးကို မျက်လုံး တစ်ချက် လှန်ကြည့်သည်။ ဘာမှတော့ မပြော။ နောက်ကျလို့ စိတ်ကောက်နေသလားဟု ထင်မိသေးသည်။ ပြီးမှ ကြောက်နေတာ ဖြစ်မယ်၊ စိတ်လှုပ်ရှားနေတာလည်း ဖြစ်နိုင်တာပဲဟု တွေးသည်။

ရင်ရင်ငြိမ်း၏ မျက်နှာပေါ်မှာ မိတ်ကပ်တွေ မရှိတော့။ အရင်နာရီပိုင်းလောက်က မိတ်ကပ် လိမ်းထားခဲ့ဖူးတယ် ဆိုသော အရိပ်အယောင်တွေတော့ ကျန်နေသေးသည်။ မိတ်ကပ်ဆိုတာ သူ့ကို ဖျက်ပစ်ပြီးသည့်တိုင် အချိန်အတန်ကြာတဲ့အထိ လေထဲမှာ ရနံ့တွေ ကျန်ရှိနေတုန်းပဲဆိုတာ ပထမဆုံးအကြိမ် သတိပြုလိုက်မိ၏။



ရင်ရင်ငြိမ်းသည် ဆံပင်ကို ဖြေချထားသည်။ နက်မှောင်သန်စွမ်းသော်လည်း ပျော့ပျော့ပျောင်းပျောင်း ရှိပုံရသော ဆံပင်များသည် ကျောပေါ်သို့ ဝဲကျနေသည်။ ဒါတောင် ဆံထုံး ထုံးဖို့ အဆင်ပြေအောင် ဆိုပြီး အလှဖန်တီးရှင်က တိပစ်လိုက်လို့။ နဂိုကဆို ခါးလယ်လောက်ထိ ရှည်သည်။

ရင်ရင်ငြိမ်း ခုလို ဆံပင် ဖားလျားချထားတာ ပေါ်ဌေး တစ်ခါမှ မမြင်ဖူးသေး။ အရင်က ဆံပင်ကို နောက်မှာ စုပြီး စည်းထားလေ့ရှိသူသာ ဖြစ်၏။ ဆံပင်တွေ ဝဲကျနေသဖြင့် မျက်နှာ၏ အစိတ်အပိုင်း အချို့ ဖုံးကွယ်နေသည်။ ထင်ထင်ရှားရှား ရှင်းရှင်းလင်းလင်းကြီး မမြင်သာ။ ဒီလိုပုံမျိုးကိုက ရင်ဖိုစရာကောင်းနေ၏။

ပေါ်ဌေးသည် အရည်ကလေး ၀င်ထားသဖြင့် သွေးကြွနေသည်။ သတ္တိလည်း ရှိနေသည်။ ထို့ကြောင့် သိပ်တုံ့ဆိုင်းမနေဘဲ ရင်ရင်ငြိမ်းနားကို ကပ်သွားသည်။ လက်မောင်းနှစ်ဖက်ကို ခပ်ရဲရဲပင် ဆုပ်ကိုင်ပြီး နှုတ်ခမ်းကို ငုံ့နမ်းလိုက်သည်။ ထိလုထိခင်ကလေးမှာပဲ ရင်ရင်ငြိမ်းက ဟင်… ဆိုပြီး မျက်နှာကို လွှဲဖယ်လိုက်လေ၏။ ပါးပြင်ကိုသာ နှာခေါင်းစွန်းနှင့် ခြစ်မိသွား၏။

ပေါ်ဌေးက ခေါင်းကို အလိုက်သင့် ယိမ်းပြီး ထပ်ကြိုးစားမည်ပြုစဉ် ရင်ရင်ငြိမ်းထံမှ အစ်ခနဲ အသံတစ်ခု ထွက်လာသည်။ သူ့မျက်နှာမှာ မအီမသာ ဖြစ်နေပြီး ပျို့ချင် အန်ချင်ပုံပေါ်နေ၏။ ထို့နောက် ပေါ်ဌေး၏ လက်ထဲမှ ရုန်းလိုက်ပြီး အခန်းပြင် ပြေးထွက်သွားသည်။ ပေါ်ဌေး ခဏမျှ ကြောင်နေပြီးမှ နောက်က လိုက်သွားသည်။

ရင်ရင်ငြိမ်းသည် ၀ရန်တာမှာ ရောက်နေ၏။ ကိုယ်ကို အပြင်သို့ ကိုင်းထားပြီး အော့ခနဲ အော့ခနဲ ဖြစ်နေသည်။ အစာတော့ မပါ။ လေတွေချည်း အန်နေခြင်း ဖြစ်၏။

''ဟင်… ခုကတည်းက အန်နေပြီ'' ဟု ပေါ်ဌေး ယောင်ပြီး ပြောမိ၏။ ပြီးမှ သတိရပြီး ရင်ရင်ငြိမ်း၏ ကျောကို ဖိပေးရင်း–

''ဘာဖြစ်လို့လဲဟင်'' ဟု မေးလိုက်သည်။

''ငါ… အဲဒီအနံ့ကို မခံနိုင်ဘူး''

အရက်သောက်ထားသူများသည် ကိုယ့်ဟာကိုယ်တော့ ဘာမှ မပြော။ သေးလူကသာ ချဉ်စုတ်စုတ်အနံ့ကို ရလေ့ရှိသည်။ ကောင်းထွန်းဆီက ဒီလို အနံ့မျိုး ရတတ်ကြောင်း မှတ်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဆေးသောက်လိုက်ပါလား"

ရင်ရင်ငြိမ်းက ခေါင်းခါသည်။

"သံပုရာရည် သောက်လိုက်ရင်၊ ကောင်းမယ်"

"ရပါတယ်၊ ကောင်းသွားပြီ၊ အစာမရှိလို့ ဖြစ်သွားတာ"

"အစာမရှိလို့… ဟုတ်လား၊ ညနေက ဘာမှ မစားဘူးလား၊ အမေက မကျွေးဘူးလား"

"ကျွေးပါတယ်၊ ငါက မစားတာ"

"ဟာ… မစားလို့ ဘယ်ဖြစ်မလဲ၊ မနက်စာလည်း ဟုတ်တိပတ်တိ မစားဘူး မဟုတ်လား၊ တစ်ခုခုတော့…"

"ငါ စားလို့ မဖြစ်ဘူး"

"ဘာဖြစ်လို့"

ရင်ရင်ငြိမ်းက ဒီဘက်ကို ပြန်လှည့်လိုက်သည်။ ပျို့အန်ထားသဖြင့် မျက်နှာက နည်းနည်းအစ်နေသည်။ မျက်လုံးထဲမှာလည်း မျက်ရည်တွေနှင့်။ ငိုထားတာတော့ မဟုတ်။ အင်း… ဒီလိုလည်း လှနေတာပဲဟု တွေးနေတုန်း…

"ဒီနေ့က လပြည့်နေ့လေ" ဟု ရင်ရင်ငြိမ်းက ပြောသည်။

"အဲဒါနဲ့ ဘာဆိုင်လို့လဲ"

"လပြည့် လကွယ်နေ့တိုင်း ငါ ဥပုသ်စောင့်တာ နင် သိသားပဲ"

"ဟာ… မင်္ဂလာဆောင်တဲ့ နေ့မှာတော့ မစောင့်သင့်ပါဘူး"

"မဖြစ်ဘူး၊ ငါ ငယ်ငယ်ကတည်းက အဓိဋ္ဌာန်လုပ်ထားတာ၊ မဖျက်နိုင်ဘူး"

ပေါ်ဌေးသည် တစ်စုံတစ်ခုကို ရုတ်တရက် သတိရမိပြီး ချောက်ချောက်ချားချား လေသံဖြင့်-

"ဒါဆို ဒါဆို… ဟိုသင်း… ဟိုကိစ္စ… အဲ… အိပ်ဖို့က"

"အဲဒါ ပြောမလို့၊ ဒီနေ့ညတော့ ငါ ဘုရားခန်းထဲမှာ သွားအိပ်မလို့"

"ဟာ… ဘယ်ဖြစ်မလဲ"

ပေါ်ဌေး ပျာပျာသလဲ ပြောသည်။ ပြီးမှ အကြံတစ်ခု ရသွားပြီး-

"ဥပုသ်သည် ဆိုတာ ပန်းမပန်ရဘူး၊ အမွှေးနံ့သာ မလိမ်းရဘူးတဲ့၊ ညေ့ခံပွဲတုန်းက သစ်ခွပန်းတွေလည်း ပန်ထားတယ်၊ မိတ်ကပ်တွေလည်း လိမ်းထားတယ်၊ နင် ဥပုသ်ကျိုးသွားပြီ"



ပြောရင်း ရင်ရင်ငြိမ်း၏ လက်မောင်း နှစ်ဖက်ကို ကိုင်မည်ပြုသည်။ ရင်ရင်ငြိမ်းက ကိုယ်ကို နောက်သို့ ယို့၍ ရှောင်လိုက်ပြီး-

"အဲဒါ မွန်းမလွဲခင်ကပဲ၊ ပြီးတော့ အိမ်ပြန်ရောက်ရောက်ချင်း မိတ်ကပ်တွေကို ဖျက်ပစ်ခဲ့ပြီးပြီ"

"ဒီတစ်ရက်ကိုတော့ ခွင့်ယူလိုက်ပါလားဟာ"

ပေါ်ဌေးက တိုးလျှိုးသော လေသံပြောင်း၍ ကြိုးစားကြည့်သည်။ ရင်ရင်ငြိမ်းက ခေါင်းခါသည်။

"ဘုရားခန်းမှာ အိပ်လို့ အဆင်ပြေမှာ မဟုတ်ဘူး၊ ခြင်လည်း သိပ်ကိုက်တယ်"

"ခြင်ထောင် ရှိသားပဲ၊ ငါက အိပ်ရာတောင် ပြင်ထားပြီးပြီ"

"နင် အိပ်ရဲလို့လား၊ အဲဒီမှာ ညည ခြေသံတွေ ကြားရတတ်တယ်"

စိတ်ကူးတည့်ရာ ပြောပြီး ခြောက်ကြည့်သည်။

"မဖြစ်နိုင်တာဘဲ၊ ဘုရားခန်းမှာ ဘယ်သူက လာလုပ်ရဲမှာလဲ၊ ပြီးတော့ ငါက ဘုရား တရားနဲ့ နေတာ၊ ကြောက်စရာ မလိုပါဘူး"

ပေါ်ဌေး နောက်တစ်မျိုး ကြံပြန်သည်။

"နင်က ဘုန်းကြီးကျောင်းလည်း မသွားဘဲနဲ့ ဘယ်လိုလုပ် သီလယူသလဲ"

"အိမ်မှာပဲ ယူတာပေါ့"

"အဲဒါ တရားမဝင်ဘူး၊ ဘုန်းကြီးရှေ့မှာ ယူမှ အတည်ဖြစ်တာ"

"နားမလည်ဘဲ လျှောက်မပြောပါနဲ့ဟာ၊ ငါက ဘုရားရှေ့မှာ သီလယူတာ၊ ပိုပြီးတော့တောင် တရားဝင်သေးတယ်"

ဟု ပြောပြီး အိမ်ရှေ့ခန်းထဲ ပြန်ဝင်သည်။ ထို့နောက် ဘုရားခန်းဆီ ဦးတည်သွားနေ၏။ ပေါ်ဌေး ရုတ်တရက် ကြောင်ပြီး ကျန်ခဲ့သည်။ ထိုအခိုက်တွင် မခံချိမခံသာ ဖြစ်ရမှုက ဘွားခနဲ ပေါ်လာသည်။ ဒီနေ့ပဲ လက်ထပ်ခဲ့တဲ့သူ။ ဒါ… ငါ့မိန်းမ၊ ငါ ပိုင်တယ်၊ ငါ ပြုသမျှ နရမယ်၊ ငါ လိုချင်တာကို လိုက်လျောရမယ်… ဆိုသော အတွေးနှင့် တစ်ပြိုင်တည်း သွေးခြေလှမ်းတွေ စတင် လှုပ်ရှားသည်။ ရင်ရင်ငြိမ်းကို ကျော်၍ ဘုရားခန်း တံခါးဝမှာ ပိတ်ရပ်လိုက်ပြီး-

"နင်… ဟိုအခန်းထဲမှာပဲ လိုက်အိပ်ရမယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကိုပေါ်… နှင် ငရဲကြီးလိမ့်မယ်နော်"

"ငရဲက အဝေးကြီး လိုသေးတယ်"

ရင်ရင်ငြိမ်းက ပေါ်ဒွေးကို တည်ငြိမ်သော မျက်နှာနှင့် စိုက်ကြည့်ပြီး…

"ငါ့ဆန္ဒကို ဘာမဆို လိုက်လျောပါ့မယ်လို့ နှင် ကတိပေးထားတယ်နော်"

တံခါးဘောင်ကို ထောက်ပြီး ကာထားသော ပေါ်ဒွေး၏ လက်နှစ်ဖက် ပြုတ်ကျသွားသည်။ သူ သက်ပြင်းချလိုက်၏။ ဒီအတိုင်းကြီးတော့ အလျှော့ မပေးချင်။ ထို့ကြောင့်-

"ကောင်းပြီလေ… ဒါပေမဲ့ နှင့်ကို ငါ တစ်ခု မေးမယ်၊ မှန်မှန်ဖြေနော်"

"ဘာလဲ"

"နှင် ငါ့ကို ချစ်ရဲ့လား"

ရင်ရင်ငြိမ်း တွေသွား၏။ အခက်တွေ့နေဟန် တူသည်။ ပေါ်ဒွေးက-

"နှင် သီလယူထားတယ်နော်၊ မုသားစကား ပြောလို့မရဘူး၊ အမှန် အတိုင်းပြော"

ရင်ရင်ငြိမ်း မျက်နှာ ပြုံးယောင်သမ်းသွားသည်။ ထို့နောက် ခေါင်း ညိတ်တာလား၊ ခေါင်းငုံ့လိုက်တာလား၊ ဦးခေါင်း၏ လှုပ်ရှားပုံမှာ နေးကွေး လွန်းသဖြင့် ဝေခွဲလို့ မရခင် ပေါ်ဒွေး၏ ဘေးမှ ဖြတ်ပြီး ဘုရားခန်းထဲ ဝင် သွားသည်။

မင်္ဂလာဆောင်တဲ့နေ့မှာ ဥပုသ်စောင့်သော သတို့သမီးနှင့် အချိန်နှင့် အမျှ ခိမ်နှင့်ဘဝ ဆိုသော နှစ်ယောက်အိပ် မွေ့ရာကြီးပေါ်မှာ တစ်ယောက်တည်း ဆန့်ဆန့်ကြီး လှဲနေသော သတို့သားမျိုးကို မမြင်ဖူးရင် ကြည့်ထားကြ။

တကယ်ဆိုလျှင် နှင် ဆန္ဒရှိသမျှကို လိုက်လျောပါ့မယ်လို့သာ ကတိ ပေးခဲ့သည်။ နှင် ဆန္ဒ'မရှိ'တာကို လိုက်လျောပါ့မယ်လို့ မဆိုခဲ့။ သို့ရာတွင် ခုမှတော့ ဘာမှ မတတ်နိုင်။ ဝတ္ထုတွေ… ရုပ်ရှင်တွေထဲမှာ ဖတ်ဖူး ကြည့်ဖူး သော မင်္ဂလာဦးညမျိုးကို အကြိမ်ကြိမ် အထပ်ထပ် စိတ်ကူးယဉ်ခဲ့ဖူးသည်။ လူပျိုကြီးတွေကလွဲလျှင် ယောကျ်ားတိုင်းလိုလို စိတ်ကူးတွေက လက်တွေ့ ဖြစ်လာခွင့် ရကြသည်။ သူ့အဖြစ်ကတော့ စိတ်ကူးလောက်တောင် အသုံးမကျ။



ဘာပဲဖြစ်ဖြစ် ရင်ရင်ငြိမ်းသည် လပြည့်၊ လကွယ်နေ့တိုင်း ဘုရားခန်း ထဲ သွားအိပ်တတ်သော အလေ့အထကို ထိုမင်္ဂလာဦးညကပင် စတင် ကျင့်သုံး ခဲ့လေသည်။

ဘုရားခန်းသည် တားမြစ်နယ်မြေ။

www.burmeseclassic.com

www.burmeseclassic.com

ဒုတိယပစ်မှတ်အဖြစ် ကောင်းထွန်းကို ရွေးချယ်ရတဲ့ အကြောင်းကတော့ ဒီကောင်က မိန်းမတွေ မကောင်းကြောင်း အမြဲ ပြောတတ်သောကြောင့် ဖြစ်၏။ ဒီတော့ သူ့ကို စည်းရုံးရတာ လွယ်နိုင်သည်။ နောက်တစ်ချက်ကတော့ သူသည် သူငယ်ချင်းတွေနှင့် သီးခြားကင်းကွာနေသောကြောင့် ဖြစ်၏။ ဒါက လည်း အရက်ကိစ္စကြောင့်ပဲ။

ကောင်းထွန်းသည် သူတို့ သူငယ်ချင်းအုပ်စုထဲမှာ ဉာဏ်အကောင်းဆုံး၊ အထက်မြက်ဆုံး ဖြစ်၏။ ချက်ချက်ချာချာ ရှိသဖြင့် အတန်းထဲမှာ မော်နီတာအဖြစ် ခန့်အပ်ခြင်းတောင် ခံရသည်။ တက္ကသိုလ် ရောက်တော့ လူငယ်တွေပီပီ ယမကာကို မြည်းစမ်းကြည့်ကြသည်။ ကျန်တဲ့ လူတွေက အဖျင်းပြေ အပျော်သောက်အဆင့်မှာပင် ရပ်နေသည်။ ကောင်းထွန်းက ပုံမှန်သုံးစွဲသူ ဖြစ်သွား၏။

သူ၏ လုပ်ရည်ကိုင်ရည်နှင့်ဆို ကြီးပွားတိုးတက်နိုင်သည်။ သူကတော့ ဖွထက် ယမကာကို ပိုပြီး ခင်တွယ်သည်။ သူ့စိတ်ရင်းကောင်းကြောင်း သိသဖြင့် သူငယ်ချင်းတွေက ချစ်ကြသည်။ အရက် လျှော့သောက်ဖို့ ပြော



သော်လည်း မရ။ အလုပ်ကို ဖိဖိစီးစီး မလုပ်ဘဲ ရရသောက်သောက်ဖြင့်သာ ပျော်မွေ့နေသည်။

ပြီးခဲ့သော ခြောက်လလောက်ကတော့ အောင်ချို့ မွေးနေ့တွင် စားသောက်ဆိုင်တစ်ခုမှာ သူငယ်ချင်းတွေ ဆုံကြသည်။ ကျန်တဲ့ကောင်တွေကတော့ အပျော်တမ်းသမားတွေ ဖြစ်သောကြောင့် ဘီယာလောက်နှင့် ပြီးသည်။ ကောင်းထွန်းက–

"ငါ အရက်သောက်ဖို့ လာတာကွ၊ ဆီးရွှင်ဆေး သောက်ဖို့ မဟုတ်ဘူး"

ဆိုသဖြင့် ဝီစကီတစ်ပြား မှာပေးသည်။

"အပြား သောက်တာ မတန်ဘူး၊ တစ်လုံး မှာလိုက်"

"ဟာ… တစ်ယောက်တည်း သောက်မှာပဲဟာ"

"တစ်ပြား မလောက်ဘူး"

"အဲဒီလောက်ကြီးတော့…"

"မှာလိုက်ပါကွာ၊ ပိုတော့လည်း အိမ်ယူသွားပေါ့"

ဟု ဒကာဖြစ်သူ အောင်ချိုက လိုက်လျောပေးလိုက်သည်။

နှစ်ဖက်စလုံးက ပြောတာ မှန်သည်။ တစ်ယောက်တည်း သောက်မယ့်ဟာ တစ်လုံးလုံး ဆိုတော့ များတယ် ဆိုတာလည်း ဟုတ်သည်။ တစ်ပြားတည်းနဲ့ မလောက်ဘူး ဆိုတာလည်း ဖြစ်နိုင်သည်။ ကောင်းထွန်းက သောက်လုံးကြီးသဖြင့် သိပ်မကြာခင် ပုလင်းတစ်ဝက်နီးပါး ကျိုးသွားသည်။ သူက ထပ်ငှဲ့ဖို့ ပုလင်းကို လှမ်းကိုင်စဉ်–

"ဟေ့ကောင်… စွတ်တင်မနေနဲ့၊ ဒါ ဝီစကီနော်"

ဟု ကံညွှန့်မောင်က ပြောလိုက်သည်။ သူ့စကား မှားသွားပြီ။ မင်းသောက်နေကျ အပေါစား အရက်မျိုးတွေ မဟုတ်ဘူး။ ဒါမှမဟုတ် ဝီစကီကို ကောင်းကောင်းမသောက်ဖူးဘဲနဲ့ အခွင့်အရေးရတုန်း နင်းကန်သောက်ပြီး မှောက်နေဦးမယ်ဟု ဖမ်းနှိမ်လိုက်သလို ဖြစ်သွား၏။ တမင် ရည်ရွယ်ပြောတာ တော့ ဟုတ်ပုံမရ။

ကောင်းထွန်းက ဘာမှမပြော။ ကံညွှန့်မောင် စကားကို မကြားလိုက်သလို နေသည်။ ပုလင်းကို ယူပြီး ဖန်ခွက်ထဲ ဖြည့်သည်။ ပြီးခဲ့သော အလှည့်

www.burmeseclassic.com

www.burmeseclassic.com



တွေထက် ပိုများများထည့်သည်။ နောက်ထပ် တစ်ခွက်လောက် ကြာမှ စကား စ,ပြောသည်။ ထုံးစံအတိုင်း မိန်းမတွေ မကောင်းကြောင်း ဖြစ်၏။

"တချို့ မိန်းမတွေဟာ ယောကျ်ားကို မလေးစားဘူး၊ သူတို့ရဲ့ အစေအပါး ခိုင်းဖတ်လောက် သဘောထားတာ၊ အထူးသဖြင့်တော့ စီးပွားရေးကို ဦးဆောင်လုပ်နေတဲ့ မိန်းမတွေ အဆိုးဆုံးပဲ"

ထိုစကားက ကံညွန့်မောင်ကို ထိသွားသည်။ ထို့နောက် သူတို့ နှစ်ယောက် ငြိကြတော့သည်။ အထေ့အငေါ့ စကားလုံးတွေနဲ့ သွယ်ဝိုက်ပြီး အပြန်အလှန် ရိကြသည်။ ရဲမော်က ဖျန်ဖြေဖို့ ကြိုးစားသေးသည်။ အောင်ချို က ဒီကောင်တွေ ပြောတာ နားထောင်လို့ကောင်းတယ်၊ ဝိုင်းစိုတယ် ဆိုပြီး ချွန်ပေးရာက ရင့်ရင့်သီးသီးတွေ ပါလာသည်။

ကံညွန့်မောင်က-

"ဒီအကျင့်တွေကြောင့် မင်း လူမွေးလူတောင် မပြောင်တာ"

ပြောတော့ ကောင်းထွန်းက-

"မပြောင်ချင်ရင်လည်း နေ၊ မိန်းမ ထဘီနား ခိုစားတဲ့ကောင် မဖြစ်ရင် ပြီးတာပဲ"

ဟု ပြန်ပက်လိုက်သည်။

"မင်း ဘာစကား ပြောတာလဲ"

ကံညွန့်မောင်က ကောင်းထွန်း၏ အင်္ကျီ ရင်ဘတ်စကို ဖမ်းဆွဲလိုက်သည်။ ဒေါသကြောင့် ရုတ်တရက် ဆွဲမိခြင်းသာ ဖြစ်၏။ ဘာမှတော့ မလုပ်။ သို့ရာတွင် ကောင်းထွန်းက လက်မြန်သည်။ ကံညွန့်မောင်ကို ခွပ်ခနဲ ဆွဲထိုးလိုက်လေသည်။

"ဒါတော့ မင်း သိပ်လွန်သွားပြီ ကောင်းထွန်း"

ရဲမော်နှင့် ကောင်းထွန်းတို့ ဆက်ငြိကြသည်။ အားလုံးကပဲ ကောင်းထွန်း မှားသည်ဟု ဝိုင်းပြောကြသည်။ ကောင်းထွန်းက-

"အေး... ဟုတ်တယ်၊ ငါက အရက်သမား လူမိုက်ကြီးပဲ၊ မင်းတို့ သိက္ခာကျမှာစိုးရင် ငါနဲ့ မပေါင်းကြနဲ့၊ ဒါပဲ"

ဖန်ခွက်ကို ပေါက်ခွဲပြီး ထွက်သွားသည်။ ထိုစဉ်က စ၍ ကောင်းထွန်း နှင့် အဆက်အသွယ် ပြတ်နေကြခြင်း ဖြစ်၏။



ခုတော့ ဒီလို ဖြစ်သွားတာကိုက ပေါ်ဒွေးအတွက် အကြွက်ကောင်း ဝင်သွားတာလို့ ဆိုနိုင်သည်။ အုပ်စု တစ်ခုထဲကနေ တစ်ယောက်တည်း ဘက်ပွဲ နေတဲ့သူကို ချဉ်းကပ်ရတာ ပိုလွယ်တတ်တာကိုး။

ကောင်းထွန်းတို့ အိမ်ကို သူ ရောက်သွားတော့ ည ၇ နာရီကျော်ကျော် လောက် ရှိပြီ။ ကောင်းထွန်းရဲ့ မိန်းမ မငယ်ကိုသာ တွေ့ရသည်။

"ဒီအချိန် အိမ်မှာ အစ်ကို့ကို လာရှာတာ အံ့သြစရာပဲ"

မငယ်က ပြောသည်။

"ဘယ်အချိန်မှ ပြန်လာတတ်သလဲ"

"အစောဆုံး ဆယ်နာရီပဲ"

"နေ့တိုင်းပဲလား"

မငယ်က ခေါင်းညိတ်ပြသည်။ ပေါ်ဒွေးက လက်မကို ထောင်၊ ပါးစပ်နား တေ့ပြရင်း- "ဒါလား" ဟု မေးတော့-

"ဘုရားပေါ် တက်ပြီး ပုတီးစိပ်နေတယ် ထင်လို့လား"

ဟု ပြောပြီး ရယ်နေသည်။

"ဒီကောင် ဘယ်ဆိုင်မှာ ထိုင်တတ်လဲ"

"အဲဒါတော့ မသိဘူး၊ ဪ... တစ်ခု ရှိတယ်၊ ဆိုက်ကားဂိတ်မှာ မေးကြည့်ပါလား၊ တစ်ခါ တစ်ခါကျရင် အစ်ကိုက ဆိုက်ကားနဲ့ ပြန်လာ တတ်တယ်"

မငယ်ကို နှုတ်ဆက်ပြီး ထွက်လာခဲ့သည်။

"ကိုပေါ်တို့ သူငယ်ချင်းကို နည်းနည်းပါးပါး လျှော့သောက်နိုင်းပါဦး"

ဟု သွားခါနီးမှာ မငယ်က မှာလိုက်သေးသည်။

တကယ်တော့ သူတို့ သူငယ်ချင်း အုပ်စုတွေရဲ့ မိန်းမတွေထဲမှာ မငယ်သည် အရိုးဆုံး၊ အအေးဆုံး ဖြစ်၏။ ကောင်းထွန်းကိုလည်း တော်တော် ချစ်သည်။ ကောင်းထွန်း ဘာပဲလုပ်လုပ်၊ ဘယ်လိုနေနေ သည်းညည်းခံသည်။ အရက်သောက်တဲ့ ကိစ္စကိုလည်း အပြစ်မပြော။ သိပ်လွန်ကဲပြီး ကျန်းမာရေး ထိခိုက်မှာကို စိုးရိမ်နေခြင်းသာ ဖြစ်၏။

ကောင်းထွန်းရဲ့ စိတ်သဘောကို နားမလည်နိုင်အောင် ဖြစ်ကြရသည်။ ဒီလောက်ကောင်းတဲ့ ဇနီးကို ရထားပါလျက် ဒီကောင်က မိန်းမတွေ မကောင်း

www.burmeseclassic.com

www.burmeseclassic.com



ကြောင်း အမြဲပြောတာ ဘာကြောင့်မှန်း မသိ။ 'လူအထင်ကြီးအောင် လျှောက်ပြောနေတာပါကွာ' ဟု ရဲမော်က ပြောဖူးသည်။ အောင်ချိုကတော့ 'ရည်းစားဦးကို စိတ်နာနေတာ ဖြစ်မယ်' ဟု ခန့်မှန်းသည်။ သို့ရာတွင် သူ့မှာ အရင်က ရည်းစား မရှိခဲ့ဖူးကြောင်း ငယ်ပေါင်းမို့ သိနေသည်။ သူ့စိတ်ထဲက ကျိတ်ပြီး ကြိုက်ခဲ့တာမျိုး ဆိုလျှင်တော့ မပြောတတ်။

ဆိုက်ကားဂိတ်မှာ မေးလိုက်တော့ အားလုံးလိုလိုက ကောင်းထွန်း သွားနေကျ ဆိုင်ကို သိနေကြသည်။ လူလတ်ပိုင်းအရွယ် တစ်ယောက်က သေသေချာချာ လမ်းညွှန်ပြသည်။ လူကြီးတစ်ယောက်ကတော့-

"တော်ကြာ… မျက်စိလည်နေဦးမယ်၊ လမ်းက နည်းနည်းရှုပ်တယ်၊ တစ်ယောက်ယောက် ကားနဲ့ လိုက်သွားပြီး ဆိုင်ကို ပြပေးလိုက်ပါလား"

"ဟာ… နေပါစေ၊ အဝေးကြီး လမ်းပြန်လျှောက်နေရမှာပေါ့"

"ကျွန်တော် ဆိုက်ကားနဲ့ ရှေ့က နင်းသွားမယ်၊ နောက်က ကပ်လိုက်ခဲ့လေ"

ဟု လူငယ်တစ်ယောက်က ပြောသေးသည်။

"ရပါတယ်၊ ဒီလောက် သိရရင် ကျွန်တော် သွားတတ်ပါပြီ"

ဆိုပြီး ကားမောင်းထွက်လာခဲ့သည်။ ဂိတ်မှာ ကောင်းထွန်း နာမည်မေးလိုက်တုန်းက ဆိုက်ကားဆရာတွေ ပျာပျာသလဲ ဖြစ်သွားကြတာ သတိပြုမိ၏။ ကောင်းထွန်းကို အတော်ခင်မင်ကြပုံရသည်။

သူတို့ ပြောသလို လမ်းကတော့ ခပ်ရှုပ်ရှုပ်ပဲ။ ကျဉ်းလည်း ကျဉ်း၊ ဆိုးလည်း ဆိုးသည်။ သို့ရာတွင် သူတို့ ညွှန်တဲ့ အမှတ်အသားတွေအတိုင်း ဟိုကွေ့ ဒီချိုး သွားလိုက်သောအခါ ဆိုင်ကို ရောက်သွားသည်။ လမ်းတစ်လမ်း ကျော် ထွက်သွားမိလို့ ပြန်ကွေ့ရတာပဲ ရှိသည်။

ဆိုင်က ခပ်သေးသေးပင် ဖြစ်၏။ သပ်သပ်ရပ်ရပ်ကလေးတော့ ရှိသည်။ လက်ဖက်ရည်ဆိုင်တွေမှာလို စားပွဲခုံပုများ ခင်းထားပြီး ခွေးခြေလေးတွေနှင့် ထိုင်ရသည်။ ဒီလို ဆိုင်မျိုးနှင့် သိပ်တော့ မစိမ်းလှ။ ကျောင်းသားဘဝတုန်းက သူငယ်ချင်းတွေနဲ့ ထိုင်ဖူးသည်။

ကောင်းထွန်းသည် ထောင့်ကျကျ စားပွဲတစ်လုံးမှာ ထိုင်နေသည်။ ပေါ်ဒွေးက-



"ဟေ့ကောင်ကြီး" ဟု နှုတ်ဆက်ရင်း ဝင်ထိုင်သည်။ ရုတ်တရက် ဆိုတော့ တခြားလူတစ်ယောက်ယောက်က အရက် ကပ်သောက်ချင်လို့ ဝင်ရောတာ ထင်ပြီး ကောင်းထွန်းက မလိုလားဟန်ဖြင့် ဆတ်ခနဲ လှမ်းကြည့်သေးသည်။ ပြီးမှ အံ့ဩသွားပြီး-

"ဟာ… ကိုပေါ်၊ မင်း… မင်း ဒီဆိုင်မျိုးကို လိုက်လာတယ်၊ ဟုတ်လား"

"ဘာဖြစ်လို့ မလာရမှာလဲကွ"

"မင်းတို့က ပိုက်ဆံရှိတဲ့ကောင်တွေလေ"

"ဘာဆိုင်လို့လဲကွ၊ ကျောင်းတုန်းကဆိုရင် ဖျာစုတ်ကလေး ခင်းထားတဲ့ ဆိုင်မျိုးမှာတောင် ထိုင်ခဲ့သေးတာပဲ၊ ဒီဆိုင်က အများကြီး သားနားပါသေးတယ်"

"အေး… မင်း မဆိုးဘူး၊ ဘဝမမေ့တတ်ဘူး"

ခုတိုင်းဆို အခြေအနေကောင်းနိုင်သည်။ လာတုန်းကတော့ မြင်လျှင် ဟောက်လွှတ်မလား၊ ဆီးပြီး ရိလိုက်မလား စိုးရိမ်ခဲ့တာ။

"ဒီဆိုင်မှာ ဘီယာတော့ မရဘူး၊ ကောက်ညှင်းအရက်ပဲ ရှိတယ်၊ ဒါပေမဲ့ သောက်လို့ကောင်းပါတယ်"

ဟု ကောင်းထွန်းက ပြောသည်။ ပေါ်ဒွေးက-

"နေပါစေ… ငါ မသောက်တော့ပါဘူး"

ကောင်းထွန်းက မျက်မှောင်ကုတ်ပြီး တစ်ချက် ကြည့်သည်။ အင်း… အလိုက်အထိုက်တော့ နေမှ ဖြစ်မယ်၊ တော်ကြာ ကြီးကျယ်တယ် ဘာ ညာ လုပ်နေဦးမယ်၊ ခုချိန်မှာ ဒီကောင် ငြိုငြင်သွားလို့ မဖြစ်ဘူး… ဟု တွေးပြီး-

"မိုက် နည်းနည်းမကောင်းလို့ပါ၊ အဲ… နည်းနည်းပါးပါးတော့ ရမယ် ထင်တယ်"

ကောင်းထွန်း ကျေနပ်သွားဟန်ဖြင့် ခေါင်းတစ်ချက် ဆတ်ရင်း လက်ညှိုးတစ်ချောင်း ထောင်ပြလိုက်သည်။ သူ့ကို အရိပ်တကြည့်ကြည့် လုပ်နေသော ဆိုင်မှ ကောင်လေးတစ်ယောက်က ဖန်ခွက်တစ်လုံး ပြေးယူပြီး လာချပေးသည်။ ပုံမှန် ဖောက်သည်ကြီး ဖြစ်သောကြောင့် ဆိုင်က သူ့ကို ဂရုစိုက်ပုံရ၏။ ကောင်းထွန်းမှာ လူချစ်လူခင် ပေါသူ တစ်ယောက် ဖြစ်ကြောင်း ပြယုဂ်တစ်ခုလည်း ဖြစ်၏။ ဒါကြောင့်လည်း 'ငါက ကြီးကျယ်တတ်တဲ့

www.burmeseclassic.com

www.burmeseclassic.com



လူတွေနဲ့သာ မတည့်တာပါကွ' ဟု သူ မကြာခဏ ပြောလေ့ရှိခြင်း ဖြစ်၏။

ကောင်းထွန်းက ဖန်ခွက်ထဲကို ကောက်ညှင်းအရက် ငှဲ့ပေးပြီး ''ချကွ'' ဟု ပြောသည်။ ပေါ်ဒွေးက ရေခပ်များများ ရောလိုက်သည်။ ကောင်းထွန်းက တစ်ချက် ရယ်လိုက်ပြီး-

''ပျော့ပျော့လေးပါကွာ''

ဟု ပြောသည်။ ပေါ်ဒွေး ဖန်ခွက်ကို ယူပြီး တစ်ငုံ ငုံကြည့်သည်။ သိပ်မဆိုးလှ။ အနံ့က သင်းသင်းလေး။

''ငါ ဒီဆိုင်မှာ ရှိမယ်ဆိုတာ မင်း ဘယ်လိုလုပ် သိလဲ''

ကောင်းထွန်းက မေးသည်။

''ဆိုက်ကားဆရာတွေ ညွှန်လိုက်တာလေ''

ကောင်းထွန်းက ခေါင်းတစ်ချက် ဆတ်ပြီး-

''ဆိုက်ကားဂိတ်မှာ စုံစမ်းရင် ရမယ်ဆိုတာ မိငယ်က အကြံပေးလိုက်တာ မဟုတ်လား''

''အေးကွ...''

''အဲဒါပဲကွ... အဲဒါပဲ၊ မိန်းမတွေက သိပ်ခက်တယ်''

ကိုယ့်ယောက်ျားဆီ ချည့်သည် လာလို့ ဘယ်မှာ ရှိနိုင်တယ်ဆိုတာ လမ်းညွှန်မိတာ အပြစ်တစ်ခုဟု မထင်။ သို့ရာတွင် ခုချိန်မှာ ကောင်းထွန်း စကားကို အလိုက်အထိုက် ပြောပေးဖို့ လိုသည်။ ပြီးတော့ ခု ပြောတာက မိန်းမတွေ ခက်ကြောင်း ပြောခြင်း ဖြစ်သဖြင့် သူ့ကိစ္စအတွက် အသုံးဝင်နေသည်။ ဟိုကိစ္စ စကားစ,ဖို့ အခွင့်အလမ်းလည်း သာသွားနိုင်သောကြောင့်-

''ဟုတ်တယ်ကွ၊ ခက်တယ်'' ဟု သံယောင်လိုက်ပေးရသည်။

''သူတို့ဟာ ယောက်ျား ဘာလုပ်တယ်၊ ဘယ်သွားတယ် ဆိုတာ အကုန်သိချင်တယ်၊ စပ်စုတဲ့ နေရာမှာတော့ စုံထောက်တွေထက်တောင် သာသေးတယ်''

''အေး... မှန်တယ်''

ကောင်းထွန်းက ခွက်ထဲက လက်ကျန်ကို မော့လိုက်သည်။ ထို့နောက် အရက်တွေကို ပုလင်းထဲမှာ ထားရတာ စိတ်မချသလို ပုံစံမျိုးဖြင့် ခွက်ထဲသို့ အလျှင်အမြန် ပြန်ဖြည့်လိုက်ပြီးမှ-

''ဒီမှာ သူငယ်ချင်း၊ မိန်းမဆိုတာ ကြွပ်ကြွပ်အိတ်နဲ့ တူတယ်''



''အမ်... ဘယ်လို''

''မရှိ မကောင်း၊ ရှိ မကောင်းလို့ ပြောတာ''

''သြော်... အေး အေး''

''မင်း စဉ်းစားကြည့်စမ်း၊ ကြွပ်ကြွပ်အိတ် ဆိုတာ မရှိပြန်တော့လည်း ထည့်စရာ အဆင်မပြေဘူး၊ ရှိပြန်တော့လည်း ပတ်ဝန်းကျင် ညစ်ညမ်းစေတယ်၊ ဟုတ်တယ် မဟုတ်လား''

သူ့ဥပမာကြောင့် ပေါ်ဒွေး ရယ်ချင်သွားသော်လည်း အခွင့်ကောင်းကို လက်လွှတ်ခံလို့ မဖြစ်သောကြောင့်-

''အေးကွ... မင်း ပြောတာ မှန်တယ်၊ မိန်းမတွေဟာ အဲဒီအတိုင်းပဲ၊ ဒါကြောင့် ငါလည်း...''

ပေါ်ဒွေး ဆက်မပြောနိုင်ခင် ကောင်းထွန်းက လက်ကာပြလိုက်ပြီး-

''ငါ ပြောတဲ့ မိန်းမတွေထဲမှာ ရင်ရင်ငြိမ်း မပါဘူး၊ သူကတော့ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေတဲ့အထဲမှာ မပါဘူး၊ သူ့ကို လက်ထပ်ခွင့်ရတာ မင်း သိပ်ကံကောင်းတယ် သူငယ်ချင်း''

ဟာ... သွားပါပြီ... ဟု ပေါ်ဒွေး အသံထွက် ရေရွတ်မိမတတ် ဖြစ်သွားရ၏။ ကောင်းထွန်းက ပုလင်းကို ဆွဲယူပြီး မြှောက်ကြည့်သည်။ အထဲမှာ အကတ်အသတ်လောက်ပဲ ကျန်တော့သည်။ ဖန်ခွက်ထဲ မထည့်တော့ဘဲ မော့ချသည်။ ပြီးတော့ ရေငတ်နေတဲ့ ကလေးတစ်ယောက် လုပ်သလို 'ဟားခနဲ' အသံပြုသည်။

ပေါ်ဒွေးက ကောင်းထွန်းကို အကဲခတ်ကြည့်သည်။ အတော်ကလေးတော့ မှန်နေပြီ။ သူ့ခေါင်းထဲသို့ အကြံတစ်ခု ဝင်လာသည်။ ကောင်းထွန်းကို ဒီထက်မူးအောင် တိုက်ပြီး ဖြားယောင်းဖို့ပင် ဖြစ်၏။ မတတ်နိုင်။ ကုလီကူမာ လုပ်ရပေတော့မည်။

ကောင်းထွန်းက-

''ခါတိုင်းဆို ခုလောက်က အနေတော်ပဲကွ၊ ဒီနေ့တော့ မင်းနဲ့ ဆုံရတာက တစ်ကြောင်း၊ ငါ့ ကိုတာထဲက မင်းကို ခွဲတိုက်လိုက်ရတာက တစ်ကြောင်းကြောင့် နည်းနည်း လိုနေသေးတယ်၊ တစ်စိတ်လောက် ထပ်မှာရမယ်''

www.burmeseclassic.com

www.burmeseclassic.com



"နည်းနည်းချင်း မှာသောက်တာ နာတယ်ဆို၊ မင်းပဲ အမြဲပြောတာပဲ၊ တစ်ခါတည်း တစ်ပိုင်းပဲ မှာလိုက်ပါလား"

ဟု ပေါ်ဒွေးက မြှောက်ပေးလိုက်တော့-

"ဟား… သက်စ်ရိုက်၊ မင်း တော်တယ်"

ဆိုပြီး နောက်ကို လှည့်မကြည့်ဘဲ လက်ဝါးကို ကွေး၍ လေထဲမှာ မြှောက်ပြီး ကန့်လန့်ဖြတ်ပုံစံ ယမ်းပြလိုက်သည်။ ဆိုင်က ကောင်လေးက ထိုသင်္ကေတကို ကောင်းကောင်းနားလည်သည်။

"လာပြီ ဆရာ" ဟု ပြောပြီး ခဏအတွင်းမှာ အရက်တစ်ပိုင်း လာချပေးသည်။ ပေါ်ဒွေးမှာ ဟန်မဆောင်နိုင်ဘဲ ပုလင်းကို ဦးအောင်ယူ၍ ကောင်းထွန်း၏ ဖန်ခွက်ထဲ ပိုပိုသာသာလေး ငှဲ့ပေးရင်း-

"ချကွာ သူငယ်ချင်း၊ ဒီနေ့ မင်းကို ငါ တိုက်မယ်"

"ရပါတယ်ကွ၊ ငါက အိမ်ရှင်ပဲ"

ဟု ပြောပြီး စောစောကလို မှုဉ်းမသောက်ဘဲ တစ်ကျိုက်တည်း မော့ချလိုက်သည်။ ပေါ်ဒွေးလည်း ကြည့်ကောင်းအောင် တစ်ငုံ လိုက်ငုံရသည်။ ကောင်းထွန်း၏ မျက်လုံးများမှာ ပိုပြီးရွှဲလာသည်။ စကားပြောတာလည်း၊ အတော် လေးလာသည်။ တချို့ စကားလုံးတွေ မပီသချင်တော့။ ကိုပေါ်လို့ ခေါ်တာ 'ကိုဘွေ' ဖြစ်လာသည်။

"မင်း ငါ့ဆီ တကူးတကန့် လာတာ ပြောစရာ အကြောင်းထူး ရှိလို့လား"

ဟု မေးသည်။ အကွက်ဝင်လာပြီ ဖြစ်သောကြောင့်-

"အေး… ဆိုပါတော့ကွာ၊ ဟို…"

ထိုအခိုက်တွင် ပေါ်ဒွေး၏ ခေါင်းထဲမှာ စိတ်ကူးတစ်ခု လက်ခနဲ ပေါ်လာသဖြင့် ဝမ်းသာသွား၏။ ခုပုံစံဆိုလျှင် ကောင်းထွန်းသည် စာချုပ်ပေါ်က စာတွေကို သေသေချာချာ ဖတ်နိုင်လိမ့်မည် မဟုတ်။ ထို့ကြောင့်-

"ဒီ… ဒီလိုကွာ၊ ငါတို့ လက်ထပ်စာချုပ် ပျောက်သွားလို့"

"အဲဒါ… ဘာအရေးလဲ၊ လူတစ်ယောက်လုံး ရနေပြီပဲ"

"မဟုတ်သေးဘူးလေ၊ ငါတို့ လက်ထပ်တော့ သူငယ်ချင်းတွေ အားလုံး သက်သေအဖြစ် လက်မှတ်ထိုးပေးကြတယ် မဟုတ်လား၊ ဒါကို ရင်ရင်ငြိမ်းက သိပ်တန်ဖိုးထားတာကွ"



ဟု ပြောပြီး ကောင်းထွန်းကို အကဲခတ်ကြည့်သည်။ ဟိုကောင်က မျက်စိကို မှိတ်ထားရင်း ခေါင်းတညိတ်ညိတ် လုပ်နေ၏။ ကြားမှ ကြားရဲ့လား ဆိုပြီး လေသံနည်းနည်း မြှင့်၍ ဆက်ပြောသည်။

"အဲဒါကွာ… သူက အမှတ်တရ ပြန်သိမ်းထားချင်လို့တဲ့၊ လက်ထပ် စာချုပ်အသစ်တစ်ခု ထပ်လုပ်ရမယ်၊ ဒါကြောင့် မင်းတို့တွေ သက်သေ လက်မှတ် ထပ်ထိုးပေးဖို့ ပြောမလို့"

ကောင်းထွန်း မျက်လုံး ပွင့်လာသည်။ လက်ဖျောက်တစ်ချက် တီး လိုက်ပြီး-

"ဗဲရီးဂွတ် အိုင်ဒီယာပဲ၊ ဒါကြောင့် ရင်ရင်ငြိမ်းကို ငါ လေးစားတာ၊ ဘယ်မှာလဲ စာချုပ်၊ အခုပဲ လက်မှတ်ထိုးပေးလိုက်မယ်"

ပေါ်ဒွေးက လက်ဆွဲအိတ်ထဲမှ ကွာရှင်းစာချုပ်ကို ထုတ်၍ စားပွဲပေါ် တင်ပေးလိုက်သည်။ ဘောပင်ကိုလည်း အဆင်သင့် ခလုတ်နှိပ်ပြီး ကောင်းထွန်း၏ လက်ထဲ ထည့်ပေးသည်။ စာချုပ်အပေါ်ပိုင်းက စာသားတွေကို လက်ဖြင့် မသိမသာ အုပ်ထားပြီး ကောင်းထွန်း လက်မှတ်ထိုးရမည့် နေရာကို ထောက်ပြ ရင်း-

"ဒီနားကွ၊ ဒီမှာ လက်မှတ်ထိုးရမှာ"

ကောင်းထွန်းမှာ အတော်မှန်နေပြီ ဖြစ်သောကြောင့် သူ့လက်က မငြိမ်ဘဲ အပေါ်ကို ရွယ်လိုက်၊ အောက် ရောက်လိုက် ဖြစ်နေသည်။ သူ ဘောပင်ထောက်လိုက်သော နေရာမှာ လွဲနေပြန်သည်။

"ဟေ့ကောင်၊ အပေါ်နည်းနည်းတိုး"

"အေးပါကွ၊ သိပါတယ်"

ပြောပြီး လက်မှတ်ထိုးလိုက်သည်။ ပြီးပြီးချင်းမှာပဲ ပေါ်ဒွေးက စာချုပ်ကို အမြန်ဆွဲယူပြီး အိတ်ထဲ ပြန်ထည့်မည် ပြုသည်။ ပြီးမှ တစ်စုံတစ်ခုကို မြင်ပြီး မျက်လုံးပြူးသွား၏။ ကောင်းထွန်းသည် လက်မှတ်ထိုးထားခြင်း မဟုတ်ဘဲ ပုလင်းတစ်လုံးပုံကို ဆွဲထားခြင်းသာ ဖြစ်လေသည်။ စောစောက ငုံ့ပြီး လက်မှတ်ထိုးသလို လုပ်နေစဉ် သူ့ခေါင်းနှင့် ကွယ်နေလို့ မမြင်လိုက်ရတာ။

"ဟာကွာ… မင်း ဘယ်လိုလုပ်တာလဲ"

"ဘာဖြစ်လို့လဲ"

ဟု ဗလုံးဗထွေး ပြန်မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"လက်မှတ်ထိုးရမှာလေ၊ ဘာတွေ လျှောက်ဆွဲထားတာလဲ"

"အမ်··· ဟုတ်လား၊ ဆောရီး မင် ငါက ဘောပင် မင်စမ်းနိုင်းတာ မှတ်လို့"

"ကဲ··· ဘေးမှာပဲ လက်မှတ်ထိုးတော့၊ ပုလင်းပုံကို ပြီးမှ မင်ဖျက် ဆေးနဲ့ အုပ်လိုက်မယ်"

ကောင်းထွန်းက ဘောပင်ကို ယူပြီး လက်မှတ်ထိုးသည်။ ခလုတ် မနှိပ်မိသဖြင့် ဘာမှ မထင်။ ကောင်းထွန်းက ရယ်ပြီ မဟုတ်လား··· မေး သေးသည်။ ဘောပင် ခလုတ်နှိပ်ပြီး ထပ်ထိုးနိုင်းရသည်။

နောက်တော့ မဟာန်နိုင်တော့သော ကောင်းထွန်းကို ကားပေါ် တွဲတင် ရသည်။ ကောင်းထွန်းက သူ့ကို အိမ်ထိ မပို့နဲ့၊ ဂိတ်မှာ ချပေး၊ ဆိုက်ကား ပြန်မယ် ပြောသည်။ ဘယ်လိုမှ တားလို့မရ။ ဆိုက်ကားဂိတ်ရှေ့က အဖြတ်မှာ ကားပေါ်က ခုန်ဆင်းမယ် လုပ်သဖြင့် ရပ်ပေးလိုက်ရသည်။ ဆိုက်ကားဆရာ တစ်ယောက်က ပြေးလာပြီး သူ့ကို ဆိုက်ကားပေါ် ပွေ့တင်သည်။ စိတ်ချပါ ပွန်းရာပွဲရာလေး တစ်ခု မဖြစ်စေရ၊ အသက်နဲ့လဲ စောင့်ရှောက်ပါမယ်··· ဟု ပြောသည်။

ပေါ်ဒွေးက စိတ်မချသဖြင့် ကားနှင့် နောက်ယောင်ခံလိုက်ကြည့် သေးသည်။ တကယ်ပါပဲ။ အိမ်ရှေ့ ရောက်တော့ ဆိုက်ကားဆရာက ကောင်းထွန်း ကို ထမ်းပြီး အိမ်ထဲထိ လိုက်ပို့တာ လှမ်းမြင်ရသည်။

တစ်ခုတော့ ကောင်းသည်။ မငယ်က 'ကိုပေါ်တို့ သူငယ်ချင်းကို လည်း လျှော့သောက်ဖို့ ပြောပေးပါဦး' လို့ အကူအညီတောင်းတဲ့နေ့က ခေါင်ချာစိုင်းပြီး ထမ်းပို့ရတဲ့အဖြစ် ရောက်ရသည်။ ကိုယ်တိုင် လိုက်ပို့လျှင် မငယ်အပေါ် မျက်နှာပူနေရဦးမည်။ ကောင်းထွန်းကို မလိမ့်တပတ် လုပ်ပြီး လက်မှတ်ထိုးနိုင်းခဲ့တဲ့အတွက်တော့ လိပ်ပြာမလုံသလို ဖြစ်မိ၏။ မတတ်နိုင် ဒီရက်ပိုင်းအတွင်းမှာ ကောင်းထွန်းနဲ့ ဟိုကောင်တွေ အဆက်အသွယ် မရ ပါစေနှင့်လို့သာ ဆုတောင်းရသည်။

ခုနောက်ပိုင်း နားအေးပါးအေး နေချင်တဲ့အခါ ပန်းခြံထဲမှာ လာထိုင်လေ့ရှိ၏။ ခုလို ပြောတဲ့အတွက် အိမ်မှာတော့ ဆူသံပူသံတွေ ညံနေလို့ဟု မဆိုလို။ တကယ်ဆိုလျှင် အိမ်မှာက ပိုတောင်တိတ်ဆိတ်သေးသည်။ နှစ်ထပ်အိမ်ကြီးမှာ လူသုံးယောက်တည်း နေကြတာ။

ရင်ရင်ငြိမ်းသည် စကားနည်းရတဲ့ ကြားထဲ ပြောလျှင်လည်း အသံက ခပ်တိုးတိုး။ ဝိုင်းစိန်ကလည်း နဂိုကတော့ စကားများတတ်သလား မသိ။ အိမ်မှာ စကားပြောဖော် မရှိသဖြင့် သူလည်း ဆိတ်ဆိတ်နေရသည်၊ တစ်ခါ တစ်ရံ အဟျင်းပြေ သီချင်းညည်းတာလောက်ပဲ ရှိ၏။ သူတို့ထဲမှာ ပေါ်ဒွေးက တောင် စကားအများဆုံးလို ဖြစ်နေသည်။ ဒါလည်း အရင်ကပါ။ အခုတော့ ရင်ရင်ငြိမ်းနှင့် စကားဟာဟာ မပြောဖြစ်ကြတော့သဖြင့် ဒီအိမ်မှာ ဆွံ့အနေသူ သုံးယောက် နေထိုင်ကြသလိုပါပဲ။

တကယ်တော့ ဒီအိမ်ကြီးဟာ ပေါ်ဒွေးတို့ အဖေရဲ့ စိတ်ကူးယဉ် စီမံကိန်းအရ ဝယ်ယူထားခြင်း ဖြစ်၏။ အဖေ ရည်ရွယ်တာက သူ့မှာ သားသမီးတွေ အများကြီး မွေးမည်။ ဒီကနေ မြေးတွေ အများကြီး ပေါက်ဖွား

www.burmeseclassic.com

www.burmeseclassic.com



လာမည်။ နှစ်ထပ်အိမ်ကြီးမှာ အားလုံး သိုက်သိုက်ဝန်းဝန်း ပျော်ပျော်ပါးပါး နေကြမည်။

သို့ရာတွင် ပေါ်ဒွေးတစ်ယောက်တည်းသာ အဖတ်တင်သည်။ အဖေကတော့ အားမလျှော့သေး။ ပေါ်ဒွေး အိမ်ထောင်ကျပြီးလျှင် ကလေးတွေ အများကြီး မွေးလိမ့်ဦးမည်ဟု မျှော်လင့်ခဲ့သေးသည်။ လက်ထပ်ပြီး လေးငါးနှစ် ကြာတဲ့အထိ ကလေးမရသောအခါ စိတ်ဓာတ်ပဲ ကျသွားသလား မသိ။ အဖေ ရုတ်တရက် ကွယ်လွန်သွားသည်။ နောက်နှစ်နှစ်လောက် အကြာမှာ အမေလည်း အဖေ့နောက် လိုက်သွား၏။ ထို့ကြောင့် နှစ်ထပ်အိမ်ကြီးမှာ လူနှစ်ယောက်တည်း ကျန်ခဲ့သည်။ ရင်ရင်ငြိမ်းအတွက် အဖော်ရအောင် ပိုင်းစိန်ကို ခေါ်ထားတော့မှ သုံးယောက် ဖြစ်လာခဲ့သည်။

ခုချိန်မှာတော့ တစ်ယောက်က အပေါ်ထပ်မှာနေ၊ တစ်ယောက်က ဧည့်ခန်းထဲမှာနေ၊ တစ်ယောက်က မီးဖိုခန်းထဲ ရောက်နေရင် လူမနေတဲ့ အိမ်တစ်အိမ်လို့တောင် ထင်သွားနိုင်သည်။

သို့ရာတွင် လူတွေက တစ်နေရာတည်းမှာ ငြိမ်ငြိမ်လေးနေနေလို့ ရတာ မဟုတ်။ မသွားမဖြစ်တဲ့ နေရာတွေက ရှိသေးသည်။ ဒီတော့လည်း တစ်နေရာမဟုတ် တစ်နေရာ၊ တစ်ချိန်မဟုတ် တစ်ချိန်မှာ လူချင်းဆုံမိတာပါပဲ။ တစ်ခါတလေ လှေကားအတက် အဆင်းမှာ မျက်နှာချင်းဆိုင်မိသည်။ တစ်ခါတလေ ကိုယ်က အိမ်သာတက်မယ်အလုပ်မှာ ရင်ရင်ငြိမ်းက ရှေ့က ဦးနေလို့ အရှင်ဝင်သွားတာမျိုး၊ ကိုယ်က ရေချိုးခန်းထဲက အထွက်မှာ သူက ရေချိုးဖို့ အလာနဲ့ တိုးနေတာမျိုး။

လူချင်း မဆုံရင်တောင် သတင်းစကားနဲ့ ဆက်သွယ်တာမျိုး ရှိသေးသည်။ ပေါ်ဒွေး စာဖတ်နေတုန်း ပိုင်းစိန် ရောက်လာပြီး–

"ထမင်းစားတော့မလား တဲ့"

'တဲ့' ဆိုတာ ထည့်ပြောကတည်းက ရင်ရင်ငြိမ်းက မေးခိုင်းတာပဲလေ။ ခေါင်းညိတ်ပြလျှင် ပိုင်းစိန်က နောက်ဖေးကို ပြန်သွားပြီး–

"စားမယ် တဲ့"

ဟု သွားပြောမည်။ သူတို့နှစ်ယောက်ကြားမှ ပိုင်းစိန်က ဆက်သွယ်ရေး တာဝန်ယူထားရသလို ဖြစ်နေ၏။ တစ်ခါတလေကျတော့လည်း စာရေးပြီး စကားပြောကြသည်။



'ရဲမော်က ဖုန်းပြန်ဆက်ပါတဲ့'

'အောင်ရာမြေဆရာတော် ဖုန်းဆက်၊ ကထိန်အလှူခံဖြတ်ပိုင်းနဲ့ ငွေကို အဖိတ်နေ့မတိုင်ခင် အရောက်ပို့ရန်'

စသည်ဖြင့် ကပ်ခွာစာရွက်ကလေးတွေပေါ်မှာ ရေးပြီး အလွယ်တကူ မြင်နိုင်လောက်သော နေရာမှာ ကပ်ထားလေ့ ရှိကြသည်။ ရင်ရင်ငြိမ်းအတွက်ဆိုလျှင် ရေခဲသေတ္တာပေါ်မှာ။ ပေါ်ဒွေးအတွက်ကတော့ စာဖတ်ခန်း တံခါးပေါ်မှာ။

တစ်ခါတစ်ရံ ကသိကအောက် ဖြစ်စရာလေးတွေ ကြုံရသေးသည်။ ပုံမှန်အားဖြင့် တယ်လီဖုန်း လာလျှင် ပိုင်းစိန်က ပြေးကိုင်သည်။ ပြီးတော့... 'ဦးပေါ်၊ ဖုန်းလာတယ်'၊ 'ခေါ်လေး...တဲ့' ဆိုပြီး ခေါ်ပေးတတ်သည်။ သို့ရာတွင် သူက ဖုန်းနားမှာ အမြဲနေနိုင်တာ မဟုတ်။ အဝတ်လျှော်နေတဲ့အခါ၊ ရေချိုးနေတဲ့အခါမျိုးဆိုလျှင် အနီးဆုံးလူက ဖုန်းကိုင်ရသည်။

ကိုယ့်ဖုန်း ဆိုလျှင် ကိစ္စမရှိ။ ပေါ်ဒွေး ကိုင်ပြီးမှ ရင်ရင်ငြိမ်း ဖုန်းဖြစ်နေလျှင် ရင်ရင်ငြိမ်း ကိုင်မိပြီး ပေါ်ဒွေးအတွက် ဖြစ်နေလျှင် 'တယ်လီဖုန်း' ဟု အသံပေးရသည်။ ဖုန်းလက်ခံ ပြောရမယ့်လူက အနီးအနားမှာ ရှိမနေလျှင် ကြားနိုင်လောက်တဲ့ နေရာအထိ သွားခေါ်ရသည်။

တစ်ခါတလေ ဖုန်းမြည်သံ ကြား၊ ပိုင်းစိန်က မအားလို့ တော်တော်ကြာနေလျှင်၊ ပေါ်ဒွေးရော... ရင်ရင်ငြိမ်းပါ ဖုန်းရှိရာကို တစ်ပြိုင်တည်း သွားမိတာမျိုး ဖြစ်သည်။ ထိုအခါ သူ ကိုင်မလို၊ ကိုယ် ကိုင်မလို ရှိနေကြရာမှ တစ်ယောက် လှမ်းကိုင်မည်အပြု တစ်ယောက်ကလည်း လှမ်းကိုင်မလိုပြင်၊ ကိုယ်ရှိန်သတ်၊ တစ်ယောက်က နောက်ဆုတ်မလို လုပ်တုန်း၊ တစ်ယောက်က လည်း ပြန်လှည့်ထွက်မယ်အလုပ်... အတော်အူကြောင်ကြောင်နိုင်သည်။

တစ်ခါတစ်ရံကျတော့ ပြိုင်တူ ကိုင်မိတာမျိုး ဖြစ်တတ်သေးသည်။ တစ်ယောက်က အောက်ထပ်မှ ဖုန်းကို ကောက်ကိုင်စဉ် တစ်ယောက်က အပေါ်ထပ်မှ ဖုန်းကို ကိုင်ပြီး ပြိုင်တူ ထူးမိတာမျိုး။ တစ်ဖက်မှ ဖုန်းဆက်တဲ့လူတော့ အတော်ကြောင်သွားမှာပဲ။ ပြီးမှ သက်ဆိုင်ရာလူက ဆက်ပြော၊ မဆိုင်တဲ့လူက ဖုန်းပြန်ချ။

အတော်အူကြောင်ကြောင်နိုင်တဲ့ ကိစ္စတစ်ခု ရှိသေးသည်။ လူမယားချင်း လမ်းမှာ သွားဆုံတဲ့ကိစ္စ ဖြစ်၏။ ပေါ်ဒွေးက လက်ဖက်ရည်ဆိုင် အတွက်၊

www.burmeseclassic.com

www.burmeseclassic.com



ရင်ရင်ငြိမ်းက ဈေးမှအပြန် လမ်းထဲမှာ မျက်နှာချင်းဆိုင် တွေ့တာ။ ဒီအခါမှာ မမြင်ချင်ယောင်ဆောင်သွားပြန်တော့လည်း ယုတ္တိမရှိ။ ဒီလောက် ရှင်းရှင်း လင်းလင်းကြီး မြင်နေလျက်သားနဲ့။ ဒီတော့ 'ဘယ်သွားမလို့လဲ'၊ 'နေကောင်း ရဲ့လား ဟဲ ဟဲ' ဆိုပြီး နှုတ်ဆက်ဖို့ကလည်း အခက်။

ဟိုအရင် လင်မယား ခေတ်ကောင်းနေတုန်းက ရင်ရင်ငြိမ်း ဈေး သွားလျှင် ပေါ်ဒွေးက ကားနှင့် လိုက်ပို့သည်။ ရင်ရင်ငြိမ်းနှင့် ဝိုင်းစိန်တို့ ဈေးဝယ်နေစဉ် ပေါ်ဒွေးက ဈေးရှေ့ ထွန်းဘဏ္ဍာ လက်ဖက်ရည်ဆိုင်မှာ ထိုင်စောင့်သည်။ တစ်ခါတလေ အပြင်ဈေးတန်းမှာ ဟိုလျှောက် ဒီလျှောက် လုပ်ရင်း တိုလီမိုလီပစ္စည်းလေးတွေ ဝယ်သည်။ ညားခါစတုန်းကဆိုလျှင် ပေါ်ဒွေးက ခြင်းတောင်း ကိုင်ပြီး နောက်က ဂုဏ်ယူစွာ လိုက်ခဲ့သေးသည်။ ခုနောက်ပိုင်း ခပ်စိမ်းစိမ်း ဖြစ်နေတဲ့အခါမှာတော့ ရင်ရင်ငြိမ်းက သူ့ဘာသာ သွားသည်။ ပေါ်ဒွေးကလည်း မသိသလို ဘာသိဘာသာ နေလိုက်သည်။

တစ်ခါသားတော့ ပေါ်ဒွေး အပြင်ကနေ ကားနဲ့ ပြန်လာပြီး လမ်းထဲ အဝင် ရှေ့က ဆိုက်ကားတစ်စီး သွားနေတာ တွေ့ရသည်။ အနားရောက်တော့မှ ဆိုက်ကား နောက်ခုံမှာ ထိုင်နေသော ဝိုင်းစိန်ကို လှမ်းမြင်သည်။ ရှေ့မှာ ရင်ရင်ငြိမ်း ပါလာတာ သေချာသည်။

ဟွန်းတီးပြီး လမ်းဖယ်ခိုင်းလို့လည်း မဖြစ်။ နောက်မှာ ကားပါလာ တာ ဆိုက်ကားဆရာ မသိတာ၊ မဟုတ်။ လမ်းက သိပ်မကောင်းသဖြင့် ဘေးကို ချနင်းပြီး ဖယ်မပေးနိုင်ခြင်း ဖြစ်၏။ အရေးထဲမှာ ဝိုင်းစိန်က ကားကို မြင်သွားသည်။ ကောင်မလေးသည် အလိုက်ကန်းဆိုး မသိဘဲ ရင်ရင်ငြိမ်းကို လှမ်းတို့ပြီး ပြသည်။ ရင်ရင်ငြိမ်းက ယောင်ပြီး လှည့်ကြည့်သေးသည်။

ကားကို ဘီးလိမ့်ရုံ မောင်းပြီး နောက်က မှောလိုက်နေရ၏။ မိန်းမက ရှေ့မှာ ဆိုက်ကားနဲ့၊ ယောကျ်ားလုပ်တဲ့ လူက နောက်မှာ ကားကို အခန့်သား မောင်းလို့။ လမ်းထဲက လူတွေ ဒီမြင်ကွင်းကို မြင်လျှင် ဘယ်လိုဟာတွေပါ လိမ့် ဆိုပြီး နားမလည်နိုင်အောင် ဖြစ်ကြတော့မှာပဲ။ တော်တော် မျက်နှာပူစရာ ကောင်းတဲ့ ကိစ္စကြီး။

ဒီနေ့လည်း အိမ်မှာ အနှောင်းနှင့် ဒေစီပွင့်တို့ ရောက်နေသည်။ သူတို့က အခြေအနေကို ဘာမှ မသိသေးသောကြောင့် ခဏ ဝင်ထိုင်ပြီး ဧည့်ခံ စကားပြောပေးရသည်။ ကြာလျှင် ပေါ်ဒွေးနှင့် ရင်ရင်ငြိမ်းတို့ကြားမှာ



အေးစက်စက်ကြီး ဖြစ်နေတာ ရိပ်မိကုန်မှာစိုးသဖြင့် လက်ဖက်ရည်ဆိုင်မှာ အသိတစ်ယောက်နဲ့ ချိန်းထားလို့ဟု အကြောင်းပြပြီး ထွက်လာခဲ့ခြင်း ဖြစ်၏။

သူ မရှိတုန်းမှာ အနှောင်းတို့ကို ရင်ရင်ငြိမ်းက ကွာရှင်းပြတ်စဲမယ့် ကိစ္စ ပြောချင်ပြောမှာပဲဟု တွေးမိသေးသည်။ ရင်ရင်ငြိမ်းက သူတို့ကို အရာရာ တိုင်ပင်နေကျပဲ။ ပြောလည်း မတတ်နိုင်။ စောစောသိသွားလည်း အေးတာပဲ။ အနှောင်းတို့ ဘယ်လို တုံ့ပြန်မလဲဆိုတာ မှန်းဆကြည့်မိ၏။ ဒေစီပွင့်က-

"ဖြစ်မှ ဖြစ်ရလေဟယ်၊ ဒီလောက် သံယောဇဉ် ကြီးခဲ့ကြရက်သား နဲ့" ဆိုပြီး တဖျစ်တောက်တောက် ပြောမည်။ အနှောင်းကတော့-

"ဒါကြောင့် အစကတည်းက ဒီကောင့်ကို ငါ မယုံတာ"

ဟု မကျေမချမ်း ပြောမည်။ မိမိဆီ လာပြီး ပေါက်ကွဲပြမည်။ ကွာရှင်းစာချုပ်ပေါ်မှာ လက်မှတ်ထိုးပေးဖို့တော့ လုံးဝသဘောတူမှာ မဟုတ်။ ရင်ရင်ငြိမ်းကလည်း ဒီအချက်ကို ကောင်းကောင်းသိပြီး နိုင်ကွက်အဖြစ် ကိုင်ထားမှာပဲ။ ရင်ရင်ငြိမ်းက ကွာရှင်းပြတ်စဲဖို့ ကိစ္စကို နှောင့်နှေးကြန့်ကြာ အောင် လုပ်ပြီး ပေကပ်နေတာဟာ မိမိကို ချစ်လွန်းလှလို့တော့ မဖြစ်နိုင်။ ရှက်လို့သာ ဖြစ်ရမည်။ ရင်ရင်ငြိမ်းလို လူမျိုးအတွက်တော့ လင်ကွာ၊ မယားကွာ ကိစ္စဟာ သူ့ဂုဏ်သိက္ခာကို အကြီးအကျယ် ထိခိုက်စေတယ်လို့ ယူဆမှာ အမှန်ပဲ။ ဒါကြောင့်သာ မိမိကို ဖက်တွယ်ထားလိုခြင်း ဖြစ်ရမည်ဟု ထင်သည်။

ပန်းခြံထဲမှာ တစ်ယောက်တည်း ငေါင်တောင်တောင် လာထိုင်နေ တာ သူပဲ ရှိသည်။ အသက် သုံးဆယ့်ငါးနဲ့ လေးဆယ်ကြား အရွယ်ဆိုလို့လည်း သူပဲ ရှိသည်။ ကျန်တာက လူငယ်စုံတွဲလေးတွေချည်းပဲ။ ကောင်လေးတွေ၊ ကောင်မလေးတွေက သူ့ကို ဘယ်လိုထင်မလဲ မသိ။

အလုပ်မရှိ အကိုင်မရှိတဲ့ လူလား၊ အိမ်မှာ နားပူလို့ အေးရာအေး ကြောင်း လာထိုင်နေတာလား၊ ဒါမှမဟုတ် အနားယူ အပန်းဖြေသလိုလိုနဲ့ အတွဲ လာချောင်းတတ်တဲ့ လူမျိုးလား၊ တွေးချင် တွေးကြမှာပဲ။

တကယ်တော့ ပေါ်ဒွေးကို ရှိတယ်လို့တောင် ဂရုမစိုက်အားကြ။ သူတို့အာရုံနဲ့ သူတို့ အလုပ်များနေကြတာပါပဲ။ ပေါ်ဒွေးတို့ ငယ်ငယ်တုန်းက နဲ့တော့ ကွာသည်။ ဟိုတုန်းကဆိုလျှင် လက်ကလေး ကိုင်ဖို့ကိုပဲ တော်တော် သတ္တိမွေးရသည်။ ပြီးတော့မှ တစ်ဆင့်တက်ပြီး ပခုံးလေး ဖက်၊ ခါးပင်လေး

www.burmeseclassic.com

www.burmeseclassic.com



သပ်၊ မျက်စိမှိတ်ခိုင်း၊ ပြီးတော့မှ… ။ ပေါ်ဒွေးဆိုလျှင် လက်ကိုင်တဲ့အခွင့်ကတောင် တက်ခွင့်ရခဲ့တာ မဟုတ်။

ခုခေတ် ကောင်လေးတွေ ကောင်မလေးတွေကတော့ ရဲတင်းတယ်ပဲခေါ်မလား၊ ပွင့်လင်းရိုးသားတယ်ပဲ ဆိုရမလား မသိ။ ခပ်လှမ်းလှမ်းက ခုံမှာထိုင်နေကြသော အတွဲတစ်တွဲမှာ ကောင်မလေးက ကောင်လေးရဲ့ ခါးကိုဖက်ထားသည်။ ဒီဘက်ခြမ်းမှာကျတော့ ကောင်မလေးက ကောင်လေးကိုကလိထိုးနေ၏။ ကောင်လေးက ယားလို့ တွန့်လိမ်ရင်း ရယ်နေသည်။ နောက်တော့ ကောင်မလေးရဲ့ လက်နှစ်ဖက်ကို ဖမ်းချုပ်ကိုင်လိုက်၏။ ပြီးတော့သူ့မျက်နှာက ကောင်မလေး မျက်နှာဆီ ချဉ်းကပ်သွားသည်။ ကောင်မလေးကမျက်လုံးလေး မှေး၊ နှုတ်ခမ်းလေး ဟပြီး စောင့်ကြိုနေသည်။ ထိလုထိခင်ကျမှကောင်မလေး နဖူးကို သူ့နဖူးနဲ့ ခပ်ဆဆလေး ဆောင့်တိုက်လိုက်၏။ ကောင်မလေးက နာသွားဟန် ရှုံ့မဲ့လိုက်ပြီးမှ ကောင်လေး ခေါင်းကို ဒေါက်ခနဲခေါက်ချသည်။ ပြီးတော့ သဘောကျသလို ဟက်ဟက်ပက်ပက် ရယ်နေကြသည်။

ဘာပဲဖြစ်ဖြစ် သူတို့ကို ကြည့်ရတာ ကြည်နူးစရာတော့ ကောင်းသား။ ဒီပန်းခြံက နည်းနည်းထူးဆန်းသည်။ အထဲ ဝင်လိုက်တာနဲ့ အချိန်ကာလကရပ်တန့်သွားသလို ထင်ရ၏။ ခုံတန်းလျားမှာ ထိုင်မိပြီး ခဏအကြာမှာပင်နောက်ကြောင်းပြန်လှည့်တော့သည်။ ထိုအခါ ပေါ်ဒွေးသည် အိမ်မှာ ရောက်ရှိနေခဲ့သော အနေအထားနှင့် ဒေစီပွင့်တို့သာမက ရင်ရင်ငြိမ်းကိုပါ ခေါ်ပြီး ငယ်ဘဝဆီသို့ ပြန်ရောက်သွားလေတော့သည်။

ပေါ်ဒွေးသည် မြောင်းကူးတံတား အုတ်ခုံပေါ်မှာ ထိုင်စောင့်နေသည်။ နေကအတော်ပူသည်။ ဗာဒံပင်မှ အရိပ်ကလေး ရနေသောကြောင့်သာ နည်းနည်းသက်သာနေခြင်း ဖြစ်၏။

သူက ရင်ရင်ငြိမ်းကို စောင့်နေတာ။ သူ့အိတ်ထဲမှာ စာတစ်စောင်ရှိသည်။ သူသည် ရည်းစားစာ တစ်ခါမှ ရေးဖူးသူ မဟုတ်။ မနေ့ညက ရေးဖို့ကြိုးစားကြည့်သည်။

"ရင်ငြိမ်း… နင့်ကို ငါ ချစ်မိနေပြီ"

ဆိုသော စာတစ်ကြောင်းသာ ခေါင်းထဲက ထွက်လာသည်။ ရှေ့ဆက်လို့ မရတော့။ ဖတ်ဖူးတဲ့ ဝတ္ထုစာအုပ်တွေထဲက စကားလုံးတွေ ထည့်ရေးဖို့စဉ်းစားကြည့်သည်။ သတိရလိုက်တာက-

"ဗျို့… ကိုသိန်းမောင်၊ ကုလားပု ဆိုတဲ့ ကောင်ကို ကျုပ်တော့တယ်မသင်္ကာဘူးဗျို့"

ဆိုသော စုံထောက်ဦးစံရှား ဝတ္ထုထဲက စာသားတွေ ဖြစ်နေ၏။ ကဗျာတစ်ပုဒ်လောက် ထည့်ရေးရင် ကောင်းမယ်ဟု တွေးမိပြန်သောအခါမှာလည်း ဖျတ်ခနဲ ပေါ်လာတာက-

www.burmeseclassic.com

www.burmeseclassic.com



'ဖုထစ်ရှုတ်တွ၊ ငှက်လင်းတသို့
ပျဉ်းမငုတ်တို၊ သက်ကြားအိုသည်
ကုန်းမိုထက်တွင် တပင်တည်း။'

ဟာ… ဘာဆိုင်လို့လဲ။ အချစ်ကဗျာတစ်ပုဒ်လောက် စဉ်းစားစမ်း၊ စဉ်းစားစမ်း၊ စဉ်းစားစမ်း။ သူ မေးခန့် အိပ်ပျော်သွားသည်။

အိပ်ရာက နိုးတော့ ခုနစ်နာရီ ထိုးပြီးနေပြီ။ သူ ရေးတဲ့ စာက 'နင့်ကို ငါ ချစ်မိနေပြီ' တစ်ကြောင်းသာ ပြီးသေးသည်။ ဒီနေ့ စာပေးဖြစ်အောင် ပေးမည်ဟု ဆုံးဖြတ်ထားပြီး ဖြစ်၏။ နောက်ဆုံး မတတ်သာလျှင် နှစ်ကြောင်း၊ သုံးကြောင်းပဲဖြစ်ဖြစ် ရေးပြီး ပေးကို ပေးရမှ ကျေနပ်နိုင်မည်။

တစ်ခု သွားသတိရလိုက်၏။ ရဲမော်သည် မြရီဝင်းကို ပေးဖို့ စာကို ဒီအခန်းထဲမှာပဲ ရေးခဲ့တာ။ သူငယ်ချင်းတွေ ဝိုင်းစဉ်းစားပြီး အကြံဉာဏ်ပေးခဲ့ကြသည်။ သူတို့ထဲမှာ စာဖတ်အား အကောင်းဆုံး ဖြစ်သော အောဘီကျော်က ဦးဆောင်ပြီး ရေးခဲ့သည်။ ထိုစာကြမ်းကို ရဲမော်က အချောကူးယူသွားခဲ့၏။ နောက်တော့ တစ်ယောက်ကို တစ်ယောက် စကြ၊ နောက်ကြရင်း စာကြမ်းကို လုံးထွေးပစ်ပေါက်ကြသည်။ နောက်ဆုံး ဘယ်ရောက်သွားလဲ။ အောင်ချိုက ဘောလုံးလို ကန်လိုက်တာ ခုတင်အောက်ထဲ လိမ့်ဝင်သွား… ။

သူ ခုတင်အောက်ကို ငုံ့ကြည့်သည်။ ထောင့်တစ်နေရာမှာ ပင့်ကူမျှင်တွေနဲ့ လုံးထွေးနေသော စာကြမ်းကို တွေ့သည်။ ခုတင်အောက်ကို တွားသွားဝင်ပြီး ယူရသည်။ ဖြန့်ကြည့်တော့-

'ကိုရဲ ရင်ထဲမှာ မီးခဲ မျိုထားရသလို ပူလောင်လွန်းလှပါပြီ၊ တစ်မြို့လုံးက မီးသတ်ကားတွေ ဝိုင်းငြိမ်းရင်တောင် ဒီမီးက သေနိုင်မယ် မထင်ဘူး၊ မြရဲ့ မေတ္တာရေကြည် တစ်ပေါက် ပက်ဖျန်းပေးမှသာ…'

ထိုစာကိုပင် သူ ပြန်ကူးပြီး ယူလာခဲ့ခြင်း ဖြစ်၏။

နေက ပိုမြင့်လာသောအခါ ဇာဒ်ပင်ရိပ်က သူ ထိုင်နေသော အုတ်ခုံမှ လွတ်သွားသည်။ ထို့ကြောင့် နေရာရွှေ့ရသည်။ မနက်က သုတ်သုတ်ပျာပျာ ထွက်လာခဲ့သဖြင့် ဘာမှ မစားခဲ့ရသေး။ ခုမှ ဗိုက်အရမ်းဆာလာသည်။ ဟိုဘက်လမ်းထိပ်က အကြော်ဆိုင်ကို ပြေးပြီး ငှက်ပျောကြော် တစ်ခု ဝယ်သည်။ ကြော်ပြီးခါစမို့ ပူပူလောင်လောင်ကြီး ရှိသေးသည်။ သတင်းစာစက္ကူနှင့် ထုပ်ပြီး ကိုင်လာရသည်။



ထိုအချိန်တွင် ရင်ရင်ငြိမ်းသည် မြောင်းကူး အုတ်ခုံကိုတောင် ဖြတ်ကျော်သွားနေပြီ။ သူတစ်ယောက်တည်း မဟုတ်။ အနှောင်းနှင့် ဒေစီပွင့်တို့လည်း ပါသည်။ ပေါ်ဌေးသည် ဆုံးဖြတ်ချက် ချပြီးလျှင် ပြင်လေ့ရှိသူ မဟုတ်သဖြင့် ဘယ်သူတွေ ပါပါ၊ ဂရုမစိုက်တော့ဘဲ နောက်မှ ခပ်သွက်သွက် လိုက်သွားသည်။

သူတို့အုပ်စုကို ကျော်တက်ပြီး ရှေ့မှ ပိတ်ရပ်လိုက်သည်။ ကိုယ့်ဟာကိုယ် သတ္တိကောင်းလှပြီ ထင်နေတာ။ တကယ် နဖူးတွေ ဒူးတွေလည်းကျရော အယောင်ယောင် အမှားမှားတွေ ဖြစ်ကုန်တာပဲ။ ရင်ရင်ငြိမ်းကို စာပေးရမယ့်အစား ငှက်ပျောကြော်ကြီး လှမ်းပေးလိုက်မိ၏။ အနှောင်းက-

"အမယ်… ငါတို့တော့ မကျွေးဘူး" ဟု ပြောတော့မှ-

"အဲ… ဟုတ်သားပဲ၊ ရော့ ရော့"

ငှက်ပျောကြော်ကို အနှောင်း လက်ထဲ ထည့်ပေးလိုက်သည်။ ပြီးမှ အိတ်ထဲက စာအိတ်ကို ဆွဲထုတ်၍-

"ဒါ… ဒါကမှ နင့်အတွက်"

ဆိုပြီး ရင်ရင်ငြိမ်းကို လှမ်းပေးသည်။ ရင်ရင်ငြိမ်းကလည်း ဘုမသိ ဘမသိ လှမ်းယူမည်အပြု ဒေစီပွင့်က 'ဟဲ့' ဟု ရေရွတ်လိုက်မှ လက်ပြန်ရုပ်သွား၏။ အနှောင်းက နောက်နေတာမှတ်လို့ ရယ်မလို လုပ်လိုက်သေးသည်။ အနှောင်းသည် အကင်းပါးသူ ဖြစ်၏။ ပေါ်ဌေး၏ မျက်နှာထားကို အကဲခတ်လိုက်ပြီး အခြေအနေမှန်ကို ရိပ်မိသွားသည်။ မျက်နှာထား ချက်ချင်း တင်းသွားပြီး-

"နင် ဒါ ဘာလုပ်တာလဲ"

"စာပေးတာ"

"နင် ရိုင်းလှချည်လား"

"ဘာ… ချစ်လို့ စာပေးတာ ရိုင်းရမှာလား"

"ငါတို့ ဘယ်ကလာတယ် ဆိုတာ မသိဘူးလား"

"ဟင်… ငါက ဘယ်လိုလုပ် သိမှာလဲ"

"ငါတို့ အဝတ်အစားတွေကို မမြင်ဘူးလား"

"အယ်…"

www.burmeseclassic.com

www.burmeseclassic.com



ခုမှ သတိထား ကြည့်မိ၏။ သူတို့ သုံးယောက်စလုံး အင်္ကျီလက်ရှည် အဖြူနှင့် ယောဂီရောင် ထဘီဆင်တူ ဝတ်ထားကြသည်။ ဒေစီပွင့်က-

"ငါတို့ မမွာရုံမှာ ဝတ်တက်ပြီး ပြန်လာကြတာပါ"

ဟု ပြောသည်။ သူ့လေသံက ကြေရာကြေကြောင်း ပြောတဲ့ပုံမျိုး။ ရင်ရင်ငြိမ်းကတော့ ဘာမှ မပြော။ မျက်လုံးလေး ကလယ်ကလယ် လုပ်ရင်း သူ့သူငယ်ချင်း နှစ်ယောက်ကို တစ်လှည့်စီ ကြည့်နေသည်။ အနှောင်းကတော့ မကျေနပ်သေး။

"ငါတို့ ကုသိုလ်ကောင်းမှု လုပ်ပြီး ပြန်လာတဲ့အချိန်မှာ ဒါမျိုး နှောင့်ယှက်တာ ကောင်းသလား"

"ဆောရီးပဲဟာ၊ ငါ သတိမထားမိလိုက်လို့ပါ၊ နောက်နေ့ကျမှပဲ ပေးတော့မယ်နော်"

"ဘာပြောတယ်"

အနှောင်းက ရှေ့ခြေတစ်လှမ်း တိုးသည်။ ရင်ရင်ငြိမ်းက လက်မောင်းကို လှမ်းကိုင်ဆွဲလိုက်သည်။ ဒေစီပွင့်က-

"လာပါဟာ၊ သွားရအောင်၊ ဘာဝနာပွားရမယ့် အချိန်မျိုးမှာ ဒေါသကို ထိန်းပါဦး"

အနှောင်းက 'ဟင်း' ဆိုပြီး ရှေ့က ထွက်သွားသည်။ ရင်ရင်ငြိမ်းက ပေါ်ဒွေးကို ဖျတ်ခနဲ တစ်ချက် ကြည့်သွားတာကို ဒေစီပွင့် သတိပြုလိုက်မိ၏။ ပေါ်ဒွေးမှာ ခုမှ သတိရပြီး-

"ဟာ... ငါ့ငှက်ပျောကြော်"

အနှောင်းက လက်ထဲမှာ ပါလာသော ငှက်ပျောကြော်ကို ကြည့်ပြီး နောက် လမ်းဘေး ရေမြောင်းထဲ ပစ်ချလိုက်သည်။

ရင်ရင်ငြိမ်းက စာကို ယူမသွားဖြစ်တာဘဲ ခပ်ကောင်းကောင်းဟု ဆိုရမည်။ မိန်းကလေးတစ်ယောက်ဟာ စာတစ်စောင် ပေးရုံနဲ့ ပြန်လည်တုံ့ပြန် အဖြေပေးခြင်း မပြုရ ဆိုတဲ့ ဥပဒေကို ဘယ်သူက ထုတ်ပြန်ထားခဲ့မှန်း မသိ။ အနည်းဆုံး နှစ်စောင်၊ သုံးစောင်တော့ ပေးရတတ်သည်။ ရဲမော်တုန်းကဆိုလျှင် ရှစ်စောင်ထိတောင် ပေးခဲ့ရသည် ဆို၏။

ပေါ်ဒွေးအနေဖြင့် နောက်ထပ် စာတစ်စောင် ရေးဖို့ မလွယ်လှ။ သူငယ်ချင်းတွေကို အကူအညီတောင်းလို့တော့ ရသည်။ သို့ရာတွင် လောလော



ဆယ်မှာ သူတို့ကို ဒီကိစ္စ အသိမပေးချင်သေး။ ကိုယ့်ဘာသာ ကျိတ်လုပ်ပြီး အောင်မြင်တော့မှ အံ့သြသွားကြစေချင်သည်။

ခုတော့ အဆင်ပြေသွားသည်။ နောက်ထပ် စာတစ်စောင် ရေးစရာ မလိုတော့။ ဒီစာကိုပဲ ဒုတိယတစ်ခါ ထပ်ပေးလို့ရပြီ။ ပထမတစ်ခါက မယူဖြစ် ပေမယ့် စာတစ်ကြိမ် ပေးပြီးဖြစ်ကြောင်း စာရင်းဝင်သွားပြီပဲ။ တကယ်တော့ ရည်းစားစာ ဆိုတာ ဖတ်နေစရာတောင် မလို။ ချစ်နေကြောင်း သိသွားလျှင် လုံလောက်တာပဲ။

တစ်ခုတော့ ရှိသည်။ ဒီစာက အချိန်လုပြီး အမြန်ကူးရေးရလို့ လက်ရေးက သိပ်မလှ။ နဂိုကတည်းကမှ လက်ရေးသော့ရတဲ့ကြားထဲ ဖျက်ရာ ပြင်ရာတွေက ပါနေသေးသည်။ ဒီတော့ အသစ်ပြန်ကူးမှ ဖြစ်မည်။ နောက်ပြီး အချိန်မရသဖြင့် လမ်းဘေး ကွမ်းယာဆိုင်က ကြုံရာစာအိတ်နဲ့ ထည့်ခဲ့ရတာ။ ရိုးရိုးလေးယာဉ်စာအိတ်ကြီး။ ဈေးထဲက စာရေးကိရိယာဆိုင်မှာ ပန်းပွင့်ပုံ၊ လိပ်ပြာပုံ ပါသော စာအိတ်လှလှ ဝယ်ရမည်။ ရည်းစားစာ ရေးရဝ႒ာကလည်း အတော်ကရိကထ များသည်။ စိတ်မရှည်ရတဲ့ကြားထဲ။

စာကို ပြန်ကူးမယ်လို့ စာအိတ်ထဲက ဖောက်ထုတ်ပြီး ပြန်ကြည့်တော့မှ မျက်လုံးပြူးသွားသည်။ ဟိုတစ်နေ့က အလောတကြီးနဲ့မို့ သေသေချာချာ ဂရုစိုက် မကြည့်ဘဲ ကူးသွားမိသည်။ မူရင်းစာက ရဲမော်အတွက် ရေးထားတာလေ။ ဒီတော့ စာထဲမှာ 'မြ'၊ 'ကိုရဲ' ဆိုသော အသုံးအနှုန်းတွေ ပါသည်။ ဒါကို 'ရင်ငြိမ်း'၊ 'ကိုယ်' ဆိုတဲ့ စကားလုံးတွေနဲ့ အစားထိုးရမှာ။ ခုတော့ နာမည်တွေ မပြောင်းဘဲ ဒီအတိုင်း ကူးလိုက်မိခဲ့သည်။ ကံကောင်းလို့။

◆

နောက်တစ်ကြိမ်မှာကျတော့ ရင်ရင်ငြိမ်း တစ်ယောက်တည်း လျှောက် လာတာ တွေ့ရသည်။ ထဘီအရောင်ကိုလည်း အကဲခတ်ရသေးသည်။ ဒီနေ့ တော့ အပြာနုရောင် ဝတ်လာသည်။ အပြာနုဆို ဘာလဲ။ ဘာမှ မဟုတ်။ သေချာအောင် -

"ဘယ်က လာတာလဲ" မေးရသည်။

"အပ်ချုပ်ဆိုင်က"

"ဒါဆိုရင်တော့ ဒီစာကို ယူသွားဖို့ အဆင်ပြေပါတယ်ရှင်"

www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး စာကို လှမ်းပေးသည်။ ရင်ရင်ငြိမ်းက ထွေထွေထူးထူ ငြင်းဆန်မနေတော့ဘဲ အသာတကြည့် ယူသွား၏။ ပေါ်ဒွေး အရမ်းပျော်သွ သည်။ ဟိုတစ်နေ့က ဟိုဟာတွေ ရှိနေလို့ မယူရဲတာဘဲ။ ခုတော့ အခြေအနေ ထင်တာထက်တောင် ကောင်းနေသေးသည်။

အမှန်တော့ ရင်ရင်ငြိမ်းသည် ငြင်းနေလို့ အတင်းလိုက်ပေးရင် ဂုဏ် ပျက်တော့မှာပဲဟု စိုးရိမ်ပြီး စာကို ယူသွားခြင်းသာ ဖြစ်၏။ ထိုစာသည်လည် အနော်င်းနှင့် ဒေစီပွင့်တို့ဆီ အရာမယွင်းဘဲ ရောက်ရှိသွားလေသည်။

သုံး လေးရက် အကြာမှာတော့ လမ်းမှာ အုပ်စု နှစ်စု ပက်ပင်းတို မိကြသည်။ သူတို့ပုံစံမှာ အနောက်တိုင်း ကောင်းဘွိုင်ကားတွေထဲမှ သေနတ်သမာ တွေ မျက်နှာချင်းဆိုင် ဆုံကြသလိုပင် ဖြစ်၏။ တစ်ဖက်က အနော်င်း၊ ဒေစီပွ နှင့် ရင်ရင်ငြိမ်း။ တစ်ဖက်မှာတော့ ပေါ်ဒွေးနှင့်အတူ ကောင်းထွန်းနှင့် အောင်ကျေ ကို့ ပါလာသည်။ အောင်ကျော်က ဘာမှ မသိသေးသဖြင့်-

"တစ်ဖက် သုံးယောက်စီ ဆိုတော့ အတော်ပဲဟေ့"

ဟု လှမ်းနောက်လိုက်သေးသည်။

အနော်င်းက စူးစူးရဲရဲ ကြည့်ရင်း လျှောက်လာသည်။ ဒေစီပွင့်က တစ်စုံတစ်ခု ဖြစ်မှာ စိုးရိမ်ဟန်ဖြင့် မျက်နှာပျက်ချင်နေသည်။ ရင်ရင်ငြိမ်းက တော့ ခေါင်းငုံ့ထား၏။

အနားရောက်တော့ အနော်င်းက ခါးထောက် ရပ်လိုက်ပြီး-

"ဒီမှာ ငပေါ်၊ နင် ဘာအချိုး ချိုးတာလဲ"

ဟု မေးလိုက်သည်။ ပေါ်ဒွေး ဘာမှ ပြန်မပြောနိုင်ခင် ကောင်းထွန်းက-

"ဘာဖြစ်ကြတာလဲဟ"

"ဘာဖြစ်တယ် ဆိုတာ နင်တို့ ကောင်ကို မေးကြည့်"

"ဟေ့ကောင် ဘာဖြစ်တာလဲ"

ကောင်းထွန်းက မေးတော့ ပေါ်ဒွေးက-

"စာပေးလို့"

"ဘာ... မင်းက အနော်င်းကို စာပေးတယ်၊ အံ့ပါ့ကွာ"

"ဟာ... ဒါကြီး မဟုတ်ပါဘူး၊ သူ့ကို..."

ဆိုပြီး ရင်ရင်ငြိမ်းကို လက်ညှိုးထိုးပြသည်။ 'ဒါကြီး' ဟု အပြောခံ သဖြင့် အနော်င်း မျက်နှာ တင်းခနဲ ဖြစ်သွားသည်။ အောင်ကျော်က-



"ထင်သားပဲ၊ ငါ ပြောတယ် မဟုတ်လား၊ ခုတလော ဒီကောင့် ကြည့်ရတာ၊ တစ်ခုခု ကျိတ်ကြံစည်ထားလို့ မလုံမလဲ ဖြစ်နေပုံပဲလို့"

ဟု ကောင်းထွန်းဘက် လှည့်ပြောသည်။

"အေးကွ၊ ငါက မတော်တရော်တွေနဲ့ တွေ့သွားမှာကို စိုးရိမ်နေတာ၊ ရင်ရင်ငြိမ်းနဲ့ ဆိုရင်တော့ သဘောတူပါတယ်"

"ဒီမှာ တန်ရာတန်ရာ ပြောစမ်းပါ"

အနော်င်းက ဒေါသဖြစ်လက်စနဲ့ ရန်စကား ပြောလိုက်သည်။ ကောင်းထွန်း ဆတ်ခနဲ ဖြစ်သွားပြီး-

"နေစမ်းပါဦး၊ နင်တို့ သူငယ်ချင်းက ဘယ်လောက်တန်လို့လဲ"

"ဘာပြောတယ်"

"နင်ပဲ တန်ရာတန်ရာ ပြောဆို"

အနော်င်း ရုတ်တရက် ဘာပြန်ပြောရမှန်း မသိ ဖြစ်သွား၏။ ဒေစီပွင့် က-

"ပြောမနေပါနဲ့တော့ဟာ၊ သွားကြရအောင်"

ဟု ဆိုသော်လည်း အနော်င်းက မရဘဲ-

"နင်တို့ကို သတိပေးထားမယ်၊ နောက်ကို ဒါမျိုး လုံးဝလိုက် မနှောင့်ယှက်ပါနဲ့၊ ဒါပဲ"

"နင်နဲ့ ဘာဆိုင်လဲ၊ ပြောချင်ရင် ကာယကံရှင်က ပြောပါစေ"

ရင်ရင်ငြိမ်းက ယောင်ပြီး-

"ငါ မပြောတတ်ဘူး" ဟု လွှတ်ခနဲ ပြောလိုက်၏။ အောင်ကျော်က-

"လှလို့ ချစ်တာ ဘာဖြစ်လဲဟ၊ နင်က မနာလို ဖြစ်နေတာလား အနော်င်း၊ နင်လည်း သူ့လိုလှအောင် ကြိုးစားပေါ့၊ ဒါမှ သူ့လိုပဲ..."

"ဘာပြောတယ် ရာရာစစ၊ နင်ကပဲ ပြောရတယ် ရှိသေး၊ ကိုယ့်ရုပ် ကိုလည်း ပြန်ကြည့်ဦး၊ ဗျိုင်းယောင်ဆောင်ထားတဲ့ ကျီးကန်းကို ဖီးကွက် မျက်လုံး တပ်ပေးထားတဲ့ ကောင်ကများ"

အသားမည်းမည်း၊ ရှည်တောက်တောက်၊ ကော်ကိုင်းမျက်မှန် ပုံတုံးတုံး နဲ့ အောင်ကျော်ကို အနော်င်းက အပြတ်စိန်ခေါ်လိုက်ခြင်းပင် ဖြစ်၏။ အောင်ကျော် ကလည်း မထိမဲ့မြင် ပြုံးလိုက်ပြီး-

www.burmeseclassic.com

www.burmeseclassic.com



"ထားပါတော့၊ ဒါပေမဲ့ နှင့်လို ဝုံမဟုတ် ပတ်မဟုတ်ထက်တော့ အများကြီး သာသေးတယ်၊ မှတ်ထား"

ထိုစကားသည် အနှောင်း၏ ခေါသကို အဆုံးစွန်သို့ ရောက်ရှိသွားစေ၏။

"ဘာ… နှင် နှင်…"

အနှောင်း စိတ်မထိန်းနိုင်တော့။ ဟိုဒီ ကြည့်သည်။ မလှမ်းမကမ်းမှာ တွေ့သော အုတ်ခဲကျိုးကို ကောက်ယူသည်။ ဘယ်သူမှ တားဖို့ အချိန်မရခင် အောဘီကျော်ကို လှမ်းပစ်ပေါက်လိုက်၏။ အုတ်ခဲကျိုးက အတော်လေးသဖြင့် ချိန်သားမကိုက်။ အောဘီကျော်ကို မထိဘဲ ဘေးမှာ ကပ်လျက် ရပ်နေသော ပေါ်ဒွေး၏ ဒူးခေါင်းကို မှန်သဖြင့် 'အားခနဲ' အော်ပြီး ခွေကျသွားသည်။

ရင်ရင်ငြိမ်းသည် မျက်လုံးလေး ဝိုင်းသွားပြီး 'ဟယ်'ဟု ရေရွတ်လိုက်မိ၏။ ထို'ဟယ်'ထဲမှာ စိုးရိမ်သံ ပါနေသည်။ ကရုဏာသံ စွက်နေသည်။ ထို့ကြောင့် ရင်ရင်ငြိမ်းသည် ဟယ်… ဆိုသော စကားလုံး တစ်လုံးတည်းဖြင့် ပေါ်ဒွေးကို အဖြေပေးလိုက်ခြင်းပင် ဖြစ်တော့သည်။

ထို'ဟယ်'နှင့် ပတ်သက်ပြီး အနှောင်းနှင့် ဒေစီပွင့်တို့က ရင်ရင်ငြိမ်းကို စစ်ကြောရေး လုပ်ကြသည်။ အနှောင်းက ရင်ရင်ငြိမ်းသည် ပေါ်ဒွေးကို ချစ်နေပြီဟု စွပ်စွဲသည်။ ဒေစီပွင့်ကလည်း ဖြစ်နိုင်သည်ဟု ဆိုသည်။ ရင်ရင်ငြိမ်းကတော့ ငါ ဘာမှ မသိဘူး၊ မပြောတတ်ဘူးဟု ဇဝေဇဝါ လုပ်နေသည်။ နောက်ဆုံးတော့ နှစ်ဒသမ ငါးမဲဖြင့် ထိုအဆိုကို အတည်ပြုလိုက်ကြလေသည်။

အနှောင်းက လုံးဝသဘောမတူနိုင်။ သူတို့ သုံးယောက်စလုံး ရည်းစားမထားကြေး။ အိမ်ထောင်မပြုကြေး။ တစ်သက်လုံး အပျိုကြီးတွေအဖြစ် အတူတကွ နေကြကြေးဟု ကတိကဝတ် ပြုထားကြတာပဲ။

ဒေစီပွင့်ကတော့ နည်းနည်းတွေဝေနေသည်။ သူတို့ အခေါ် အပျိုကြီး၏ စကားကို သတိရမိသောကြောင့် ဖြစ်၏။ ဟိုဘဝက ချစ်သူနှစ်ယောက်ကြားမှာ ဝင်ပြီး နှောင့်ယှက်ခဲ့သောကြောင့် ဒီဘဝမှာ ဝဋ်လည်ပြီး အပျိုကြီး ဖြစ်နေရတာတဲ့။ အပျိုကြီး ဖြစ်မှာကိုတော့ မကြောက်ပါ။ ခုဘဝမှာတောင် အပျိုကြီးအဖြစ် နေဖို့ ဆုံးဖြတ်ထားပြီးပြီပဲ။ သူ စိုးရိမ်တာကတော့ အခေါ် အပျိုကြီးလို အရုပ်ဆိုးမှာကိုသာ ဖြစ်၏။



ထို့ကြောင့် ပွင့်ပွင့်လင်းလင်း မကန့်ကွက်ဘဲ 'စဉ်းစားကြသေးတာပေါ့' ဆိုတာမျိုး မတင်မကျသာ ပြောဒိ၏။ ပြီးတော့ ရင်ရင်ငြိမ်းကိုလည်း သနားသည်။ ရင်ရင်ငြိမ်းသည် သူ့ဟာသူ သေသေချာချာ မသိသော်လည်း ပေါ်ဒွေးကို အတွင်းစိတ်ထဲက ချစ်နေကြောင်း ဒေစီပွင့် ရိပ်မိသည်။ အနှောင်းက သဘောမတူကြောင်း ငေါက်ငမ်း ပြောသောအခါ ရင်ရင်ငြိမ်း မျက်နှာလေး ငယ်သွားတာကို မကြည့်ရက်။ ပေါ်ဒွေးကိုလည်း သနားသည်။ သူတို့ သုံးယောက် အုပ်စုထဲက ရင်ရင်ငြိမ်း ပဲ့ထွက်သွားမှာကိုလည်း နှမြောသည်။

ဝေခွဲမရ ဖြစ်နေရာမှ စိတ်ကူးတစ်ခု ရသွားသည်။ ဗေဒင် မေးကြည့်ဖို့ပင် ဖြစ်၏။ စာမေးပွဲကိစ္စ တိတိကျကျ မှန်အောင် ဟောနိုင်ကတည်းက သူတို့ အားကိုးအားထားပြုခဲ့သော ဗေဒင်ဆရာမကြီးဆီ သွားကြသည်။ ဆရာမကြီးက ဗေဒင်သာမက အကြားအမြင်လည်း တွဲဖက်ပြီး ဟောနိုင်သည်။ သူတို့ သုံးယောက် အိမ်ထောင်ကျကိန်း ရှိ၊ မရှိ မေးသောအခါ အနှောင်းနှင့် ဒေစီပွင့်တို့အတွက်တော့ ဘာမှ မမြင်။ ရင်ရင်ငြိမ်းကတော့ ဖြစ်နိုင်သည်။

"ဖူးစာရှင်က ကြာသပတေးသား"

ဆိုပြီး ပုံပန်းသဏ္ဌာန်ကို ဆက်လက် ပြောပြရာ ပေါ်ဒွေးနှင့် တစ်ထပ်တည်း တူနေသည်။ သူတို့ အံ့သြသွားကြရသည်။ ဆရာမကြီးက မျက်စိကို မှိတ်ပြီး အာရုံ စူးစိုက်လိုက်သည်။

"စိတ်မကောင်းစရာဘဲ၊ အဲဒီကောင်လေးက ခြေထောက်တစ်ဖက် မသန်ရှာဘူး၊ လမ်းလျှောက်ရင် ထော့နဲ့ ထော့နဲ့ ဖြစ်နေတယ်"

သူတို့ တစ်ယောက်ကို တစ်ယောက် လှမ်းကြည့်မိကြ၏။ ဆရာမကြီးက ခေါင်းခါလိုက်ပြန်ပြီး–

"မဟုတ်သေးဘူး၊ မဟုတ်သေးဘူး၊ အဲဒါက ယာယီပဲ၊ ပြန်ကောင်းသွားလိမ့်မယ်၊ လောလောဆယ် ညာဘက် ဒူးခေါင်းမှာ ဒဏ်ရာရထားလို့ပါ"

မျက်လုံးပြူးကုန်ကြ၏။ အနှောင်းက–

"သူက လူကောင်း ဟုတ်ရဲ့လား"

ဟု မေးလိုက်သည်။ ဆရာမကြီးက မျက်စိကို ပြန်ဖွင့်လိုက်ပြီး–

"လူကောင်းပါ၊ ရိုးသားတယ်၊ သစ္စာရှိတယ်၊ တစ်ခါတစ်ခါတော့ ခေါသကြီးတတ်တယ်၊ လုပ်ချင်တာရှိရင် မဖြစ် ဖြစ်အောင် ဇွတ်လုပ်တတ်

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ငါ့တူမတို့ လုပ်ချင်နေတဲ့ သာသနာပြုလုပ်ငန်းမှာ အထောက်အကူ ပေးလိမ့်မယ်၊ လက်သင့်ခံနိုင်တဲ့ သူမျိုးပါပဲ''

ထိုဟောချက်ကို အကြောင်းပြုပြီး အနော်င်းတို့က ပေါ်ဒွေးကို တွေ့ဆုံ ဆွေးနွေးလိုသည်ဟု အကြောင်းကြားသည်။ တစ်ယောက်တည်း လာရမည်ဟု ချိန်းဆိုလိုက်သည်။

''တစ်ယောက်တည်း လာရမယ်ဆိုတာကို ငါ သိပ်မသက်သာဘူးကွ၊ သူတို့ သုံးယောက် ပေါင်းပြီး မင်းကို လုပ်ကြံမလို့ ထင်တယ်''

ဟု အဘိုးကျော်က ပြောသေးသည်။ ရဲမော်က-

''မင်းဟာက စုံထောက်ဝတ္ထုဆန်လိုက်တာကွာ၊ ငါ ထင်တာတော့ ပေါ်ဒွေး အခြေအနေ ကောင်းတယ်ကွ၊ နို့မို့ဆို ဘာဖြစ်လို့ ခေါ်တွေ့နေမှာလဲ''

ကောင်းထွန်းတို့ကလည်း ထူးခြားမှု ရှိလိမ့်မည်ဟု သုံးသပ်သည်။ တကယ်တော့ ဘယ်သူက ဘာပြောပြော ပေါ်ဒွေးက သွားတွေ့ဖို့ ဆုံးဖြတ်ပြီးသား။ လုပ်ကြံချင်လို့ပဲ ဖြစ်ဖြစ်၊ ပြန်ပေးဆွဲတာပဲ ဖြစ်ဖြစ်၊ ဖြားယောင်း သွေးဆောင်ပြီး လက်ပတ်နာရီ ချွတ်လုတာပဲ ဖြစ်ဖြစ်၊ ဝိုင်းဟားလွှတ်တာပဲ ဖြစ်ဖြစ်။

အနော်င်းက ပေါ်ဒွေးအနေဖြင့် ရင်ရင်ငြိမ်းကို တကယ် လေးလေးနက်နက် ချစ်တာ ဟုတ်၊ မဟုတ်၊ အပျော်သဘော ဟုတ်၊ မဟုတ်၊ သစ္စာရှိ မရှိ စစ်ဆေး မေးမြန်းပြီး ကျေနပ်သွားတော့မှ-

''ဒါဆို နင်တို့နှစ်ယောက်တည်း ဆက်ပြီး ဆွေးနွေးကြ၊ ဆယ့်ငါးမိနစ် အချိန်ပေးမယ်''

ဆိုပြီး ရှောင်ပေးကြသည်။ ပေါ်ဒွေး ဆိုတဲ့ ကောင်ကလည်း လူလစ်တာနဲ့-

''ဝမ်းသာလိုက်တာဟာ''

ဟု ပြောရင်း လက်ကို ဖမ်းဆုပ်ကိုင်လိုက်သည်။ ရင်ရင်ငြိမ်းက ဆတ်ခနဲ ရုန်းလိုက်ပြီး-

''ဟင်… အဲဒီလိုတော့ မရမ်းကားနဲ့''

ပေါ်ဒွေးမှာ ဝမ်းသာလုံး ဆို့ပြီး ယောင်ယောင်ကန်းကန်းနဲ့ ကိုင်မိခြင်းသာ ဖြစ်၏။ နောက်ထပ် မတို့ မထိရဲတော့။ တော်ကြာ လက်ရောက် ကျူးလွန်မှုနှင့် သဘောတူညီချက်ကို ပြန်ရုပ်သိမ်းသွားလျှင် ခက်မည်။



ထို့နောက် ရင်ရင်ငြိမ်းက သူ့အပေါ် သန့်စင်သော မေတ္တာနှင့်သာ ချစ်စေလိုကြောင်း၊ တစ်သက်တာ သစ္စာရှိလိမ့်မည်ဟု မျှော်လင့်ကြောင်း၊ အထူးသဖြင့် မိမိ ဘာသာရေးဘက်မှာ စိတ်ထက်သန်ခြင်းကို အနှောင့်အယှက် ပေးခြင်း၊ တားမြစ်ပိတ်ပင်ခြင်း မပြုပါဟု ကတိပေးစေလိုကြောင်း ပြောသည်။ ပေါ်ဒွေးကလည်း ရွှေးကောက်ပွဲဝင်ခါနီး အမတ်လောင်းလိုပဲ၊ တောင်းသမျှ ကတိတွေကို လွယ်လွယ်ကူကူ ပေးပစ်လိုက်သည်။ (နောက်မှ ကြည့်လုပ်။)

''နင့် ပရိတ်ကြီး ဆယ့်တစ်သုတ် ရသလား''

ဟု ရင်ရင်ငြိမ်းက မေးသည်။ ရုတ်တရက်မို့ ပေါ်ဒွေး အဖြေရ ခက်သွားသည်။ ရုတ်တရက် မဟုတ်ဘဲ အေးအေးဆေးဆေး ဆိုလည်း ဖြေနိုင်မှာ မဟုတ်။ သူသည် အိပ်ရာဝင်ခါနီးမှာတောင် ဘုရားမှန်မှန် ရှိခိုးဖြစ်သူ မဟုတ်။

ငယ်ငယ်က အိပ်မက်ဆိုး မက်မှာ ကြောက်လို့ အိပ်ခါနီးတိုင်း ဘုရား ရှိခိုးသည်။ အရွယ်လေး ရောက်လာတော့ ပေါ့ပေါ့ဆဆ ဖြစ်လာ၏။ ရုပ်မြင်သံကြား ကြည့်၊ စာဖတ်၊ အိပ်ရာထဲ ဝင်တော့ အရမ်းအိပ်ချင်နေပြီ။ ဘုရား မရှိခိုးရသေးဘူး ဆိုတာ သတိရမိတတ်သော်လည်း ပြန်မထချင်တော့။ တစ်ရက်တလေတော့ အရေးမကြီးပါဘူး ဆိုပြီး နေလိုက်ရာ အကျင့်ပျက်သွားခဲ့သည်။ အမေ သင်ပေးထားသော ဘုရားရှိခိုးတွေတောင် ဟိုတစ်ပိုဒ် ဒီတစ်စ မေ့မေ့လျော့လျော့၊ ရောရောထွေးထွေး ဖြစ်ချင်နေပြီ။ ထို့ကြောင့်-

''အားလုံးတော့ မရဘူး''

ဟု တချို့ ပရိတ်တော်တွေပဲ ရသလိုလို ရောချလိုက်သည်။

''အဲဒါဆို မဖြစ်ဘူး၊ ရအောင် ကျက်ထားဦး၊ အနော်င်းတို့က နင့်ကို တိတ္တိလို့ ပြောနေတယ်၊ နောက်အပတ်ကျရင် စစ်ဆေးကြည့်မယ်တဲ့''

ပေါ်ဒွေးမှာ ပရိတ်ကြီး ဆယ့်တစ်သုတ်ကို တစ်ပတ်အတွင်း ရအောင် အသေအလဲ ကျက်ရသည်။ ထိုကာလအတွင်း သူငယ်ချင်းတွေနဲ့တောင် မတွေ့နိုင်။ ရင်ရင်ငြိမ်းနဲ့ အဆင်ပြေလို့ အောင်ပွဲခံဖို့ ကိစ္စကိုလည်း ရက်ရွှေ့ထားရသည်။ ရင်ရင်ငြိမ်းထံမှာ အရင်ဆုံး စာအံပြရသေးသည်။ ရင်ရင်ငြိမ်းက အသံထွက် မှားနေတာတွေ ပြင်ပေးသည်။ ပြီးတော့မှ အနော်င်းနှင့် ခေဇီးဖြူ တို့ ရှေ့မှာ ရွတ်ပြနေရသည်။ အနော်င်းက သိပ်ဌာန်ကရိုဏ်းမကျဘူးဟု ဝေဖန် သေးသည်။ ခေဇီပွင့်က-

www.burmeseclassic.com

www.burmeseclassic.com



"ယောက်ျားလေးပဲဟာ၊ ဒီလောက် ရရင် တော်ရောပေါ့၊ ငါတို့လို အလေ့အကျင့် ရှိတာမှ မဟုတ်တာ"

ဟု ဝင်ပြောပေးတော့မှ ကျေနပ်ပြီး လက်ခံသည်။ ထိုအခါကျမှသာ ရင်ရင်ငြိမ်းနှင့် ကိစ္စ တရားဝင် အတည်ဖြစ်သွားတာ။

သမီးရည်းစားတွေ ဖြစ်သွားကြပြီ ဆိုပေမယ့် သူများတကာလို လျှောက်လည်ခွင့် ရတာ မဟုတ်။ ကဲဖို့ ဆိုတာ ဝေးရော။ တွေ့ခွင့်ရတာက ဟိုနှစ်ယောက်ရဲ့ ရှေ့မှောက်မှာ။ သူတို့က ယောက်ျားလေး ဆိုတာ စိတ်ချရတာ မဟုတ်ဘူးဆိုပြီး နည်းနည်းမှ အလစ်မပေး။

တွေ့ရတဲ့ နေရာတွေကလည်း မွှာရုံ၊ ဘုရားရင်ပြင်တော်ပေါ်မှာ။ တစ်ခါတလေတော့ တန်ဆောင်းတစ်ခုထဲမှာ နှစ်ယောက်ချင်း ခဏတစ်ဖြုတ် ထိုင်ခွင့်ရသည်။ လူရှင်းတဲ့ အချိန်မှာ ပေါ်ဒွေးက လက်ကလေး ကိုင်မယ်ကြံလျှင်-

"ဟင်း··· ဘုရားပေါ်မှာနော်၊ ငရဲကြီးမှာ မကြောက်ဘူးလား"

ဟု ရင်ရင်ငြိမ်းက ဟန့်တတ်ပြန်သည်။

တစ်ခါတစ်ရံ ရုပ်ရှင်လေး ဘာလေး သွားကြည့်တာတော့ ရှိ၏။ ဒါလည်း ဘာထူးလို့လဲ။ ဟိုနှစ်ယောက်က တွဲလျက် ပါလာတာပါပဲ။ ရုံထဲမှာ အနှောင်းက လှည့်လှည့်ကြည့်ပြီး ချက်နေတာနဲ့ လှုပ်တောင် မလှုပ်ရဲ။

အဖော်ရသွားအောင် ဒေစီပွင့်ကို အောဘီကျော်နဲ့ အောင်သွယ်ပေးဖို့ ကြံစည်ကြည့်သေးသည်။ ငယ်ငယ်တုန်းကတည်းက သူတို့နှစ်ယောက်ကို စ,ခဲ့ကြတာလေ။ သို့ရာတွင် အောဘီကျော်က ဒေစီပွင့်ကို စိတ်မဝင်စား။ သူကြိုက်တာက အနှောင်းကိုတဲ့။

"မဖြစ်နိုင်တာကွာ၊ ယောက်ျားလျာကြီးကို"

"ဒါတော့ မသိဘူး၊ ငါ့စိတ်ထဲ ဖီလင် ရှိတာကို ပြောတာ"

"အဲဒါဆို မင်း အခြောက်လုပ်မှပဲ ရမယ်"

အောဘီကျော်က တကယ် ပြောသလား၊ နောက်တာလားတော့ မသိ။ အနှောင်းနဲ့ ဆုံတဲ့အခါတိုင်း မိန်းကလေး ပီပီသသ နေရင် လှမှာပဲ၊ ဘာညာ ပြောတတ်သည်။ အနှောင်းကလည်း ဒီကောင့်ဆို လုံးဝမျက်နှာကြော တည့်တာ မဟုတ်။



ပေါ်ဒွေးမှာ ရင်ရင်ငြိမ်းနှင့် မတွေ့ဘဲ မနေနိုင်။ တွေ့ခွင့်ရဖို့ကလည်း ဒီတစ်နည်းပဲ ရှိသဖြင့် အလိုက်အထိုက် နေနေရသည်။ သူတို့နှင့် အတူ ဘုရားရေသပ္ပာယ်ခြင်း၊ ရင်ပြင်တော်ပေါ်မှာ တံမြက်စည်းလှည်းခြင်း၊ မွှာရုံမှာ ဝတ်တက်ခြင်းတို့ ပြုလုပ်ရသည်။ သူငယ်ချင်းတွေကတောင်···

"မင်းတို့ လက်ထပ်ပြီးရင်လည်း ဒုကုလနဲ့ ပါရိကာတို့လို ချက်ပေါ် လက်တော်ရစ်ပြီး နေရမှာပဲ"

ဟု ဗိုင်းစ,ကြသည်။

ဒီကြားထဲမှာ ရေကြည်တော် ဝတ်အသင်းထဲ ဝင်ပါဟု ရင်ရင်ငြိမ်းက တိုက်တွန်းသဖြင့် ဝင်ရသည်။ ယောဂီရောင် ပုဆိုး ဝယ်ရသေးသည်။ အမေက အဝတ်လျှော်ဖို့ လုပ်ရင်း ပုဆိုးကို တွေ့တော့ မေးသည်။ ဝတ်အသင်းထဲ ဝင်ထားလို့ပါ ပြောတော့ အံ့သြနေသည်။

ဒါတွေဟာ ရင်ရင်ငြိမ်းကြောင့် ဖြစ်ကြောင်း သူငယ်ချင်းတွေက ဖော်ကောင် လုပ်သည်။ ထိုအခါ အမေသည် ဝမ်းသာအားရ ဖြစ်သွားသည်။ ဘုန်းကြီးကျောင်းကို ဆွမ်းချိုင့်သွားပို့ခိုင်းတာတောင် အင်တင်တင် လုပ်တတ်တဲ့ကောင်က ရင်ရင်ငြိမ်းနဲ့ကျမှ အကျွတ်တရား ရသွားပြီ ဆိုပြီး အကျေနပ်ကြီး ကျေနပ်နေသည်။ ရင်ရင်ငြိမ်းကိုလည်း အဖိုးတန် မိန်းကလေးပဲဟု တဖွဖွ ချီးကျူးတော့သည်။

ပေါ်ဒွေးသည် ဒီလို ပုံစံမျိုးကြီးနဲ့ ကြာကြာမနေနိုင်။ ထို့ကြောင့် အမြန်ဆုံး လက်ထပ်လိုခြင်း ဖြစ်၏။ ရင်ရင်ငြိမ်းက-

"နင့်ကို လက်သင့်ခံမိတာ မှားများ မှားသွားပြီလား မသိဘူး၊ တကယ်တော့ ငါက ကိုယ့်အပူ ကိုယ်ရှာတဲ့လူလို ဖြစ်နေပြီ"

ဟု မကြာခဏ ပြောသေးသည်။ တော်ကြာ မောင်နှမအချစ်မျိုးနဲ့သာ နေကြပါစို့ ဆိုလျှင် ခက်တော့မည်။ သူ စိတ်မပြောင်းခင် အမြန်စီစဉ်မှပဲ။ ပထမအဆင့်အဖြစ် လက်ထပ်စာချုပ် ချုပ်ထားလျှင် စိတ်ချရမည်။

ကံကောင်းချင်တော့ တိုက်တိုက်ဆိုင်ဆိုင်ပဲ ထိုရက်အတွင်းမှာ ရင်ရင်ငြိမ်းတို့ ဇေဒင်သွားမေးသည်။ ဆရာမကြီးက ရင်ရင်ငြိမ်းအနေဖြင့် သုံးလအတွင်းမှာ အိမ်ထောင်မပြုလျှင် အသက်အန္တရာယ် ရှိနိုင်သည်။ မတိဖြစ်ဖြစ် လက်ထပ်ရမည်။ ယောက်ျားလေးပုံ အရုပ်တစ်ရုပ်ကို အိမ်ခြံထဲမှာ ထားပြီး ခုနစ်ရက်တိတိ အတူအိပ်ရမည်ဟု ဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာ ပေါ်ဌေးက လက်ထပ်စာချုပ် ချုပ်ထားချင်ပါတယ်ဟု ပြောလာသဖြင့် အတော်ပဲ ဖြစ်သွားသည်။ ဒါကြောင့်လည်း အနှောင်းတို့က လွယ်လွယ်ကူကူ သဘောတူ လက်ခံခဲ့ခြင်း ဖြစ်၏။

ထိုဗေဒင်ဆရာမကြီး၏ ဟောကြားချက်တွေထဲက ပေါ်ဌေးသည် သာသနာပြုလုပ်ငန်းကို အထောက်အကူ ပြုလိမ့်မည် ဆိုသော အချက်သည် တက်တက်စင်အောင် လွဲမှားကြောင်းနှင့် ထိုကိစ္စကြောင့်ပင် နောင်တစ်ချိန်မှာ အကြီးအကျယ် ပြဿနာတက်လာလိမ့်မည် ဖြစ်ကြောင်း ထိုစဉ်က မသိခဲ့ကြ။

လမ်းက သိပ်ကောင်းမှာ မဟုတ်ဘူး ဆိုတာ သိပြီးသား။ ဒီလောက်ထိ ဆိုးမယ်လို့တော့ မခန့်မှန်းမိခဲ့။ ဟိုအရင်တုန်းကတော့ ကတ္တရာလမ်း ဖြစ်ချင်လည်း ဖြစ်ခဲ့မည်။ ကျောက်ခင်းလမ်း၊ ဂဝံလမ်း ဖြစ်ကောင်း ဖြစ်ခဲ့မည်။ ခုတော့ မြေသားချည်းသာ ကျန်တော့သည်။ ရွံ့ခင်းလမ်းလို့တောင် ပြောရမလို ဖြစ်နေ၏။ လမ်းမျက်နှာပြင်တစ်ခုလုံး ရွံ့တွေ ဖုံးလွှမ်းနေသည်။

သူ့ကားက အကြမ်းခံသော ဂျစ်ကားမို့ တော်တော့သည်။ ရှုခင်းကတော့ သာယာသည်။ လမ်းဘေးမှာ သစ်ပင်တွေ စီတန်း စိုက်ထားသည်။ တစ်ဖက်တစ်ချက်မှာတော့ လယ်ကွင်းပြင်ကြီးတွေ။ နေက အုံ့ပျပျ။ ကောင်းကင်မှာ တိမ်စိုင်တိမ်လိပ်တွေ ပြေးနေသည်။

လှပသော ရှုခင်းကို ဂရုစိုက်မနေနိုင်။ လမ်းကိုသာ သတိထားကြည့်ရသည်။ အမြန်နှုန်းကိုလည်း မတင်ရဲ။ ဂီယာကြီးတွေနဲ့သာ ခပ်မှန်မှန်လေး မောင်းနေရသည်။ တစ်ချက် တစ်ချက် ရွံ့တွေနဲ့ ချောပြီး ကားက ဘယ် ညာ ယမ်းသွားချင်သေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှေ့မှာ ရေအိုင်တစ်ခု ရှိသည်။ ရေဝပ်နေတာလောက်ပဲ အောက်မေ့ပြီး ဖြတ်မောင်းလိုက်သည်။ ကားရှေ့ပိုင်းက နိမ့်ဆင်းသွားပြီးမှ ဦးပြန်မော့လာသည်။ နည်းနည်းနက်ပုံရသည်။ အိုင်ထဲ နောက်ဘီး အဲဆင်းပြီးနောက် တုံ့ခနဲ ရပ်သွားသည်။ ဂီယာချိန်းပြီး လီဗာကို ဖိနင်းလိုက်သည်။ ကားက တုန်ခါသွားရုံပဲ ရှိသည်။ ရှေ့ကို မရွေ့။ ဝီဝီရှဲရှဲ ဆိုသော ဘီးလည်သံကို ကြားရသည်။ ကားသည် ပို၍ဖင်ထိုင်ကျသွားသည်။ ဗွက်နစ်သွားပြီ။ ဘက်ဂီယာထိုးပြီး နောက်ပြန်ဆုတ်ဖို့ ကြိုးစားသည်။ မရတော့။

ကားပေါ်က ဆင်းပြီး နောက်ဘီးကို ကြည့်သည်။ ဘီးတစ်ဝက်နီးပါးလောက် ဗွက်ထဲ နစ်နေသည်။ ယက်အားရအောင် ကျောက်ခဲတို့ သစ်တုံးတို့ ခံပေးမှ ရမည်။ အနီးအနားမှာ ဘာမှ မရှိ။ အကူအညီ ရလိုရငြား ဟို ဒီ ကြည့်သည်။ လမ်းဘေး ခပ်လှမ်းလှမ်းမှာ တစ်ဖက်ရပ် တဲကလေးတစ်လုံး တွေ့သည်။ တဲရှေ့မှာ လူတစ်ယောက် ရပ်ပြီး ကားရှိရာကို လှမ်းကြည့်နေသည်။ ပေါ်ဒွေးက လက်ပြလိုက်သောအခါ ထိုသူက လက်ပြန်ပြပြီး လျှောက်လာသည်။

"ကား ဗွက်နစ်နေလို့ဗျာ"

ပေါ်ဒွေးက ပြောသည်။ ထိုသူက ကားအခြေအနေကို ကြည့်ပြီး-

"တွန်းလို့တော့ ရမှာ မဟုတ်ဘူး၊ ထော်လာဂျီနဲ့ ဆွဲမှ ရမယ်"

"ထော်လာဂျီက..."

ခုမှ သတိပြုမိသည်။ တစ်ဖက်ရပ် တဲထဲမှာ ထော်လာဂျီတစ်စီး ရပ်ထားသည်။

"အေးဗျာ... ကူညီပါဦး"

"ဆွဲခတော့ ပေးရမယ်နော်"

"ဟာ... ပေးရမှာပေါ့၊ ဘယ်လောက်လဲ"

"လေးထောင်"

"ဗျာ..."

"ဒီဇယ်က အပြင်က ဝယ်ရတာဗျ"

ဆီက အလွန်ဆုံး ကုန်မှ အချိုပန်းကန် တစ်လုံးစာလောက်ပဲ ရှိမည်။

"မများလွန်းဘူးလားဗျာ"



"အခန့်မသင့်ရင် လေး ငါးကြောမက ဆွဲရမှာ၊ ကြိုးပြတ်သွားရင်လည်း မလွယ်ဘူး၊ ထော်လာဂျီကိုလည်း အနာခံပြီး ဆွဲရမှာ၊ ဒီလို လုပ်လေ... အသွား အပြန် ငါးထောင် ပေးလိုက်ပေါ့"

"ဘာ... ဘယ်လို... အသွား အပြန်... ဟုတ်လား"

"ဟုတ်တယ်လေ၊ အပြန်ကျရင်လည်း ခင်ဗျား ကားနစ်ဦးမှာ၊ ကျွန်တော်ပဲ ဆွဲပေးရမှာ၊ ဒီလမ်းက ကားကြီးတွေပဲ သွားလို့ ကောင်းတာ"

ဒီတော့မှ ပေါ်ဒွေး သဘောပေါက်သည်။ ဒီလူက ဒီနားမှာ အဆင်သင့် စောင့်ပြီး လုပ်စားနေတာပဲ။ ဒီချိုင့်ခွက်ကြီး ဖြစ်အောင် သူကိုယ်တိုင်ပဲ တူးပြီး ထောင်ချောက်ဆင်ထားသလားလို့တောင် ထင်စရာ ဖြစ်နေ၏။ သို့ရာတွင် သူ့ခွင်ထဲ ရောက်နေမှတော့ ဘာမှ မတတ်နိုင်။ ထို့ကြောင့်-

"ကဲ... ပေးမယ်ဗျာ၊ မြန်မြန်သာလုပ်"

ဟု ပြောလိုက်တော့မှ ထော်လာဂျီကို သွားမောင်းယူလာသည်။ နိုင်လွန်ကြိုး ခပ်တုတ်တုတ် နှစ်ချောင်းပူးလည်း အဆင်သင့် ပါလာသည်။ ကြိုးချည်ပုံ၊ ထော်လာဂျီဖြင့် ရှေ့က ကျိတ်ဆွဲပုံတွေက တကယ့် ပရော်ဖက်ရှင်နယ်ပဲ။ ပေါ်ဒွေးကလည်း စက်နိှုးပြီး အဆင်သင့်ပြင်ထားသည်။ ကားနောက်ဘီး မြေမာနှင့် ထိလောက်သော အချိန်တွင် လီဗာကို နင်းချလိုက်ရာ လမ်းပေါ် ထိုးတက်သွားသည်။

ဟိုပုဂ္ဂိုလ်က ကြိုးပြန်ဖြုတ်ပြီး ကားဘေး လာရပ်ရင်း-

"ခင်ဗျား ကံကောင်းတယ်၊ တစ်ချီတည်းနဲ့ ရတာပဲ၊ တချို့ ကားတွေဆို မလွယ်ဘူး"

ပေါ်ဒွေးက တခြမ်းစာအတွက် ငွေသုံးထောင် ပေးသည်။ ဟိုလူက ငါးရာ ပြန်မအမ်းဘဲ-

"ပိုတဲ့ ငါးရာကတော့ အပြန်အတွက် စရန်လို့ သဘောထားလိုက်ဗျာ၊ ကျွန်တော့်မှာ ပြန်အမ်းစရာ ငါးရာတန် မရှိဘူး"

ပေါ်ဒွေး နည်းနည်းတော့ တင်းသွားသည်။ အချေအတင် မဖြစ်ချင်တော့သဖြင့်-

"ကျွန်တော် ညနေ လေးနာရီ၊ ငါးနာရီလောက် ပြန်လာမယ်"

ဟု ပြောပြီး မောင်းထွက်လာခဲ့သည်။ ရှေ့ခရီးကတော့ အနှောင့်အယှက် မရှိ။ လမ်းလည်း ပိုကောင်းလာသည်။ နာရီဝက်လောက် မောင်းပြီး

www.burmeseclassic.com

www.burmeseclassic.com



နောက် ချောင်းကမ်းစပ်သို့ ရောက်ရှိလာသည်။ ဟိုဘက်ကမ်းကို လှေ ကူးရဦးမည်။ လှေဆိပ်က ဆိုင်ကလေးမှာ ဝင်နားရင်း အကြော်စားသည် လက်ဖက်ရည် သောက်သည်။ ထန်းရည်လည်း ရသည်ဟု ဆိုသည်။ အသွ မှာတော့ သောက်လို့ မဖြစ်သေး။ အပြန်ကျမှ ဝယ်သွားမည်ဟု စိတ်ကူးသည်

ဆိုင်မှာ ကားအပ်ထားခဲ့လို့ ရမလား မေးကြည့်သည်။ စိတ်ချပါ ဘာမှ မပျောက်စေရပါဘူးဟု အာမခံသည်။ သူ့ကားက ဂျစ်ကား၊ ဘာ ပျောက်စရာလည်း မရှိ။ ထော်လာဂျီသမားတွန်းကလို ပြီးမှ ကားစောင့်ရှောက် ငါးထောင်ကျပါတယ် ဆိုတာမျိုး ဖြစ်နေမှာစိုးလို့ သေချာအောင် ဘယ်လောက် ပေးရမလဲ မေးသည်။

"ဟာ... မပေးရပါဘူး၊ ကားက မြေကြီးပေါ်မှာ ရပ်ထားတာပဲဟာ ထမ်းပိုးထားရတာမှ မဟုတ်တာ၊ လှမ်းကြည့်ပေးရုံကတော့ ဘာပင်ပန်းတာ မှတ်လို့"

သူတို့ကျတော့လည်း သဘောကောင်းသားပဲ။ ထို့ကြောင့် ထန်းရည် ငါးပုလင်းလောက် ချန်ထားပေးပါ၊ ညနေ အပြန်ယူသွားမယ် ဆိုပြီး ငွေ တစ်ခါတည်း ရှင်းထားခဲ့သည်။ လှေဆိပ်ကို ဆင်းသည်။ တခြား ခရီးသည် စောင့်မနိုင်းတော့ဘဲ စင်းလုံးငှားလိုက်သည်။ လှေက တစ်ဖက်ကမ်းကို တိုက်ရိုက် ကူးပြီး ကပ်လို့မရ။ လတာပြင်ကျယ်ကြီး ရှိနေသည်။ ထို့ကြောင့် အောက်ကို နည်းနည်းစုန်ဆင်း၊ ချောင်းလက်တက်ကလေး တစ်ခုတည်း ချိုးဝင်ပြီးမှ ကမ်း ကပ်ပေးသည်။

ကမ်းပေါ်မှာ စက်ဘီး ကယ်ရီသမားတွေ စောင့်နေသည်။ ခက်တာက ပေါ်ဗြေးသည် စက်ဘီးကို နောက်ကယ်ရီယာခုံမှာ ထိုင်ပြီး မစီးတတ်။

"ကျွန်တော် နင်းလို့ မရဘူးလား"

မေးတော့ အလှည့်ကျသော ကယ်ရီသမားက–

"ဘယ်ဖြစ်မလဲ၊ ဒီလမ်းတွေ ဆရာ နင်းတတ်မှာ မဟုတ်ဘူး၊ စိတ်ချပါ၊ မိန်းကလေးတွေတောင် လိုက်ရဲသေးတာပဲ"

မတတ်သာသဖြင့် ကယ်ရီယာပေါ် ထိုင်လိုက်ရသည်။ စက်ဘီးသမား က တကယ်ပဲ ကျွမ်းကျင်လှသည်။ ပေါ်ဗြေးသည် အစပိုင်းမှာ အဆင်မပြေ သော်လည်း ခဏအကြာတွင် အသားကျသွားသည်။ နောက်ပိုင်းကျတော့



လယ်ကွင်းတွေကြားက ကွေ့ကွေ့ကောက်ကောက် လမ်းကလေးပေါ်မှာ စက်ဘီး စီးရတာကို အရသာ တွေ့ချင်သလိုတောင် ဖြစ်လာ၏။

ကျယ်ပြန့်သော လယ်ကွင်းကြီးကို ဖြတ်သန်း တိုက်ခတ်လာသော လေထဲမှာ အနံ့တစ်မျိုး ပါနေသည်။ တကယ်တော့ ရန်ကုန်မြို့ပေါ်မှာ ဒီဇယ်နံ့၊ ဓာတ်ဆီနံ့၊ ညှော်နံ့၊ ချွေးနံ့၊ ရေမွှေးနံ့၊ ဓာတ်ငွေ့နံ့ စသည်တို့ ရောနှောပေါင်းစပ် နေသော လေကို ရှူနေကျ ဖြစ်သဖြင့် ဒီက လတ်ဆတ်သော လေကို တစ်မျိုးကြီးဟု ထင်နေခြင်း ဖြစ်၏။ အမှန်မှာ ဘာအနံ့မှ မပါသော လေကိုပင် အနံ့တစ်မျိုး ရှိနေသည်ဟု ထင်မိခြင်း ဖြစ်၏။

စက်ဘီးသမားကလည်း သဘောကောင်းသည်။ ဘုန်းကြီးကျောင်းဝင်း ထဲအထိ လိုက်ပို့ရုံမျှမက ဆရာတော် ရှေ့မှောက်အထိ ခေါ်သွားပေးသည်။ ဆရာတော်ကလည်း ပေါ်ဗြေး တွေ့လိုသူကို ချက်ချင်း ခေါ်ပေးသည်။ ခဏ အကြာတွင် ဦးပဥ္စင်းတစ်ပါး ရောက်ရှိလာသည်။ ပေါ်ဗြေး တအံ့တဩ ဖြစ် သွားသည်။ ထိုဦးပဥ္စင်းမှာ သူ တွေ့လိုသော အောဘီကျော်ပင် ဖြစ်၏။

အောဘီကျော်သည် နယ်မှ ရန်ကုန်သို့ လာပြီး ဆွေမျိုးတွေ အိမ်မှာ နေရင်း ကျောင်းတက်သူ ဖြစ်၏။ ကျောင်းပြီးသွားတော့ ရန်ကုန်မှာ အလုပ်ရှာ သည်။ ကျူရှင်ကျောင်းတစ်ကျောင်းမှာ ခဏဝင်လုပ်သည်။ နောက်တော့ မြို့ငယ်လေးတစ်မြို့မှာ တွဲဖက်ကျောင်းဆရာ အလုပ်ရသွားသည်။ အစပိုင်းမှာ ကျောင်းရက်ရှည် ပိတ်တဲ့အခါ ရန်ကုန်ကို ဆင်းလာတတ်သေးသည်။ နောက် တော့ အဆက်အသွယ် ပြတ်သွားသည်။ ဘယ်ပြောင်းသွားမှန်းလည်း မသိ။

သူနဲ့ မတွေ့တာ အတော်ကြာသွားပြီ။ အခု 'ဟိုကိစ္စ' ပေါ်လာမှ မရမက စုံစမ်းပြီး လိုက်လာခဲ့ခြင်း ဖြစ်၏။ ဒီရောက်တော့ အောဘီကျော်က ဘုန်းကြီး ဖြစ်နေပြီ။ ဦးပဥ္စင်း သီတင်းသုံးရာ ကျောင်းကလေးသို့ လိုက်သွား သည်။ သွပ်မိုး၊ ဝါးထရံကာ အဆောက်အအုံ ခပ်သေးသေး ဖြစ်၏။ အသုံး အဆောင် ပစ္စည်းရယ်လို့လည်း များများစားစား မရှိ။ အတော်အေးချမ်းသော ဘဝကို ရရှိနေပုံပေါ်သည်။

"ကျုပ်လည်း ကျောင်းဆရာ လုပ်နေရင်းက လူ့ဘဝကို ငြီးငွေ့လာ တယ်၊ တစ်ကိုယ်တည်းသမား... သံယောဇဉ်လည်း မရှိ၊ ငါ့မှာ ဘာများ ခင်တွယ်စရာ ရှိလို့လဲလို့ တွေးမိရာက သာသနာ့ဘောင်ထဲ ဝင်မိတာပဲ၊ အစ ကတော့ ပျော်သလောက်ပဲ ဝတ်မယ် စိတ်ကူးခဲ့တာ၊ တကယ် ငြိမ်းချမ်းတဲ့

www.burmeseclassic.com

www.burmeseclassic.com



အရှသာကို ခံစားမိလာတာနဲ့ ရဟန်းဘဝမှာ မြဲသွားတာပဲ၊ ဒကာကြီးနဲ့ ပြန်ဆ ရတာကိုတော့ ဝမ်းသာတယ်၊ ဒကာမကြီးကော နေကောင်းရဲ့လား''

''ကောင်း··· ကောင်းပါတယ် ဘုရား''

ဟု စိတ်မပါ့တပါ အလိုက်အထိုက် ဖြေရသည်။ နောက်တေ တခြား သူငယ်ချင်းတွေအကြောင်း မေးသဖြင့် ပြောပြရသည်။ ပေါ်ဒွေးသည ပြောနေတဲ့ စကားက တခြား၊ အာရုံက တခြား ဖြစ်နေပုံကို ဘုန်းတော်ကြ တစ်ပါး၏ အလေ့အကျင့်အရ ဦးပဥ္စင်းက ရိပ်မိသွားပုံရသည်။

''အင်း··· ဒီနေရာအထိ တကူးကတန့် လာပုံထောက်တော့ ဒကာကြ မှာ အကြောင်းထူး တစ်ခုခု ရှိနေပုံရတယ်''

ဟု စကားလမ်းကြောင်း ပေးလိုက်သည်။ ပေါ်ဒွေးမှာ အတော်ခွက နေ၏။ နောက်လား ပြောင်လား ဆိုဆိုဆဲဆဲ နေခဲ့သော သူငယ်ချင်းက အ တော့ ဘုန်းကြီး ဖြစ်နေသည်။ ရှိုးရိုး ဟိုအကြောင်း၊ ဒီအကြောင်း ပြောရတ တောင် အသားမကျသေး။ ဟုတ်ကဲ့ တစ်ခွန်း၊ တင်ပါ့ တစ်ခွန်း။ သူငယ်ချ တွေ အကြောင်း ပြောတဲ့အခါ··· 'ဟာ··· ဒီကောင်ကတော့ကွာ' ဆိုတာမျ ယောင်ပြီး ပြောမိတတ်သေးသည်။

အစ်တုန်းကတော့ ဒီကို ရောက်လျှင် အောဘီကျော်နှင့် အတူတ သောက်မယ် စိတ်ကူးပြီး ဟိုက်ကော်မရှင်နာ တစ်လုံးတောင် လက်ဆွဲအိတ်ထ ထည့်ယူလာခဲ့သေးသည်။ အောဘီကျော်က ဝီစကီကောင်းကောင်း မသောက် တာ ကြာပြီဆိုပြီး လိုမ့်တွယ်လိမ့်မည်။ သူ အတော်လေး တွေလာပြီဆို အခြေအနေကို ကြည့်ပြီး ကောင်းထွန်းတုန်းကလို မလိမ့်တပတ် လုပ်ပြ လက်မှတ်ထိုးခိုင်းမည်။ အခွင့်မသာလျှင်လည်း အမှန်တစ်ဝက် ပြောမည် ကျန်တစ်ဝက်ကတော့ ရင်ရင်ငြိမ်းကပဲ စတင်ပြီး ကွာရှင်းချင်နေသယော ယောင် ဖြစ်အောင် လှည့်ပတ် ပြောမည်ဟု စဉ်းစားလာခဲ့သည်။

ခုတော့ ခက်နေပြီ။ ရောက်လာပြီးမှတော့ 'ဘာမှ မဟုတ်ပါဘူး သတိရလို့ လာတာပါ' ဆိုတာမျိုး မလုပ်ချင်။ တတ်နိုင်သမျှ ကြိုးစားကြည မယ် ဆိုပြီး စိတ်သဘောထားချင်း မတိုက်ဆိုင်လို့ ရင်ရင်ငြိမ်းနှင့် ကွာရှင ချင်တဲ့ အကြောင်း ပြောပြလိုက်သည်။

ဦးပဥ္စင်းမှာ ဣန္ဒြေ သိက္ခာကို ထိန်းသိမ်းထားတဲ့ကြားကပင် တာ တည ဖြစ်သွားတာ သိသာ၏။



''ဒကာကြီး နှုတ်က ကိုယ်တိုင် ပြောလို့သာ ယုံရတယ်၊ အံ့သြစရာပဲ၊ အင်းလေ··· နှစ်တွေ ကြာလာတော့လည်း သဘောထားတွေ ပြောင်းချင် ပြောင်းကြမှာပေါ့၊ ဒါနဲ့ ဘာပြဿနာများ ဖြစ်ကြတာတုံး''

ပေါ်ဒွေး ရှင်းပြရ ခက်နေသည်။ 'ဟိုဒင်းကိစ္စပါ' ဆိုပြီး ပြောလို့ လည်း မဖြစ်။ ဘုန်းကြီးကို။ ထို့ကြောင့် ခေါင်းကုတ်ပြီး 'အင်း··· အဲ' လုပ် နေသည်။

''ပြောရမှာ ခက်ရင်လည်း မပြောပါနဲ့၊ တကယ်တော့ ဒါတွေဟာ ဘုန်းကြီးနဲ့လည်း မဆိုင်ပါဘူး''

ဟု မေးခွန်းကို ပြန်ရုပ်သိမ်းသွားလို့ တော်သေးသည်။ သို့တိုင်အောင် လာရင်းကိစ္စကိုတော့ မပြောလို့ မဖြစ်။ ဒီနေရာထိ အပင်ပန်းခံလာပြီးခါမှ လက်ချည်းသက်သက်တော့ မပြန်နိုင်။ ဘုန်းတော်ကြီးကို မလေးမစား မရို မသေ လုပ်တယ်ပဲ ထင်စေတော့။ ရှေ့မျက်နှာ နောက်ထားပြီး–

''ဒီလို ရှိပါတယ် ဘုရား၊ လက်ထပ်စာချုပ်တုန်းက ဦးပဥ္စင်းတို့ သက်သေလက်မှတ် ထိုးခဲ့ကြသလို၊ အခု ကွာရှင်းစာချုပ်မှာလည်း ကိုယ်တော့် အနေနဲ့ လက်မှတ်ထိုးပေးဖို့''

ဦးပဥ္စင်း မျက်မှောင်ကုတ်သွားသည်။ လက်ထပ်စာချုပ်ပဲဖြစ်ဖြစ်၊ ကွာရှင်းစာချုပ်ပဲဖြစ်ဖြစ် သက်သေနှစ်ယောက် (ဘယ်သူမဆို) ရှိလျှင် တရားဝင် ပြီ။ ခုလို ခရီးဝေးအထိ တကူးတကန့် လာတာရယ်၊ ဘုန်းကြီးကိုတောင် ချမ်းသာမပေးဘဲ လက်မှတ်ထိုးခိုင်းနေတာရယ်က သံသယဖြစ်စရာ ရှိနေ၏။ ရိုးရိုးသားသားမှ ဟုတ်ရဲ့လား။ မှုမမှန်ဘူးဟု မရိပ်မိဘဲ နေမှာ မဟုတ်။ ထို့ကြောင့်–

''ဒါတော့ မဖြစ်နိုင်ပါဘူး ဒကာကြီး၊ ဘုန်းကြီးဆိုတာ မင်္ဂလာ ဆွမ်းကျွေးကိုသာ စားရရိုးထုံးစံ ရှိပါတယ်၊ ကွာကြရှင်းကြတဲ့ ကိစ္စမျိုးမှာတော့ ဝင်မပါကောင်းဘူး၊ သင့်လည်း မသင့်တော်ပါဘူး''

'ဤတွင်ရွေ့' ဟု ရှေးဆန်ဆန်ပဲ ပြောရမလား။ အမေတို့ ပြောသလို 'ပါတောပိတ်ပြီ' လို့ပဲ ဆိုရမလား။ ကိစ္စကတော့ ပြတ်ပြီ။ ဆက်ပြီး အရေးဆို ခွင့် မရှိတော့။

''စိတ်မကောင်းပါဘူး၊ လောကမှာ လူသန်းပေါင်းများစွာ ရှိတဲ့အထဲ က ဒီလူနှစ်ယောက်မှာ လာပြီး ဖူးစာဆုံတယ် ဆိုတာ တော်ရုံ ရေစက်ကြောင့်

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး၊ ဘဝပေါင်းများစွာကတည်းက ဖြည့်ဆည်းခဲ့ကြတဲ့ ပါရမီကြောင့်ပဲ၊ ဒါကြောင့် စိတ်လိုက်မာန်ပါတော့ မလုပ်စေချင်ဘူး၊ အချိန်ယူ စဉ်းစားသုံးသပ်ပြီး ဆုံးဖြတ်ချက်ကို ပြင်သင့်ရင် ပြင်ပါလို့ မေတ္တာရပ်ခံပါရစေ"

ဟု ထပ်ပြီး ဆုံးမဩဝါဒပေးနေသေးသည်။

ပေါ်ဗြွေးဆီမှာ ဦးပဉ္ဇင်းကို ဆက်ကပ်လှူဒါန်းဖို့ ဘာပစ္စည်း၊ ဘာအစားအသောက်မှ ပါမလာ။ ဝီစကီ တစ်ပုလင်းသာ ပါသည်။ ထို့ကြောင့် ဦးပဉ္ဇင်း လိုရာ သုံးပါဆိုပြီး ငွေနှစ်သောင်းဖြင့် ကန်တော့သည်။ ဦးပဉ္ဇင်းက လက်မခံ။

"ကျုပ်မှာ ဘာမှသုံးစရာ မရှိပါဘူး၊ အားလုံး ပြည့်စုံနေပြီပဲ၊ ဒကာကြီး လှူချင်တယ် ဆိုရင်တော့ ဆရာတော်ကြီးဆီမှာ နဝကမ္မအဖြစ် ကပ်ခဲ့ပေါ့"

ဟု ဆိုသဖြင့် ဆန္ဒအတိုင်း ဆောင်ရွက်ပေးလိုက်သည်။ ပေါ်ဗြွေးအနေဖြင့် ပြန်ခါနီးမှာ ဦးပဉ္ဇင်းအေဘီကျော်ကို အပြောသင့်ဆုံး စကားတစ်ခွန်း မပြောဖြစ်ခဲ့။ အဆင်သင့်တဲ့အခါ ရန်ကုန်ကို ကြွလာဖို့ ဖိတ်ကြားရန် ပျက်ကွက်ခဲ့ခြင်းပင် ဖြစ်၏။

တစ်ဖက်ကမ်းကို ပြန်ရောက်တော့ ဆိုင်မှာ အပ်ထားခဲ့သော သူ့ကားသည် ခြေရာလက်ရာ ပျက်နေကြောင်း တွေ့ရလေသည်။ ပစ္စည်းတစ်စုံတစ်ရာ ဖြုတ်ခိုးခံရတာလည်း မဟုတ်။ ရပ်ထားတဲ့ နေရာ ရွှေ့နေတာလည်း မဟုတ်။ ကားဘော်ဒီနှင့် ဘီးတွေမှာ ပေကျံနေသော ရွံ့တွေ၊ ဗွက်တွေကို ပြောင်စင်အောင် ရေနှင့် ဆေးကြောပေးထားတာ မြင်လိုက်ရခြင်းပင် ဖြစ်၏။

ပေါ်ဗြွေးက ကျေးဇူးတင်ပြီး အခကြေးငွေပေးဖို့ ကြိုးစားသေးသည်။ ဆိုင်ရှင်က အလာတုန်းကလိုပဲ 'ဘာပင်ပန်းတာလိုက်လို့ ဆရာရယ်' ဟု ပြောပြန်သည်။ ပေါ်ဗြွေးလည်း သဒ္ဓါပေါက်သွားပြီး လက်ဆွဲအိတ်ထဲမှာ အရာမယွင်းဘဲ ရှိနေသော ဝီစကီပုလင်းကို လက်ဆောင်အဖြစ် အတင်းပေးလိုက်သည်။

ဆိုင်ရှင်ကလည်း သူ သောက်ဖို့ သီးသန့်ဖယ်ထားသော ထန်းရည်တစ်ပုလင်းဖြင့် ပြန်ပြီး ဧည့်ခံသည်။ နေကျော်နေပြီ ဖြစ်သော်လည်း ထန်းရည်က ချဉ်စုပ်စုပ် ခါးသက်သက် မဖြစ်သေး။ ချိုပြင်းလေး၊ ရှတတနဲ့ အတော်သောက်လို့ကောင်းသည်။ နည်းနည်းတော့ 'လာ' ချင်သည်။ ကားမောင်းရဦးမည် ဖြစ်သောကြောင့် နှစ်ခွက်လောက်သာ သောက်လိုက်၏။



စကားပြောကြရင်း ဦးပဉ္ဇင်းအေဘီကျော် အကြောင်း စပ်မိကြသည်။ ပေါ်ဗြွေးနှင့် ငယ်သူငယ်ချင်း ဖြစ်ကြောင်းလည်း သိသွား၏။ သူတို့က ဆရာဦးပဉ္ဇင်းဟု ခေါ်သည်။ အရင်က ကျောင်းဆရာလည်း ဖြစ်၊ ပညာတတ်လည်း ဖြစ်သောကြောင့် လေးစားကြည်ညိုကြသည်။ တစ်ချိန်ချိန်မှာ ကျောင်းထိုင်ဆရာတော်ကြီး နေရာကို ဆက်ခံမည့်သူဟုလည်း သတ်မှတ်ထားကြသည်။

ဆိုင်ရှင်ကို နှုတ်ဆက်ပြီး မောင်းထွက်လာခဲ့သည်။ အတော်ကြာမောင်းလာပြီးနောက် ရှေ့မှာ ကားတစ်စင်း သွားနေတာ တွေ့ရသည်။ ခရီးသည်ရော၊ ကုန်ပစ္စည်းရော အပြည့် တင်ဆောင်ထားသည်။ နောက်မြီးမှာ တွဲခိုလိုက်လာကြသော ခရီးသည်တွေ ကွယ်နေသောကြောင့် ဘာအမျိုးအစား ကားမှန်းတောင် မသိရ။ တကယ်ဆိုလျှင် ကားရယ်လို့တောင် မထင်ရ။ ပစ္စည်းတွေနှင့် လူတွေ တစ်ထွေးကြီး လေထဲမှာ လွင့်မျောနေသလို ဖြစ်နေ၏။

ရှေ့ကားကို ကျော်တက်မယ်ဆိုလျှင် လမ်းဘေးကို နည်းနည်းဆင်းပြီး ပန်းတက်မှ ရမည်။ လမ်းက ကျဉ်းနေသည်။ ရှေ့ကလည်း သူ့ဝိတ်ကြီးနဲ့မို့ ဘေးကို ချပြီး ကပ်ပေးနိုင်မှာ မဟုတ်။ တကယ်တော့ ကျော်တက်ပြီးလျှင်လည်း သိပ်တော့ မထူးလှ။ နောက်ကားကို လွတ်အောင် အမြန်မောင်းလို့ရတာမှ မဟုတ်ဘဲ။

ထို့ကြောင့် နောက်က အသာမေးပြီးတော့ပဲ လိုက်လာခဲ့ရသည်။ ဒီလိုနဲ့ ရွံ့ဗွက်ရေအိုင် ရှိတဲ့နေရာကို ရောက်လာ၏။ ရှေ့ကား ဘာလုပ်မလဲဟု စောင့်ကြည့်နေလိုက်သည်။ ကားပေါ်က လူတွေ အကုန်ဆင်းပေးကြသည်။ ဒီတော့မှ တင်လာတဲ့ လူအုပ်က ဘတ်စ်ကားတစ်စင်းစာလောက် ရှိနိုင်ကြောင်း တွေ့ရ၏။ ကားကတော့ လွန်ခဲ့သော နှစ်ပေါင်း သုံးဆယ်လောက်က သွင်းလာသော ဒတ်ဆန်းပစ်ကပ်ကား ဖြစ်၏။

ရှေ့ကားသည် လမ်း၏ ညာဘက်ခြမ်းကို ကပ်လိုက်သည်။ ခေါင်းကိုတော့ ဘယ်ဘက်ခြမ်းဆီ ဦးတည်ထားသည်။ ဒီပုံစံအတိုင်း ရေအိုင်ကို တစောင်းကြီး ဖြတ်မောင်းသည်။ ရေအိုင်ထဲက ထိုးတက်သွားတဲ့အခါမှာတော့ ကားဖင်ပိုင်းက ဘယ်ဘက်ကို ချာထွက်သွားသည်။ ဟိုဘက်လည်း ရောက်ရော ကားက လမ်းပေါ်မှာ အတည့်ပြန်ဖြစ်သွား၏။ သူ့အထာနဲ့သူတော့ ဟုတ်လို့ပဲ။

www.burmeseclassic.com

www.burmeseclassic.com



ပေါ်ဌေးကလည်း သူ့ကားကို ရှေ့ကားဘီးရာအတိုင်း နင်းပြီး ဒီနည်းအတိုင်း ဖြတ်မောင်းသည်။ ရှေ့ကားလို ဖင်ပိုင်း လည်ထွက်မသွားတာကလွဲလျှင် အဆင်ပြေသည်။ တစ်ဖက်ကို အတက်မှာ လမ်းကြောင်းမှန် ပြန်ရောက်အောင် ထိန်းလိုက်ရတာပဲ ရှိ၏။

ပေါ်ဌေးက လမ်းဘေးကို ကြည့်လိုက်သည်။ တစ်ဖက်ရပ် တဲလေး ရှေ့မှာ ထော်လာဂျီဆရာက ခါးထောက် ရပ်ရင်း အကဲခတ်နေသည်။ ပေါ်ဌေးက လှမ်းလက်ပြလိုက်ပြီး မောင်းထွက်လာခဲ့သည်။

ဟိုလူကို ကျောလိုက်ရလို့ ပေါ်ဌေး ပျော်သွားသည်။ စောစောက သောက်လာခဲ့သော ထန်းရည်ချိုပြင်း နှစ်ခွက် အရှိန်ကြောင့် အူကလည်း မြူးလာသည်။ ထို့ကြောင့် ကားအရှိန်ကို တင်လိုက်မိ၏။ ဒါ သူ့အမှားပဲ။ ကားသည် ရွှံ့ပြင်လမ်းပေါ်မှာ ဘေးတိုက် လျှောထွက်သွားသည်။ ဘရိတ်နင်းလို့လည်း မရတော့။ စတီယာရင်ကိုလည်း မထိန်းနိုင်တော့။

သစ်ပင်လေးတစ်ပင် ခံနေလို့သာ လမ်းဘေး ရေမြောင်းထဲ တစောင်းလဲကျမသွားခြင်း ဖြစ်၏။ သစ်ပင်ကို ကားဘေးဘက်နှင့် ဝင်ဆောင့်မိပြီး ရပ်သွားသည်။ အမိုးကိုင်း ကောက်ကွေးသွား၏။ ထိုအရှိန်ကြောင့် ရှေ့မှန်လည်း ကွဲသွားသည်။ ပြည်တွင်းဖြစ် ဖြစ်သောကြောင့် မှန်ကွဲစတွေ လွင့်စဉ်ထွက်ကျသည်။ လူကတော့ ဘာမှမဖြစ်။ အဲ… မဟုတ်သေးဘူး။ ပါးပြင်ပေါ်မှာ စပ်ဖျဉ်းဖျဉ်း ဖြစ်နေ၏။ လက်နှင့် စမ်းကြည့်လိုက်တော့ ပူပူနွေးနွေး ပျစ်ချွဲချွဲ သွေးတွေ… လွင့်စဉ်လာသော ကားရှေ့မှန်ကွဲစ ရှမိခြင်း ဖြစ်မည်။

သွေးသုတ်ဖို့ တစ်ရှူးစက္ကူ ယူရန် ဒက်ရှ်ဘုတ် အံဖုံးကို ဖွင့်လိုက်သည်။ ဒီတော့မှ သတိရပြီး ပလက်စတစ် သေတ္တာငယ်လေးကို ဆွဲထုတ်လိုက်သည်။ အရေးပေါ် ဆေးသေတ္တာလေး ဖြစ်၏။ သေတ္တာဖွင့်၊ ဂွမ်းစယူပြီး သွေးတွေ သုတ်လိုက်သည်။ ပတ်တီးစကို လေးခေါက် ခေါက်၊ ဘီတာဒိုင်း ဆေးရည် ဆွတ်ပြီး ဒဏ်ရာပေါ် အုပ်သည်။ ပလက်စတာရှည်ရှည် ဖြတ်ပြီး ကပ်ထားလိုက်သည်။ လောလောဆယ်တော့ စိတ်ချရပြီ။

ထိုဆေးသေတ္တာလေးမှာ ရင်ရင်ငြိမ်း စီစဉ်ပေးထားခြင်း ဖြစ်၏။ အရေးကြုံလာတဲ့အခါ အသုံးဝင်သဖြင့် ဒီအတွက် ရင်ရင်ငြိမ်းကို ကျေးဇူးတင်သင့်သည်။ သို့ရာတွင် ပေါ်ဌေး စိတ်ထဲမှာတော့ ဒီဆေးသေတ္တာ ထည့်ပေးထား



တာကိုက တစ်နေ့နေ့ ဒဏ်ရာရမှာပဲ ဆိုပြီး ကြိုတင်နိမိတ်ဖတ်ထားသလို ဖြစ်နေတယ်ဟု ရှာကြံ အပြစ်တင်ချင်သလို ဖြစ်မိသေးသည်။

ကားစက် ပြန်နှိုးသည်။ ဂီယာသွင်းပြီး မောင်းထွက်လိုက်သည်။ ကားက တုန်ခါသွားရုံပဲ ရှိသည်။ ရှေ့ကို မရွေ့။ ကားပေါ်က ဆင်းပြီး ကြည့်တော့မှ ညာဘက် နောက်ဘီးသည် လမ်းဘေး မြေပျော့ထဲ နစ်ဝင်နေတာ တွေ့ရ၏။ သူ ခေါင်းကုတ်သည်။ ဘာလုပ်ရပါ့မလဲ စဉ်းစားနေစဉ် နောက်ဘက်မှ စက်သံ ပြင်းပြင်း ကြားရသည်။ လှည့်ကြည့်လိုက်တော့ ထော်လာဂျီတစ်စင်း။ မောင်းလာသော ပုဂ္ဂိုလ်က ပြုံးဖြီးဖြီး လုပ်ရင်း လှမ်းလက်ပြနေသည်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

အိမ်တံခါး လာဖွင့်ပေးသော ဝိုင်းစိန်က မျက်နှာပေါ်က ဒဏ်ရာကို မြင်ပြီး-

"ဟင်... ဦးပေါ်၊ ဘာဖြစ်..."

စကားကို ဆုံးအောင် မပြောဘဲ နောက်ဖေးဘက်သို့ လှစ်ခနဲ ပြန်ပြေးဝင်သွားသည်။ ရင်ရင်ငြိမ်းကို သွားအကြောင်းကြားခြင်း ဖြစ်၏။ ပေါ်ခွေး လှေကားပေါ် တက်ခါနီးတွင် ရင်ရင်ငြိမ်း ရောက်လာသည်။ ပေါ်ခွေးကို မြင်တော့ စိုးရိမ်ဟန် ဖြစ်သွားပြီး-

"ဘာဖြစ်တာလဲ"

ဟု မေးသည်။ ဒဏ်ရာကြီး ရှိနေပါလျက် 'ဘာမှ မဖြစ်ဘူး'ဟု ငြင်းလိုက်သည်။

ရင်ရင်ငြိမ်းကလည်း သတင်းထောက် မဟုတ်သဖြင့် ဘယ်တုန်းက ဘယ်နေရာမှာ ဘာဖြစ် ဆိုတာမျိုး... 'ဘ' လေးလုံးတွေ၊ 'ဘ' ငါးလုံးတွေ စုံစမ်းမနေတော့။ စီအိုင်ဒီကလည်း မဟုတ်သဖြင့် ရဲအရေးပိုင်သော အမှုအခင်း ဟုတ်၊ မဟုတ် စစ်ဆေးမနေတော့ဘဲ-

"ငါ ဘာလုပ်ပေးရမလဲ"



ဟု လိုရင်းကိုသာ တိုက်ရိုက် မေးလိုက်သည်။

"မလိုဘူး"

ပေါ်ခွေးက ပြောပြီး အပေါ်ထပ် တက်လာခဲ့သည်။

"ဆေးခန်းကိုတော့ သွားလိုက်ဦး"

ဟု ရင်ရင်ငြိမ်းက လှမ်းပြောသည်။ အစတုန်းကတော့ အချိန်ရှိသေးလျှင် ရပ်ကွက်ထဲက ဆေးခန်းကို သွားမည်။ ဒါမှမဟုတ် နှစ်ဆယ့်လေးနာရီ ဖွင့်သော အထူးကုဆေးခန်းကို သွားမည်ဟု စိတ်ကူးခဲ့သည်။ ရင်ရင်ငြိမ်းက ခုလို အကြံပေးလိုက်တော့မှပဲ ဘယ်ဆေးခန်းမှ မသွားတော့ဟု ဆုံးဖြတ်လိုက်သည်။

အခန်းထဲ ရောက်တော့ ဒဏ်ရာကို စစ်ဆေးကြည့်ဖို့ ပလတ်စတာကို ခွာလိုက်သည်။ ပတ်တီးခေါက်က သွေးတွေ ခဲပြီး အသားမှာ ကပ်နေသည်။ နည်းနည်း ဆွဲခွာကြည့်တော့ အတော်နာသည်။ ရေနွေးနဲ့ နှူးပြီးလုပ်မှ ရမည်။ ထို့ကြောင့် ဘာမှ မလုပ်တော့ဘဲ ပလတ်စတာ ပြန်ကပ်ထားလိုက်သည်။

မှန်တင်ခုံ မှန်ထဲ လှမ်းကြည့်တော့ ပါးတစ်ခြမ်း ရောင်နေတာ တွေ့ရသည်။ ခုမှ ပိုပြီး နာလာသည်။ ထိုအချိန်တွင် 'ဦးပေါ်'ဟု ခေါ်သံကြားသဖြင့် လှည့်ကြည့်သည်။ ဝိုင်းစိန်က အခန်းပေါက်ဝမှာ ရပ်နေသည်။ လက်ထဲမှာ ရေခွက်နှင့် ဆေးကတ်ကို ကိုင်ထားသည်။

"ဒေါ်လေးက ဆေးသောက်ဖို့ ပေးလိုက်တယ်"

"နေပါစေ"

ဝိုင်းစိန်က ရင်ရင်ငြိမ်း မှာလိုက်တဲ့အတိုင်း အခန်းထဲကို မရဲတရဲ ဝင်လာပြီး ရေခွက်နှင့် ဆေးကတ်ကို ခုတင်ဘေးက စားပွဲလေးပေါ် တင်ထားခဲ့ပြီး ပြန်ထွက်သွားသည်။ လိမ္မော်ရောင် ဆေးတောင့်များ။ အကိုက်အခဲပျောက်ဆေး ဖြစ်သည်။ ပေါ်ခွေး ခဏစိုက်ကြည့်ပြီးမှ လုံးဝမတို့ မထိဘဲ အိပ်ရာပေါ် လှဲချလိုက်သည်။

ပင်ပန်းလာလို့ ထင်သည်။ ခဏအတွင်းမှာ အိပ်ပျော်သွား၏။ အိပ်မက် အပိုင်းအစလေးတွေ အများကြီး မက်သည်။ ရင်ရင်ငြိမ်း အကြောင်းလည်း ပါသည်။ ဆေးမသောက်ရကောင်းလား ဆိုပြီး ရင်ရင်ငြိမ်းက သူ့ကို ပါးရိုက်သည်။ အိပ်မက်ထဲမှာတောင် တော်တော်နာသည်။ သွေးတွေလည်း အွက်ကျလာသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ လန့်နိုးလာ၏။ ပါးတစ်ဖက်က ရောင်ကိုင်းပြီး ဒဏ်ရာက တဆစ်ဆစ် နာကျင်ကိုက်ခဲနေသည်။ ဖျားချင်သလိုလိုလည်း ဖြစ်နေ၏။ ဘေးကို လှည့်ကြည့်တော့ ရင်ရင်ငြိမ်းကို မတွေ့ရ။ စောသေးလို့ အိပ်ရာမဝင်သေးတာလား ဆိုပြီး ခေါင်းရင်းက စားပွဲတင်နာရီလေးကို လှမ်းကြည့်သည်။ ညဆယ့်နှစ်နာရီတောင် ကျော်နေပြီ။ ဒီနေ့သည် လပြည့် သို့မဟုတ် လကွယ် ဖြစ်လိမ့်မည်။ ထို့ကြောင့် ရင်ရင်ငြိမ်း ဘုရားခန်းထဲမှာ သွားအိပ်တာ ဖြစ်ရမည်။

အိပ်ရာမှ ထလိုက်သည်။ ခုတင်ဘေးက စားပွဲပုလေးပေါ်မှာ ရေနွေးဓာတ်ဘူး၊ အချိုပန်းကန်၊ ကွေကာအုတ်တစ်ထုပ်၊ အကိုက်အခဲပျောက်ဆေးကတ်၊ ရေပုလင်းနှင့် ဖန်ခွက်တို့ တင်ထားတာ တွေ့ရသည်။

မနေ့က တစ်ညနေလုံး၊ တစ်ညလုံး ဘာမှ မစားရသေးတာ သတိရသည်။ ဗိုက်ထဲက ဆာနေသည်။ ဒဏ်ရာကြောင့် ပါးက တင်းပြီး ပါးစပ်ကောင်းကောင်းဟလို့ မရ။ ဝါးစားရတာမျိုးနဲ့ဆို မဖြစ်။ ထို့ကြောင့် ကွေကာအုတ် ဖျော်သောက်သည်။ အကိုက်အခဲပျောက်ဆေး တစ်တောင့် ဖောက်သောက်သည်။

ပြီးတော့မှ ဒါတွေဟာ ရင်ရင်ငြိမ်း စီစဉ်ပေးထားတာ ဖြစ်ကြောင်း သတိရသွား၏။ ခဏ တွေနေပြီးနောက် အချိုပန်းကန်နှင့် ကွေကာအုတ် အိတ်ခွံကို ယူပြီး အောက်ထပ် ဆင်းလာခဲ့သည်။ အိတ်ခွံကို အမှိုက်ပုံးထဲ ထည့်သည်။ ပန်းကန် ဆေးသည်။ ကြောင်အိမ် ဖွင့်ပြီး ရှာသည်။ ကွေကာအုတ် အထုပ်ကြီးထဲက အသေးတစ်ထုပ် ယူသည်။ အပေါ် ပြန်တက်သည်။ ဆေးပြီးသား ပန်းကန်လုံးကို သူ့နေရာမှာ ပြန်ထားသည်။ ပန်းကန်ပြား အုပ်ပြီး ကွေကွာအုတ် အထုပ်သစ်ကို တင်ထားလိုက်သည်။ မူလအတိုင်း အရာမယွင်းတဲ့ ပုံစံလုပ်ထားလိုက်သည်။ ဆေးတစ်တောင့် ဖောက်သောက်ထားသော ဆေးကတ်ကိုတော့ ပြန်ဖြည့်လို့ မရတော့။

အိပ်ရာပေါ် ပြန်လှဲသည်။ ကွာကြရှင်းကြဖို့ ပြောဆိုထားပြီးကြသည့်တိုင် ရင်ရင်ငြိမ်းသည် အိပ်ရာ ခွဲမအိပ်ဘဲ ခုတင်မှာပဲ ပေကပ်ပြီး အိပ်နေသည်။ အရင်က ဝါတွင်းသုံးလမှာ အိပ်ရာ ခွဲအိပ်ရအောင်လို့ အကြံပြုခဲ့တဲ့ မိန်းမက ခုကျတော့ လပြည့် လကွယ်ကလွဲလို့ ဒီခုတင်မှာ မြဲနေပြန်သည်။ ဒါဟာ ပေါ်ချေးကို လိုက်လျောချင်တဲ့ သဘော၊ အခွင့်အရေး ပေးချင်တဲ့သဘော မဟုတ်။ ကွာရှင်းလိုသော ဆန္ဒ မရှိကြောင်း အချက်ပြနေခြင်းသာ ဖြစ်၏။



ပေါ်ချေးသည် သူ့ဘာသာ စာကြည့်ခန်းထဲမှာ သွားအိပ်ရင် ကောင်းမလား စဉ်းစားခဲ့သေးသည်။ ဒါဆိုလျှင် သူ အရှုံးပေးသလို ဖြစ်သွားမလား၊ သိက္ခာကျသွားမလားဟု တွက်ဆပြီး ဒီအတိုင်း ဆက်အိပ်နေခြင်း ဖြစ်၏။

မကြာမီမှာ သီးခြားစီ လမ်းခွဲကြဖွယ်ရှိသော၊ လောလောဆယ်မှာလည်း စကားပင် ခပ်ဟဟ မပြောဖြစ်ကြတော့သော လူနှစ်ယောက်တို့ တစ်အိပ်ရာတည်း အတူတူ အိပ်နေရသော ပြဿနာ အခက်အခဲကို ဒီလိုမျိုး အိပ်ဖူးသူတို့သာ ကိုယ်ချင်းစာကြည့်နိုင်ကြလိမ့်မည်။

နှစ်ယောက်အိပ် ခုတင်၏ အကျယ်အဝန်းမှာ ငါးပေခွဲသာ ရှိ၏။ တစ်ယောက်စာအတွက် နှစ်ပေခွဲသာသာပဲ ရသည်။ ဒီအတိုင်းအတာအတွင်းမှာ တစ်ယောက်နှင့် တစ်ယောက် မတို့ မထိမိအောင် အိပ်ဖို့ဆိုတာ မလွယ်ကူလှ။ မအိပ်ခင်မှာ ငြိမ်ငြိမ်လေး နေလို့ရချင်ရမည်။ အိပ်ပျော်သွားပြီ ဆိုလျှင်တော့ ထိန်းချုပ်လို့ မရ။ လူးတာ လိမ့်တာ ရှိမည်။ ခြေတွေ၊ လက်တွေက ဟိုရောက် ဒီကိုင် ဖြစ်နိုင်သည်။

ပေါ်ချေးသည် အအိပ်ကြမ်းသူဟု ဆိုနိုင်၏။ လွတ်လွတ်လပ်လပ် ခြေကားယား လက်ကားယား အိပ်ချင်သည်။ အိပ်မောကျပြီဆိုလျှင် အိပ်ရာ အနှံ့ လူးလိမ့်နေတတ်သည်။ လက်ထပ်ပြီးခါစတုန်းကတောင် ရင်ရင်ငြိမ်းက-

"ကိုပေါ်ရယ်... ဂရုစိုက်ရရ အိပ်စမ်းပါ"

ဟု ပြောသေးသည်။

"အိပ်တာတောင် ဂရုစိုက်ရဦးမှာလားဟ၊ အိပ်ပျော်သွားမှတော့ ကိုယ် ဘယ်လိုဖြစ်နေလဲ ဘယ်သိပါ့မလဲ"

"အိပ်တာလည်း ဂုဏ်ရည်ပုတ် တစ်မျိုးပဲ၊ သူတော်ကောင်းတွေဟာ ဘယ်လို အနေအထားမျိုးမှာပဲ ဖြစ်ဖြစ်၊ ဂရုစိုက် သိက္ခာကို စောင့်ထိန်းကြတာပဲ"

"အဲဒါတွေ မသိဘူး၊ ငါက လူယုတ်မာပဲ၊ ရှင်းပြီလား"

ဟု စိတ်တိုတိုနှင့် ပြောမိသေးသည်။

ပေါ်ချေးက ညအိပ်လျှင် ရင်ရင်ငြိမ်းကို ဖက်ထားချင်သည်။ ရင်ရင်ငြိမ်းက အသက်ရှူကျပ်တယ်ဟု ပြောသည်။

"ဒါဆိုလည်း နင်ကပဲ ငါ့ကို ဖက်ထားလေ၊ ငါ အသက်ရှူမကျပ်တတ်ပါဘူး၊ မွေးတောင် မွေးသေးတယ်" ဆိုတော့-

"အို... လက်မရဲပါဘူး" ဟု ဆို၏။

www.burmeseclassic.com

www.burmeseclassic.com



ပေါ်ဒွေးသည် ငယ်ငယ်ကတည်းက အမွေရင်ခွင်ကို ခေါင်းနှင့်ဇွေ့လို ဇွေ့။ အမေ့ပေါင်ပေါ် ခေါင်းအုံးပြီး ချွဲလို့ချွဲ လုပ်တတ်သည်။ ရင်ရင်ငြိမ်းက ကျတော့ ပွတ်သီးပွတ်သပ် လုပ်တာ မကြိုက်။ ယားတယ်ဆိုပြီး မနေတတ် မထိုင်တတ် ဖြစ်နေသည်။

"ဩော်… နင်က ယားတော့ ယားတတ်သားပဲနော်"

ဟု ပေါ်ဒွေးက မချင့်မရဲ ငေါ့တော့တော့ ပြောသည်။

ရင်ရင်ငြိမ်းသည် ညအိပ်လျှင် တစ်ဖက်ကို လှည့်ပြီး ခပ်စောင်းစောင်းလေး အိပ်တတ်သည်။ မနက်အထိ ဒီပုံစံအတိုင်း အရာမယွင်းဘဲ ငြိမ်ငြိမ်လေး ရှိနေတတ်၏။ သူမို့ မညောင်းတတ်။

ပေါ်ဒွေးက အိပ်ချင်ယောင်ဆောင်ပြီး ချမ်းလွန်းလို့ ဆိုသော သဘောဖြင့် ကျောချင်းကပ်ဖို့ ကြိုးစားသေးသည်။ ရင်ရင်ငြိမ်းက ဟိုဘက်ကို ရွှေ့သွား၏။ ပေါ်ဒွေးက အမြင်ကတ်ကတ်နှင့် လိုက်တိုးသည်။ ရင်ရင်ငြိမ်း နေရာ ရွှေ့ရင်း ရွှေ့ရင်း နံရံဘက် ကပ်သွားသည်။ ထပ်ရွှေ့လို့ မရတော့။ ပေါ်ဒွေးက ဖိမ်နှင့် မှိန်းနေစဉ် ရင်ရင်ငြိမ်းက ဆတ်ခနဲ ထ၊ ခြေရင်းဘက်က ကွေ့ပြီး ဒီဘက် နေရာလွတ်ကို ပြောင်းအိပ်လေသည်။

ပေါ်ဒွေးသည် လွယ်လွယ်နှင့် အလျှော့ပေးတတ်သူ မဟုတ်သဖြင့် တစ်မျိုး ကြံစည်ပြန်သည်။ ရင်ရင်ငြိမ်း အိပ်ပျော်နေတုန်း ပါးပြင်ကို ဖွဖွလေး နိုးနမ်းခြင်းပင် ဖြစ်၏။ အောင်မြင်တဲ့အခါလည်း ရှိသည်။ ရင်ရင်ငြိမ်းမှာ အအိပ်ဆတ်သူ ဖြစ်သဖြင့် တစ်ခါတလေတော့ ထိခါနီးကျမှ ဖျတ်ခနဲ မျက်စိပွင့်လာသည်။ ထိုအခါ ပေါ်ဒွေးမှာ ရုပ်ရှင်တွေထဲကလို ခြင်ရှာသလိုလို ဘာလိုလို လုပ်ရသည်။ မရှိတဲ့ ခြင်ကို ဖြန်းခနဲ ရိုက်ရတာမျိုး လုပ်ရသည်။

"ဟစ်ကောင်တလေ ရှိတာ ကိုက်ချင်လည်း ကိုက်ပါစေဟာ၊ အကုသိုလ်များပါတယ်"

ဟု ရင်ရင်ငြိမ်းက ပြောသေးသည်။

ဒါတွေဟာ ဟိုအရင်ခေတ်ကောင်းတုန်းက ကိစ္စတွေပါ။

ခုလို ခပ်စိမ်းစိမ်း ဖြစ်သွားတဲ့အခါမှာတော့ နှစ်ခြမ်းကွဲနေတဲ့ နိုင်ငံတစ်ခုလို ခုတင်တစ်လုံးထဲ တစ်ပိုင်းစီ ကန့်ပြီး အိပ်ကြရတာ တော်တော်အနေရကျပ်တည်းသည်။ နယ်နိမိတ်မျဉ်းကို ကျော်ရင် ပစ်မယ် ခတ်မယ် ဆိုတာမျိုး



မရှိလို့ တော်သေးသည်။ တကယ်တော့ ကန့်သတ်မျဉ်း ဆိုတာကလည်း တိတိကျကျ စည်းခြားထားတာ မဟုတ်။

ဒီတစ်နေ့တော့ တစ်ယောက်တည်း လွတ်လွတ်လပ်လပ် အိပ်လို့ရပြီ။ နှစ်ယောက်အိပ် ခုတင်ကြီးပေါ်မှာ ခြေကားယား လက်ကားယား အိပ်ချင်သလို အိပ်၊ လှိမ့်ချင်သလို လှိမ့်လို့ရပြီဆိုပြီး ဝမ်းသာအားရ မဖြစ်မိတာတော့ အမှန်ပဲ ဖြစ်၏။ ပေါ်ဒွေးသည် ဖက်ခေါင်းအုံးကို အငြိုးတကြီးနဲ့ တအားဖက်ထား လိုက်မိလေသည်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

"မင်းတို့ကို ထူးထူးဆန်းဆန်းကလေးတွေ ကျွေးချင်လို့"

ဆိုပြီး ရဲမော်က ဖိတ်သဖြင့် အောဘီကျော်ကလွဲပြီး သူငယ်ချင်းတွေ စုံအောင် ရောက်ရှိနေကြသည်။ အမှန်တော့ ရဲမော်သည် မြရီဝင်းက သူ့ကို ဘယ်လောက် ဂရုစိုက်ကြောင်း၊ သူ စားချင်တာမှန်သမျှ စိတ်ရှည်လက်ရှည် ချက်ကျွေးကြောင်း၊ အချက်အပြုတ်ကလည်း အလွန်ကောင်းကြောင်း ကြွားချင်လို့ ခေါ်ပြခြင်းသာ ဖြစ်၏။ ဒီကောင် ခုလို ကျောတာကို အမြင်ကတ်သော်လည်း ကောင်းကောင်းမျိုရ ဆို့ရတော့မည် ဖြစ်သောကြောင့် သူ့အကြိုက် လိုက်ပြီး မြှောက်ပင့်ပေးကြရသည်။

မြရီဝင်းကလည်း ဒီကောင် စိတ်ကူးတည့်ရာ ပြောသမျှ အကုန်လုပ် ပေးထားသည်။ ဖားပေါင်တွေကို သီတံလေးတွေနဲ့ ထိုးပြီး စီထားသည်။ အကင် ဆိုင်တွေမှာလို သံဖြူမီးသွေးမီးဖိုလေးလည်း ချပေးထားသည်။ စားချင်တဲ့ အချိန်ကျမှ ကိုယ်တိုင် ကင်စားရမည် ဖြစ်၏။

"မြရီဝင်းက သူ့ဟာသူ ကင်မပေးဘူးလားကွ"

ဟု ကံညွန့်မောင်က နောက်နေသေးသည်။



ရေခူနှင့် ကျောက်ပွင့်သုပ်၊ ဂုံးကောင်နှင့် ရောက်ရွက်ဟင်းချို၊ မှိုခြောက်နှင့် ပန်းငရုတ်သီးကြော် စသည်ဖြင့် စားသောက်စရာတွေက သမားရိုးကျ မဟုတ်။

"မင်းဟာက ဟုတ်ရဲ့လားကွာ၊ ဖု(ဒ်)ပွိုင်စင်တွေ ဘာတွေ ဖြစ်ပြီး ချေးပန်းနေဦးမယ်"

ဟု အောင်ချိုက ပြောတော့ ရဲမော်က-

"မပူပါနဲ့ကွာ၊ ပြီးရင် မင်းတို့ကို ငါကိုယ်တိုင် ဖော်စပ်ထားတဲ့ အစာဖျက်ဆေး တိုက်မယ်၊ စားချင်သလောက် စား၊ ဘာမှ မဖြစ်စေရဘူး"

"ဆေးမလိုပါဘူးကွ၊ ပထမဆုံးတစ်ခွက်ကိုသာ ခပ်ပြင်းပြင်းလေး ချလိုက်၊ တော်ရုံတန်ရုံ ရောဂါပိုး ဘယ်ခံနိုင်မလဲ"

ဟု ကံညွန့်မောင်က ဝင်ပြောသည်။ ယမကာဝိုင်း စ,ဖို့ သွယ်ဝိုက်၍ အချက်ပေးလိုက်ခြင်းပင် ဖြစ်၏။ ပေါ်ဌေးက ကံညွန့်မောင်ကို အကဲခတ်သည်။ ကံညွန့်မောင်ကလည်း သူ့ကို ပြန်ကြည့်ရင်း ပြုံးပြသည်။ သူတို့နှစ်ယောက်စလုံး သဘောတူညီထားချက်ကို မဖောက်ဖျက်ကြသေးကြောင်း အပြန်အလှန် သဘောပေါက်လိုက်ကြသည်။

ပေါ်ဌေးသည် ကောင်းထွန်းကို စူးစမ်းကြည့်ပြန်သည်။ ထူးခြားမှု မရှိ။ တည်တည်ငြိမ်ငြိမ်ပဲ။ ဟိုတစ်ညက စာချုပ်ပေါ်မှာ လက်မှတ်ထိုးပေးလိုက်တဲ့ အကြောင်း သတိရပုံမပေါ်။ အမူးလွန်နေလို့ ဘာတွေ ဖြစ်ခဲ့မှန်း မမှတ်မိတော့ခြင်း ဖြစ်မည်။ ထို့ကြောင့် ပေါ်ဌေး အတော်စိတ်အေးသွားသည်။

ရဲမော်က ဖားပေါင်သီတံတွေကို မီးဖိုပေါ် တင်၍ ကင်ရင်း-

"အောဘီကျော်ကို သတိရတယ်ကွာ၊ ဒီကောင်က အစားကောင်း သိပ်မက်တာ"

"အေးကွ၊ ဒီကောင် ဘယ်ရောက်နေလဲ မသိဘူး၊ အဆက်အသွယ်လည်း မလုပ်ဘူး"

"တောကျောင်းဆရာ လုပ်နေတယ် ဆိုတာပဲ ကြားရတယ်"

"အရင်ရွာမှာလည်း မဟုတ်တော့ဘူးတဲ့၊ ဘယ်ပြောင်းသွားတယ် ဆိုတာလည်း အသိမပေးဘူး၊ သတင်းရရင် ပြောကွာ၊ ငါတို့ စုပြီး သွားရအောင်"

ပေါ်ဌေးက လွဲပြီး ကျန်တဲ့ကောင်တွေ တစ်ယောက်တစ်ပေါက် ပြောကြသည်။ ပေါ်ဌေးကတော့ နှုတ်ဆိတ်နေလိုက်သည်။ အောဘီကျော်ဆီ

www.burmeseclassic.com

www.burmeseclassic.com



ရောက်ခဲ့ကြောင်း၊ ဘုန်းကြီးဝတ်နေကြောင်း ပြောလို့မဖြစ်။ အကုန်ပေါ်ကုန်လိမ့်မည်။

"ကိုင်း…"

ကံညွန့်မောင်က ပုလင်းကို ဆွဲယူပြီး အဖုံးကို လှည့်ဖွင့်လိုက်သည်။ ပြီးတော့ ဖန်ခွက်တွေထဲ လက်နှစ်လုံးစီလောက် ငှဲ့ထည့်ပေးသည်။ ကောင်းထွန်း အလှည့်ရောက်သောအခါ သူက ဖန်ခွက်ပေါ် လက်နှင့် အုပ်၍ ပိတ်လိုက်ရင်း–

"ငါ မသောက်ဘူး"

ဟု ပြောသည်။ ကံညွန့်မောင်က–

"ဟေ့ကောင်… အပိုတွေ လုပ်မနေနဲ့"

"တကယ် ပြောတာ၊ ငါ အရက်ဖြတ်လိုက်ပြီ"

"ဟား ဟား… ဘာပြောတယ်၊ တရုတ်ပြည်မှာ ဝက်သားစားခွင့် ပိတ်လိုက်ပြီတဲ့၊ ဟုတ်လား… ဟား ဟား"

ကောင်းထွန်းက ဖန်ခွက်ပေါ်မှာ ပိတ်ပြီး အုပ်ထားသော လက်ဝါးကို ပို၍တင်းအောင် ဖိလိုက်သည်။ သူ တကယ်ပြောနေခြင်း ဖြစ်ကြောင်း စတင် ရိပ်မိသွားသူမှာ ရဲမော် ဖြစ်၏။

ကောင်းထွန်းသည် ယမကာဝိုင်းမှာ ထိုင်မိလျှင် ဂနာမငြိမ် ဖြစ်တတ်စမြဲ။ လက်ဆစ်တွေ ချိုးလိုက်၊ တံတွေး မျိုချလိုက်၊ ဆေးလိပ်တွေ နင်းကန် ဖွာလိုက်နဲ့ ဣန္ဒြေမရ။ ကျန်တဲ့သူငယ်ချင်းတွေက ဝိုင်းကို မစသေးဘဲ နောက်လား ပြောင်လား လုပ်ရင်း အချိန်ဆွဲနေလျှင် စိတ်မရှည်တော့ဘဲ–

"တော်တော်သောက်စကား များတဲ့ ကောင်တွေ၊ လေရှုနေရုံနဲ့ မမူးဘူးကွ"

ဆိုပြီး ပုလင်းကို အရင်ဦးအောင် ယူဖွင့်တတ်သည်။ နှစ်ခွက်လောက် ဆင့်ချပြီးမှ နေသာထိုင်သာ ရှိသွားတတ်သည်။ ဒီနေ့တော့ ပုလင်းကို လုံးဝ စိတ်ဝင်စားဟန် မပြဘဲ တည်တည်ငြိမ်ငြိမ် ရှိနေတာ ထူးခြားသည်။ ဟိုအရင်က အရက်သောက်ရင်း ကတောက်ကဆ ဖြစ်ခဲ့ကြပြီး အဆက်အသွယ် ပြတ်နေရာမှ ပထမဆုံး ပြန်ဆုံကြလို့ အမ်းတမ်းတမ်း ဖြစ်နေတာ ထင်ခဲ့မိသေးသည်။

"ဘယ်လိုဖြစ်ပြီး အရက်ပြတ်သွားတာလဲကွ"

ဟု ရဲမော်က မေးလိုက်သည်။

"မိငယ်ကြောင့်ပေါ့ကွာ"



"မငယ်က မင်း ဘာပဲလုပ်လုပ် ကျေနပ်ပြီးသားပဲ၊ အရက်သောက်တာတောင် အပြစ်လို့ မြင်တာ မဟုတ်ဘူး၊ လျှော့သောက်စေချင်တာပဲ ရှိတာ"

"အေး… အဲဒီအကြောင်းတွေလည်း ပါတာပေါ့၊ ဒီလိုကွာ… တစ်ရက်မှာ ငါ သောက်တာ နည်းနည်းများသွားတယ်"

"မများတဲ့နေ့ကော ရှိသေးလို့လား"

ကံညွန့်မောင်က ဝင်ထောက်သည်။ အရင်တုန်းကလို ဆိုလျှင် ဒီစကားကြောင့် နှစ်ယောက် အချေအတင် ဖြစ်ပြီး ငြိသွားနိုင်သည်။ ပေါ်ဒွေးတောင် ကောင်းထွန်း ဘာပြန်ပြောမလဲ ဆိုပြီး စိုးရိမ်တကြီး လှမ်းကြည့်မိသေးသည်။ ကောင်းထွန်းက စိတ်ဆိုးဟန်မပြ။ တည်တည်ငြိမ်ငြိမ်ပဲ ခေါင်းတစ်ချက် ဆတ်ပြီး–

"အဲဒီနေ့က ခါတိုင်းထက် ပိုများတယ် ဆိုပါတော့၊ ဆိုးသွားတာက အရက်နှစ်မျိုး ရောသောက်မိတာပဲ၊ ဆိုင်မှာ ဆုံနေကျ မိတ်ဆွေတစ်ယောက်က ဒရိုင်းဂျင် တစ်ပုလင်း ရလို့ ယူလာတာနဲ့ လေးယောက် သောက်ကြတယ်၊ နောက်တော့ မဝသေးတာနဲ့ ကောက်ညှင်းအရက် ထပ်ချကြတယ်၊ အဲဒီမှာ တော်တော်ထိသွားတယ်"

"မင်းကတော့ ဖြစ်ရမယ်"

"ပြီးတော့ အိမ်ကို တန်းမပြန်သေးဘဲ လက်ဆည်ကန်ပေါင်ပေါ်မှာ သွားထိုင်ပြီး လေညင်းခံသေးတာကိုး၊ မင်းတို့ သိတဲ့အတိုင်းပဲ၊ ဂျင်အရက်ဆိုတာက လေတိုက်လေ ပိုမူးလေ မဟုတ်လား၊ နောက်တော့ ဘယ်လိုဖြစ်သွားမှန်း မသိပါဘူး၊ ဗာဒံပင်လေးကို မှီပြီး အိပ်ပျော်သွားတာပဲ၊ မနက် ငါးနာရီလောက်ကျမှ အရမ်းချမ်းလွန်းလို့ နိုးလာတယ်၊ အဲဒီမှာ အအေးမိသွားတယ် ထင်ပါရဲ့ကွာ၊ အိမ်လည်း ရောက်ရော အဖျားတွေ တက်ပြီး သတိလစ်သွားတော့တာပဲ"

"မင်းကွာ… တော်တော်ဆိုးတဲ့ကောင်၊ အဲဒါမျိုးက အအေးပတ်ပြီး တစ်ခါတည်း လျှောသွားနိုင်တယ်ကွ"

"ငါလည်း သေပြီ ထင်တာ၊ သုံးရက်လောက်ဟာ သတိရတစ်ချက်၊ မရတစ်ချက်ပဲ၊ မိငယ်ကတော့ တကယ်ပါပဲ၊ တစ်ချိန်လုံး ငါ့နားက မခွာဘူး၊ ထမင်းတောင် စားရဲ့လား မသိဘူး၊ ငါ ကောင်းကောင်းပြန်သတိရလာတဲ့ အခါကျတော့မှ ရှိုက်ကြီးတငင် ငိုတော့တာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"မငယ်က မင်းအပေါ်မှာ သိပ်အနိုင်အထက် ခံတာကွ"

"ဟုတ်တယ်၊ သူက အားလည်း ငယ်တတ်တယ်၊ ငါ့အပေါ် အားလုံးပုံပြီး အားကိုးခဲ့တာ၊ ဘယ်လောက်အထိလဲ ဆိုတော့ ကြွက်သတ်ဆေးတွေ အဆင်သင့် ပြင်ထားတယ်တဲ့"

"ဘယ်လို... ဘာအတွက်လဲ"

"တကယ်လို့ ငါ သေသွားရင် သူတစ်ယောက်တည်းတော့ မနေခဲ့ဘူး၊ သူပါ လိုက်သေမယ်ဆိုတဲ့ သဘောပေါ့၊ ငါလည်း တော်တော်စိတ်မကောင်းဖြစ်သွားတယ်၊ သူ့အပေါ် နိုင်လိုမင်းထက် လုပ်ခဲ့မိတဲ့အတွက်လည်း သနားသွားတယ်၊ ဒါနဲ့ ငါ အရက်ဖြတ်ဖို့ ဆုံးဖြတ်လိုက်တာပဲ"

"မင်းက အရက်ဖြတ်ဖို့တော့ လွယ်သားပဲ"

ဟု ရဲမော်က ချီးကျူးသည်။ ကောင်းထွန်းက လက်ကာပြပြီး-

"ဟာ... ဘယ်ကလာ လွယ်ရမှာလဲ၊ အရက်ဖြတ်တဲ့ဒဏ်ကို လိမ့်နေအောင် ခံရတာကွ၊ ငါကလည်း ခပ်ပေပေကောင် ဆိုတော့ ဆရာဝန်တွေ ဘာတွေရဲ့ အကူအညီကို မယူဘဲ တိခနဲ အစိမ်းဖြတ် ဖြတ်တာကိုး၊ ဖျားထားတဲ့ အရှိန်ကြောင့် အားနည်းနေရတဲ့ကြားထဲ မစားချင် မသောက်ချင် ဖြစ်တော့ ပိုဆိုးတာပေါ့၊ လူက ခြေတုန် လက်တုန် ဖြစ်၊ ည ည အိပ်မပျော်ဘဲ ကယောင်ကတမ်းတွေ ဖြစ်ပေါ့ကွာ"

"နောက်တော့ ဘယ်လို ကောင်းသွားလဲ"

"အေး... ဒီနေရာမှာ ရင်ရင်ငြိမ်းကို ကျေးဇူးတင်ရမယ်ကွ"

"ဘာ... ရင်ရင်ငြိမ်း၊ သူနဲ့ ဘယ်လို ပတ်သက်လို့လဲ"

ဟု ပေါ်ဌေးက အလန့်တကြား မေးလိုက်သည်။

"ဒီလိုကွ... ငါ အဲဒီလို ဝေဒနာခံစားနေရတော့ မိငယ်လည်း ကြံရာမရ ဖြစ်ပြီး ရင်ရင်ငြိမ်းဆီ ဖုန်းလှမ်းဆက်တယ်၊ အဲဒါ ရင်ရင်ငြိမ်းက ချက်ချင်းပဲ အိမ်ကို ရောက်လာတယ်ကွ၊ ငါ့အတွက် စားစရာ သောက်စရာတွေ၊ အားဆေးတွေလည်း ယူလာတယ်၊ ပြီးတော့ စိတ်တည်ငြိမ်သွားအောင် တရားထိုင်ကြည့်ပါလားလို့ အကြံပေးတယ်၊ လမ်းညွှန်စာအုပ်ကလေးလည်း ပေးတယ်၊ ထိုင်ပုံထိုင်နည်းလည်း ပြပေးတယ်၊ နေပါဦး... ဒီအကြောင်းတွေ ရင်ရင်ငြိမ်းက မင်းကို မပြောဘူးလား"

ပေါ်ဌေးက ဖြေရခက်ပြီး ခဏမျှ တုံ့ဆိုင်းနေပြီးမှ-



"အဲ... ပြော... ပြောပါတယ်၊ ငါလည်း အလုပ်များနေတာနဲ့ အမှတ်တမဲ့ ဖြစ်သွားတာ"

ဟု မရေမရာ ဖြေသည်။ ကောင်းထွန်းက ပြောလက်စကိုသာ ဆက်သည်။

"အစတော့ ငါက သိပ်စိတ်မဝင်စားပါဘူး၊ မိငယ်ကလည်း အတင်းတိုက်တွန်းတာရယ်၊ ညဘက် အိပ်မပျော်မယ့် အတူတူ စမ်းကြည့်မယ်ဆိုပြီး လုပ်ကြည့်တာ၊ မဆိုးဘူးကွ၊ ဝေဒနာတွေ အတော်သက်သာသွားတယ်၊ ညဘက်ကျရင်လည်း နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်တယ်၊ စိတ်တည်ငြိမ်သွားတာကို ငါ သဘောအကျဆုံးပဲ၊ ခုဆိုရင် ညတိုင်း နာရီဝက်လောက်မှ တရားမထိုင်ရရင် တစ်ခုခု လိုနေသလို ခံစားရတယ်၊ မင်းတို့လည်း လုပ်ကြည့်ဖို့ ကောင်းတယ်"

ဘယ်သူမှ စကားမပြန်နိုင်ကြ။ လက်ထဲမှာ အရက်ခွက်ကိုယ်စီ ကိုင်ထားမိကြတာကိုး။ ခဏကြာမှ ရဲမော်က စကားစ,သည်။

"အေးကွာ... အဆင်ပြေတဲ့အခါကျတော့ ထိုင်ကြည့်တာပေါ့၊ အခု တော့... ဟဲ ဟဲ"

ထိုအခါ ကျန်တဲ့ကောင်တွေကလည်း 'ဟဲ ဟဲ' ဟု လိုက်ရယ်ပေးကြသည်။

သူတို့ ပြောနေ ဆိုနေကြတာကို ကြားသွားဟန်တူသည်။ မြရီဝင်းက ကောင်းထွန်းအတွက် လိမ္မော်ရည်တစ်ခွက် ယူလာပေးသည်။

"ကိုကောင်းထွန်း ဝလာတယ် ထင်တယ်"

ဟု ပြောသည်။ ကောင်းထွန်းက-

"ဒါပေါ့... အရက်ဖြတ်လိုက်လို့ စားကောင်းသောက်ကောင်း ဖြစ်လာတာကိုး၊ ဒီကောင့်ကိုလည်း ဖြတ်ခိုင်းဦးလေ"

ဟု ရဲမော်ဘက် မေးငေါ့ပြရင်း ပြောသည်။ မြရီဝင်းက-

"နည်းနည်းပါးပါး ဆိုရင်တော့ ဆေးဖက်ဝင်တယ်လို့ ဥတုဘောဇနကျမ်းထဲမှာ ဖတ်ဖူးပါတယ်"

ဟု ပြုံး၍ ပြောပြီး ပြန်ထွက်သွားသည်။

မြရီဝင်း ပြောပုံမှာ ပညာသားပါသည်။ ကောင်းထွန်း စကားကိုလည်း ဆန့်ကျင်ရာ မရောက်အောင်၊ သူ့ယောကျ်ားလည်း သိက္ခာမကျအောင် တစ်ဖက်ကလည်း သိပ်တော့ မသောက်ကြနဲ့နော်ဟု သတိပေးပြီးသားလည်း ဖြစ်အောင်

www.burmeseclassic.com

www.burmeseclassic.com



ပါးပါးနပ်နပ် ပြောသွားခြင်း ဖြစ်၏။ ရဲမော်ကတော့ သူ့မိန်းမအနေဖြင့် ခုလို သံတမန်ဆန်ဆန် စကားမျိုး သုံးနှုန်းတတ်အောင် ငါ လေ့ကျင့်ပေးထားတာပေါ့ ကွ…. ဆိုသော မျက်နှာပေးဖြင့် မြိန့်မြိန့်ကြီး ပြုံးနေသည်။

ဒီလိုနဲ့ သူတို့ဝိုင်းကို ဆက်လိုက်ကြသည်။ ပြီးတော့ ထုံးစံအတိုင်း တစ်ယောက်ကို တစ်ယောက် စ,ကြ၊ နောက်ကြ၊ ရယ်ကြ မောကြ။ ကိုယ့်မိန်းမတွေနှင့် ပတ်သက်ပြီး ကြောင်ကွက်၊ ဟားကွက်တွေ ပြောကြသည်။ နည်းနည်းညစ်ညမ်းသော ခါးအောက်ပိုင်း ပြက်လုံးတွေလည်း ပါသည်။ ပေါ်ဒွေး တစ်ယောက်သာ နှုတ်ဆိတ်နေသည်။ ထိုအခါ ကောင်းထွန်းက စကားစ,သည်။

"ဘယ်လိုလဲကွ ကိုပေါ်၊ ရင်ရင်ငြိမ်းက လပြည့် လကွယ် ဥပုသ် စောင့်တုန်းပဲလား"

"ထုံးစံအတိုင်းပေါ့"

ပေါ်ဒွေးက စိတ်မပါ့တပါ ဖြေသည်။ အောင်ချိုက ပေါ်ဒွေးကို ဝင်ဖဲ့သည်။

"ဒီကောင် ဥပုသ်သည်ကို ဖြစ်မှားတဲ့ကောင်၊ ငရဲကြီးမယ်ကွ"

ဝိုင်းဟားကြသည်။ ပေါ်ဒွေးလည်း အလိုက်သင့် ပါးစပ်ဖြဲနေလိုက်ရ၏။ သူ့ပုံစံမှာ အထက်လူကြီးက မရယ်ရသော ဟာသတစ်ခုကို ပြောပြီး တဟားဟား လုပ်နေသဖြင့် တာဝန်အရ လိုက်ရယ်ပေးရသလို ဖြစ်နေ၏။ ကောင်းထွန်းက-

"ရင်ရင်ငြိမ်း ဆိုလို့ ပြောရဦးမယ်၊ သူ ငါ့ဆီ လာတော့ သည်းခြေ သွေးဆေး ဆိုတာ ပေးသွားတယ်၊ တကယ်ကောင်းတယ်ကွ၊ လျှာပေါ် တင် လိုက်တာနဲ့ အေးစိမ့်ပြီး ချက်ချင်း လန်းဆန်းသွားတာပဲ"

"အဲဒါ ငါ ပေးလိုက်တဲ့ ဆေးကွ"

ရဲမော်က ဝင်ပြောသည်။ ထိုအခါက အောင်ချိုက မေးသည်။

"အခုကော မင်း ဘာဆေးတွေ စမ်းသပ် ဖော်စပ်နေသေးလဲ"

"ငါလည်း အဲဒါ ပြောမလို့ကွ၊ မင်းတို့ စိတ်ဝင်စားမှာပဲ"

"ဘာဆေးမို့လို့လဲ"

"ဆီးဆေးကွ"

"ဟာကွာ… မင်းဟာကလည်း"



"နေဦးလေ… စကားဆုံးအောင် နားထောင်ပါဦး၊ ဖော်တာကတော့ ဆီးဆေးအနေနဲ့ပဲ၊ နောက်မှ သူ့ရဲ့ ဘေးထွက်ကောင်းကျိုး တစ်ခုကို သွား တွေ့တာ၊ ဝါဇီကရဏ အာနိသင် ရှိနေတယ်"

"ဝါဇီကရဏ ဆိုတာ ဘာလဲ"

ရဲမော်က မြရီဝင်း ရှိနေသော နောက်ဖေးဘက်ကို တစ်ချက် လှမ်း ကြည့်သည်။ ပြီးမှ လေသံကို နှိမ့်၍ အဓိပ္ပာယ် ရှင်းပြပြီး-

"အဲဒါ သိပ်စွမ်းတယ်ကွ"

"ဟင်… ဟုတ်လား၊ ဒါဆို မြန်မြန်ဖော်ကွာ၊ ငါ ဆယ်ပုလင်း ဝယ်မယ်"

ကံညွှန့်မောင်က အားတက်သရော ပြောသည်။ ရဲမော်က-

"မင်း အဲဒီအတိုင်းပဲ၊ ဒါမျိုးဆို သိပ်လောဘကြီးတယ်၊ ငါက ဒီဆေးကို ကိုပေါ်နဲ့ အရင်ဆုံး စမ်းသပ်မယ်လို့ စဉ်းစားထားတာကွ"

"ဟုတ်တယ်ကွ၊ ကောင်းတယ်၊ ကိုပေါ်က နည်းနည်းအားနည်းနေ တယ်"

သူငယ်ချင်းတွေက ဝိုင်းပြီး ချွန်တွန်းလုပ်ကြသည်။ ပေါ်ဒွေးကတော့ မချိပြုံးသာ ပြုံးနေရ၏။ စိတ်ထဲမှာတော့… မိန်းမတွေ သောက်ရတဲ့ ဝါဇီကရဏ ဆေး ဖော်ရင် ကောင်းမယ်… ဟု တွေးနေမိ၏။

www.burmeseclassic.com

www.burmeseclassic.com

ပေါ်ဒွေးသည် သူငယ်ချင်းတွေကို အားကျမိ၏။ သူတို့အားလုံး၏ အိမ်ထောင်ရေး အခြေအနေများသည် စင်းလုံးချော ဖြစ်နေကြတာတော့ မဟုတ်။ သူတို့မိန်းမ တွေကလည်း အားလုံး တော်လေးဝတွေချည်းတော့ မဟုတ်။ သို့တိုင်အောင် ကိုယ့်အခြေအနေထက်တော့ တစ်ခုမဟုတ် တစ်ခု သာတာချည်းပဲဟု ထင်နေ မိ၏။ လူပျိုကြီး လုပ်နေရတာကမှ စိုစိုပြည်ပြည် ရှိဦးမည်။ အောဘီကျော်လို ဘုန်းကြီးဘဝနဲ့ မနေနိုင်တော့လည်း ခက်သားကလား။

မငယ်သည် အစစအရာရာ ကောင်းထွန်းအပေါ်မှာသာ ပုံပြီး နှစ်ထား သည်။ ဆိုးဆိုး ကောင်းကောင်း ဖြစ်လာသမျှ အတူခွဲဝေ ခံစားမည်ဟု သဘော ထားသည်။ ကောင်းထွန်း ဘာပဲလုပ်လုပ် အပြစ်မမြင်ဘဲ သည်းညည်းခံသည်။ ကောင်းထွန်းအတွက် တာဝန်ကြီးသော်လည်း အားကိုးအားထားပြုစရာ ယောကျ်ား တစ်ယောက်အဖြစ်တော့ ဂုဏ်ယူနိုင်သေးသည်။

အောင်ချို့မိန်းမ စီစီသည် စိတ်ကောက်တတ်၏။ ပူညံပူညံ မဟုတ် သော်လည်း တိုးတိုးတိတ်တိတ် ကျိတ်ပြီး ပြဿနာရှာတတ်သည်။ ဒါကြောင့်ပဲ လင်မယား မကြာခဏ ရန်ဖြစ်ကြသည်။ တကယ်တော့ ဒါဟာလည်း



အိမ်ထောင်ရေးမှာ လိုအပ်ချက် တစ်ခုပဲဟု သူ ထင်သည်။ အားလုံး အစစ အရာရာ အဆင်ပြေပြေ ချောမွေ့နေလျှင် ပျင်းစရာကြီး ဖြစ်နေလိမ့်မည်။ တစ်ခု ကောင်းတာက စီစီသည် အလွန်ချွဲတတ် နွဲ့တတ်သည်။ ရန်ဖြစ်ပြီးလျှင် အောင်ချို က ပြန်ချော့၊ စီစီက ပြန်ချွဲတတ် နွဲ့တတ်သည်။ ရန်ဖြစ်ပြီးလျှင် အောင်ချိုက ပြန်ချော့၊ စီစီက ပြန်ချွဲနဲ့ ဟုတ်နေကြတာပဲ။

ကံညွန့်မောင်၏ မိန်းမ နယ်လီသည် သူတို့ သူငယ်ချင်းအုပ်စုနှင့် သိပ်ရင်းရင်းနှီးနှီး မရှိလှ။ အရောတဝင် သိပ်မနေဘဲ သီးခြားဆန်သည်။ အပေါင်းအသင်း ဆိုတာထက် သူ့စီးပွားရေးကိုသာ ပိုပြီးစိတ်ဝင်စားသည်။ လူမှုဆက်ဆံရေးကိစ္စတွေအတွက် အချိန်လည်း မပေးနိုင်။ သူ့အလုပ်နဲ့ သူ ရှုပ်နေတတ်သည်။ ကံညွန့်မောင်ကိုလည်း ဂရုတစိုက် ပြုစုမနေနိုင်။ ယောကျ်ား အပေါ်လည်း ဩဇာညောင်းသည်။

တချို့ယောကျ်ားတွေ ဆိုလျှင် ဒါမျိုးကို ကျေနပ်နိုင်မှာ မဟုတ်။ သိက္ခာကျတယ် ထင်ချင်ထင်မည်။ ကံညွန့်မောင်ကတော့ ဒီအခြေအနေကိုပဲ အကြိုက်တွေ့နေပုံရသည်။ ဒီကောင်က နည်းနည်းပွေချင် ရှုပ်ချင်သည်။ မိန်းမ က အလုပ်ထဲ အာရုံရောက်နေသဖြင့် သူလည်း အပြင်မှာ လွတ်လွတ်လပ်လပ် ကဲလို့ရသည်။ သူ ပြောနေကျ စကားကတော့-

"ငါဆိုတဲ့ ကောင်က အိမ်ကွင်း၊ အဝေးကွင်း မရွေးဘူးကွ"

ရဲမော်နှင့် မြရီဝင်းတို့သည် ရုပ်ရှင်၊ ဗီဒီယိုထဲက လင်မယားတွေလို အိုဗာအိုက်တင်တွေ လုပ်တတ်သဖြင့် အမြင်ကတ်သော်လည်း ပေါ်ဒွေး စိတ်ထဲ ကတော့ ကျိတ်ပြီး အားကျနေမိ၏။

မြရီဝင်းသည် သူ့ကိုယ်သူ ရဲမော်ရဲ့ ပါရမီဖြည့်ဖက်ဟု သတ်မှတ် ထားသည်။ ရဲမော် ဘာလုပ်မလဲ၊ လိုအပ်သမျှ လိုက်ပြီး ဖြည့်ဆည်းပေးမည်။ ရဲမော်က တောထွက်ပြီး ရသေ့ကြီး လုပ်မယ်ဆိုလျှင် သူက ယောဂီဝတ်ပြီး ရေပူရေချမ်း ကမ်းလှမ်းမည်။ ရဲမော်က ဖဲသွားရိုက်မယ်ဆိုလျှင်လည်း သူက လက်ကိုင်အိတ်ထဲမှာ ပိုက်ဆံ အပြည့်ထည့်ပြီး နောက်က လိုက်မည်။ ဒီလိုမျိုးပဲ။

တစ်ခု ရှိတာကတော့ မြရီဝင်းသည် သဝန်တိုတတ်သည်။ ရဲမော်မှာ ငယ်ရည်းစား ရှိသည်။ ဒါကို ခုထိ စိတ်မကုန်သေးဘူးဟု ထင်မှတ်ထားသည်။ ပြီးတော့ ရဲမော်က လောလောဆယ်မှာ ကောင်မလေးတစ်ယောက်နဲ့ ငြိနေ သယောင်ယောင် လျှောက်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



တကယ်က ရဲမော်မှာ ငယ်ရည်းစားလည်း မရှိ။ ဒီတစ်ယောက်ကို တောင် ရအောင် မနည်း ကြိုးစားခဲ့ရတာ။ ဘယ်ကောင်မလေးနဲ့မှလည်း မငြိ။ ဒီကောင့်ပုံမျိုးကို ဘယ်သူကမှလည်း ကြိုက်မှာ မဟုတ်။ ရဲမော်ကတော့ ကောင်မလေးတွေ ဝိုင်းဝိုင်းလည်နေလောက်အောင် သူ့ရုပ်က ဖြောင့်လို့ မြရီဝင်းက စိတ်မချ ဖြစ်နေတာ ဆိုပြီး သူ့ကိုယ်သူ အထင်ကြီးနေသေးသည်။

တကယ်တော့ မြရီဝင်းကလည်း ဒီကောင် အဖြစ်မရှိနိုင်မှန်း သိသိကြီး နဲ့ သဝန်တိုပြရတာကို အရသာတွေ့နေမိခြင်း ဖြစ်၏။ သူ့ယောကျ်ားက ပစ်သွားမှာစိုးလို့ အမျိုးမျိုး အလိုလိုက် အကြိုက်ဆောင်ပြီး ပြုစုယုယနေရ သလိုလို။

''ကိုပေါ်တို့ သူငယ်ချင်းကိုလည်း ကြည့်ထိန်းပေးပါဦး၊ ခုတလော ခြေလှမ်းတွေ ပျက်ချင်နေတယ်''

ဆိုပြီး မျက်ရည်တွေ ဘာတွေ ဝဲပြသေးသည်။ ဒါကြောင့်လည်း သူငယ်ချင်းတွေက ငပေါလင်မယားလို့ ပြောကြတာ။ ဘာပဲဖြစ်ဖြစ် သူတို့ ဘာသာတော့ စိတ်ချမ်းသာနေကြတာပဲလေ။

ပေါ်ချေးသည် ဟိုလင်မယားတွေနှင့် သူတို့ အခြေအနေကို နှိုင်းယှဉ် ကြည့်မိ၏။

ရင်ရင်ငြိမ်းသည် သူ့ကို သိပ်အားကိုးတကြီး ရှိလှတာ မဟုတ်။ ပေါ်ချေး ကျိုကျိုတက် ချမ်းသာလာရင်လည်း ဝမ်းမြောက်ဝမ်းသာ ရှိမှာ မဟုတ်။ မွဲသွားလို့လည်း တုန်လှုပ်မှာ မဟုတ်။ အထင်လည်း သိပ်ကြီးပုံမရ။ လေးလေးနက်နက် မရှိလို့ဆိုပြီး နည်းနည်းတောင် လျှော့တွက်ချင်ပုံရသည်။

အိမ်ထောင်ဦးစီး ယောကျ်ားတစ်ယောက်အနေဖြင့် ကိုယ့်မိန်းမက လေးစားရိုသေတာကိုတော့ အလိုရှိစမြဲပဲ။ ရင်ရင်ငြိမ်းက ဒီလို မဟုတ်။ သူတို့ နှစ်ယောက်သည် သူငယ်ချင်းအဖြစ်ကနေ လင်မယားဘဝကို ကူးပြောင်းလာ ခဲ့ကြတာ။ ပေါ်ချေး ငယ်ငယ်က ဘယ်လိုကောင်လဲ ဆိုတာ ရင်ရင်ငြိမ်းက ကောင်းကောင်းသိနေသည်။ ခုကျမှ အိမ်ဦးနတ်လို ရှိသေပြနေဖို့ ဘယ်လွယ်ပါ့ မလဲ။ ပေါ်ချေးကတော့ သူများ မိန်းမတွေလို ကိုကို၊ မောင်မောင် ခေါ်စေချင် သည်။ ရင်ရင်ငြိမ်းက သူငယ်ချင်းတွေ ခေါ်သလို 'ကိုပေါ်'လို့ ခေါ်သည်။ ပြီးတော့ နင်တွေ ငါတွေနဲ့ ပြောသည်။



ရင်ရင်ငြိမ်းသည် ချွဲတာ၊ နွဲ့တာမျိုး လုံးဝမလုပ်တတ်။ တစ်ချိန်လုံး ပွတ်သီးပွတ်သပ်နဲ့ 'အဟင့်… အဟဲ့' လုပ်နေဖို့ ပြောတာ မဟုတ်။ တစ်ခါ တလေတော့လည်း လက်မောင်းကို ထု၊ ဗိုက်ခေါက်ကို မနာအောင် ဆွဲလိမ်၊ နဖူးကို လက်ညှိုးနှင့် ထိုးပြီး 'ဟင်း… ကဲကို ကဲတယ်' ဆိုတာမျိုးလောက် တော့ ရှိသင့်ပါသည်။ သူက မချွဲလို့ ပေါ်ချေးက လက်မောင်းလေး ပွတ်၊ နားရွက်လေး ကိုင် လုပ်တော့လည်း 'ယားတတ်တယ်' ဆိုတော့ မခက်ဘူးလား။

ပြီးတော့ ရင်ရင်ငြိမ်းက စိတ်လည်း မကောက်တတ်။ သူက တစ်ကိုယ်လုံးကို စိန်စီချင်တယ်လို့ ပူဆာတတ်တဲ့လူလည်း မဟုတ်။ ဝတ်ကောင်း စားလှလည်း မမက်မော။ ငွေလည်း များများကိုင်ချင်သူ မဟုတ်သဖြင့် ချူချူ ဆောင့်ဆောင့် လုပ်စရာ အကြောင်းမရှိ။ ပေါ်ချေးကမှ တစ်ခါ တစ်ခါ ယောကျ်ားတန်မဲ့ စိတ်ကောက်ပြီး တစ်နေကုန် စကားမပြောဘဲ နေတာမျိုး ရှိတတ်သေးသည်။

ပေါ်ချေးက တစ်ခါတစ်ရံ ဒေါသကြီးတတ်သည်။ ရုတ်တရက် ပေါက်ကွဲ ပြီး အော်လား ငေါက်လား လုပ်ချင်သည်။ ထိုအခါမျိုးတွင် ရင်ရင်ငြိမ်းက ကြောက်လည်း မကြောက်။ ကက်ကက်လန် ပြန်ပြီး ရန်တွေ့တာမျိုးလည်း မရှိ။ မတုန်မလှုပ်နဲ့ သူ့ကို ပြောတာ မဟုတ်သလိုဘဲ။

''ဒေါသဆိုတာ တစ်ချိန်လုံး အမြဲဖြစ်နေလို့ ရတာမှ မဟုတ်တာ၊ တစ်ချိန်ချိန်တော့ ပြေလျော့သွားရမှာပဲလေ၊ ဒေါသဖြစ်နေတဲ့ လူကို ဒေါသနဲ့ပဲ တုံ့ပြန်ရင် နှစ်ခုပေါင်းပြီး ပိုကြီးထွားလာတော့မပေါ့''

ဟု သူကတောင် လူကို ပြန်ပြီး ဆုံးမချင်သေးသည်။

ရင်ရင်ငြိမ်းသည် သဝန်တိုတတ်သူလည်း မဟုတ်။ ပေါ်ချေးသည် ရုပ်ဖြောင့်လှတာ မဟုတ်ပေမယ့် သနားကမားနဲ့ ဆွဲဆောင်မှုတော့ ရှိသည်။ သူ့သာ ဝါသနာပါလျှင် နောက်ပိုင်းဖာတ်ထုပ်ကလေးတွေ ကလို့ ရနိုင်သည်။ ဒီအတွက်လည်း ရင်ရင်ငြိမ်းက စိုးရိမ်ပူပန်ပုံမရ။ တခြား မိန်းကလေးတစ်ယောက် ယောက်နဲ့ ငြိသွားရင် ပိုတောင်ကောင်းသေးတယ်၊ ငါ သက်သာတာပေါ့လို့များ သဘောထားနေသလားလို့တောင် ထင်ချင်စရာပဲ။

ဟင်းချက်ကောင်းတာကလည်း ယောကျ်ားတွေကို ထိန်းချုပ်နိုင်တဲ့ အရည်အချင်းတစ်ခုပဲဟု ဆိုကြသည်။ ဒီနေရာမှာလည်း ရင်ရင်ငြိမ်းဘက်က အားနည်းချက် ရှိသည်။ ဟင်းချက်ညံ့လွန်းလို့တော့ မဟုတ်။ သူက ငယ်ငယ်

www.burmeseclassic.com

www.burmeseclassic.com



ကတည်းက ခြေလေးချောင်းသား မစား။ ငါးကြီးသားလည်း မစား။ ဒီတော့ ဒါမျိုးတွေ ကောင်းကောင်းမချက်တတ်။

သူ ကျွမ်းကျင်တာက ချဉ်ရည်ဟင်း၊ အသီးအရွက်ကြော်၊ အသုပ်။ သူ့လက်ရာတွေထဲမှာ အကောင်းဆုံးက ငါးလေးအိုးကပ်ချက် ဖြစ်သည်ဟု ဝိုင်းစိန်က ပြောသည်။ သူ့အဆိုကတော့ ဟိုတယ်တွေမှာတောင် ဒါလောက် ကောင်းအောင် ချက်နိုင်မှာ မဟုတ်ဘူးတဲ့။ တကယ်တော့ ဝိုင်းစိန်သည် ဘယ်ဟိုတယ်မှာမှ သွားစားဖူးတာ မဟုတ်။

ပေါ်ဌေးက ငါး ဆိုလျှင် ငါးရှဉ့်ကလွဲလို့ ဘယ်ဟာမှ မကြိုက်။ ရေသတ္တဝါဆိုလျှင် ရေရှူသုပ်နှင့် ကဏန်းမဆလာချက် ကြိုက်သည်။ ရင်ရင်ငြိမ်းက ဒါတွေ ကိုင်ရဲတာ မဟုတ်။ ကဏန်းဆိုလျှင် လတ်လတ်ဆတ်ဆတ် အရှင်ကို ဝယ်ချက်မှ ကောင်းတာဆိုတော့ ပိုတောင်ဝေးသေးသည်။

ပေါ်ဌေးသည် အသားမပါဘဲ ထမင်းမစားတတ်။ သူ ကြိုက်တာက အမဲသား၊ ဝက်သား၊ ဆိတ်ကလီစာ၊ ဖိုက်တင်းဘော။ ရင်ရင်ငြိမ်းက ဝက်သားနှင့် ဆိတ်ကလီစာကိုတော့ ကြိုးစားပြီး ချက်ပေးရှာပါသည်။ သို့ရာတွင် သူ မစားတဲ့ အသား ဖြစ်နေသောကြောင့် ဝိုင်းစိန်ကို မြည်းခိုင်းရသည်။ ဟိုကလည်း ကလေးသာသာ ဆိုတော့ ချဉ်ချဉ်၊ ငန်ငန်၊ စပ်စပ်မှ။ ပေါ်ဌေး အကြိုက် အနေတော် မဖြစ်သဖြင့် အဆင်မပြေတာ များသည်။

ပေါ်ဌေး အကြိုက်ဆုံး ဟင်းလျာကတော့ ဖိုက်တင်းဘောနှင့် အမဲသားနှပ် ဖြစ်၏။ ခက်နေတာက ရင်ရင်ငြိမ်းသည် ဖိုက်တင်းဘောကို မကိုင်ရဲဘူးတဲ့။ အမဲသားဆို ပိုတောင် ဆိုးသေးသည်။ ချက်ဖို့ဆိုတာ ဖယ်ထား၊ အနံ့တောင် မခံနိုင်ဘူးတဲ့။

"အမဲသားတော့ လျှူပါလားဟယ်"

ဟု ရင်ရင်ငြိမ်းက တောင်းဆိုသည်။

"အေး… လျှူမယ်"

"ဟင်… တကယ်လား"

"အေးပေါ့ဟ၊ တစ်ပိဿာဆိုရင် လောက်မလား"

"ဘာ… ဘာပြောတယ်"

"နင် အောင်ရာမြေကျောင်းတိုက်ကို ဆွမ်းချိုင့် ပို့မလို့ မဟုတ်လား၊ တစ်ပိဿာလောက် ချက်ရင် ရမလားလို့"



ရင်ရင်ငြိမ်း သက်ပြင်းချသည်။

"ခက်ပါလား ကိုပေါ်ရယ်၊ ငါ ပြောတာ လျှူတယ် ဆိုတာ အမဲသား မစားဘဲ ရှောင်ဖို့ ပြောတာ"

"ဟာ… ဒါတော့ မဖြစ်ဘူး၊ နင်ကလွဲရင် အမဲသားကို ငါ အကြိုက်ဆုံးပဲ"

"နွားဆိုတာ ငါတို့ရဲ့ ကျေးဇူးရှင်ပါဟ"

"ဟင်… ကျေးဇူးရှင်စာရင်းမှာ နွားလည်း ပါလာပြီလား"

"မနောက်နဲ့၊ ငါ အကောင်းပြောတာ၊ ငါတို့ဟာ လယ်ထဲမှာ နွားတွေ ပင်ပင်ပန်းပန်း ထွန်ယက်ပေးလို့ ရတဲ့ ဆန်ကို စားနေကြတာ မဟုတ်လား"

"ခုခေတ်မှာ နွားကို သိပ်မသုံးကြတော့ပါဘူး၊ လယ်ထွန်စက်နဲ့ပဲ ထွန်ကြတာ များပါတယ်၊ ငါ လယ်ထွန်စက်သား မစားရင် ပြီးတာပဲ"

ရင်ရင်ငြိမ်းက အကြောင်းပြချက်တစ်ခု ထပ်ရှာဖို့ စဉ်းစားနေဟန် ရှိသည်။ ပေါ်ဌေးက အရင်ဦးအောင် ပြောသည်။

"တကယ်တော့ အမဲသားစားတာ အကုသိုလ်တောင် ပိုနည်းသေးတယ်"

"ဘာရယ်… ကြည့်လည်း ပြောဦး"

"ဟုတ်တယ်လေ၊ နင် စဉ်းစားကြည့်စမ်း၊ နွားတစ်ကောင်ဆိုရင် လူတစ်ရာလောက် စားလို့ရတယ်၊ အသက်တစ်ချောင်းပဲ သတ်ရမယ်၊ ငါးတို့ ပုစွန်တို့ဆိုရင် အကောင်တွေ အများကြီး သတ်ရမယ်၊ နင် မကြာခဏ ချက်တတ်တဲ့ ငါးသလဲထိုးဆိုရင် ကြည့်စမ်း၊ လူတစ်ယောက်စာအတွက် အနည်းဆုံး ဆယ့်လေး ငါးကောင်တော့ ရှိတာပဲ၊ ကဲ… ဘယ်ဟာက အကုသိုလ် ပိုများလဲ"

ရင်ရင်ငြိမ်းက ခေါင်းခါပြီး-

"ဒီလို မဟုတ်သေးဘူး၊ အကုသိုလ်ဆိုတာ စိတ်နဲ့လည်း ဆိုင်တယ်၊ ဥပမာ နင့်ကို ခြင်တစ်ကောင်က လာကိုက်လို့ ဖျတ်ခနဲ ရိုက်သတ်လိုက်တယ် ဆိုပါစို့၊ နင့်စိတ်ထဲမှာ အဲဒီခြင်ကို သတ်ဖို့ ကြိုတင်ကြံစည်ခြင်းလည်း မရှိဘူး၊ အမှတ်တမဲ့ သတ်လိုက်တာ၊ ဒေါသလည်း မပါဘူး၊ ပင်ပင်ပန်းပန်း အားထုတ်ရတာလဲ မဟုတ်ဘူး၊ ဒါပေမဲ့ နင် ကြောင်တစ်ကောင်ကို သတ်မယ်

www.burmeseclassic.com

www.burmeseclassic.com



ဆိုရင်တော့ အဲဒီလို မဟုတ်တော့ဘူး၊ သတ်ချင်တဲ့ စိတ်ဇောက ပါလာပြီ၊ နွားဆိုရင် ပိုဆိုးတာပေါ့ဟာ''

''နင့်ဟာကလည်း တော်တော်မျက်နှာလိုက်တာပဲ၊ အကောင်ကြီးကြီးကို သတ်ရင် အကုသိုလ် ပိုကြီးတယ် ဆိုတော့ ဆင်ဆိုရင်တော့ သွားပါပြီ၊ တန်ချိန်နဲ့ချီပြီး ငရဲကြီးတော့မှာပဲ''

''အကောင်ကြီးတာ ငယ်တာကို ပြောတာ မဟုတ်ဘူး၊ အကုသိုလ်စိတ် များတာ နည်းတာကို ပြောတာ၊ လူကို သတ်တာဟာ အဆိုးဆုံးပဲပေါ့၊ ဒေါသအပြင် မသေ သေအောင် သတ်မယ်ဆိုတဲ့ ရန်ငြိုးပါ ထပ်ပေါင်းလာတာကိုး''

''ကဲပါဟာ… ငါ လူသားမစားပါဘူးလို့ ကတိပေးပါတယ်၊ အမဲသားတော့ မစားဘဲ မနေနိုင်ဘူး၊ ငါကိုယ်တိုင် သတ်တာလည်း မဟုတ်ဘူး၊ သေပါစေ ဆိုတဲ့ ဒေါသတွေ ရန်ငြိုးတွေလည်း မပါဘူး၊ အရသာရှိတာပဲ သိတယ်''

''အဲဒါလည်း တဏှာ လောဘတစ်မျိုးပဲ''

''လူပဲဟာ၊ ဒါတော့ ဘယ်ကင်းမလဲ''

ပေါ်ဒွေးကတော့ ဒီလောက်နဲ့ အကျွတ်တရား ရမယ့်ကောင်မျိုး မဟုတ်။ အိမ်မှာ အမဲသား မချက်တော့ လမ်းထိပ်က ဆိုင်မှာ ဝိုင်းစိန်ကို သွားဝယ်နိုင်းပြီး စားသည်။ တကယ်ဆိုလျှင် ရင်ရင်ငြိမ်းက အိမ်ပေါ်ကိုတောင် အမဲသား ယူမလာစေချင်။ အိမ်က ပေါ်ဒွေး ပိုင်တာမို့ မပြောသာဘဲ ကြည့်နေရတာ။

လမ်းထိပ်ဆိုင်မှာ လမ်းဘေးဆိုင်သေးလေး ဖြစ်သောကြောင့် ပေါင်သားတို့၊ မိုးခိုသားတို့လိုတော့ အကောင်းစား မဟုတ်။ အသားနှင့် အရွတ် တွဲလျက်ကို အရည်ကျဲကျဲ ချက်ထားခြင်းသာ ဖြစ်၏။ ပေါ်ဒွေးက မကြာခဏ ဆိုသလို အမဲနှပ်ကောင်းကောင်း ရသော ဆိုင်မှာ ဝင်စားလာတတ်သည်။ နူးအိနေအောင် ချက်ထားသော အမဲနှပ်ကို နှစ်ပွဲ တစ်ခါတည်း မှာပြီး တဝစားတတ်သည်။

အိမ်ပြန်ရောက်တဲ့အခါ ရင်ရင်ငြိမ်းက-

''နင် အမဲသားတွေ စားလာတယ် မဟုတ်လား''

ဟု တန်းမေးတော့တာပဲ။

''ဟင်… နင် ဘယ်လိုလုပ် သိလဲ''



''သိတာပေါ့၊ ငါတို့လို အသီးအရွက် အမိကာစားတဲ့ လူတွေက အသားစားကြူးတဲ့ လူတွေရဲ့ ကိုယ်နံ့ မခံနိုင်ဘူး၊ ချက်ချင်း သိတယ်''

ညလည်း ရောက်ရော ရင်ရင်ငြိမ်းက ညှီစော်နံတယ် ဆိုပြီး ဘုရားခန်းထဲ သွားအိပ်တော့သည်။ ထိုအခါ ပေါ်ဒွေးသည် ခွေခေါင်းအုံးကြီးကိုသာ တအားဖက်ပြီး အဖော်ပြုရလေသည်။

ဒီပုံစံမျိုးနဲ့ကတော့ သိပ်မလွယ်ဘူး ထင်သည်။ လပြည့် လကွယ်ကျတော့လည်း ဥပုသ်စောင့်လို့။ ပေါ်ဒွေး အရက်သောက်မိတဲ့ နေ့ကျတော့လည်း ပါးစပ်က ချဉ်စုတ်စုတ် အနံ့ကို ရရင် အန်ချင်လာလို့ ဆိုပြီး ဘုရားခန်းထဲ သွားသွားအိပ်တတ်သည်။ ကြာရင် ခက်တော့မည်။

www.burmeseclassic.com

www.burmeseclassic.com

ရင်ရင်ငြိမ်းသည် ကောင်းထွန်းကို တရားထိုင်နည်း ပြခဲ့ဖူးသည်။ ကောင်းထွန်းက သဘောကျသွားပြီး၊ မင်းတို့လည်း လုပ်ကြည့်ဖို့ကောင်းတယ်… ဟု တိုက်တွန်းဖူးသည်။ တကယ်တော့ ရင်ရင်ငြိမ်းက ပေါ်ရွှေးကို ဟိုအရင်ကတည်းက စည်းရုံးခဲ့ဖူးသည်။

"ကိုပေါ်၊ နင်ဟာ တစ်ခါ တစ်ခါ သိပ်ဒေါသကြီးတယ်၊ လုပ်ချင်တာ ရှိရင်လည်း မစဉ်းစား မဆင်ခြင်ဘဲ အလောတကြီး ဖွတ်လုပ်တတ်တယ်၊ အဲဒါ မကောင်းဘူး၊ ဒါတွေကို ထိန်းချုပ်ဖို့ဟာ စိတ်တည်ငြိမ်ဖို့ လိုတယ်၊ နင် တရားထိုင်ကြည့်ပါလား၊ ငါ နည်းလမ်း ပြပေးမယ်"

"ဟာ… ငါ ဝါသနာမပါဘူး"

"ဒါက ဝါသနာနဲ့ မဆိုင်ဘူးလေ၊ လိုအပ်ချက်အရ လုပ်ရတာ"

"ငါ ငယ်ငယ်လေး ရှိသေးတယ်၊ တရားမရချင်သေးဘူး"

"လောလောဆယ် စိတ်တည်ငြိမ်အောင်ပဲ ကြိုးစားကြည့်ပါ၊ နောက်မှ တစ်ဆင့်ချင်း တက်ပေါ့"



ပေါ်ရွှေးသည် ငြင်းဖို့ စိတ်ကူးပြီးမှ အကြံတစ်ခု ရသွားသဖြင့်-

"ဒီလို လုပ်လေ၊ ငါ အခု တရားထိုင်ကြည့်မယ်၊ နင် ခိုင်းတာ လုပ်တဲ့အတွက် တုံ့ပြန်တဲ့အနေနဲ့ ညကျရင် နင်လည်း ငါ လိုချင်တာကို လိုက်လျောရမယ်"

ရင်ရင်ငြိမ်း မျက်လုံးဝိုင်းသွားပြီး-

"ဘယ်လို ပြောလိုက်တာလဲ၊ နင် ငရဲကြီးတော့မယ်၊ ဒါမျိုးနဲ့ အပေးအယူ မလုပ်ကောင်းဘူး"

"ဒါဆိုလည်း ပြီးရောလေ"

"နင် တယ်ခက်ပါလား ကိုပေါ်ရယ်၊ ငါက နင့်ကို ကောင်းစေချင်လို့"

ပေါ်ရွှေးက ခဏ စဉ်းစားပြီး-

"ကောင်းပြီ၊ ဒီနေ့ ငါ စမ်းကြည့်မယ်၊ ငါ့ကိစ္စကိုတော့ နက်ဖြန်ည အထိ ရွှေ့ဆိုင်းပေးမယ်၊ ဘယ့်နှယ်လဲ"

ရင်ရင်ငြိမ်း တွေသွားသည်။ လင်မယား ဆိုတာကတော့ တချို့ကိစ္စတွေမှာ ရှောင်လို့ မလွတ်နိုင်။ လောလောဆယ် တစ်ခုခု အကျိုးရှိသွားရင်လည်း မနည်းဘူး။ တကယ်လို့ ပေါ်ရွှေး စိတ်ပါသွားပြီး ဆက်ကြိုးစားဖြစ်ခဲ့ရင် အမြတ်ပဲဟု တွက်ပြီး-

"ဟုတ်ပြီလေ၊ နင့်သဘောပဲ"

ရင်ရင်ငြိမ်းက ဘုရားခန်းထဲ ခေါ်သွားသည်။ ဘုရားစင်ကို ပြင်ဆင်ထားပုံမှာ အတော်သပ္ပာယ်နေသည်။ ပေါ်ရွှေးမှာ သူ မရောက်ဖူးတဲ့ နေရာတစ်ခုကို ဝင်မိသလိုတောင် ထင်သွားသည်။ ဒီတော့မှ ဘုရားခန်းထဲ သူ မရောက်ဖြစ်တာ အတော်ကြာသွားပါပကောဟု သတိရမိ၏။ အင်း… အေးတော့ အေးချမ်းသားပဲ။ ဒါကြောင့်လည်း ရင်ရင်ငြိမ်းက ဒီထဲမှာ အနေများတာ ဖြစ်မှာပဲ။

"တင်ပျဉ်ခွေပြီး ထိုင်လိုက်၊ လက်ဖဝါးနှစ်ဖက်ကို ဖြန့်ပြီး ဒူးပေါ်တင်ထား၊ ဒါမှမဟုတ်လည်း လက်ဝါးနှစ်ဖက် ယှက်ပြီး ထပ်ထား"

ပေါ်ရွှေးက ခိုင်းသလို လိုက်လုပ်ရင်း ပြုံးစေ့စေ့ ဖြစ်နေသည်။ ရင်ရင်ငြိမ်းက ဂရုမစိုက်ဘဲ ဆက်ပြောသည်။

"ကိုယ်ကို တောင့်တောင့်ကြီး လုပ်မထားနဲ့၊ သက်သောင့်သက်သာ နေ၊ အကြောတွေကို လျှော့ထား၊ ဟုတ်ပြီ၊ မျက်စိကို မှိတ်ထားလိုက်"

www.burmeseclassic.com

www.burmeseclassic.com



"ရင်ငြိမ်းရာ… နင် ဒီလောက် အပင်ပန်းခံပြီး ကြိုးစားနေစရာ မလိုပါဘူးဟာ"

"ဟင်… နင် ဘာပြောတာလဲ"

"နင် ငါ့ကို ညာတာပါတေးနဲ့ မျက်စိမှိတ်ခိုင်းပြီး အလစ်မှာ ခိုးနမ်းမလို့ မဟုတ်လား"

"ဘုရားခန်းထဲမှာနော်… နင်"

"ကဲပါ ကဲပါ… ဘာဆက်လုပ်ရမလဲ ပြော"

ဆိုပြီး မျက်စိမှိတ်လိုက်သည်။ ရင်ရင်ငြိမ်းက-

"အသက်မှန်မှန်ရှူ၊ သိပ်ပြင်းစရာ မလိုဘူး၊ ပုံမှန်ရှူနေကျအတိုင်းပဲ၊ ထွက်သက် ဝင်သက်ကိုသာ မှတ်၊ အာရုံကို နှာသီးဖျားမှာ စုထား"

ပေါ်ဒွေး လိုက်လုပ်ကြည့်သည်။ ထွက်သက်၊ ဝင်သက် မှတ်၊ အာရုံကို နှာသီးဖျားမှာ စုထား၊ နှာသီးဖျား… နှာသီးဖျား… နှာသီး… နှာ… ဟာ 'နှာ' ဆိုတာကြီးက ပါလာပြန်ပြီ။ သူ မျက်လုံးဖွင့်လိုက်ပြီး-

"မရဘူးဟာ၊ မလွယ်ဘူး"

"ငါ ထင်သားပဲ၊ နင်က အမြဲတမ်း စိတ်ယောက်ယက်ခတ်တတ်တဲ့ လူမျိုး ဆိုတော့၊ ကဲ… ငါ ပြောမယ်၊ စိတ်ကို အတင်းထိန်းချုပ်မထားနဲ့၊ တင်းမထားနဲ့၊ အတင်းထိန်းလေ ပိုဆိုးလေ ဖြစ်မှာပဲ၊ အိပ်မပျော်တဲ့အခါ အတင်းပျော်အောင် ကြိုးစားသလိုပဲ၊ ကြိုးစားလေ အိပ်မပျော်လေ ဖြစ်တဲ့ သဘောမျိုးပေါ့၊ စိတ်ကို အလိုက်သင့် အလျားသင့်ကလေး နေပြီး ဖြစ်တာကို ဖြစ်တဲ့အတိုင်း သိနေရုံပဲ"

ပေါ်ဒွေး သဘောပေါက်သလိုတော့ ရှိသည်။ သိပ်တော့ မရှင်းသေး။ ရင်ရင်ငြိမ်းက တစ်ချက် အကဲခတ်ကြည့်ပြီးမှ ဆက်ပြောသည်။

"စိတ်ကို ကြည့်မှန်တစ်ချပ်လို သဘောထား၊ မှန်ဆိုတာ သူ့ရှေ့ကို ရောက်လာတဲ့ အရာတစ်ခုကို အရှိအတိုင်းပဲ ထင်ဟပ်ပြတယ်၊ အဲဒီအရာဝတ္ထု ကွယ်ပျောက်သွားတာနဲ့ ဘာပုံရိပ်မှ ထင်မကျန်ရစ်တော့ဘူး၊ မှန်တစ်ချပ်ဟာ ဘယ်အရာဝတ္ထုကိုမှ ဖမ်းယူ ဆုပ်ကိုင်ထားတာမျိုး မရှိဘူး၊ နင် သဘောပေါက်လား"

ပေါ်ဒွေးက ခပ်လေးလေး ခေါင်းညိတ်သည်။



"စိတ်ထဲမှာ ပေါ်လာတဲ့ အာရုံတွေကို အသိအမှတ်ပြုရုံကလေးပဲ ထား၊ ဆက်မတွေးနဲ့၊ အာရုံနောက်ကို ဆက်မလိုက်နဲ့၊ ဥပမာ နင့်အာရုံထဲကို အစားအစာတစ်ခု ဝင်လာတယ် ဆိုပါတော့၊ ပန်းသီးပဲထား၊ သြော်… ပန်းသီး ပါလား ဆိုတဲ့ အသိမှာပဲ ရပ်ပစ်လိုက်၊ ပန်းသီး မစားရတာတောင် ကြာပြီ၊ ဒီပန်းသီးဟာ ချိုမလား၊ ချဉ်မလား၊ ခုနေခါ ဘယ်ဈေးလောက်များ ရှိမလဲ ဆိုတာမျိုး ခုနစ်စဉ် အမျှင်တန်း ဆက်မတွေးမိစေနဲ့၊ ဒီလိုပဲ၊ နင့်အာရုံထဲမှာ ငါ့ပုံ ပေါ်လာတယ်ဆိုရင်လည်း ဒါ ရင်ရင်ငြိမ်းပဲ ဆိုတာ သိရုံ တော်ပြီ၊ ငါ့ အကြောင်း ဆက်မတွေးနဲ့"

"ဟာ… ဒါတော့ မဖြစ်ဘူး၊ တခြားလူဆိုရင် ရတယ်၊ နင့်အကြောင်း ဆိုရင်တော့ ဆက်မတွေးဘဲ မနေနိုင်ဘူး၊ အစက မပြောဘဲ နေခဲ့ရင် တော်သေးတယ်၊ နင်က အစဖော်ပေးလိုက်တော့ ခက်သွားပြီ၊ အခုတောင် ကြိုပြီးတွေး ကြည့်ချင်လာပြီ"

ရင်ရင်ငြိမ်းက ခက်ပါလား… ဆိုသော ပုံစံ ဖြစ်သွား၏။ ခဏ နေဦး… ဟု ပြောပြီး ထွက်သွားသည်။ စားပွဲတင်နာရီကို ယူပြီး ပြန်လာသည်။ ပေါ်ဒွေး၏ ရှေ့မှာ ချပေးသည်။

"နင့်စိတ်က ငြိမ်လို့လည်း မရ၊ လျှပ်လို့လည်း မဖြစ် ဆိုတော့ တစ်မျိုး စမ်းကြည့်ရမှာပဲ၊ နင် ဒီနာရီက စက္ကန့်တံလေး သွားနေတာကို စိုက်ကြည့်နေ၊ စိတ်ကလည်း စက္ကန့်တံလေးနောက်ကိုပဲ လိုက်၊ အာရုံ မလွင့်စေနဲ့၊ တတ်နိုင်သလောက် ကြိုးစားပြီး ထိန်းပေါ့"

ပေါ်ဒွေးက သူ ပြောတဲ့အတိုင်း လိုက်လုပ်သည်။ လွယ်တော့ မလွယ်လှ။ သို့ရာတွင် စောစောက နှာသီးဖျားဆိုတာထက်တော့ တော်သေးသည်။ အစပိုင်းမှာ တစ်စက္ကန့်၊ နှစ်စက္ကန့်၊ သုံးစက္ကန့်ဆိုပြီး လိုက်ရေတွက်မိသေးသည်။ ဆယ့်နှစ်ဂဏန်း နေရာ ရောက်တော့ တစ်မိနစ်ဟု မှတ်လိုက်မိသေးသည်။ နောက်ပိုင်း စက္ကန့်တွေ များလာတော့ ရေတွက်ဖို့ မေ့သွားသည်။ ငါးစက္ကန့် တစ်ကန့်၊ တစ်တွဲကို အသိအမှတ်ပြုမိပြန်သည်။ နောက်တော့ နာရီ မျက်နှာပြင်ကို မမြင်တော့ဘဲ စက္ကန့်တံလေးသာ သိတော့သည်။ ခဏအကြာမှာ အမှန် ဖြစ်သွား၏။ ဘာမှ မမြင်ရတော့သော်လည်း စက္ကန့်တံလေးကတော့ အာရုံထဲမှာ ပေါ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ သတိပြန်ဝင်လာတော့ စုစုပေါင်း မိနစ် နှစ်ဆယ်လောက် ကြာသွားကြောင်း တွေ့ရသဖြင့်-

"ငါ မှေးခနဲ အိပ်ပျော်သွားတယ် ထင်တယ်"

ဟု ပြောလိုက်သည်။ ရင်ရင်ငြိမ်းက-

"အိပ်ပျော်တာ မဟုတ်ပါဘူး၊ နင် မျက်စိပွင့်နေတာပဲ၊ ပထမဆုံး အကြိမ်မှာ ဒီလောက်ရတာ မဆိုးပါဘူး၊ ဆက်ကြိုးစားကြည့်ပေါ့"

"နာရီက စက္ကန့်တံလေးကို စိုက်ကြည့်နေရုံနဲ့ တရားရမယ် ဆိုတာကတော့ သိပ်အဓိပ္ပာယ် မရှိသလိုပဲ"

ဟု ပေါ်ဒွေးက စောဒကတက်လိုက်သည်။

"ဒါ စိတ်တည်ငြိမ်အောင် စ,ပြီး အလေ့အကျင့် လုပ်ရုံပဲ ရှိသေးတယ်၊ တရားနဲ့ အဝေးကြီး လိုသေးတယ်၊ နောက်ပိုင်းကျတော့မှ သမာဓိအားကို သတိလေး ကပ်ပေးရမှာ"

"မလွယ်ပါလား၊ ငါ့မှာ အဲဒီလောက် ပါရမီ မပါဘူး ထင်တယ်"

"အခြေခံအဆင့်လောက် ရရင်တောင် မဆိုးပါဘူးဟ၊ အထိုက်အလျောက်တော့ အကျိုးရှိပါတယ်၊ ဆယ်မိနစ်ပဲ ရရ.. ဆယ့်ငါးမိနစ်ပဲ ရရ၊ အဲဒီအချိန်အတွင်းမှာ အနည်းဆုံး လောဘ ဒေါသ မောဟတော့ ကင်းသွားတာပဲ မဟုတ်လား"

"အဲဒီအတွက်ကတော့ အပင်ပန်းခံပြီး ထိုင်နေစရာ မလိုပါဘူးဟာ၊ အိပ်ပစ်လိုက်ရင် ရတာပဲ၊ အိပ်ပျော်နေပြီ ဆိုရင် ဘာမှ မသိတော့ဘူးလေ၊ လောဘတွေ ဒေါသတွေလည်း ဘယ်သတိရတော့မလဲ"

"မဟုတ်သေးဘူး၊ အိပ်တယ်ဆိုတာ သိစိတ်ကသာ အိပ်တာ၊ မသိစိတ်ထဲမှာတော့ ဆက်ပြီး လောင်မြိုက်နေတာပဲ၊ မတူဘူး"

ပေါ်ဒွေးသည် နားထောင်ရင်းက ရင်ရင်ငြိမ်းကို မမိုတ်မသုန် စိုက်ကြည့်နေသည်။ ရင်ရင်ငြိမ်းကတော့ သူ့စကားကို စိတ်ဝင်စားစွာ စူးစိုက်နားထောင်နေတာဟု ထင်ပြီး ဆက်ရှင်းပြနေသည်။ ပေါ်ဒွေးက-

"ရင်ငြိမ်း" ဟု ခေါ်လိုက်၏။

"ဟင်... ဘာလဲ"

"နင်က တော်တော်လှတာပဲနော်"

"ဖောက်လာပြန်ပြီဟာ"



"တကယ် ပြောတာဟ၊ ငယ်ငယ်ကတော့ နင့်ကို မျက်လုံးညိုညိုနဲ့ ချစ်စရာလေး ဆိုတာလောက်ပဲ သတိပြုမိတာ၊ ခုကျမှ နင်ဟာ မျက်လုံး.. မျက်ခုံး.. နှာတံ.. နှုတ်ခမ်း.. အကုန်လှတယ်၊ တစိမ့်စိမ့်ကြည့်လေ လှလေပဲ၊ သူများတွေလို ပြင်လိုက်ဆင်လိုက်မှ ထွက်လာတာမျိုး မဟုတ်ဘူး၊ အိမ်နေရင်းခုလို ရိုးရိုးလေး နေနေလည်း ကြည့်လို့ကောင်းတာပဲ၊ ဒါကြောင့် ငါ နင့်ကို သိပ်ချစ်နေရတာပေါ့"

ရင်ရင်ငြိမ်းမှာ သူ့အလှကို ချီးကျူးခံရသဖြင့် တခြား မိန်းကလေးတွေလို 'သိပ်ပိုတာပဲ' လို့လည်း မပြော။ ကျေနပ်ပီတိပြုံးလည်း မပြုံး။ တခြားလူတစ်ယောက်အကြောင်း ပြောနေတာကို နားထောင်နေရသလို မတုန်မလှုပ်ရှိနေရာမှ-

"တကယ်တော့ အလှအပဆိုတာ အရေပြား တစ်ထောက်စာပဲရှိတာပါဟာ"

"ဘာ... အရေပြား... ဟုတ်လား"

"အေး... ဟုတ်တယ်၊ ခုချိန်မှာ ငါ့ခန္ဓာကိုယ်ပေါ်က အရေပြားတွေကို စိတ်မှန်းနဲ့ တစ်လွှာချင်း ခွာချပစ်ပြီး အတွင်းကို မြင်အောင် ကြည့်လိုက်လေ"

ပေါ်ဒွေးမှာ ဘုမသိ ဘမသိ ငေးကြည့်နေသည်။

"ဟုတ်ပြီ၊ အဲဒီအခါမှာ ဘာမြင်မလဲ၊ အသားတွေ၊ အကြောတွေ၊ အရွတ်တွေပဲ မြင်ရမှာပေါ့၊ ဟုတ်ကဲ့လား"

ပေါ်ဒွေး ယောင်ပြီး ခေါင်းညိတ်မိ၏။

"ဆက်ပြီး ခွာကြည့်လိုက်ဦး၊ အရိုးစုကိုပဲ မြင်ရမယ်၊ ပြီးတော့ အူတွေ.. အသည်းတွေ.. ကလီစာတွေပဲ တွေ့ရမယ်၊ ကဲ.. ဘယ်မှာလဲ လှတယ်ဆိုတာ"

ပေါ်ဒွေး မျက်လုံးပြူးကြည့်နေ၏။ ရင်ရင်ငြိမ်း အားတက်လာပြီး-

"အေး... ဒါကြောင့် နိဗ္ဗိန္ဒတေးထပ်ထဲမှာ အရွတ်စု ရပ်တန္တေကို မဟုတ်လေ ကိုယ်ထဲ၊ အပုပ်ရေ စိုရွဲလို့၊ ယိုမစဲ သူငါ၊ သွေး သည်းခြေ ပြည် သလိပ်တွေက၊ အီမဆိပ် လွှမ်းပြန်တော့တာ၊ သို့ကလောက် ရွံရာကို၊ ကျွံတဏှာမက်စွဲလို့..."

www.burmeseclassic.com

www.burmeseclassic.com



"ဟာ… တော်တော့ တော်တော့ ဆက်မပြောနဲ့တော့၊ ငါ ကြောက်လာပြီ"

ဟု ပေါ်ဗွေးက အလန့်တကြား တားမြစ်လိုက်သည်။ ရင်ရင်ငြိမ်းက–

"အေး… ဒါပဲ၊ ကြောက်ရမယ်လေ၊ ကြောက်ရမယ်၊ အခုဆိုရင် နင် ငါ့ကို စက်ဆုပ်ရွံရှာလာပြီ မဟုတ်လား၊ တကယ်တော့…"

"ငါ သွားတော့မယ်"

ပေါ်ဗွေးက ပြောပြီး ထပြေးသည်။ အပေါက်ဝရောက်မှ ပြန်လှည့်ကြည့်ရင်း–

"မနက်ဖြန် ညနေ၊ နင် ကတိပေးထားပြီးသား၊ ဒါပဲ"

ဟု ပြောပြီး ထွက်သွားသည်။

ရင်ရင်ငြိမ်း သက်ပြင်းချရင်း ခေါင်းခါလိုက်သည်။

ဘာပဲဖြစ်ဖြစ် ပေါ်ဗွေးသည် ထိုနေ့ညမှာတော့ ဘယ်လို အာရုံမျိုးမှ ဝင်မလာဘဲ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားခဲ့တာ အမှန်ပဲ ဖြစ်၏။

လူပျိုဘဝတုန်းက ကောင်းထွန်း ယူလာခဲ့သော ကဗျာစာအုပ် တစ်အုပ် ရှိသည်။ ဒီထဲကမှ ကဗျာတစ်ပုဒ်ကို မှတ်မိနေခဲ့သည်။ ပေါ်ဗွေးသည် ကဗျာဆရာ မဟုတ်သဖြင့် ထိုကဗျာသည် မော်ဒန်လား၊ ပို့စ်မော်ဒန်လား၊ ဂျီဒီပီ ဆိုလား ဘာလားတော့ မခွဲခြားတတ်။ ဖတ်လို့တော့ ကောင်းသားပဲ။

*တဏှာကြိုက်တဲ့ အမိုက်တွေမှာ*
*'ရှက်စရာ တွေးတော့ သမုဒယ တဏှာ*
*မဂ္ဂဆေးနဲ့ ကုရမှာ' … ဆိုတဲ့*
*တရားတော်ကိုလည်း နာဖူးပါရဲ့။*
*'မှောင်တဏှာခွင်၊ ခြေစုံဝင်က*
*ဆင်ခြင်ကင်းစွာ၊ ပျက်စီးရာ၏' … ဆိုတဲ့*
*တိကဂုံဏ္ဍရအင္ဂကထာကိုလည်း*
*ဖတ်ဖူးပါရဲ့။*
*'ခြောက်ခုအာရုံ၊ ကာမဂုဏ်ဆန္ဒ ပဋိစ္စသမုပ္ပာန်*

www.burmeseclassic.com



ရှုပ်ပြွန် အတွင်း အပ တဏှာ’… ဆိုတဲ့
ဗုဒ္ဓရဲ့ တရားတော်ကိုလည်း သိပါရဲ့။
ဒါပေမဲ့…
ချစ်သူက ပြုံးပြတဲ့အခါ
ပီတိသောမနဿ ဖြစ်ရတယ်။
တဏှာဆိုတဲ့ ဖမ်းစားတတ်သော အရာဟာ
ချစ်စရာ သိပ်ကောင်းပါကလား။
ချစ်သူက မှန်းတဲ့အခါ
သောကပရိဒေဝမီး တောက်လောင်ရတယ်။
‘စိတ်ကို စိတ်အတိုင်းတိုင်း ထားရမယ်။
ဒုက္ခကို ဒုက္ခအတိုင်းတိုင်း ထားရမယ်’ ဆိုတာကို
ဘယ်လိုလုပ် ဆင့်ခြင် လိုက်နာနိုင်ပါ့မလဲ။
ချစ်သူရဲ့ နှုတ်ခမ်းဆီက
ကြာညိုနံ့သင်းတဲ့
အာခံတွင်းနံ့ကို ရတဲ့အခါ
‘ကာယအပုပ်ကောင်ဟာ ဟုတ်ယောင်သာ
ရုပ်ဆောင်စွာ တုပ်နှောင်ခါ သူ့ လှည့်စား’ ဆိုတာ
ရယ်စရာကလေးတောင် ကောင်းလိုက်လှပါကလား။
အရှင်ဘုရား…
ဘုရား တပည့်တော်သည်
‘ဇာတိ’ စသော
မီးဆယ့်တစ်မီးတို့ လောင်ကျွမ်းရာ
ဤဒုက္ခ ကမ္ဘာကြီးထဲ၌ပင်
ပဉ္စသမုပ္ပါဒ်သဘောအရ
ဘဝအသစ်အသစ်တို့ ဖြစ်၍
တဏှာအချစ် အချစ်တို့၏
ဖမ်းစားမှုကို
ဆက်လက်၍ ခံစားနေပါရစေဦးဘုရား… ။



ရင်ရင်ငြိမ်းကို ထိုကဗျာ ဖတ်နိုင်းကြည့်ခဲ့ဖူးသည်။

“‘ဦးပုည’ရေးတဲ့ ဟောရင်းသာ ပျံလွန်တော်မူမည် ဆိုတာ နင့်လို လူမျိုးကို ပြောတာ ဖြစ်မှာပဲ၊ ငါတော့ လူပေါင်းမှားပြီ ထင်တယ်”

ရင်ရင်ငြိမ်းက စိတ်ပျက်လက်ပျက် လေသံမျိုးဖြင့် ပြောလေသည်။ ပေါ်ခွေးကတော့ လူပေါင်းမှားတယ် ဆိုတာ သူက မှားတာလား၊ ငါက မှားတာလား။ နှစ်ယောက်စလုံးကပဲ မှားတာလား။ ဒါမှမဟုတ် လူပေါင်းလွဲနေတာ ဖြစ်မယ်ဟု တွေးမိ၏။

www.burmeseclassic.com

www.burmeseclassic.com

ဒေါင်ချိုတို့ အိမ်ကို သွားရတာ ခပ်လန့်လန့်ပဲ။ ပြောစရာကိစ္စ ရှိနေလို့သာ ပေါ့။ အပြင်မှာ တွေ့ဖို့ ချိန်းလိုက်ရကောင်းသားဟုလည်း တွေးမိသည်။ ဟို ရောက်ရင်တော့ ဒီကောင့်ကို အပြင် ခေါ်ထုတ်ရမည်။ အိမ်မှာ ပြောလို့မကောင်း။ သူများတွေ ကြားလို့ မဖြစ်သော အကြောင်းအရာ။ သူနှင့် ရင်ရင်ငြိမ်းတို့၏ ကွာရှင်းစာချုပ်မှာ လက်မှတ်ထိုးပေးဖို့ အောင်ချို့ကို စည်းရုံးရမည် ဖြစ်၏။

အောင်ချိုက မိန်းမနဲ့ ရန်တကျက်ကျက် ဖြစ်တတ်သော်လည်း တကယ်တမ်းကျတော့ စိတ်က ပျော့သည်။ ဒါကြောင့်လည်း ရန်ဖြစ်ပြီးရင် သူကပဲ အမြဲစပြီး ပြန်ချော့ရတာ။ ဒီကောင့်ကို သိမ်းသွင်းရတာ သိပ်တော့ ခဲယဉ်းမယ် မထင်။ သူက သူငယ်ချင်းတွေအပေါ်မှာလည်း အလျှော့ပေး လိုက်လျောတတ်သည်။

အောင်ချိုက ခပ်ပျော့ပျော့ ဖြစ်သော်လည်း သူ့အဖေ ဦးအောင်ကြီး ကတော့ လူဖြောင့် စိတ်တိုကြီး ဖြစ်၏။ ဒေါသကလည်း ကြီးသည်။ စိတ်မထင် လျှင် လက်ပါတတ်သည်။ စိတ်ကလည်း အမြဲတမ်းလိုလို မထင်ဘဲ ဖြစ်နေတတ် သည်။ အောင်ချို့ သူငယ်ချင်းတွေကို သူ့သားနှင့် တန်းတူ သဘောထားသည်။



ဆိုလိုတာကတော့ အောင်ချို့ကို နားရင်း တစ်ချက် ရိုက်လျှင် ကျန်တဲ့ကောင် တွေကိုလည်း တစ်ချက်စီပဲ ဆိုတာမျိုးပေါ့။

သူတို့ သူငယ်ချင်းတွေထဲမှာ ဦးအောင်ကြီးရဲ့ ရိုက်ချက်နဲ့ လွတ်တဲ့ လူရယ်လို့ မိန်းကလေးတွေပဲ ရှိသည်။ နည်းတာနဲ့ များတာသာ ကွာသည်။ အခံရဆုံးကတော့ အောင်ချိုပဲ။ တစ်ခါတလေ အပြစ်လုပ်တဲ့လူက တခြား တစ်ယောက်။ ဒါကို ဦးအောင်ကြီးက ‘မင်းက မတားဘူးလား၊ အလိုတူ အလိုပါမို့လား’ ဆိုပြီး အောင်ချိုပါ ရောပြီး အဗျင်းခံရသည်။

သူတို့ အုပ်စုထဲမှာ အဆော်ခံရဆုံးက အောင်ချိုနှင့် ကံညွန့်မောင်တို့ ဖြစ်၏။ အလယ်အလတ်အဆင့် ရှိသူတွေက ရဲမော်နှင့် ပေါ်ဌေး။ အသက်သာ ဆုံးကတော့ အောဘီကျော်နှင့် ကောင်းထွန်းတို့ပဲ။ အောဘီကျော်က ရူးသလို ပေါသလိုနဲ့ ရှောင်ထွက်တတ်လို့။ ကောင်းထွန်းကျတော့ နည်းနည်းထူးခြား သည်။ ဦးအောင်ကြီးသည် ကောင်းထွန်းအပေါ်မှာကျတော့ တည်တည်ငြိမ်ငြိမ် ရှိတယ်ဆိုပြီး အကောင်းမြင်ချင်သော သဘောထားမျိုး ရှိသည်။ နောက်ပိုင်းမှာ ကောင်းထွန်း အသောက်ကြမ်းလာတာကိုတောင် သိပ်မကြိုက်သော်လည်း ပြင်းပြင်းထန်ထန်တော့ မပြော။ လူကြီးပီပီ ရှေ့ကို ကြိုမြင်နေသလားတော့ မသိ။

“အဲဒီလိုကောင်မျိုးက တစ်နေ့ ပြတ်ပြီဆိုရင် တီခနဲပဲ၊ အကောင်းဘက် ကို ချက်ချင်း ပြောင်းသွားလိမ့်မယ်၊ ကြည့်နေ”

ဟု ကြိုတင်နိမိတ်ဖတ်ခဲ့သေးသည်။

မိန်းကလေးတွေထဲမှာတော့ သူ စိတ်တိုင်းအကျဆုံးက သီတော်မူကြ တဲ့အတိုင်း သူတော်ကောင်းမလေး ရင်ရင်ငြိမ်းပဲပေါ့။

“အင်မတန် လူ့နွေသိက္ခာရှိတဲ့ မိန်းကလေးပဲ၊ ငပေါ်နဲ့တောင် မတန် ဘူး” ဟု ချီးကျူးလေ့ရှိ၏။

ဦးအောင်ကြီးက ခုလို ခပ်ကြမ်းကြမ်း ကိုင်တာကို ကျန်တဲ့ မိဘတွေ ကလည်း ကျေနပ်ရုံမက အားပေးထောက်ခံမှုတောင် ပြုကြသေးသည်။

အဖေသည် ပေါ်ဌေးကို ရိုက်လေ့မရှိ။ ရိုက်လို့လည်း မဖြစ်။ အမေနှင့် ပြဿနာတက်လိမ့်မည်။ ထို့ကြောင့် အဖေက ဦးအောင်ကြီးဆီမှာ အပ်ထားသည်။

“ငပေါ်တစ်ကောင်နဲ့ ပတ်သက်လို့ အမြင်မတော်တာ ရှိရင် ဆော် သာ ဆော်ဗျို့ ကိုအောင်ကြီး၊ ကျိုးပဲ့သွားရင် ကျုပ်ဘာသာ ဆေးကုယူမယ်”

www.burmeseclassic.com

www.burmeseclassic.com



ဦးအောင်ကြီးကလည်း လက်ခံသည်။ ကတိလည်း တကယ်တည်သည်။

ကံညွန့်မောင်မှာ အဖေ မရှိတော့။ သူ့အမေကလည်း ဒီကောင့်ကို မနိုင်။ ထို့ကြောင့် တစ်ခုခု ဖြစ်လျှင် ဦးအောင်ကြီးကို သွားတိုင်ရသည်။ ထို့ကြောင့် သူတို့ သူငယ်ချင်းအုပ်စုသည် မိရင်း ဖရင်းထက် ဦးအောင်ကြီးကို ပိုကြောက်ကြသည်။

အောင်ချိုတို့ လင်မယားသည် ဦးအောင်ကြီးတို့နှင့် အတူတူ နေသည်။ သူ ရတဲ့ လခနဲ့ဆိုလျှင် မိဘ အထောက်အပံ့မပါဘဲ မရပ်တည်နိုင်။ ထို့ကြောင့် ဦးအောင်ကြီး၏ လက်အောက်က မလွတ်မြောက်နိုင်သေးဟု ဆိုရမည်။ တစ်အိုး တစ်အိမ် ခွဲနေလည်း သိပ်တော့ မထူး။ ပေါ်ဒွေးတို့ ကောင်တွေတောင် ခုထိ ဦးအောင်ကြီးရဲ့ စက်ကွင်းက မလွတ်နိုင်သေးတာဘဲ။

ပေါ်ဒွေး အိမ်ထဲ ဝင်သွားသောအခါ ဧည့်ခန်းထောင့်မှာ ပက်လက်ကုလားထိုင်နှင့် ထိုင်ရင်း မြန်မာ့သစ်မဂ္ဂဇင်းကို ဖတ်နေသော ဦးအောင်ကြီးကို တွေ့ရသည်။

"ဦးလေးအောင်… နေကောင်းလား"

ပေါ်ဒွေးက နှုတ်ဆက်လိုက်သည်။ ဦးအောင်ကြီးက မော့ကြည့်ပြီး-

"လာပြန်ပြီ တစ်ကောင်"

ဟု တုံးတိတိကြီး ပြောလိုက်သဖြင့် ပေါ်ဒွေး ကြောင်အအ ဖြစ်သွား၏။ ထိုစဉ်မှာ အောင်ချိုတို့ အမေ ထွက်လာသည်။ မျက်နှာထားကို အကဲခတ်ကြည့်ခြင်းအားဖြင့် အဘိုးကြီး ဒေါကန်နေကြောင်း ရိပ်မိလိုက်၏။ ထို့ကြောင့် ဆက်တီခုံမှာ ခပ်ကုပ်ကုပ်ကလေး ဝင်ထိုင်လိုက်ပြီး-

"အောင်ချို ရှိလား ဒေါ်ဒေါ်"

ဟု အဘွားကြီးကို ဦးတည်မေးလိုက်သည်။

"မင်းကောင်ကို ငါ အိမ်ပေါ်က နှင်ချလိုက်ပြီ"

ဟု ဦးအောင်ကြီးက လှမ်းပြောသည်။

"ဗျာ…"

"အေး… ဟုတ်တယ်၊ အကြောင်းစုံ သိချင်ရင် အဲဒီမှာ မေးကြည့်"

အဘွားကြီးဘက် မေးငေါ့ပြရင်း ပြောလိုက်ပြီး စာပြန်ဖတ်နေသည်။ အဘွားကြီးက ကုလားထိုင်မှာ ဝင်ထိုင်သည်။ ပေါ်ဒွေးက ဘယ်လိုဖြစ်တာလဲ ဆိုသော သဘော မေးဆတ်ပြသည်။



"အောင်ချိုတို့ လင်မယား နေ့လယ်က ရန်ဖြစ်ကြတယ်"

"သူတို့က မကြာခဏ ဖြစ်နေကျပဲ ဒေါ်ဒေါ်ရာ"

"ဒီတစ်ခါတော့ မင်းသူငယ်ချင်းက လက်ပါလာတယ်"

"လက်…"

"သူက စီစီ့ကို လည်ပင်းညှစ်တယ်လေ၊ စီစီက အော်တော့ မင်းဦးလေးက သိသွားတာပေါ့၊ အဲဒါ စိတ်ဆိုးပြီး"

"အေး… အဲဒါကြောင့် ငါ ဒီကောင့်ကို လက်သီးနဲ့ထိုးပြီး အိမ်ပေါ်က နှင်ချလိုက်ပြီ၊ ဘယ့်နှယ်ကွာ… တစ်ဖက်သားက အားနွဲ့တဲ့ မိန်းကလေး၊ လင့်တစ်မျက်နှာ တစ်ရွာ ထင်ပြီး ငါတို့အိမ်မှာ လာနေရရှာတာ၊ ဒီလို တစ်ဖက်သတ် အနိုင်ကျင့်တာမျိုး ငါ သည်းမခံနိုင်ဘူး"

အဘိုးကြီးက ဝင်ပြောပြန်သည်။

"အခု အောင်ချိုက ဘယ်မှာသွားနေလဲ"

"သူ့ယောက္ခမအိမ်ပဲ သွားမှာပေါ့"

ပေါ်ဒွေး အံ့သြသွားပြန်သည်။ လင်မယား ရန်ဖြစ်ရာမှာ အဖေလုပ်တဲ့လူက ချွေးမဘက်က ပါသည်။ သားဖြစ်သူကို လက်သီးနှင့် ထိုးပြီး နှင်ချသည်။ ထိုအခါ အဲဒီကောင်က ယောက္ခမအိမ်ကို ဆင်းသွားသည်။ အတော်ထူးဆန်းတဲ့ ကိစ္စပဲ။ ဘယ်လို နားလည်ရမှန်းတောင် မသိတော့။

"အောင်ချို ဆိုတဲ့ကောင်က သူ့ယောက္ခမဆီ သွားပြီး ပပ်ချွဲနပ်ချွဲ လုပ်မှာပေါ့၊ ဟိုလင်မယားကလည်း ခပ်တုံးတုံးတွေ၊ သမက်ပြောသမျှ ယုံမှာပဲ"

အဘိုးကြီး စာပြန်ဖတ်နေသည်။ အဘွားကြီးက ထထွက်သွားသည်။ ခဏအကြာတွင် စီစီ ထွက်လာပြန်သည်။

"စီစီ နေကောင်းလား"

ဟု ပေါ်ဒွေးက နှုတ်ဆက်သည်။ စီစီသည် ပေါ်ဒွေးကို အောင်ချို့ဘက်တော်သားဟု သတ်မှတ်သလား မသိ။ သိပ်ဟက်ဟက်ပက်ပက် ရှိပုံမရ။ လည်ပင်းကို လက်နှင့် ပွတ်နေပြီးမှ-

"ကိုပေါ် သူ့ဆီ လိုက်သွားမှာလား"

ဟု မေးသည်။ ပေါ်ဒွေးက ဦးအောင်ကြီးဘက် တစ်ချက် ငဲ့ကြည့်ရင်း-

"အဲ… သိပ်တော့ မသေချာပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"တကယ်လို့ သူ့ကို တွေ့ရင် အဲဒီအိမ်ကိုတော့ စီစီ ဘယ်တော့မှ လိုက်လာမှာ မဟုတ်ဘူးလို့ ပြောလိုက်ပါ၊ ဒါပဲ"

ဟု ပြောပြီး ခြေဆောင့်နင်းရင်း ပြန်ထွက်သွားသည်။ ပေါ်ဒွေး တစ်ယောက်တည်း ခဏကြာအောင် ကြောင်တောင်တောင် ငိုင်နေသည်။ ပြန်ဖို့ အချိန်တော်ပြီ။ သူ ထရပ်လိုက်ပြီး-

"ကျွန်တော် ပြန်ပါဦးမယ် ဦးလေးအောင်"

ဟု လှမ်းနှုတ်ဆက်သည်။ ဦးအောင်ကြီးက သူ့ကို ရူးရူးရဲရဲကြီး ကြည့်ပြီး ပြောလိုက်သည်။

"မင်းလည်း ကြပ်ကြပ်သတိထားနေ"

ပေါ်ဒွေး လန့်သွားသည်။ သူတို့အကြောင်းတွေများ သိသွားပြီလား။ ရင်ရင်ငြိမ်းကများ လာတိုင်သွားပြီလား။ မရဲတရဲ အကဲခတ်ကြည့်သည်။ ဦးအောင်ကြီးသည် ဘာမှ ထူးခြားဟန်မပြဘဲ မဂ္ဂဇင်းစာအုပ်ကိုသာ ပြန်ဖတ်နေတာ တွေ့မှ ပေါ်ဒွေး စိတ်သက်သာရာရသွား၏။ ကိုယ်ကို ယို့၍ ခေါင်းငုံ့ပြီး အသာလစ်ထွက်လာခဲ့သည်။

တံခါးဝမှ ထွက်လိုက်သောအခါ အပြင်မှာ ရပ်စောင့်နေသော အဘွားကြီးကို တွေ့ရသည်။

"မင်း··· ဟိုအိမ် သွားမှာ မဟုတ်လား"

ဟု မေးသည်။ ပေါ်ဒွေး ခေါင်းညိတ်ပြလိုက်ရသည်။

"အောင်ချို့ကို ဒါလေး ပေးလိုက်ပါ"

ပြောပြီး စာအိတ်တစ်အိတ် ပေးသည်။ လက်တစ်လုံးလောက် ထူသည်။ ကြည့်ရတာ အထဲမှာ တစ်ထောင်တန် ငွေစက္ကူတစ်အုပ် ထည့်ထားပုံရသည်။

အိမ်တံခါး ဖွင့်ထားသည်။ အထဲမဝင်ခင်မှာပင်-

"အား··· နာတယ် အမေရဲ့"

ဆိုသော အောင်ချို့အသံကို ကြားရသည်။ ပေါ်ဒွေး အိမ်ထဲ ဝင်လိုက်သောအခါ ညှော်ခန်းထဲမှာ အောက်ပါမြင်ကွင်းကို တွေ့ရလေသည်။

ယောက္ခမအဘွားကြီးသည် အောင်ချို၏ပါးနှင့် မေးရိုးကို ဆေးလိမ်းပေးနေသည်။ အဘိုးကြီးက လက်နောက်ပစ်ပြီး အခန်းထဲမှာ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေသည်။

"အရိုးများ ကျိုးသွားသလား မသိဘူး"

ဟု အဘွားကြီးက စိုးရိမ်သော လေသံဖြင့် ပြောသည်။ အဘိုးကြီးက-

"ကျိုးတော့ မကျိုးလောက်ပါဘူး၊ ကျိုးရင် ဒီလို ဘယ်နေနိုင်မလဲ"

ပြန်လည်မှတ်ချက်ပေးနေစဉ် အဘွားကြီးက ပေါ်ဒွေးကို အရင်မြင်သည်။

"မောင်ပေါ်ဒွေးပါလား၊ ဟောဒီမှာ မင်းသူငယ်ချင်းတော့ အခုဏက လက်ချက်မိလာတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟု ဆီးပြောသည်။ အောင်ချိုက– 'ကျွတ် ကျွတ်…'ဟု ညည်းလိုက်ရင်း–

"ထိုင်ကွာ"

ပေါ်ဒွေး ဝင်ထိုင်သည်။ အဘွားကြီးက–

"ကိုအောင်ကြီးတစ်ယောက်ဟာ သိပ်ရက်စက်တာပဲ၊ အဖေရင်းမှ ဟုတ်ရဲ့လား မသိဘူး"

ဟု မကျေမချမ်း ပြောသည်။ ထိုစကားမှာ အဘိုးကြီး စိတ်ကိုလည်း ဆွပေးလိုက်သလို ဖြစ်သွားပြီး–

"ဆုံးမတာလည်း ဆုံးမပေါ့ကွာ၊ ဒီအရွယ်ကြီး ရောက်နေမှ ပါးစပ်က ပြောရင်လည်း ရပါတယ်၊ ဒီလို တဆုံးတဆ လုပ်စရာ မလိုပါဘူး၊ ကိုအောင်ကြီး ဆိုတဲ့လူဟာ တကယ့် ဒေါသကုမ္မာရပဲ"

"ရှင့်သမီးရဲ့ စနက်လည်း ပါနိုင်တယ်"

"အေး… ဒါလည်း ဟုတ်တာပဲ၊ စီစီဟာ တိုးတိုးတိတ်တိတ် ကျိတ်ပြီး ပြဿနာရှာတတ်တယ်၊ ကိုယ့်သမီးအကြောင်း ကိုယ် သိတာပေါ့"

"အခုလည်း သူက ယောက္ခမတွေကို ကပ်ပြီး သွေးထိုးပေးတာ ဖြစ်မှာပေါ့၊ ဟိုကလည်း ပြောသမျှ ယုံမှာပဲ၊ စီစီက ချွဲချွဲပျစ်ပျစ် လုပ်တတ်တာကိုး"

ပေါ်ဒွေးမှာ ကျိတ်ပြီး ရယ်ချင်နေ၏။ လူကြီးများမှာ ခုလိုပဲ စွဲမိစွဲရာတွေ ဖြစ်တတ်သလား မသိ။ ကြည့်ရတာတော့ အောင်ချိုက စီစီ့ကို သူ လည်ပင်းညှစ်တဲ့အကြောင်းကိုတော့ မပြောဘဲ ထိမ်ချန်ထားပုံရသည်။

"ကဲ ကဲ… စိတ်ပြေလက်ပျောက် အပြင်လေး ဘာလေး ထွက်ကြပါလားကွ"

ဟု အဘိုးကြီးက စကားစ,တော့ အဘွားကြီးက–

"အို… အပြင်မှာ မိုးက အေးသနဲ့၊ တော်ကြာ ဒဏ်ရာက ပိုရင်းလာပါဦးမယ်"

"ဒီတော့လည်း ရမ်နှစ်ပက်လောက် ချလိုက်ပေါ့၊ သွေးပူသွားရင် သက်သာသွားမှာပဲ"

"ရှင်က မြှောက်ပေးနေပြန်ပြီ"



"အဲ အဲ… ငါ့ဆီမှာ သားအကြီးကောင် ပေးထားတဲ့ ဘရန်ဒီ တစ်ပုလင်း ရှိတယ်ကွ၊ ယူသွားပါလား"

"တော်ပါပြီ အဖေ၊ ကျွန်တော်တို့ လက်ဖက်ရည်ပဲ သွားသောက်တော့မယ်"

လက်ဖက်ရည်ဆိုင်ကို ထွက်လာကြတော့မှ ပေါ်ဒွေးက မေးသည်။

"စီစီကို မင်း လည်ပင်းညှစ်တဲ့ ကိစ္စကိုတော့ မပြောဘဲ လျှို့ထားတယ် မဟုတ်လား"

"ဟာ… လည်ပင်းညှစ်တာ မဟုတ်ပါဘူးကွာ၊ တစ်ချိန်လုံး ဗျစ်တောက်ဗျစ်တောက်နဲ့ ပြဿနာရှာနေလို့ စိတ်တိုပြီး ပခုံးကို လက်နဲ့ ဖိပြီး တွန်းလိုက်တာကို စီစီက ကယ်ကြပါဦး… ကျွန်မကို လည်ပင်းညှစ်သတ်နေပါတယ်လို့ အော်တော့ အဘိုးကြီးက ပြေးဝင်လာပြီး ဘာမပြော ညာမပြောနဲ့ ပိတ်ထိုးတာကွ"

လက်ဖက်ရည်ဆိုင်မှာ ထိုင်မိကြတော့ ပေါ်ဒွေးက အောင်ချို့ အမေ ပေးလိုက်သော စာအိတ်ကို ထုတ်ကမ်းလိုက်သည်။ အောင်ချိုက စာအိတ်ကို ဖွင့်၍ ဟကြည့်ပြီး– "ပိုက်ဆံတွေကွ" ဟု ပြောရင်း သက်ပြင်းချသည်။

"ဒါဟာ ငါ တော်တော်နဲ့ အိမ်ပေါ် ပြန်တက်ခွင့်ရမှာ မဟုတ်ဘူးလို့ အချက်ပြလိုက်တဲ့ သဘောပဲကွ၊ မင်း မရောက်ခင်ကလည်း ဟိုဘက်အိမ်နဲ့ ဒီဘက်အိမ် ပြဿနာဖြစ်ကြသေးတယ်"

အောင်ချို ဒဏ်ရာကြီးနဲ့ ဖူးရောင်ပြီး ရောက်လာတော့ ယောက္ခမ အဘွားကြီးက စီစီ့ဆီ ဖုန်းလှမ်းဆက်ပြီး ဆူပူကြိမ်းမောင်းသည်။ အောင်ချိုက လည်ပင်းညှစ်ပါတယ် ပြောတာကို မယုံ။ ညည်း ပလီပလာ လုပ်တာ…ဟု ဆိုသည်။ ထိုအချိန်တွင် အောင်ချို့အမေက ဖုန်းကို လွှဲယူပြီး ဝင်ပြောသည်။ ဒီဘက်က အဘွားကြီးက စကားပိုတတ်သဖြင့် အောင်ချို့ အမေ ခံနေရသည်။

ထိုအခါ ဦးအောင်ကြီးက ဖုန်းကို ဆွဲလုပြီး ဝင်ပါလာသည်။ သူက ဖိဟောက်နေသဖြင့် ဒီဘက်က အဘွားကြီးက–

"ရှင် ကျွန်မကို ငေါက်စရာ မလိုဘူး၊ ကိုယ့်ချွေးမ ကိုယ် နိုင်အောင်ထိန်း"

ဟု ပြန်အော်သည်။ နောက်တော့ ဒီဘက်က အဘိုးကြီးကပါ ဝင်ပြောရင်း လူကြီးနှစ်ယောက် ငြိကုန်ကြသည်။ ဦးအောင်ကြီးက–

"ခင်ဗျားလို ခွက်ပုန်းနဲ့ စကားပြောရတာ ကျုပ် သိပ်အကျတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဆိုသဖြင့် ဒီဘက်က အဘိုးကြီး ပေါက်ကွဲပြီး–

"ခင်ဗျား သတ္တိရှိရင် နှစ်ယောက်ချင်း ချမလား"

ဟု ချလင်း ခေါ်တဲ့အထိ ဖြစ်ကုန်သည်။

"အဲဒါပဲကွ၊ အခြေအနေက တော်တော်တင်းမာသွားတာ၊ ငါတော့ ဒီအိမ်မှာ တစ်လ ကိုးသီတင်း သောင်တင်နေတော့မှာပဲ"

ဟု အောင်ချိုက ပြောသည်။ ပေါ်ဒွေးလည်း စိတ်ဓာတ်ကျသွားတာ ပါပဲ။ အောင်ချိုတို့ ပြဿနာနှင့် လာတိုးနေသဖြင့် သူ့လာရင်းကိစ္စကို ပြောဖို့ ခက်သွားပြီကိုး။

"အဲဒါ မင်း ငါ့ကို ကူညီပါလား သူငယ်ချင်းရာ"

အောင်ချိုက လေပျော့ကလေးဖြင့် ပြောသည်။

"ဘယ်လို ကူညီရမှာလဲ"

"အဖေ့ကို မင်း ပြောပေးပါလား"

"ဟာ… မဖြစ်ဘူး၊ အခုတောင် မင်းလည်း ကြပ်ကြပ်သတိထားလို့ ငါ့ကို ကြိမ်းလိုက်သေးတယ်၊ ငါ မပြောရဲဘူး"

"အမေကတစ်ဆင့် ပြောရင် ရနိုင်ပါတယ်"

အောင်ချို့အကြောင်း သူ သိသည်။ ဒီကောင်က စီစီနဲ့ ကြာကြာခွဲ နေနိုင်သူ မဟုတ်။ ပေါ်ဒွေး အကြံတစ်ခု ရသွားသည်။

"အေးကွာ… စီစီက ဒီအိမ်ကို သူ ဘယ်တော့မှ လိုက်လာမှာ မဟုတ်ဘူးလို့ ပြောတာ စိတ်ထဲက တကယ်ပါလို့ မဖြစ်နိုင်ဘူး၊ လူကြီးတွေ ရှေ့မှာမို့လို့ မင်းအဘိုးကြီး ကျေနပ်အောင် ပြောတာ ဖြစ်လိမ့်မယ်၊ သူ့မျက်နှာကတော့ နည်းနည်းညှိုးနေသလိုပဲ"

"ဟုတ်တယ်၊ ဖြစ်နိုင်တယ်၊ စီစီ့အကြောင်း ငါ သိတယ်၊ ငါ့အပေါ်မှာ ကြာကြာစိတ်ဆိုးမှာ မဟုတ်ဘူး"

"ငါ စိတ်ကူးတာက ဒီလိုကွ၊ စီစီ့ကို အရင်သွားစည်းရုံးမယ်၊ အဲဒီကမှတစ်ဆင့် မင်းတို့အမေကို ပြောမယ်၊ ဒီနည်းနဲ့ မင်းအဘိုးကြီးကို ချဉ်းကပ်ရမယ်"

"ကောင်းတယ်ကွာ၊ ကောင်းတယ်၊ မင်းကို ငါ အားကိုးပါတယ် သူငယ်ချင်းရာ"

သူ့အပေါ် ပုံပြီး ယုံကြည်မှုရှိပြီဆိုတော့မှ ပေါ်ဒွေးက–



"တစ်ခုတော့ ရှိတယ်ကွာ၊ မင်းကိစ္စ အဆင်ပြေသွားပြီးရင် မင်း ငါ့ကို ပြန်ပြီး အကူအညီတစ်ခု ပေးရမယ်"

"ဘာလဲ ပြော"

"အဲဒီအချိန်ကျမှ ပြောမယ်"

"ဟင်… မင်းဟာက ဘာမှန်းလဲ မသိဘဲနဲ့"

"မင်းကို လုံးဝထိခိုက်နစ်နာမှု မဖြစ်စေရဘူး၊ ငါ့ကိုယ်ရေးကိုယ်တာ ကိစ္စပဲ ဘယ့်နှယ်လဲ"

"ဒါဆို ပြီးရောကွာ"

"မင်း ကတိပေးတယ်နော်"

"အေး… ပေးတယ်"

အောင်ချိုက ခဏစဉ်းစားလိုက်ပြီး–

"ငါ စိတ်ကူးတစ်ခု ရတယ်ကွ၊ ငါ့ကိစ္စ ရင်ရင်ငြိမ်းကို အကူအညီ တောင်းရင် ကောင်းမယ် ထင်တယ်၊ သူ ပြောရင်တော့ အဖေက လက်ခံမှာပဲ"

လာပြန်ပြီ ရင်ရင်ငြိမ်း… ဟု ပေါ်ဒွေး စိတ်ထဲက ရေရွတ်လိုက်ပြီးမှ–

"မဖြစ်ဘူး၊ ရင်ငြိမ်းက အနှောင်းတို့၊ ဒေစီပွင့်တို့ မြရီဝင်းတို့ကို လျှောက်ပြောချင်ပြောမှာ၊ လူသိများရင် စကားတွေ ရှုပ်ကုန်မယ်၊ မင်းလည်း သိက္ခာကျသွားလိမ့်မယ်၊ မင်းလည်း ရင်ငြိမ်းဆီ ဖုန်းတွေ ဘာတွေ မဆက်နဲ့၊ သိလား"

ဟု တစ်ခါတည်း နှုတ်ပိတ်ထားလိုက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com

ကံညွန့်မောင် အိမ်ကို ရောက်လာပြီး ပေါ်ဒွေးဆီက ဟိုတစ်ခါ ချေးထားခဲ့သော ငွေကို ပြန်ဆပ်သည်။

"ငါလည်း အစောကြီးကတည်းက လာပြန်ပေးမလို့ပါဘဲ၊ သုံးစရာလေးတွေက ပေါ်ပေါ်လာတာနဲ့၊ နည်းနည်းနောက်ကျသွားတယ်ကွာ၊ ဟဲ ဟဲ"

"ရပါတယ်ကွာ၊ ငါက ဆုံးပြီလို့တောင် တွက်ထားတာ"

ဟု ပေါ်ဒွေးက နောက်လိုက်သည်။

"ဒီလိုမှန်း သိရင် ပြန်မပေးပါဘူးကွာ"

ဟု ကံညွန့်မောင်က ရယ်ရင်း ပြောသည်။

"မင်းရဲ့ သားတွေကောကွ"

"ဟာကွာ… ယောက်ျားလေးတွေ မွေးထားရတာ မစားသာပါဘူး၊ တော်တော်ဆိုးတဲ့ ကောင်တွေကွာ၊ ငါ ငယ်ငယ်တုန်းကအတိုင်းပဲ၊ မနိုင်ဘူး"

"မင်း ဝဋ်လည်တာ ထင်တယ်"

"အေးကွ၊ ဟုတ်မယ်၊ ဒါနဲ့ ရင်ရင်ငြိမ်းကော"

"မသိဘူး"

"ဟင်… မင်းကလည်း"



"ဟုတ်တယ်ကွ၊ သူ့ကို ငါ လိုက်ပြီး စောင့်ကြည့်နေတာမှ မဟုတ်ဘဲ၊ တစ်ခါတစ်ခါကျရင် သူ ဒီအိမ်မှာ ရှိနေသေးလား၊ မရှိတော့ဘူးလား ဆိုတာတောင် မေ့မေ့နေတယ်"

"မင်းတို့ဟာကလည်းကွာ၊ သိပ်ချစ်ခဲ့ကြရက်သားနဲ့၊ ဘာပြဿနာတွေ ဖြစ်ခဲ့ကြတာလဲဆိုတာ ငါ့ကို ပြောမပြနိုင်ဘူးလား"

"မသိချင်ပါနဲ့ကွာ၊ ကိုယ့်အကြောင်းနဲ့ ကိုယ်ပါ"

"ငါတို့ ကူညီပြီး ဖြေရှင်းပေးနိုင်မယ်ဆိုရင်…"

"ဟေ့ကောင်… ဒါနဲ့ ရဲမော် နောက်ဆုံး ဖော်ထားတဲ့ ဆေးဆိုတာ မင်း စမ်းသောက်ကြည့်ပြီးပြီလား"

ဟု ပေါ်ဒွေးက စကားလွှဲလိုက်သည်။ ဒါမျိုး စိတ်ဝင်စားတတ်သော ကံညွန့်မောင်ကလည်း အာရုံပြောင်းသွားပြီး စပ်ဖြဲဖြဲ လုပ်ရင်း-

"စမ်းပြီးပြီ၊ မဆိုးဘူး၊ နိုင်ငံခြားဆေးတွေနဲ့ ယှဉ်နိုင်တယ်"

"မင်းကတော့ကွာ၊ နွားသိုးကို အတောင်ပံ တပ်ပေးလိုက်သလို ဖြစ်နေပြီ"

"အမယ်… ရဲမော်က ဒီဆေးကို ဖွဲ့တစ်ဆုပ်အားဆေး ဆိုပြီး စီးပွားဖြစ်ထုတ်ဖို့တောင် စိတ်ကူးနေပြီ၊ အင်း… မင်းအတွက်တော့ အသုံးဝင်မှာ မဟုတ်ပါဘူးကွာ၊ မင်းက အခု အလုပ်လက်မဲ့ ဖြစ်နေပြီပဲ"

"ဘာအလုပ်လက်မဲ့လဲ"

"မင်းတို့ လင်မယားက ခပ်စိမ်းစိမ်း ဖြစ်နေကြပြီ မဟုတ်လား၊ ဒါကြောင့် မင်း အလုပ်လက်မဲ့ ဖြစ်နေပြီလို့ ပြောတာ"

ပေါ်ဒွေးက မချိပြုံး ပြုံးနေလိုက်ရသည်။ ကံညွန့်မောင်က ဆက်၍-

"ဒါကြောင့် ငါ မင်းကို မကြာခဏ ပြောတယ်၊ အိမ်ကွင်းမှာ မကန်ရရင် အဝေးကွင်းမှာ ကန်ပေါ့ကွ"

"ဟာ… ငါ ဒါမျိုးတွေ ဝါသနာမပါဘူး"

"မင်း မကြုံဖူးသေးလို့ပါကွာ"

"ငါက ရှုံတတ်တယ်ကွ၊ တခြား မိန်းမတွေဆိုရင် မသတီဘူး"

"အိမ်က ကားပျက်နေတဲ့အခါ တက္ကစီ ငှားစီးသင့်ရင် စီးရတာပဲ၊ တစ်ခါတလေ တက္ကစီကတောင် ပိုပြီး ဇိမ်ကျချင်ကျနေသေးတယ်"

"မင်းကတော့ကွာ… ခုထိ မမှတ်သေးဘူးလား၊ ဒီတစ်ခါဆိုရင် ငါ ပိုက်ဆံမချေးတော့ဘူးနော်"

www.burmeseclassic.com

www.burmeseclassic.com



"ဟိုတစ်ခါကတည်းက ငါ မှတ်သွားပါပြီကွ"

"အေး… အဲဒီလိုမှပေါ့" ကံညွန့်မောင်က ရယ်လိုက်ပြီး-

"ငါ မှတ်တယ်ဆိုတာက ဟိုတစ်ခါလို မဖြစ်အောင် သတိထားပြီး ရှောင်တာကို ပြောတာ၊ ဆိုင်တစ်ဆိုင်တည်းမှာ စွဲစွဲမြဲမြဲ မထိုင်တော့ဘူး၊ မကြာခဏ ဆိုင်ပြောင်းတယ်၊ အဲ… ဒီနေ့ မင်းကို ခေါ်သွားမယ့် ဆိုင်ကတော့ ခြွင်းချက်ပေါ့"

"ဘာ… ငါ့ကို ခေါ်သွားမယ့်ဆိုင်"

"အေး… ဟုတ်တယ်၊ မင်းဆီက ချေးခဲ့တဲ့ ငွေအတွက် အတိုးပေးတဲ့ သဘောနဲ့ ဒီနေ့ မင်းကို ငါ ပြုစုမယ်၊ ပြစရာလည်း ရှိတယ်"

ပေါ်ဒွေးသည် ကံညွန့်မောင် ထိုင်လေ့ရှိသော ဆိုင်မျိုးကို သိပ်သဘော မကျလှ။ ဆူညံလွန်းသည်။ စကားတောင် အေးအေးဆေးဆေး ပြောလို့မရ။ ကောင်မလေးတွေက သီချင်းတွေ ဆိုကြ၊ ကကြ။ ပုရိသ ဆိုတဲ့ လူတွေက ဖန်းကုံးတွေ စွပ်ကြ၊ လက်ခုပ်တွေ တီးကြ၊ ကီးမကိုက်တဲ့ သံကြောင်ကြီးတွေနဲ့ သီချင်း လိုက်ဆိုကြ၊ အပန်းမပြေတဲ့အပြင် မျက်စိတောင် နောက်သေးသည်ဟု ထင်ခဲ့သည်။ ဒီနေ့တော့ အိမ်မှာ နေရတာ ပျင်းခြောက်ခြောက်ကြီး ဖြစ်နေသည်။ တစ်ယောက်တည်း အထီးကျန် နေနေရတာကိုလည်း ငြီးငွေ့နေသည်။ ထို့ကြောင့် ကံညွန့်မောင်နှင့် လိုက်သွားဖို့ ဆုံးဖြတ်လိုက်သည်။

အပြန်ကျလျှင် အိမ်ကို တစ်ကွေ့တစ်ပတ်ကြီး ပြန်ပို့ပေးရမှာစိုးသဖြင့် ကံညွန့်မောင်၏ ကားနှင့် မလိုက်ဘဲ သူ့ကားကိုပါ ယူလာခဲ့သည်။

"မင်း ဘီယာ သောက်မှာလား"

"မင်းကော…"

"မိုးအေးတယ်ကွ၊ ဝီစကီပဲ သောက်မယ်"

"ကောင်းသားပဲ"

ကံညွန့်မောင်က ဝီစကီတစ်လုံး မှာလိုက်သည်။

"နှစ်ယောက် တစ်လုံး ဆိုတော့ မများဘူးလားကွာ၊ ငါက သိပ် သောက်နိုင်တာ မဟုတ်ဘူး၊ ဘာလဲ… မင်း လစ်မစ်တွေ တက်နေပြီလား"

"မတက်ပါဘူးကွာ၊ သိပ်မူးအောင် သောက်ရင် ဘယ်အလုပ်ဖြစ်တော့မလဲ ဟဲ ဟဲ… စိတ်မပူပါနဲ့ကွာ၊ မကုန်ရင်လည်း ဆိုင်မှာ ပြန်အပ်ထားခဲ့လို့ ရပါတယ်၊ နောက်တစ်ခေါက်ကျတော့ ဆက်သောက်မှာပေါ့"



ဒီဆိုင်ကို သူ တော်တော်ပိုင်ပုံရသည်။ စားပွဲထိုးလေးတွေကလည်း သူ့ကို အတော်အရေးပေးသည်။ ယနေ့ညအတွက် ရနိုင်သော အထူးအစား အသောက်များကိုလည်း ပြောပြ အကြံပေးသည်။

ကံညွန့်မောင်က ကြိုတင် မှာကြားထားပုံရသည်။ သူတို့အတွက် စီစဉ်ပေးထားသော စားပွဲကလည်း အထူးရှယ်ပင် ဖြစ်လိမ့်မည်။ စင်္ကြံနှင့် အနီးဆုံး ညာဘက်ထောင့်မှာ ဖြစ်သည်။ စားသောက်ခန်းမ တည်နေပုံအရ ထိုနေရာတွင် ထောင့်ချိုး ဖြစ်နေသောကြောင့် တခြားဝိုင်းတွေကနေ လှမ်းမမြင်ရ။ သီးသန့်အခန်းကလေး တစ်ခန်းလို ဖြစ်နေ၏။ စင်္ကြံပေါ်ကိုတော့ ကောင်းကောင်း မြင်နေရသည်။

ဆိုင်က အပြင်မှ ကြည့်လျှင် ဂိုဒေါင်ဟောင်းကြီး တစ်လုံးနှင့် တူသည်။ ဆိုင်းဘုတ်ကလည်း ခပ်သေးသေး ခပ်နုပ်နုပ်ပဲ။ အတွင်းမှာကျတော့ အတော်သားသားနားနား ပြင်ဆင်ထားသည်။ အခင်းအကျင်းကလည်း သန့်ရှင်း သပ်ရပ်သည်။ အစားအသောက်တွေကလည်း ကောင်းသည်။ စားပွဲထိုး ကောင်လေးတွေ အကြံပေးချက်အရ မှာယူခဲ့သော ကင်းပုစွန်ကင်သုပ်ကလည်း အတော်စားလို့ကောင်းသည်။

စင်မြင့်ပေါ်မှာတော့ မိန်းကလေးတွေက တစ်ယောက်ချင်း တစ်လှည့်၊ အုပ်စုလိုက် တစ်လှည့် သီဆိုကခုန် ဖျော်ဖြေနေကြသည်။ ရက်ပ်ဆန်ဆန် အကများကို ပေါ်ဒွေး စိတ်မဝင်စားလှ။ စင်မြင့်နှင့်နီးသော စားပွဲမှာ ထိုင်နေခြင်း ဖြစ်သောကြောင့် ကောင်းကောင်းမြင်သာသည်။ သူတို့မှာ ရုပ်မြင်သံကြား ထဲ၌ တစ်ခါတစ်ရံ မြင်တွေ့ရတတ်သော တာဝန်အရ သီဆိုကခုန်နေသူများလို မျက်နှာသေကလေးတွေနှင့် ဖြစ်သည်ဟု ထင်ရ၏။

ပုံမှန်အားဖြင့်ဆိုလျှင် ပေါ်ဒွေးသည် သိပ်သောက်လေ့ရှိသူ မဟုတ်။ သုံးပက်လောက်ဆိုလျှင် မှန်နေပြီ။ ဒီနေ့တော့ မိုးကလည်း အေးအေး၊ စိတ်ကလည်း ထွေထွေနဲ့မို့ ကံညွန့်မောင် ငှဲ့ပေးသမျှ မငြင်းဘဲ သောက်နေမိ၏။ သောက်လို့လည်း ကောင်းသည်။ မှန်တဲ့အဆင့်ကနေ မူးတဲ့အဆင့်ကိုတောင် ကူးစပြုပြီ။

"အခု ဆက်လက်ပြီး အထူးဖျော်ဖြေမယ့်သူကတော့ လူကြိုက်များ အထူးမျှော်လင့်နေကြတဲ့ ရှာကီရာပဲ ဖြစ်ပါတယ်"

ကြေညာသံ ပေါ်လာပြီးနောက် လက်ခုပ်သံတွေ ဆူညံသွားသည်။ ကံညွန့်မောင်ကလည်း လက်ခုပ်တီးသည်။ ပေါ်ဒွေးကတော့ ထူးခြားဟန်မပြ။

www.burmeseclassic.com

www.burmeseclassic.com



စင်ပေါ်က မီးတွေ မှောင်သွားသည်။ တစ်စုံတစ်ယောက် စင်ပေါ် တက်လာပုံကို သူတို့နေရာမှ ခပ်ရေးရေး မြင်ရသည်။ စပေါ့လိုက်တစ်ခု ပွင့်သွားသည်။ စင်ပေါ်မှာ မိန်းကလေးတစ်ယောက် ခါးတစ်ဖက် ထောက်ပြီး ခပ်နွဲ့နွဲ့ ရပ်နေသည်။ ဆေးဆိုးထားသော ဆံပင်ပုံစံ၊ အဝတ်အစားက အစ ၂၀၁၀ ကမ္ဘာ့ဖလား ဘောလုံးပွဲ အဖွင့်သီချင်း အဆိုတော် ရှာကီရာနှင့် တူအောင် ဆင်ယင်ထားသည်။ ရုပ်ကလည်း ခပ်ဆင်ဆင်။ အဝေးက ကြည့်လျှင် တကယ့်ရှာကီယာအစစ်လား ထင်လောက်သည်။

သူက အနည်းငယ် ဦးညွှတ်လိုက်ပြီး-

"အခု သမီး သီဆိုဖျော်ဖြေမယ့် သီချင်းကတော့…"

သူ့စကား မဆုံးခင်မှာပင် စင်အောက်ရှိ စားပွဲများဆီမှ 'ဝါကာ ဝါကာ'ဆိုသော အော်သံများ ထွက်လာသည်။ သူက လက်ဝှေ့ယမ်းပြလိုက်သောအခါ 'ဟေး'ဆိုသော အသံများ ကြားရပြန်သည်။ အင်ထရိုတီးလုံး ဝင်လာသည်။ ထို့နောက် သူ သီချင်းစဆိုသည်။ ပေါ်ဒွေး မျက်မှောင်ကုတ်သွားပြီး-

"ပလေးဘက်လားကွ" ဟု မေးလိုက်သည်။ ကံညွှန့်မောင်က-

"မဟုတ်ဘူး၊ သူကိုယ်တိုင် ဆိုနေတာ"

ဟု ဂုဏ်ယူသော လေသံမျိုးဖြင့် ပြောသည်။

ပေါ်ဒွေး အံ့သြသွား၏။ မှန်သည်။ တချို့ အသံထွက်တွေ မမှန်တာ ကလွဲလျှင် ဆိုပေါက်က တော်တော်တူသည်။ သူ ကခုန်နေပုံကလည်း ရှာကီရာနှင့် တထေရာတည်းပဲ။ ပေါ်ဒွေးတောင်မှ စူးစူးစိုက်စိုက် ငေးကြည့်နေမိ၏။ ကံညွှန့်မောင်က ပေါ်ဒွေး ဖြစ်နေပုံကို ကြည့်ပြီး ဘယ့်နှယ်ရှိစ… ဆိုသော မျက်နှာပေးဖြင့် ပြုံးနေသည်။

ပန်းကုံးတွေ တစ်ကုံးပြီး တစ်ကုံး တက်လာသည်။ သီချင်း ဆုံးခါနီးလောက်တွင် ကံညွှန့်မောင်က ဖန်ခွက်ကို ဝါးတူနှင့် ခေါက်ပြီး အသံပေးလိုက်သည်။ အထာသိပြီးသား ဖြစ်ပုံရသော စားပွဲထိုးလေး တစ်ယောက် ချက်ချင်း ရောက်လာသည်။ ကံညွှန့်မောင်က တစ်စုံတစ်ခု ခပ်တိုးတိုး ပြောလိုက်သည်။ ကောင်လေးက 'ဟုတ်'ဟု နာခံပြီး ခပ်သုတ်သုတ် ထွက်သွားသည်။

ရှာကီရာသည် အလှဆုံး ကိုယ်ဟန်အနေအထားတွင် ရုပ်သေပြကွက်လို တီခနဲ ရပ်ပြီး သီချင်းကို အဆုံးသတ်လိုက်သည်။ လက်ခုပ်သံတွေ၊



ဝမ်းခေါင်းသံများဖြင့် အော်ဟစ် အားပေးမှုတွေ။ စောစောက စားပွဲထိုးလေး စင်ပေါ် တက်လာသည်။ ရွှေရောင်၊ ငွေရောင် တလက်လက် တောက်နေသော သရဖူလေးတစ်ခုကို ရှာကီရာ၏ ဦးခေါင်းပေါ်မှာ စွပ်ပေးလိုက်သည်။ ပြီးတော့ တစ်စုံတစ်ခု ပြောသည်။ ရှာကီရာက နားလည်ဟန် ခေါင်းညိတ်ပြသည်။ ကံညွှန့်မောင်နှင့် ပေါ်ဒွေးတို့ စားပွဲဆီ လှမ်းကြည့်ပြီး လက်ပြသည်။ ကံညွှန့်မောင်က ကျမ်းကျိန်တဲ့အခါ လုပ်သလို တံတောင်ဆစ်ကို ခပ်ကွေးကွေးထားပြီး လက်ဝါးထောင်ပြသည်။ ပေါ်ဒွေးက ဖန်ခွက်ထဲမှ လက်ကျန်ဝီစကီကို တစ်ကျိုက်တည်း မော့သောက်ချလိုက်သည်။ လည်ချောင်းထဲမှာ ပူခနဲ လောင်မြိုက်သွား၏။ အရက်ချည်းသက်သက်။ ဆိုဒါမှ မရောရသေးဘဲ။

"ရှာကီရာ ဆိုတာ သူ့နာမည်ရင်း မဟုတ်ဘူး၊ ဝါကာ ဝါကာ သီချင်း အဆိုကောင်းလို့ ဒီနာမည်တွင်သွားတာ၊ အေးလေ… အရင်သိထားတဲ့ နာမည်ကလည်း နာမည်ရင်း မဟုတ်နိုင်ပါဘူး၊ ထားပါတော့၊ ဘယ်လိုလဲကွ၊ လန်းတယ် မဟုတ်လား"

ကံညွှန့်မောင်က မေးသည်။ ပေါ်ဒွေးက ဘာမှ ပြန်မပြော။

စောစောက 'နီ'သောက်မိလို့ ရင်ပူသွားတာ သက်သာအောင် ရေခဲတုံးလေး တစ်တုံးကိုသာ ယူပြီး ငုံထားလိုက်သည်။

ထိုစဉ်တွင် သူတို့စားပွဲ ရှိရာနှင့် စတီတံခံ့ဘေးဘက်တို့ကို ကန့်ထားသော တံခါးလေး ပွင့်သွားပြီး ရှာကီရာ ဝင်ရောက်လာသည်။ ကံညွှန့်မောင် ရှေ့မှာ စင်ပေါ်ကအတိုင်း ခါးကို ခပ်စောင်းစောင်း နွဲ့၍ရပ်ရင်း-

"ကရောင်းအတွက် ကျေးဇူးပဲနော်"

ဟု ပြောသည်။ ကံညွှန့်မောင်က-

"ကိုယ့်သူငယ်ချင်းအတွက် ရည်ရွယ်ပြီး ဂုဏ်ပြုတာလေ"

ဟု ပေါ်ဒွေးကို ရည်ရွယ်၍ ပြောသည်။ ရှာကီရာက ပေါ်ဒွေးဘက် တစ်ချက် စောင်းငဲ့ကြည့်ပြီး နှုတ်ဆက်ပြုံး ပြုံးပြသည်။ ဒီနေ့ ဘယ်သူ 'မင်းသား'လဲ ဆိုတာကိုလည်း သိသွားပုံရသည်။

"ထိုင်လေ…"

ကံညွှန့်မောင်က ခွင့်ပြုလိုက်သည်။ ရှာကီရာက ကံညွှန့်မောင်ကို ကျော်ဖြတ်ပြီး ပေါ်ဒွေးဘေးက ခုံမှာ ဝင်ထိုင်လိုက်သည်။ ကံညွှန့်မောင်က ပေါ်ဒွေးကို ညွှန်ပြပြီး-

www.burmeseclassic.com

www.burmeseclassic.com



"ဒါ ကိုယ့်အချစ်ဆုံး သူငယ်ချင်းပဲ၊ နာမည်က ပေါ်..."

ပေါ်ဒွေးက နာမည် မပြောစေလိုသော အမူအရာ ဖြစ်သွားသည်။ ထို့ကြောင့် -

"အဲ အဲ... ဦးပေါ်လို့ပဲ ခေါ်ပေါ့" ဟု ကံညွန့်မောင်က ပြောလိုက်၏။ ရှာကီရာက ခစ်ခနဲ တစ်ချက် ရယ်လိုက်ပြီး-

"နာမည်က စိတ်ဝင်စားဖို့ ကောင်းတယ်နော်၊ ဉပေါ် ဆိုတော့..."

ပေါ်ဒွေးက မျက်နှာတည်တည်နှင့် ဖျတ်ခနဲ စိုက်ကြည့်လိုက်သည်။ ရှာကီရာက အကင်းပါးသည်။ ဒီကိစ္စမျိုးမှာ အတွေ့အကြုံ မရှိသူမှန်း ရိပ်မိသွားသည်။

"ဆောရီး... ကန်တော့နော်"

ဆိုပြီး လက်အုပ်ကလေး ချီလိုက်၏။ အလိုက်တော့ သိတတ်သားပဲ ဟု ပေါ်ဒွေး မှတ်ချက်ပေးလိုက်၏။ တစ်ပြိုင်နက်တည်းမှာ သူ့လက်ကလေးတွေ သွယ်သွယ်လျလျ ရှိတာကိုလည်း သတိပြုဖြစ်အောင် ပြုမိလိုက်သေးသည်။

စားပွဲထိုးလေး ရောက်လာပြီး ရှာကီရာ၏ ရှေ့မှာ စပိုင်ဝိုင်ပုလင်းလေး လာချပေးသည်။ ရှာကီရာက ပုလင်းကို ဖွင့်ပြီး ငှဲ့သည်။ ဖန်ခွက်ကို မြှောက်၍ 'ချီးယားစ်' ဟု ပြောပြီး တစ်ငုံ ငုံလိုက်သည်။ နှုတ်ခမ်းကို လျှာနှင့် သပ်သည်။ သူ့နှုတ်ခမ်းသည် လက်ခနဲ စိုသွား၏။

ရှာကီရာသည် အသက်နှစ်ဆယ်ကျော်ကျော်လောက် ရှိမည်။ အသားက မဆိုစလောက်ကလေး ညိုသည်။ အရုပ်အမောင်း ကောင်းသည်။ ခန္ဓာကိုယ် အချိုးအစား ပြေပြစ်သည်။ နှာတံ၊ မေးရိုး၊ မျက်လုံးတို့ကို ကြည့်ရတာ ကပြားသွေး ပါမယ့်ပုံပဲ။ သိပ်ချောလွန်း လှလွန်းတာတော့ မဟုတ်။ သို့ရာတွင် ဆွဲဆောင်မှု ရှိသည်။ အထူးသဖြင့် ခပ်လျားလျား ရှိသော နှုတ်ခမ်းက ပြုံးလိုက်လျှင် အတော်ကြည့်ကောင်းသည်။

သူက လူကို ကြည့်လျှင် တည့်တည့်မကြည့်။ ခေါင်းကို ခပ်စောင်းစောင်း ထားပြီး မျက်လုံးထောင့်ကပ် ကြည့်တတ်သည်။ သူ့လက်ချောင်း ထိပ်ဖျားလေးတွေက ကော့ပျံနေသည်။ လက်ဟန် ခြေဟန်ဖြင့် စကားပြောတဲ့ အခါ ကကြိုးကကွက်တစ်ခုလိုပဲ။ ပေါ်ဒွေးသည် ရှာကီရာရဲ့ အလှကို ဘာကြောင့် ခုလို ခွဲခြမ်းစိတ်ဖြာကြည့်နေမိမှန်း သူ့ကိုယ်သူ မသိနိုင်ဘဲ ဖြစ်နေ၏။



ပေါ်ဒွေးက စကားနည်းပြီး နှုတ်ဆိတ်နေသည်။ ကံညွန့်မောင်နှင့် ရှာကီရာတို့ကသာ လေပေးဖြောင့်နေသည်။ သူတို့ ပြောသော စကားတွေကလည်း အနှောင့်အသွား မလွတ်။ အဓိပ္ပာယ်နှစ်ခွတွေ၊ အနက်ရင်းတွေ၊ အနက်ပွားတွေ၊ အစွန်းအစွက်တွေ။ တချို့ စကားလုံးတွေက ပေါ်ဒွေးကို ရည်ရွယ်ပြီး လှမ်းချိတ်တာမျိုးတွေ ဖြစ်၏။ ထိုအခါမျိုးတွင် ရှာကီရာက ပေါ်ဒွေးကို မျက်လုံး ထောင့်ကပ်ကြည့်ရင်း ဆွဲငင်အားကောင်းသော အပြုံးကို ပြုသည်။ တစ်ခါ တစ်ခါ သူက မျက်လုံးထောင့်ကပ် ကြည့်စဉ် ပေါ်ဒွေးကလည်း ထောင့်ကပ် ကြည့်မိရာမှ ထောင့်ချင်းဆုံတတ်သည်။ ပေါ်ဒွေးမှာ ရှိန်းခနဲ ဖိန်းခနဲ ဖြစ်သွားရ၏။ အာခေါင်တွေလည်း ခြောက်လာသည်။

ထို့ကြောင့် ဝီစကီပုလင်းကို လှမ်းကိုင်လိုက်သည်။

"သမီး ငှဲ့ပေးပါ့မယ်"

ရှာကီရာကလည်း ပုလင်းကို လှမ်းလိုက်သည်။ ထိုအခါ ပေါ်ဒွေး၏ လက်ကို အပေါ်က အုပ်ကိုင်မိသွား၏။ သူ့လက်များသည် နုနုညှိုညှို၊ နွေးနွေး ထွေးထွေး ရှိလှသည်။ ပေါ်ဒွေးရဲ့ လက်တွေကတော့ အရက်ပြန်နဲ့ လောင်းချလိုက်သလို စိမ့်ခနဲ ဖြစ်သွား၏။ သွေးကြောတွေကတော့ ဆူခါနီး ရေနွေးလို တစီစီ မြည်လာသလား အောက်မေ့ရသည်။

ပေါ်ဒွေးက လက်ကို အလျင်အမြန် ပြန်ရုပ်လိုက်သည်။ ရှာကီရာက မျက်လုံး ထောင့်ကပ်၍ တစ်ချက် ကြည့်ရင်း ပြုံးသည်။ ပြီးတော့ ပေါ်ဒွေး၏ ဖန်ခွက်ထဲသို့ ဝီစကီ တစ်ပက်စာခန့် ငှဲ့ထည့်ပေးသည်။ ရေခဲ ခပ်လတ်လတ် တစ်တုံး ထည့်သည်။ ဆိုဒါ ထပ်ဖြည့်ပေးရင်း-

"ရေမရောရင် အသေစောတတ်တယ်လို့ အန်ကယ်ကြီးတစ်ယောက် ပြောတာ ကြားဖူးတယ်၊ ဆိုဒါ မရောရင်တော့..."

"ဆိုဒါ မရောရင်တော့ ကိုသာဖျော့တို့ အကြိုက်ပေါ့ကွယ်.. ဟဲ ဟဲ"

ကံညွန့်မောင်က ဝင်ပြောပြီး-

"ကဲ... မျက်နှာမလိုက်နဲ့လေ၊ ကိုယ့်ကိုလည်း ထည့်ပေးဦး"

ရှေ့က ဖန်ခွက်လွတ်ကို ညွှန်ပြသည်။ ရှာကီရာက-

"ဟင်း... သူက မနာလို ဖြစ်နေပြန်ပြီ"

ဟု အတိုင်အဖောက်ညီညီ ပြောရင်း ကံညွန့်မောင်ကို မသိမသာ မျက်စိမှိတ်ပြသည်။ ထို့နောက် ဝီစကီပုလင်းကို ယူသည်။ ပေါ်ဒွေးရှေ့မှ

www.burmeseclassic.com

www.burmeseclassic.com



ကျော်ပြီး ကိုယ်ကို ကိုင်းညွတ်ရင်း ကံညွန့်မောင် ဖန်ခွက်ထဲသို့ ငှဲ့ပေးနေသည်။ သူ့လက်မောင်းသည် ပေါ်ဒွေး၏ ရင်ဘတ်ကို စပါးကြီးမြွေတစ်ကောင်လို လျှောခနဲ ပွတ်တိုက် ဖြတ်ကျော်သွားသည်။ ချက်ချင်း ငှဲ့မပေးသေးဘဲ ကံညွန့်မောင်နှင့် စကားပြောနေသေးသည်။ ငှဲ့ပေးပြန်တော့လည်း-

"ဟင်… နည်းနည်းလေး၊ ကိုယ့်ကို စေတနာတွေ မေတ္တာတွေ လျှော့နေပြီပေါ့လေ၊ ဘာလဲ ကဏန်းအရှင်ကို မြင်လို့၊ ပုစွန်ကင်ကို ပစ်ချင်တဲ့ သဘောလား"

"ဒါပေါ့၊ အင်း… ကဏန်းပျော့ကြီး ဖြစ်မနေပါစေနဲ့လို့ပဲ ဆုတောင်းရတော့မှာပဲ"

ဟု အဓိပ္ပာယ် အစွန်းထွက်သော စကားများကို ကံညွန့်မောင်နှင့် အချီအချ ပြောရင်း အချိန်ဆွဲနေပြန်သည်။ ရယ်လိုက်သောအခါ ရှာကီရာ၏ လက်မောင်းများသည် ပေါ်ဒွေး၏ ပခုံးစွန်းပေါ်ကို အိအိကျလာသည်။ သူ့မျက်နှာကို ဘေးတိုက်အနေအထားအတိုင်း မြင်ရသည်။ သူ့နားရွက်မှာ ဆင်ထားသော ဖန်စီနားဆွဲမှ တွဲလောင်းကျနေသော ခရစ်စတယ်ချောင်းကလေးများကို တစ်ခုချင်း ရေတွက်လို့ ရနိုင်လောက်တဲ့ အကွာအဝေးအထိ နီးကပ်နေပြီ။

ပေါ်ဒွေး အသက်ရှူမြန်လာသည်။ ရင်ခုန်နှုန်း မြင့်လာသည်။ တကယ်ဆိုလျှင် သူ့လက်တွေက တစ်စုံတစ်ခုကို ကိုင်တွယ် ဆော့ကစားနိုင်လောက်အောင် အားလပ်နေပြီ။ သို့ရာတွင် ငါ့မှာလည်း လက်နဲ့ ခြေနဲ့ပါလား ဆိုတာ သူ မေ့လျော့နေမိ၏။

ရှာကီရာက ခေါင်းလျှော်ရည် ကြော်ငြာထဲက မော်ဒယ်သရုပ်ဆောင်လို ခေါင်းကို ခါယမ်းလိုက်သည်။ သူ့ဆံပင်တွေက လေဖွေ့ခံရသော ပိုးပဝါတစ်စလို ဝေ့ဝဲလွင့်ပျံသွား၏။ ဆံပင်ဖျား တစ်ချွေးက ပေါ်ဒွေး၏ ပါးပြင်ကို ပွတ်ဆွဲသွားသည်။ စောစောက ခုန်ပေါက် ကခုန်ခဲ့သောကြောင့် ခေါင်းချွေးထွက်နေဟန်တူသည်။ အနံ့တစ်ခုကို ရှူရှိုက်မိလိုက်၏။ ခေါင်းမလျှော်တာ ကြာသော မိန်းမတွေရဲ့ ဆံပင်က ထွက်ပေါ်လာတတ်သော စိမ်းရွှေရွှေ အောက်သိုးသိုးအနံ့။

ထိုအခိုက်တွင် ရင်ရင်ငြိမ်း ပြောခဲ့ဖူးသော စကားတစ်ခွန်းကို ဖျတ်ခနဲ သတိရလိုက်မိ၏။



"အလှအပဆိုတာ အရေပြားတစ်ထောက်စာပဲ ရှိတာပါ"

ရှာကီရာက သူ့ဘက်ကို လှည့်ကြည့်လိုက်သည်။ ခပ်လျှားလျှား ရှိသော နှုတ်ခမ်းကို လျှာနှင့် သပ်လိုက်သည်။ လက်ခနဲ စိုသွား၏။

"အပေါ်ယံ အရေခွံကို တစ်လွှာချင်း ခွာကြည့်လိုက်စမ်း၊ အရွတ်တွေ၊ အသားတွေ၊ အကြောတွေကို မြင်ရလိမ့်မယ်၊ ဆက်ပြီး ခွာကြည့်လိုက်၊ အရိုးစုတွေ ပြီးတော့ အူတွေ အသည်းတွေ ကလီစာတွေ…"

သူတို့နှစ်ယောက်၏ မျက်နှာများသည် ထွက်သက် လေတစ်ကမ်းစာလောက်သာ ကွာဝေးတော့သည်။ နှစ်ယောက်စလုံး ရှေ့ကို နည်းနည်းစီ တိုးလိုက်လျှင်… ။ ရှာကီရာက စပြီး ရွေ့လာသည်။ နှုတ်ခမ်းသည် ကမာကောင် ရဲရဲလေးလို ခပ်ဟဟ…။ အတွင်းက ပုလဲလုံးလေးတွေကိုတောင် ထင်ရှားစွာ မြင်ရ… ။

"အရွတ်စု ရုပ်တည်ေကို၊ မဟုတ်လေ ကိုယ်ထဲ၊ အပုပ်ရေ စိုရွှဲလို့၊ ယိုမစဲသူငါ၊ သွေးသည်းခြေ ပြည်သလိပ်တွေက၊ အိမ်ဆိပ် လွှမ်းပြန်တော့တာ၊ သို့ကလောက် ရွံစရာကို…"

ပေါ်ဒွေး ဆတ်ခနဲ ထရပ်လိုက်သည်။ ရှာကီရာ လန့်သွား၏။ ကံညွန့်မောင်က အံ့သြသလို လှမ်းကြည့်သည်။ ပေါ်ဒွေး ရင်ထဲက ဖျို့တက်လာသည်။

"ငါ အိမ်သာ သွားဦးမယ်"

ဟု ပြောပြီး ထွက်လာခဲ့သည်။ အိမ်သာထဲ ရောက်တော့ ဘေစင်ထဲ အန်ချပစ်လိုက်သည်။ စားထားသော အစားအစာတွေ ထွက်ကျလာသည်။ ဈေးကြီးပေးရတဲ့ စားကောင်းသောက်ဖွယ်တွေ ဆိုတာလည်း နောက်ဆုံးတော့ ချဉ်စုတ်စုတ် အန်ဖတ်တွေ ဖြစ်သွားရတာပါပဲလားဟု တွေးဖြစ်အောင် တွေးလိုက်မိသေးသည်။

ရင်ထဲက နည်းနည်းပေါ့သွားသည်။ မျက်စိတွေကတော့ ဝေနေတုန်း။ မျက်နှာသစ်ချလိုက်မှ နည်းနည်း ကြည်လင်လာသည်။ ရှေ့က မှန်ထဲမှာ သူ့ပုံရိပ်ကို မြင်သည်။ အတော်ကြည့်ရဆိုးတဲ့ကောင်ဟု ထင်သည်။

မှန်ရှေ့မှ ထွက်ခွာလာခဲ့ပြီးလျှင်တော့ မှန်ပေါ်မှာ ဘာပုံရိပ်မှ ထင်ကျန်ခဲ့မှာ မဟုတ်။

www.burmeseclassic.com

www.burmeseclassic.com



စားပွဲဆီသို့ ပြန်လာပြီး ထိုင်သည်။

"ဘာဖြစ်လို့လဲကွ"

ဟု ကံညွန့်မောင်က မေးသည်။ ပေါ်ဒွေးက-

"ဘာမှ မဖြစ်ဘူး၊ ကောင်းသွားပါပြီ"

"မူးသွားတာလား ဟင်၊ သူများ နှိပ်ပေးမယ်လေ"

ရှာကီရာက ပေါ်ဒွေး၏ ပခုံးပေါ် လက်နှစ်ဖက် တင်လိုက်သည်။ ပေါ်ဒွေးက သူ့လက်တွေကို အလန့်တကြား ဖယ်ပစ်လိုက်ပြီး ထရပ်သည်။ ဝီစကီခွက်ကို ယူပြီး တစ်ရှိန်ထိုး မော့သောက်ချလိုက်သည်။

"ငါ ပြန်တော့မယ်"

"ဟာ... ဘယ်လိုဖြစ်"

ကံညွန့်မောင် အမေးကို မဖြေဘဲ-

"ငါ ပြန်တော့မယ်၊ မင်း နေခဲ့တော့"

ဟု ပြောပြီး လှည့်ထွက်လာခဲ့သည်။

"ဟေ့ကောင်... ဟေ့ကောင်"

ကံညွန့်မောင် လှမ်းခေါ်တာကို လှည့်မကြည့်တော့။ ရှာကီရာ၏ ရယ်သံ ခပ်သဲ့သဲ့ ကြားရသည် ထင်၏။ မိုးသံတွေ ဆူညံနေသဖြင့် သဲသဲကွဲကွဲ တော့ မဟုတ်။

♦

ကားပေါ်တက်ပြီး မောင်းထွက်လာခဲ့သည်။ မိုးက သဲသဲမဲမဲ ရွာနေသည်။ လေပါ ပါသဖြင့် ကားထဲကို မိုးစက်မိုးပေါက်တွေ ဝင်လာနေသည်။ သူ့ကားက ဂျစ်ကား ဖြစ်ပြီး ဘေးကာတွေလည်း မပါသောကြောင့် လုံခြုံမှု မရှိ။ မကြာခင်မှာပင် ဘယ်ဘက် ကိုယ်တစ်ခြမ်းလုံး စိုရွှဲသွားသည်။ ချမ်းစိမ့်စိမ့် ဖြစ်လာ၏။ နည်းနည်းထပ်တင်လိုက်ရင် ကောင်းမည်ဟု တွေးမိသည်။

ရှေ့နားမှာ စားသောက်ဆိုင်တစ်ဆိုင်ကို မြင်သည်။ ဖြတ်ကျော်ခဲ့ပြီးမှ ကားကို ရပ်၊ နောက်ပြန်ဆုတ်သည်။ ကားပေါ်က ဆင်းပြီး ဆိုင်ထဲ ဝင်လာခဲ့သည်။ ဆိုင်ထဲမှာ လူရှင်းနေသည်။ စားပွဲတစ်လုံးမှာ ပျင်းပျင်းရိရိ ထိုင်နေသော စားပွဲထိုးကလေး ထရပ်ပြီး-

"ဘာသုံးဆောင်မလဲ ဆရာ"



ဟု မေးသည်။ သူက လက်ကာပြပြီး ကောင်တာဆီ တန်းသွားသည်။ တင်ထားသော အရက်ပုလင်းတွေကို ကြည့်လိုက်သည်။

"ဂျင်နှစ်ပက် ပေးပါ" ကောင်တာမှ လူက-

"သံပရာသီး ထည့်ဦးမလား"

"မထည့်နဲ့၊ ရေခဲတစ်တုံးပဲ ထည့်ပေး"

ကောင်တာမှ လူက ဖန်ခွက်ထဲကို ဂျင် နှစ်ပက် ထည့်သည်။ လူပါး နေလို့လား မသိ။ ပက်ခွက်လျှံအောင် ပိုပိုသာသာလေး ထည့်ပေးသည်။ ရေခဲ ခပ်လတ်လတ် တစ်တုံး ထည့်သည်။ ပေါ်ဒွေးက ဖန်ခွက်ကို လှုပ်ပြီး တစ်ငုံ ငုံလိုက်သည်။ လည်ချောင်းထဲမှာ ပူခနဲ ဆင်းသွားသည်။ ဖန်ခွက်ကို နည်းနည်း ထပ်လှုပ်ပြီးနောက် တစ်ခါတည်း မော့ချလိုက်သည်။ ငွေရှင်းပြီး ပြန်ထွက်ခဲ့ သည်။ ရင်ထဲမှာ နွေးသွားပြီ။

မိုးအေးအေး၊ ရင်နွေးနွေးနဲ့ ကားမောင်းလို့ အတော်ကောင်းသည်။ လမ်းကလည်း ရှင်းသည်။ ခါတိုင်း မောင်းနေကျထက် အရှိန်ပိုမြှင့်ပြီး မောင်း မိ၏။ ဂျင်အရက် ဆိုတာ လေတိုက်လေ၊ ပိုမူးလေပဲဟု ကြားဖူးသည်။ သူက လေပိုရအောင် အခွန်းဘက်ကို ရှေ့ထိုင်ပြီး ခေါင်းကိုတောင် တစ်ချက် တစ်ချက် အပြင်ထုတ်လိုက်သေးသည်။ မိုးစက်မိုးပေါက်တွေက မျက်နှာကို လာမှန်သည်။ လေက ဆံပင်ကြားထဲ တိုးဝင်သည်။ နည်းနည်း အူမြူးချင်သလိုလိုတောင် ဖြစ်လာ၏။ ဒါဟာ ဂျင်အရက်ရဲ့ တန်ခိုးသတ္တိပဲ။

သူက ကားဘရိတ်ကို ဆောင့်နင်းလိုက်သည်။ သူ့ကိုယ်သူတောင် အံ့သြနေသည်။ စောစောက ဘယ်လိုများ မောင်းခဲ့သလဲ။ သူက ကားကို မောင်းခဲ့ခြင်း မဟုတ်ဘဲ ကားက သူ့လမ်းသူ သိပြီး အလိုအလျောက်များ ဦးဆောင် ခေါ်လာခဲ့သလား မသိ။ သူ သတိဝင်လာသော အချိန်တွင် ကားက အိမ်ရှေ့မှာ တိခနဲ ရပ်ပြီးနေပြီ။

ကားပေါ်က ဆင်းပြီး အိမ်တံခါးဝမှာ ရပ်သည်။ လူခေါ် ခေါင်းလောင်း ခလုတ်ကို နှိပ်သည်။ အမှန်အားဖြင့် တစ်ကြိမ် နှစ်ကြိမ်လောက် နှိပ်ပြီး တံခါး လာအဖွင့်ကို စောင့်ရမည် ဖြစ်၏။ ခုတော့ ခလုတ်ကို တစ်ကြိမ်ပြီး တစ်ကြိမ် ဆက်တိုက် နှိပ်နေမိ၏။

ခဏကြာတော့ ကန့်လန့်ဖြုတ်သံ ကြားရသည်။ တံခါးရွက်ကို အထဲ က ဖွင့်မပေးခင် အရင်ဦးအောင် တွန်းဝင်သွားသည်။ တံခါးပေါ်မှာ ဝိုင်းစိန်

www.burmeseclassic.com

www.burmeseclassic.com



ရပ်နေသည်။ မဟုတ်သေးပါဘူး။ ဝိုင်းစိန်က ဒီလောက် အသက်မကြီးသေးပါဘူး။ မျက်မှောင်ကုတ်ပြီး ပုံရိပ် ပြတ်သားအောင် ကြည့်လိုက်တော့မှ ရင်ရင်ငြိမ်း ဖြစ်နေကြောင်း တွေ့ရ၏။

သို့ရာတွင် သူ့စိတ်ထဲမှာ မရှင်းလင်းဘဲ ဖြစ်နေသည်။ ရင်ရင်ငြိမ်းက ဆံပင်တွေ ဖြတ်ထားသည်။ ပခုံးပေါ် ဝဲကျရုံလောက်အထိပဲ ရှိတော့သည်။ သူက ဘာကြောင့် ဆံပင်တိုသွားရတာလဲ။ ဒီအရွယ်ရောက်မှ ပြန်ပြီး ငယ်ချင်နုချင်နေလို့လား။ ဘာဖြစ်လို့ ငယ်ချင်ရတာလဲ။ ရုပ်ရှင်တွေထဲကလို စိမ်းစိမ်းကားကား ဖြစ်နေသော ယောက်ျားက ကိုယ့်ဆီ စိတ်ပြန်လည်လာအောင် ကြိုးစားတာလား။ ရင်ရင်ငြိမ်းက ငါ့ကို ပြန်ချဉ်းကပ်ချင်လို့လား။ ငါ့ကို မြူဆွယ်နေတာလား။ ဝမ်းနည်းပါတယ် ရင်ငြိမ်း။ ငါ နှင့်အပေါ်မှာ စိတ်ကုန်သွားပြီ။ ငါ့နှလုံးသွေးတွေ အေးခဲနေပြီ။

ပေါ်ဒွေး၏ စိတ်ထဲမှာ ရှုပ်ထွေးနောက်ကျိနေ၏။ သူ ရင်ရင်ငြိမ်းကို စိုက်ကြည့်နေတာ အတော်အတန် ကြာသွားဟန်တူသည်။ ရင်ရင်ငြိမ်းက သူ့ကို ဖျတ်ခနဲ တစ်ချက် မော့ကြည့်ပြီး ခေါင်းပြန်ငုံ့သွားသည်။

ပေါ်ဒွေးက 'ဟက်ခနဲ' တစ်ချက် ရယ်သံပြုလိုက်ပြီး ထွက်လာခဲ့သည်။ အပေါ်ထပ်ကို တက်သည်။ အိပ်ခန်းထဲသို့ ဝင်မည်ပြုပြီးမှ စိတ်ကူးပြောင်းသွားပြီး စာကြည့်ခန်းထဲ ဝင်ခဲ့သည်။ ထိုအခန်းထဲမှာ သူ လှုပျို့ဘဝက အိပ်ခဲ့သော သံခေါက်ခုတင်လေး ရှိသည်။ ရေမြှုပ်မွေ့ရာပါးလေး ခင်းထားပြီး ခေါင်းအုံးတစ်လုံး ရှိသည်။ နေ့လယ် နေ့ခင်း စာဖတ်ရင်း တစ်မှေး မှေးလို့ရအောင် ထားခြင်း ဖြစ်၏။ ဒီနေ့ညကစပြီး ဒီခုတင်မှာပဲ အိပ်တော့မည်ဟု ဆုံးဖြတ်လိုက်သည်။

ထိုညက သူ အိပ်မက် မက်သည်။ အိပ်မက်ထဲမှာ ရင်ရင်ငြိမ်းက ရှာကီရာယောင်ဆောင်ပြီး သူ့ဆီ ရောက်လာသည်။ အိပ်ရာက နိုးတော့ ပေါ်ဒွေးစိတ်ထဲမှာ တစ်မျိုးကြီး ဖြစ်နေ၏။ နောက်တော့ ဟက်ဟက်ပက်ပက် ရယ်လိုက်မိသည်။ အိပ်မက်ထဲမှာတုန်းကတော့ သူ မဟုတ်တဲ့အတိုင်းပဲ။

ကုမ္ပဏီ အစုရှယ်ယာရှင်များ နှစ်ပတ်လည် အစည်းအဝေးသို့ သွားတက်ရသည်။ အတွင်းရေးမှူးက အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသည်။ ဥက္ကဋ္ဌက အမှာစကား ပြောကြားရာတွင် ယခုနှစ်အတွက် အစုပေါ် အမြတ်ငွေ ရာခိုင်နှုန်းမှာ ယခင်နှစ်ကထက် နည်းပါးသွားကြောင်း၊ လုပ်ငန်း တိုးတက်မှု မရှိသောကြောင့် မဟုတ်ဘဲ လုပ်ငန်းသစ်များ တိုးချဲ့ရာတွင် ပြန်လည်ရင်းနှီးမြှုပ်နှံရသောကြောင့် ဖြစ်ကြောင်း၊ ထို့ကြောင့် လာမည့်နှစ်တွင် အမြတ်ငွေ ပိုမိုရရှိမည် ဖြစ်ကြောင်း၊ အစုရှယ်ယာ တန်ဖိုးလည်း တက်လာမည် ဖြစ်ကြောင်း အသိပေးသည်။

ပေါ်ဒွေးသည် စီးပွားရေးလုပ်ငန်းအကြောင်း သိပ်ပြီး နားမလည်။ စိတ်လည်း မဝင်စားလှ။ ဒါကို သိလို့ သူ့အဖေက ခုလို စီစဉ်ခဲ့ခြင်း ဖြစ်၏။ အဖေ့မိတ်ဆွေများ၏ ကုမ္ပဏီမှာ အစုရှယ်ယာဝင်ပြီး ရင်းနှီးမြှုပ်နှံပေးထားခဲ့သည်။ နှစ်ကုန်လျှင် အမြတ်ငွေ ထုတ်ယူရုံပဲ။ ပေါ်ဒွေးက လောဘကြီးသူလည်း မဟုတ်။ အသုံးအဖြုန်းကြမ်းသူလည်း မဟုတ်သဖြင့် ထိုငွေက သုံးလောက်စရာထက် တာထက်တောင် ပိုနေသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



အစည်းအဝေး ပြီးတော့ ထမင်းစားပွဲနှင့် ညှိခံသည်။ စားရင်းသောက်ရင်း သာရေး နာရေး ထွေရာလေးပါး ပြောကြသည်။ ထို့နောက် ဥက္ကဋ္ဌက ပေါ်ဌေးကို သူ့ရုံးခန်းထဲ ခေါ်သွားသည်။

"မောင်ပေါ်ဌေးအနေနဲ့ ဒီနှစ် ရမယ့် အမြတ်ငွေတွေကို မထုတ်ဘဲထားလို့ ရသလား၊ တခြား သုံးစရာ ဖွဲ့စရာများ ရှိနေလား" ဟု မေးသည်။

"မရှိပါဘူး အန်ကယ်၊ ဒီငွေက ဘဏ်ထဲ သွင်းလိုက်မှာပါ"

"ဒါဆို အန်ကယ် အကြံတစ်ခု ပေးချင်တယ်"

"ပြောပါ ခင်ဗျာ"

"ရှေ့နှစ်ဆိုရင် လုပ်ငန်းက ပိုကောင်းလာနိုင်တယ်၊ ဒါကြောင့် ဒီနှစ် မောင်ပေါ်ဌေး ရမယ့် အမြတ်ငွေတွေကို အစုရှယ်ယာတွေ ထပ်ဝယ်ပြီး ရင်းနှီးမြှုပ်နှံထားရင် အများကြီး အကျိုးရှိနိုင်တယ်"

"ဟုတ်ကဲ့၊ အန်ကယ် ကောင်းသလို ကြည့်စီစဉ်ပေးပါ၊ အဖေမရှိတော့တဲ့နောက်ပိုင်း အန်ကယ်တို့ပဲ ကျွန်တော့်ကို စောင့်ရှောက်ခဲ့ကြတာပဲ၊ ဒါကြောင့်လည်း ကျွန်တော် ဒီအခြေအနေလေးထိ ဖြစ်လာခဲ့တာ မဟုတ်လား"

"ကောင်းပြီ၊ အန်ကယ် စီစဉ်ထားလိုက်မယ်၊ လကုန်ရင် ရှယ်ယာလက်မှတ်တွေ လာထုတ်လိုက်ပေါ့၊ စာချုပ်စာတမ်းကိစ္စလည်း ရုံးအုပ်ကြီးက ကြည့်လုပ်ပေးလိမ့်မယ်၊ ဟုတ်လား"

"ဟုတ်ကဲ့၊ ကျေးဇူးပါပဲ ခင်ဗျ"

ရုံးချုပ်က ထွက်လာတော့ နေ့လယ် တစ်နာရီခွဲပြီးနေပြီ။ အိမ်ကိုလည်း မပြန်ချင်သေး။ ခုချိန်မှာတော့ အိမ်ဆိုသည်မှာ သူ့အတွက် ပြန်ရသော အရာ မဟုတ်။ သွားရသော နေရာဌာနသာ ဖြစ်နေ၏။ အိမ်ရောက်လို့လည်း ဘာမှ မထူး။ ဟိုအရင်က အိမ်ပြန်ရောက်လျှင် သွက်လက်ပျော်ရွှင်သွားတတ်သည်။ ခုကျတော့ အိမ်ထဲ ဝင်လိုက်တာနဲ့ လေးလံထိုင်းမှိုင်းသွားရ၏။ ဒီရက်တွေ အတွင်းမှာ ရင်ရင်ငြိမ်းကလည်း ပိုပြီးရှောင်ကွင်းလာသည်။ သူ့ကိုယ်ပိုင်သီးသန့် လို ဖြစ်နေသော ဘုရားခန်းထဲမှာပဲ နေတာ များသည်။ ဖြတ်သွားဖြတ်လာ ဆုံမိလျှင်လည်း ဝိညာဉ်နှစ်ခု တစ်ယောက်နှင့် တစ်ယောက် အပြန်အလှန် မမြင်ရသလို ပုံစံမျိုးဖြင့် ရှိနေကြသည်။

ပေါ်ဌေးကလည်း အိမ်မှာ မနေတာ များသည်။ တစ်နေကုန်နီးပါး အပြင်ထွက်နေသည်။ သူငယ်ချင်းတွေဆီ သွားချင်သွား။ လက်ဖက်ရည်ဆိုင်



ထိုင်ချင် ထိုင်။ ပန်းခြံထဲက ခုံတန်းလျားမှာ သွားငေးချင် ငေးနေတတ်သည်။ ဒီနေ့လည်း အိမ်ကို ညနေစောင်းမှ ပြန်မည် စိတ်ကူးသည်။ ဟိုကောင်တွေနဲ့ တွေ့လို့ ဆိုင်ထိုင်ဖြစ်လျှင်လည်း ညဥ့်နက်ချင် နက်ပါစေတော့။

အောင်ချိုတို့ ရုံးကို သွားလျှင် ကောင်းမလား။ ဒီကောင့်ရုံးကို သွားရတာ သိပ်သဘောမတွေ့ချင်။ ဘယ်ဌာန သွားမှာလဲ။ ဘယ်သူနဲ့ တွေ့မှာလဲ။ ဘယ်လောက်ကြာမှာလဲ။ မှတ်ပုံတင် ပါသလား။ မပါရင် ကားလိုင်စင် ထားခဲ့။ သိပ်အပေါက်အစပ် များသည်။ ဒီကောင် အိမ်ပေါ် ပြန်တက်ခွင့်ရဖို့ စီစဉ်ကို စည်းရုံးနေတာ အခက်အခဲလေးတွေ ရှိနေသေးကြောင်း ညကျမှ ဖုန်းဆက် ပြောတော့မည်။

ကံညွန့်မောင်တို့ သစ်ဆိုင်ကို သွားရင် ကောင်းမယ်ဟု တွေးမိပြန်သည်။ ရှိ၊ မရှိ သေချာအောင် သူ့လက်ကိုင်ဖုန်းဆီ လမ်းဘေး ပီစီအိုဖုန်းမှ ဆက်ကြည့်သည်။ တစ်ခါမှ မမြင်ဖူးသော်လည်း အလွန်ရင်းနှီးနေသော ကြားနေကျ မိန်းကလေး၏ အသံကို ကြားရသည်။ လူကြီးမင်း ခေါ်ဆိုသော ဖုန်းမှာ စက်ပိတ်ထားပါသဖြင့် ... ။ ဆိုင်ဖုန်းကို ဆက်ကြည့်တော့ သူ့မိန်းမ နယ်လီ ဖုန်းလာကိုင်သည်။

"ကံညွန့်မောင် ရှိလား"

"သစ်ကုန်သည်တွေနဲ့ ချိန်းထားလို့ အင်းတကော်တက် သွားပါတယ်"

ဟုတ်ချင်မှ ဟုတ်မည်။ အကြောင်းပြပြီး လစ်ထွက်သွားတာလည်း ဖြစ်နိုင်သည်။ ဒီကောင်က သိပ်ယုံရတာ မဟုတ်။

ရဲမော်ဆီ သွားတာပဲ ကောင်းပါတယ်ဟု တွေးနေတုန်း တစ်ခု သွားသတိရသည်။ ဟိုးအရင် ရင်ရင်ငြိမ်းနှင့် လက်ထပ်စာချုပ် ချုပ်စဉ်က လက်နှိပ်စက် ရိုက်တဲ့လူက ရှည်ပြီး သက်သေလက်မှတ် ဝင်ထိုးသွားခဲ့သည်။ ခုတစ်ခါ ကွာရှင်းစာချုပ်ပေါ်မှာ လူစုံအောင်ဆိုလျှင် ထိုသူကိုလည်း သက်သေလက်မှတ် ပြန်ထိုးခိုင်းမှ ဖြစ်မည်။ လမ်းကြုံတုန်း ဒီလူ့ကို သွားရှာရမည်။

ခုနောက်ပိုင်း ရန်ကုန်မြို့လယ်မှာ အပြောင်းအလဲတွေ များသည်။ အဆောက်အအုံဟောင်းတွေကို ဖြိုချပြီး တိုက်သစ်တွေ ဆောက်နေသဖြင့် မရောက်ဖြစ်တာ ကြာလျှင် မျက်စိလည်ချင်သည်။ ခုလည်း ဟိုတုန်းက လက်နှိပ်စက်ရိုက်သူတွေ စုထိုင်ကြသော ဂိုဒေါင်ဟောင်းလို အဆောက်အအုံကြီးကို ရှာတရက် ရှာမတွေ့။ နောက်မှ ထိုနေရာကို ဖြိုချပြီး သံပြားတွေ ကာထားတာ မြင်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒီလို အခါမျိုးမှာ တွေ့ရတတ်တဲ့ 'ဘယ်ဆိုင် ဘယ်နေရာသို့ ပြောင်းရွှေ့ဖွင့်လှစ်ထားပါသည်' ဆိုသော ဆိုင်းဘုတ်ငယ်များ ရှိမလား ရှာကြည့်သေးသည်။ မတွေ့ရ။ အနီးအနားက လမ်းဘေးဆိုင်လေး တစ်ဆိုင်ကို မေးကြည့်သည်။ လက်နှိပ်စက်သမားတွေ ဆိုသော စကားလုံးကို သိပ်နားလည်ပုံတောင် မရ။ ဟုတ်သားပဲ။ ခုဟာက လက်နှိပ်စက်ခေတ်မှ မဟုတ်တော့ဘဲ။ ကွန်ပျူတာစာစီစာရိုက်ခေတ် ဖြစ်နေပြီ။ ဒါဆို ဟိုလူ ရှိတောင် ရှိပါဦးတော့မလား။

ဓားလွယ်ခုတ်မှာ ရှိသော လက်ဖက်ရည်ဆိုင်ကို သတိပြုမိ၏။ ဟိုတုန်းက ဒီဆိုင်မှာ သောက်ခဲ့ဖူးသည်။ ထို့ကြောင့် ဆိုင်ထဲ ဝင်ထိုင်ပြီး လက်ဖက်ရည်တစ်ခွက် မှာသည်။ ဆိုင်ရှင်က အသက်ခပ်ကြီးကြီး။ အရင်ဆိုင်ရှင်ပဲ ဖြစ်ဖို့များသည်။ ထို့ကြောင့် -

"ဟိုထဲက လက်နှိပ်စက်သမားတွေ ဘယ်ကို ပြောင်းသွားတာလဲ၊ သိလား" ဟု မေးကြည့်သည်။

"ဘယ်ရှိတော့မလဲ၊ ကွန်ပျူတာခေတ်တောင် ရောက်နေမှဟာ၊ တကွဲတပြားစီ ဖြစ်ကုန်ပြီပေါ့၊ တချို့လည်း ကွန်ပျူတာစာစီစာရိုက် သင်ပြီး ပြောင်းကိုင်ကြတာပေါ့"

ပေါ်ဒွေးသည် လက်ထပ်စာချုပ်မှာ လက်မှတ် ဝင်ထိုးသွားသော ဟိုလူ့ နာမည်ကို ပြန်စဉ်းစားသည်။ အိမ်က စာချုပ်ထဲမှာတော့ ရှိသည်။ တိတိကျကျ မမှတ်မိ။

"ဟိုလေ... နည်းနည်းတော့ ကြာပါပြီ။ လက်နှိပ်စက်ရိုက်တဲ့၊ အဲ... ကိုအောင်ထွန်းမြင့်လား.. ကိုထွန်းမြင့်အောင်လား မသိဘူး၊ သိလား"

ဆိုင်ရှင်က ခဏစဉ်းစားပြီး -

"သြော်... နှာခေါင်းကြီးကို ပြောတာလား"

"ဗျာ..."

"နှာတံ အရမ်းပေါ်လို့ နောက်ပြောင်ပြီး ခေါ်ကြတာ"

ပေါ်ဒွေး သူ့ရုပ်ကို ခပ်ရေးရေး မြင်ယောင်လာသည်။

"ဟုတ်တယ်၊ ဟုတ်တယ်"

"သူက ပြောင်းသွားတာ ကြာပြီဗျ"

"ဘယ်ကို ပြောင်းသွားတာလဲ"



"သူ့မြို့မှာပဲ ပြန်လုပ်စားတော့မယ်လို့ ပြောတာပဲ၊ ဟိုမှာက လက်နှိပ်စက်တွေ သုံးနေကြသေးတာကိုး"

"ဘယ်မြို့လဲ သိလား"

"ဒါတော့ မသိဘူး၊ ပြောတော့ ပြောတယ်၊ မမှတ်မိတော့ဘူး"

လမ်းစပြတ်သွားပြီ ဖြစ်၏။

"ဘာကိစ္စ ရှိလို့လဲဗျ" ဟု ဆိုင်ရှင်က မေးသည်။

"သက်သေလက်မှတ် ထိုးစရာလေး ရှိလို့ပါ"

"သက်သေလက်မှတ်ထိုးတာများဗျာ၊ ဘယ်သူထိုးထိုး ရပါတယ်၊ ကျုပ်တောင် ထိုးပေးလို့ရသေးတယ်"

ဒီဆိုင်ရှင်ကလည်း သက်သေလက်မှတ်ထိုးပေး၊ လိုအပ်ရင် အာမခံလိုက်ပေးတဲ့ အလုပ်ကိုလည်း ပူးတွဲလုပ်နေတဲ့ လူပါလား။ ပေါ်ဒွေး ခေါင်းယမ်းလိုက်ပြီးမှ တစ်စုံတစ်ခုကို သတိရသွား၏။ သက်သေလက်မှတ် ဆိုတာ ဘယ်သူထိုးထိုး ရတယ် ဆိုတော့...

နှာခေါင်းကြီး ဆိုတဲ့လူက သူ့မြို့ကို ပြန်သွားပြီ။ ပေါ်ဒွေးအနေနဲ့ ရှာလို့ မတွေ့နိုင်တော့သလို ရင်ရင်ငြိမ်းလည်း တွေ့မှာ မဟုတ်တော့။ ရင်ရင်ငြိမ်းကလည်း လိုက်ရှာနေမှာ မဟုတ်။ လက်ထပ်စာချုပ်ထဲက လက်မှတ်ပုံစံအတိုင်း တူနိုင်သမျှ တူအောင် တုပြီး ကွာရှင်းစာချုပ်ပေါ်မှာ ကိုယ့်ဟာကိုယ် ထိုးလိုက်ရုံပဲ။ ရင်ရင်ငြိမ်းကလည်း စေ့စေ့စပ်စပ် စစ်ဆေးနေမှာ မဟုတ်။ လက်မှတ်ပါရုံလည်း မဟုတ်။

ဒါတွင်မကသေး။ ဦးပဥ္စင်းအောင်ကျော်ကလည်း ရန်ကုန် တက်လာဖို့ အခွင့်အလမ်း အလွန်နည်းသည်။ ဒီတော့ သူ့လက်မှတ်ကိုပါ အတုထိုးလို့ ရသည်။ ကြည့်စမ်း... ။ ငါ တော်တော် အလောတကြီးနိုင်တဲ့ ကောင်ပါလား။ စောစောတုန်းက ဒါကို ဘာဖြစ်လို့ မတွေးမိရတာလဲ။

ပေါ်ဒွေး စိတ်လက် ပေါ့ပါးသွား၏။ ခုဆိုရင် ကံညွှန့်မောင်၊ ကောင်းထွန်း၊ အောင်ကျော်၊ ထွန်းမြင့်အောင် ခေါ် နှာခေါင်းကြီး လက်မှတ်လေးခုတောင် ရပြီ။ သူ့အကြံအစည် အောင်မြင်ဖို့ တဖြည်းဖြည်း ပိုနီးစပ်လာပြီ။ အောင်ချို အိမ်ပေါ် ပြန်တက်ခွင့်ရဖို့ ကိစ္စ ဖိဖိစီးစီး ကြိုးစားပေးရမည်။ ဒါမှ နောက်ထပ် သက်သေတစ်ယောက် ရမည်။

www.burmeseclassic.com

www.burmeseclassic.com

စီစီသည် ထစ်ခနဲရှိ စိတ်ကောက်တတ်သူတို့၏ ထုံးစံအတိုင်း ထစ်ခနဲရှိ စိတ်ပြေတတ်သူ ဖြစ်၏။ ပေါ်ဒွေး ပထမဆုံးအကြိမ် သွားပြီး ချွေးနွေးတော့ စီစီက-

"သူ့အကြောင်း လုံးဝ လာမပြောနဲ့"

ဟု ငြင်းလွှတ်သည်။ ပေါ်ဒွေး ဘာအတွက် လာတယ်ဆိုတာ ရိပ်မိသော ဦးအောင်ကြီးက-

"မင်းက ပွဲစားလာလုပ်တာလား"

ဟု ခပ်ငေါက်ငေါက် ပြောသည်။

နောက်တစ်ခါကျတော့ ပေါ်ဒွေးက ဖုန်းဆက်ပြီး-

"ပြောစရာရှိလို့ လာခဲ့ချင်တယ်"

ဟု အပ္ပိုင့်မင့် တောင်းကြည့်သည်။ စီစီက သူ အပြင်သွားစရာရှိလို့ မအားဘူးဟု ပြန်ပြောသည်။ ပေါ်ဒွေးက နောက်ထပ် မဆက်သွယ်တော့ဘဲ အသာမျှောထားလိုက်သည်။

တစ်ပတ်လောက် ကြာသောအခါ ပေါ်ဒွေး၏ စာကြည့်ခန်းထဲခါးမှာ စာတစ်စောင် ကပ်ထားတာ တွေ့ရသည်။



"စီစီ ဖုန်းဆက်တယ်၊ အကြောင်းထူး မရှိပါဘူးတဲ့"

ရင်ရင်ငြိမ်း၏ လက်ရေး ဖြစ်၏။ စီစီက ရင်ရင်ငြိမ်းကို အောင်ချို အိမ်က နှင်ချခံရတဲ့အကြောင်း ပြောမှာ သေချာသည်။ ရင်ရင်ငြိမ်းကကော ကိုယ့်ပြဿနာကို ပြန်ပြောပြလိုက်သေးသလား။ ပြောမယ် မထင်။ ရင်ရင်ငြိမ်းက ဒါမျိုး လျှောက်ပြောတတ်သူမျိုး မဟုတ်။

ထားတော့… အရေးကြီးတာက စီစီ၏ ရင်ဖွင့်ချက်ကို ရင်ရင်ငြိမ်း သိသွားသော ကိစ္စပင် ဖြစ်၏။ မိန်းမချင်းဆိုတော့ ပွင့်ပွင့်လင်းလင်း ပြောလိမ့်မည်။ အောင်ချို အိမ်ပေါ် ပြန်ရောက်အောင် ရင်ရင်ငြိမ်းကို အကူအညီတောင်းတဲ့ အဓိပ္ပာယ်မျိုးပါသော စကားတွေ ပြောချင် ပြောလိမ့်မည်။ ရင်ရင်ငြိမ်းက ဦးအောင်ကြီးဆီ သွားပြီး ကြားက စေ့စပ်ပေးလိုက်လျှင် ကိစ္စပြီးသွားနိုင်သည်။ ဒါဆိုလျှင် အောင်ချိုက-

"ရင်ရင်ငြိမ်း ကူညီလို့ အောင်မြင်သွားတာ၊ မင်းကြောင့် မဟုတ်ဘူး"

ဟု ဆိုပြီး ကိုယ့်ကိစ္စ ပြန်မကူညီဘဲနေလျှင် ခက်မည်။

ဒီတော့ ကိုယ်က ဦးအောင် မြန်မြန်ထက်ထက် လုပ်မှ ဖြစ်မည်။ အောင်ချို ရုံးဆင်းချိန်မှာ သွားစောင့်ခေါ်သည်။ လူရှင်းသော ပီစီအိုဖုန်းဖြင့် စီစီ့ဆီ ဆက်သည်။

"ဖုန်းဆက်တယ်ဆို၊ ကိစ္စရှိလို့လား"

"မရှိပါဘူး၊ ရင်ငြိမ်းဆီ ဆက်ရင်းနဲ့ မေးတာပါ"

အခုလို ကွယ်လိုက်ကတည်းက မလုံဘူး ဆိုတာ သိသာ၏။ ထို့ကြောင့်-

"ဘာလဲ… အောင်ချို့ကို သတိရလို့လား၊ သူ့အခြေအနေ စုံစမ်းချင်လို့လား"

"အမယ်… သူ့ကို ရှိတယ်တောင် မအောက်မေ့ဘူး"

"စီစီကသာ မအောက်မေ့တာ၊ ဟိုကောင်ကတော့ သူ့ကိုယ်သူ သတ်သေမလောက် ဖြစ်နေပြီ"

"သူသာ အဲဒီလောက် စိတ်ကောင်းရှိရင် ခုလို ဇာကွဲတပြားတောင် ဖြစ်မှာ မဟုတ်ဘူး"

"ကဲ… မယုံဘူးဆိုရင်လည်း ကိုယ်တိုင်သာ မေးကြည့်တော့"

ဆိုပြီး တယ်လီဖုန်းကို အောင်ချို့လက်ထဲ လွှဲပေးလိုက်သည်။

"စီလား… ကိုယ်ပါ၊ ချိုချိုလေ"

www.burmeseclassic.com

www.burmeseclassic.com



အောင်ချို့က ချွဲလိုက်သည်။ တစ်ဖက်မှ စကားပြန်ပုံမရ။

"စကားတစ်ခွန်းလောက် ပြောပါဦး၊ စီစီ့အသံလေးကို ကြားရရင် သေပျော်ပါပြီ၊ ပြောလေ… ဟင် ငိုနေတယ် ဟုတ်လား၊ ကိုယ်လည်း တစ်နေ့မှ မေ့လို့ မရပါဘူး"

နောက်တစ်နေ့ကျတော့ အောင်ချို့နှင့် စီစီတို့ စားသောက်ဆိုင်တစ်ခု မှာ ချိန်းတွေ့ကြသည်။ စကားတွေ ပြောပြီး အလွမ်းသယ်ကြသည်။ ပြီးတော့ ပေါ်ဒွေး၏ အကြံပေးချက်အတိုင်း အစီအစဉ်တစ်ခု လုပ်ကြသည်။

တစ်ရက်မှာ စီစီက တစ်နေကုန် အခန်းထဲက မထွက်ဘဲ အောင်းနေ သည်။ ထမင်းစားချိန်မှာ ပေါ်မလာတော့ အောင်ချို့တို့ အမေ စိတ်ပူပြီး နေမကောင်းဘူးလား လာမေးသည်။ စီစီက သူ စိတ်မချမ်းသာကြောင်း၊ အထီးကျန်ဆန်ကြောင်း၊ အားငယ်ကြောင်း ပြောပြီး ငိုသည်။ ထမင်းမစား၊ ဟင်းမစား နေပြသည်။

အဘွားကြီးက ဦးအောင်ကြီးကို တင်ပြသည်။ ခုလောက်ဆို အောင်ချို နောင်တရလောက်ပါပြီဟု ပြောသည်။ ဦးအောင်ကြီးက–

"သင်းထိုက်နဲ့ သင်းကံ နေပါစေ"

ဟု ဆိုသည်။ လေသံက သိပ်မပြင်းတော့။

အောင်ချို့ အိမ်ပေါ် ပြန်တက်လာသည်။ ဦးအောင်ကြီးက–

"မင်း ဘာလာလုပ်တာလဲ"

"စီစီ နေမကောင်းဘူးဆိုလို့ပါ ဖေဖေ"

"မင်းမျက်နှာ ငါ မကြည့်ချင်ဘူး၊ သွား သွား"

အောင်ချို့ ထွက်သွားသည်။ အိမ်ပြင်ကို မဟုတ်။ စီစီ ရှိရာ သူတို့ အိပ်ခန်းဆီသို့…။

"မင်းကိစ္စ အဆင်ပြေသွားပြီဆိုတော့ ကတိအတိုင်း ငါ့ကိုလည်း ပြန်ကူညီပေတော့"

ဟု ပေါ်ဒွေးက သတိပေးသည်။

"ပြောကွာ… ဘာကူညီရမလဲ"

ပေါ်ဒွေးက ကွာရှင်းစာချုပ်မှာ လက်မှတ်ထိုးပေးဖို့ ပြောသည်။ အောင်ချို့ တအံ့တသြ ဖြစ်သွားသည်။ ပြီးတော့ ငြင်းသည်။

"ဟာ… ဒါတော့ မဖြစ်ဘူး"



"မင်း ကတိဖျက်တာလား"

"မင်း စဉ်းစားကြည့်လေ၊ ဒီလိုကိစ္စမျိုးတော့…"

"ယောက်ျား မဟုတ်ဘူးလား၊ မင်း…"

"ငါက ခုမှ အိမ်ပေါ် ပြန်တက်ခွင့်ရခါစပဲ ရှိပါသေးတယ်ကွာ၊ ငါ့ကို အချိန်နည်းနည်းတော့ ပေးပါဦး"

ဟု အောင်ချို့က တောင်လိုလို မြောက်လိုလို မရေမရာ ပြောရင်း အချိန်ဆွဲဖို့ ကြိုးစားသည်။ ပေါ်ဒွေးက–

"မင်း လူလည်မကျနဲ့"

ဆိုပြီး အကျပ်ကိုင်သည်။ အောင်ချို့က ရဲမော်ကို စစ်ကူတောင်းသည်။ ဒီလိုနဲ့ ပေါ်ဒွေးနှင့် ရင်ရင်ငြိမ်းတို့ ကိစ္စကို ရဲမော်ပါ သိသွားသည်။ ရဲမော်က အောင်ချို့လိုတော့ ပြူးပြူးပြာပြာ မဖြစ်။ သူ သိချင်တာကိုသာ မေးသည်။

"မင်းက ဘာကြောင့် ကွာချင်ရတာလဲ"

"ငါ့အကြောင်းနဲ့ ငါပါကွာ"

"ငါတို့ကို ပြောပြလို့ မဖြစ်ဘူးလား"

"မသိချင်ပါနဲ့ကွာ"

"ဒီလို ရှိတယ်လေ၊ မင်းက လက်မှတ်ထိုးပါ ဆိုတိုင်း ငါတို့က ဘုမသိ ဘမသိနဲ့ ထိုးမပေးနိုင်ဘူး၊ ဘာကြောင့် ကွာရှင်းချင်တယ် ဆိုတာကို ရေလည်အောင် ရှင်းပြ၊ မင်းရဲ့ အကြောင်းပြချက်က ခိုင်လုံတယ်ဆိုရင် ငါတို့ လက်မှတ်ထိုးပေးမယ်၊ မြရီဝင်းကိုလည်း နားလည်အောင် ရှင်းပြရဦးမယ်၊ ဟိုအရင် လက်ထပ်စာချုပ်မှာ သက်သေ လက်မှတ်ထိုးတဲ့အထဲမှာ မြရီဝင်း လည်း ပါတယ် မဟုတ်လား"

ရဲမော် ပြောတာ သဘာဝကျနေသဖြင့်–

www.burmeseclassic.com

www.burmeseclassic.com

သူငယ်ချင်းတွေနဲ့ တွေ့လျှင် ကိုယ် ဝါသနာပါရာ အကြောင်းကို ပြောလေ့ရှိကြသည်။ ရဲမော်နှင့် ဆုံလျှင် တိုင်းရင်းဆေးတွေအကြောင်း၊ ဆေးဖက်ဝင်အသီးအရွက် အခေါက်တွေအကြောင်း ပြောမည်။ ကောင်းထွန်းနှင့် တွေ့လျှင် ယမကာအမျိုးမျိုးအကြောင်း၊ စာအကြောင်း ပေအကြောင်း ကြားရမည်။ အောင်ချိုကတော့ ဗီဒီယို၊ ရုပ်ရှင်ဝါသနာအိုး ဆိုတော့ သူ လတ်တလော ကြည့်ထားသော ဇာတ်ကားတွေအကြောင်း ပြောပြမည်။

ကံညွန့်မောင်ကတော့ သိတဲ့အတိုင်းပဲ။ ဘယ်ဆိုင်က ကောင်မလေးက ချောတယ်၊ ဘယ်ကောင်မလေးက အပြုအစု ကောင်းတယ်။ ဘယ်သူကတော့ ဖွဲ့မက်စရာလေး၊ ဒါပေမဲ့ နည်းနည်း ရိုတ်ချင်တယ် ဆိုတာမျိုး။ ထိုနေ့ကလည်း ဆိုင်သစ်တစ်ဆိုင် ဖွင့်တဲ့အကြောင်း၊ ဖွင့်စမို့လို့လား မသိ။ တော်တော်လန်းကြောင်း ပြောနေသည်။ ပေါ်ဒွေးက နားသာထောင်နေသော်လည်း သိပ်ဟက်ဟက်ပက်ပက် မရှိသဖြင့်-

"ဟေ့ကောင်··· မင်းက ဘာဖြစ်နေတာလဲ၊ နေမကောင်းဘူးလား"

"ညက အိပ်ပျက်လို့လား မသိဘူး"



"ဘာဖြစ်လို့ အိပ်ပျက်တာလဲ၊ မဟုတ်မှ လွဲရော··· ဟဲ ဟဲ"

"ဟာ··· ဘောလုံးပွဲ ကြည့်လို့ပါကွာ၊ ည နှစ်နာရီခွဲ ကန်တဲ့ပွဲဆိုတော့ မိုးလင်းခါနီးမှ အိပ်ရတယ်၊ ဒါကြောင့် ထိုင်းထိုင်းမှိုင်းမှိုင်း ဖြစ်နေတာ"

"ဒါများကွာ၊ လွယ်ပါတယ်၊ ဆေးတစ်လုံး သောက်လိုက်··· ရော့"

ဆိုပြီး အိတ်ထဲက ဆေးကတ်တစ်ကတ် ထုတ်၊ ဆေးတောင့် တစ်တောင့် ဖောက်ပြီး ပေးသည်။ ပေါ်ဒွေးကလည်း ဘုမသိဘမသိ ယူသောက်လိုက်သည်။ ပြီးမှ မေးရသည်။

"ဘာဆေးလဲ"

"ယောက်ျားအားဆေးကွ"

"ဟာ··· ဟေ့ကောင်၊ မင်း မဟုတ်တာတွေ၊ ဒီဆေးမျိုးတွေက အခန့်မသင့်ရင် အန္တရာယ်ရှိတယ်၊ မင်းကွာ···"

ကံညွန့်မောင်က ရယ်လိုက်ပြီး-

"အန္တရာယ် မရှိပါဘူးကွာ၊ ငါ သောက်နေကျပါ၊ ဖစ်ဖြစ်ရုံလောက်ပဲ၊ ဟေ့ကောင် မင်း စမ်းကြည့်ကွ၊ သဘောကျသွားမယ်"

ဆိုပြီး လက်ဟန် ခြေဟန်နဲ့ လုပ်ပြနေသေးသည်။

"ဟာကွာ··· မင်း တော်တော်ရှုပ်တဲ့ကောင်ပဲ"

ပေါ်ဒွေး ထပြေးလာခဲ့ရ၏။ ကံညွန့်မောင် ပြောတာ ဟုတ်သလိုလိုပဲ။ တခြားဟာတော့ မသိ။ လူက ပေါ့ပါးသွက်လက်လာတာတော့ အမှန်ပဲ ဖြစ်၏။ ကားမောင်းလာရင်းက ဒီနေ့ လပြည့် လကွယ် ဖြစ်နေရင်တော့ ဒုက္ခပဲဟု တွေးပူလိုက်မိသေးသည်။ ပြီးမှ တစ်နေ့ကပဲ ရင်ရင်ငြိမ်း ဥပုသ်စောင့်ခဲ့သေးတာ သတိရသည်။ ဒီနေ့ ကင်းလွတ်ရက် ဖြစ်သောကြောင့် သူ ပျော်သွား၏။

အိမ်ရောက်လို့ တံခါး လာဖွင့်ပေးသော ရင်ရင်ငြိမ်းကို မြင်တော့ ကျေနပ်သွားရပြန်သည်။ သပ်သပ်ရပ်ရပ် ဝတ်စားထားသဖြင့် အတော်ကြည့်ကောင်းနေသည်။

"အမယ်··· နင်က ဒီနေ့ ပိုတောင်လှနေပါလား"

ဟု ပြောရင်း ပါးကို ဆွဲလိမ်လိုက်မည်ပြုပြီးမှ ဧည့်ခန်းထဲက ဆက်တီခုံမှာ ထိုင်ပြီး သူတို့ကို လှမ်းကြည့်နေသော အနှောင်းနှင့် ဒေစီပွင့်တို့ကို မြင်သောကြောင့် လက်ကို ပြန်ရုပ်လိုက်ရသည်။

ရင်ရင်ငြိမ်းက-

www.burmeseclassic.com

www.burmeseclassic.com



"ငါတို့ တရားပွဲသွားမလို့၊ ညဉ့်နက်ရင်လည်း စိတ်မပူနဲ့နော်၊ လမ်းထဲက လူတွေလည်း ပါမှာ"

ပေါ်ဌေး စိတ်ဓာတ်ကျသွားသည်။ သူတို့က ညဉ့်နက်မှ ပြန်လာကြမည်။ အနှောင်းနှင့် ဒေစီပွင့်တို့လည်း အိမ်မှာပဲ အိပ်ကြဖို့ များသည်။ အိမ်ပြန်ရောက်လျှင် ရပ်က ဘယ်လို၊ နာမ်က ဘာဖြစ်၊ စေတသိက်က ဘယ့်နှယ် ဆွေးနွေးကြဦးမည်။ ပေါ်ဌေးကတော့ အိပ်ရာထဲမှာ 'ဘုန်းမောင် တစ်ယောက် တည်းရယ်'။

ကျွန်တော်ကကော ဘာများ တတ်နိုင်ပါဦးမည်နည်း... ။

◆

ရဲမော်က သူ့အိမ်ကို သူငယ်ချင်းတွေ ဖိတ်ပြီး ကျွေးမွေးတတ်တာ၊ ကံညွှန့်မောင်က ဆိုင်တစ်ဆိုင် ခေါ်ပြီး ပြုစုတတ်တာတွေကို ပေါ်ဌေး အားကျသည်။ ထို့ကြောင့် တစ်ရက်တော့ သူငယ်ချင်းတွေကို အိမ်မှာ ဆုံဖို့ ချိန်းလိုက်သည်။ ဝီစကီတစ်လုံးနှင့် ဘီယာဘူးတွေလည်း ဝယ်ထားသည်။ အမြည်းကိစ္စကတော့ ရင်ရင်ငြိမ်းမှာ မြရီဝင်းလို အားကိုးရမယ့်သူ မဟုတ်။ တော်ကြာ အရက်နဲ့ မြည်းဖို့ ဆိုပြီး ကန်စွန်းရွက် ချဉ်ရည်တို့၊ ပဲကုလားဟင်းတို့၊ ငါးနုသန်း အိုးကပ်ဆီပြန်တို့ ချက်ထားလျှင် အပဟားခံရမည်။

ထို့ကြောင့် ဘဲကင်၊ အခေါက်ကင်၊ ဝက်နံရိုး၊ ငါးရှဉ့်ခြောက်စပ် တို့ကို ဆိုင်က ဝယ်ထားသည်။ ရင်ရင်ငြိမ်းကိုတော့ မှိုနှင့် ကန်စွန်းရွက်ကြော် ဖို့သာ တာဝန်ပေးထားလိုက်၏။

သူတို့ စားသောက်နေကြစဉ် ရင်ရင်ငြိမ်းက ငါးရံ့ခြောက်ဖုတ် ဆီဆမ်း လာပေးသည်။ တကယ်တော့ ငါးရံ့ခြောက်ဖုတ်မှာ သိပ်တော့ မကောင်းလှ။ ပေါ်ဌေး မနက်စာ စားတုန်းက မြည်းကြည့်ခဲ့ပြီးပြီ။ နည်းနည်း မီးကျွမ်းသွားသောကြောင့် မာကြွပ်ကြွပ် ခါးသက်သက် ဖြစ်နေသည်။ နည်းနည်းလည်း ငန်သည်။ ထို့ကြောင့် ပေါ်ဌေးက သတိမပေးဘဲ ထားခဲ့ခြင်း ဖြစ်၏။

ကောင်းထွန်းကတော့-

"ဟာ... ငါက ဒီလို အမြည်းမျိုးမှ ကြိုက်တာ"

ဆိုပြီး ယူဝါးသည်။ ရင်ရင်ငြိမ်း စိတ်ချမ်းသာအောင်လို့လားတော့ မသိ။ ကောင်းလိုက်တာ ကြွပ်ကြွပ်ရွရွလေးဟု ပြောသေးသည်။ ကျန်တဲ့ကောင်



တွေကတော့ တစ်ဖဲ့လောက် မြည်းကြည့်ပြီး ဆက်မတို့ကြတော့။ ဘာပဲဖြစ်ဖြစ် အရက်နဲ့ မခံနိုင်သော၊ အရက်သေစာ သောက်စားတာကို အားမပေးသော ရင်ရင်ငြိမ်းက ခုလို အရေးတယူ ရှိတာကိုပဲ ကျေးဇူးတင်ရမယ်ဟု ပေါ်ဌေး တွေးနေတုန်း...

"အဲဒီ ဘီယာတွေက တစ်ဘူး ဘယ်လောက် ပေးရလဲ"

ဟု ရင်ရင်ငြိမ်းက မေးလိုက်သည်။ ကံညွှန့်မောင်က ဖြေသည်။

"ရှစ်ရာလောက်တော့ ရှိမယ်"

"ဟယ်... နမြောစရာကြီး"

"နင်ကလည်း..."

ပေါ်ဌေးက လှမ်းဟန့်လိုက်သည်။ ရင်ရင်ငြိမ်းက ဆက်ပြောသည်။

"ငါ ဆိုလိုတာက ဒီလိုပါဟ၊ နင်တို့တွေသာ ဘီယာ တစ်ဘူးစီလောက် လျှော့သောက်ရင် ငွေလေးထောင်လောက် ပိုထွက်လာမှာပဲ"

"ဘာဆိုင်လို့လဲ၊ လေးထောင်လောက်နဲ့"

"ဒီလို မပြောနဲ့လေ၊ ငါ တွက်ပြမယ်၊ တကယ်လို့ နင်တို့ တစ်ယောက် နှစ်ဘူးစီ လျှော့သောက်မယ်ဆိုရင် ငွေ ရှစ်ထောင်လောက် ထွက်လာမယ်၊ အဲဒီငွေကို ဘုန်းတော်ကြီး မူလတန်းကျောင်းကို သွားလှူလိုက်ရင် မိဘမဲ့ ကလေးတွေကို သက်သတ်လွတ် သီးစုံဟင်းနဲ့ တစ်နပ်စာ ကျွေးလို့ရတယ်"

ပေါ်ဌေးက ရင်ရင်ငြိမ်းကို အလိုမကျသလို လှမ်းကြည့်သည်။ ဒါမျိုး ဝါသနာပါတတ်သော ရဲမော်က-

"ရင်ရင်ငြိမ်း ပြောတာလည်း ဟုတ်တုတ်တုတ်ပဲ၊ ဘာလက်လေဘယ် တစ်ပုလင်း ဆိုရင် ကလေးတွေကို အသားဟင်းနဲ့တောင် ကျွေးလို့ရမ..."

"ဟုတ်တယ်ကွာ၊ ပိုက်ဆံရှိတဲ့ လူတွေဟာ မဆိုင်တဲ့ နေရာတွေမှာ ဆိုရင် နမြောတွန့်တိုမှု မရှိဘဲ ပက်ခနဲ သုံးဖြုန်းပစ်တတ်ကြတယ်၊ မရှိဆင်းရဲတဲ့ လူတွေကို နည်းနည်းပါးပါး ခွဲဝေကျွေးဖို့ကျတော့ မေ့နေတတ်ကြတယ်"

ဟု အောဘီကျော်ကလည်း ဝင်ပြီး ထောက်ခံသည်။ ထို့နောက် အလှူဒါနအကြောင်း၊ ကုသိုလ်ကောင်းမှုကြောင့် ရရှိသော ပီတိနှင့် အကျိုးကျေးဇူး များ အကြောင်းကို အရက်ခွက်တွေ ကိုင်ရင်း ဆွေးနွေးကြလေသည်။ ပြီးတော့-

"ငါတို့ လစဉ် ပိုက်ဆံထည့်ပြီး ရန်ပုံငွေတစ်ခု လုပ်ရအောင်၊ တတ် နိုင်သလောက် ထည့်ကြပေါ့၊ ကံညွှန့်မောင်၊ မင်းက သူဌေးသမင်ပဲ၊ များများ

www.burmeseclassic.com

www.burmeseclassic.com



ထည့်ရမယ်၊ အဲဒီငွေတွေ ရင်ရင်ငြိမ်းကို အပ်ထားမယ်၊ ရင်ရင်ငြိမ်းကပဲ သင့်တော်သလို လှူဒါန်းပေးပေါ့"

ရဲမော်က အကြံပေးသည်။ အားလုံးက သဘောတူကြသည်။ ကံညွန့်မောင်ကဆို ငွေငါးထောင် ချက်ချင်း ထုတ်ပေးသည်။ ပေါ်ဒွေးမှာ ဟေးလားဝါးလား လုပ်ချင်၊ ပေါက်ကရတွေ ပြောချင်လို့ အရက်ဝိုင်းထောင်မိခါမှ အလှူဒါနပြုကြသူငါနဲ့ လာတိုးနေလေသည်။

"ဒီနေ့ လာရတာ အကျိုးရှိတယ်၊ ရင်ရင်ငြိမ်းက ငါတို့ကို ဉာဏ်အလင်း ရအောင် သတိပေးလိုက်တာပဲ၊ ကျေးဇူးတင်တယ်ဟေ့"

ဟု ကောင်းထွန်းက ဥဒါန်းကျူးရင့်နေသေးသည်။ သောက်တော့ ဖြင့် သူ အများဆုံး။

◆

ပေါ်ဒွေးသည် အိုက်စပ်စပ် ရှိသဖြင့် ဝရန်တာဘက် ထွက်ပြီး လေညင်းခံနေသည်။ ကောင်းကင်မှာ လကွေးကွေးလေးကို မြင်နေရသည်။ ကြယ်တွေလည်း စုံသောကြောင့် ညသည် သာတောင့်သာယာ ဖြစ်နေ၏။ ခဏနေတော့ ဘေးနားမှာ ရင်ရင်ငြိမ်း လာရပ်သည်။

"နင်က ဒီမှာ ရောက်နေတာကိုး၊ ငါ စာကြည့်ခန်းထဲ သွားရှာသေးတယ်"

"နင် တော်တော်ခက်ပါလား ရင်ငြိမ်း"

"ဟင်… ဘာဖြစ်လို့လဲ"

ရင်ရင်ငြိမ်းက စိုးရိမ်သော လေသံဖြင့် မေးသည်။

"ငါ့ကို မျက်စိအောက်က အပျောက်မခံနိုင်အောင်ကို စွဲလမ်းနေတာ မဟုတ်လား၊ ငါ အနေရခက်လာပြီဟာ"

"အပိုတွေ လုပ်နေပြန်ပြီ၊ ငါ နင့်ကို ပြောစရာတစ်ခု ရှိလို့"

"ချစ်တယ်ဆိုတဲ့ စကားကို အခုထိ ပြောလို့ မဝသေးဘူးလား ရင်ငြိမ်းရယ်"

"နောက်မနေနဲ့၊ အကောင်းပြောမလို့"

"ကဲ… ပြော"

"ငါ ပိုက်ဆံနည်းနည်းလောက် လိုချင်လို့"



"အေး… ယူလေ၊ ဘယ်လောက်လဲ"

"ဘာလုပ်ဖို့လဲ ဆိုတာ မမေးတော့ဘူးလား"

"နင် အကြောင်းမဲ့ မသုံးတတ်ဘူးဆိုတာ ငါ သိပြီးသားပဲဟာ၊ ဘာမေးနေစရာ လိုလို့လဲ"

"ငါ့မွေးနေ့ကျရင် အလှူလုပ်ချင်လို့"

"ကောင်းသားပဲ၊ အိမ်မှာ လုပ်မှာလား"

"မဟုတ်ပါဘူး၊ တစ်နေရာရာ သွားလှူမလို့"

"ဒါများဟာ၊ ပိုက်ဆံထားတဲ့ နေရာ နင်လည်း သိသားနဲ့၊ ငါ့ပိုက်ဆံဟာ နင့်ပိုက်ဆံပဲပေါ့"

"အလှူလုပ်တယ် ဆိုတာ ကာယကံရှင်က သဘောတူမှ ကောင်းတာကိုး"

ထိုအခိုက် အပြင်မှ လေတစ်ချက် ဝှေ့ပြီး ဝင်လာသည်။ ပေါ်ဒွေး၏ နှာခေါင်းထဲမှာ သင်းခနဲ ဖြစ်သွား၏။

"မွှေးလိုက်တာဟာ၊ ဘာလိမ်းထားတာလဲ"

"နည်းနည်း အိုက်တာနဲ့၊ သနပ်ခါးထဲမှာ ကရမက်လေး ရောပြီး သွေးထည့်ထားတာ"

"ကောင်းတယ်ဟာ၊ အမောကို ပြေသွားတာပဲ၊ ဒီလောက် အကွာအဝေးမှာတောင် မွှေးနေရင် အနီးကပ် နမ်းကြည့်ရရင် ဘာပြောကောင်းမလဲ"

ပေါ်ဒွေးက ရင်ရင်ငြိမ်း၏ လက်မောင်းနှစ်ဖက်ကို ကိုင်ပြီး ရုတ်တရက် ငုံ့နမ်းလိုက်သည်။ အသားကိုတော့ ထိသည်။ သို့ရာတွင် ပါးပြင်ကို မဟုတ်။ ကြားထဲက ဆီးကာလိုက်သော ရင်ရင်ငြိမ်း၏ လက်ဖမိုးကို နမ်းမိသွားခြင်းသာ ဖြစ်၏။

"ဟင်း… ငရဲကြီးမယ်နော်"

ဟု ရင်ရင်ငြိမ်းက ဟန့်လိုက်သည်။

"ဟင်… ဘာလို့ကြီးရမှာလဲ၊ ဒီနေ့ နင် ဥပုသ်စောင့်ထားတာမှ မဟုတ်တာ"

"ဒါပေမဲ့ နင် မကြားဘူးလား"

ပေါ်ဒွေး နားစွင့်ကြည့်လိုက်သည်။ ရပ်ကွက်တွင်းရှိ ဘုန်းကြီးကျောင်းမှ ပဋ္ဌာန်းရွတ်ဆိုနေသံ ကြားရ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဘာဆိုင်လို့လဲဟာ… သူ့ဟာသူ ရွတ်တာပဲ"

"ဆိုင်တာပေါ့၊ ပဋ္ဌာန်းဒေသနာတော်ကြီး ဆိုတာ အသံကို ကြားရတဲ့နေရာ အဝန်းအဝိုင်းထိ အဲကျိုးအာနိသင် ပျံ့နှံ့နိုင်တယ်၊ ပြီးတော့ ပဋ္ဌာန်းရွတ်နေပြီဆိုရင် သမာဒေဝ နတ်ကောင်းနတ်မြတ်တွေလည်း တရားနာဖို့ စုဝေးရောက်ရှိလာတတ်တယ်၊ ဒီလို အချိန်မျိုးမှာ ဆင်ဆင်ခြင်ခြင် နေသင့်တယ်၊ စိတ်ကိုလည်း သန့်ရှင်းစင်ကြယ်အောင် ထားရတယ်"

ပေါ်ဖြေးသည် ပင်နတီ လွဲချော်သွားသော ဘောလုံးသမားလို ခေါင်းငိုက်စိုက်ကျသွား၏။ ပဋ္ဌာန်းရွတ်တယ် ဆိုတာ ငါးရက်လောက်တောင် ကြာတတ်တာလေ။

♦

သင်္ကြန်တွင်းမှာ သူငယ်ချင်း လင်မယားတွေပါ ခေါ်ပြီး သူ့ဂျစ်ကားဖြင့် ရေပက်ခံထွက်ရန် ပေါ်ဖြေး စိတ်ကူးမိသည်။ ဒီအကြောင်း ရင်ရင်ငြိမ်းကို ပြောတော့-

"ဟင့်အင်း… ငါ ရေပက်ခံ ထွက်တာ ဝါသနာမပါဘူး"

ဟု ငြင်းသည်။

"တစ်နှစ် တစ်ခါလောက်တော့ စိတ်လွတ်ကိုယ်လွတ် ပျော်သင့်ပါတယ်ဟာ၊ လူကြီးတွေတောင် သင်္ကြန်တွင်းမှာ ရေလောင်းကြ၊ မြန်မာ့သီချင်းနဲ့ ဆိုကြ၊ ကကြတာပဲ၊ တီဗီထဲမှာ နင် မကြည့်ဖူးဘူးလား"

"ငါ ငယ်ငယ်လေးကတည်းက တစ်ခါမှ ရေပက်ခံထွက်လေ့ မရှိဘူး၊ သင်္ကြန်တွင်းဆိုရင် ဥပုသ်စောင့်တာပဲ၊ ဒီနှစ်လည်း ခုနစ်ရက်တရားစခန်း ဝင်ဖို့ စာရင်းပေးပြီးပြီ"

ရင်ရင်ငြိမ်းကို ဘယ်လို နားလည်ရမလဲ မသိတော့။ သူ တရားစခန်းဝင်လျှင် အိမ်မှာ ပေါ်ဖြေးနှင့် ဝိုင်းစိန် နှစ်ယောက်တည်း ကျန်ခဲ့တော့မည်။ ဝိုင်းစိန်သည် ကလေး မဟုတ်တော့။ အပျိုပေါက်ကလေး ဖြစ်နေပြီ။ ဖြူဖြူစင်စင်၊ သန့်သန့်ရှင်းရှင်း၊ ရုပ်က ချစ်စရာလေး။ ကိုယ်လုံးကိုယ်ပေါက်က ဖွံ့ထွားစပြုနေပြီ။

တခြား မိန်းမတွေသာဆိုလျှင် ဒီလို အခြေအနေမျိုးမှာ မျက်ခြည်မပြတ်စောင့်ကြည့်နေလိမ့်မည်။ မတတ်သာလို့ အပြင်ထွက်ရလျှင်လည်း နောက်ဆံ



တငင်ငင် ဖြစ်နေလိမ့်မည်။ ရင်ရင်ငြိမ်းကတော့ ဘာသံသယမှ မရှိဘဲ စိတ်ချလက်ချ ထားသွားနိုင်သည်။ တစ်ခုခု ဖြစ်သွားလည်း အေးတာပဲ၊ ငါ သက်သာတာပေါ့လို့များ သဘောထားနေသလားဟု ပေါ်ဖြေး ခပ်ရိုင်းရိုင်း တွေးလိုက်မိသေးသည်။

♦

မိန်းမတွေဟာ သူတို့ကို နပျိုတယ်၊ အရွယ်တင်တယ် ပြောလျှင် ကျေနပ်ကြသည်။ အမေနဲ့ သမီး အတူလျှောက်လာတဲ့အခါ 'ညီအစ်မကျနေတာပဲ နော်' ဟု မှတ်ချက်ပေးလျှင် ပီတိတွေ ဖြာလို့ပေါ့။

သူတို့သည် အသက်ကိုလည်း လျှော့ပြောတတ်ကြသည်။ သုံးဆယ်ကနေ သုံးဆယ့်ငါးနှစ်အတွင်း ဆိုလျှင် သုံးဆယ်ကျော်ပဲ။ သုံးဆယ့်ငါးကနေ သုံးဆယ့် ကိုးနှစ်နဲ့ သုံးရာခြောက်ဆယ့်လေးရက်အထိဟာ သုံးဆယ့်ငါးကျော်ပြီလို့ပဲ ပြောတတ်ကြသည်။

ရင်ရင်ငြိမ်းကျတော့ တစ်မျိုး။ အသက် သုံးဆယ့်ငါးနှစ် ပြည့်ပြီးကတည်းက လေးဆယ်တွင်းတောင် ရောက်လာပြီဟု ဆိုသည်။ အသက်တွေလည်း ကြီးလာပြီနော် ရင့်ကျက်ဖို့ ကောင်းပြီ ဘာညာ ပြောလာသည်။ ထို့ကြောင့် တစ်ခါတော့ ပေါ်ဖြေးက ရွှေအမြုတေမဂ္ဂဇင်း မျက်နှာဖုံးမှာ ပါလာသော ရုပ်ရှင်မင်းသမီး စိုးမြတ်သူဇာ၏ ပုံကို ပြပြီး-

"ဒီမှာ ကြည့်၊ သူ့အသက်က သုံးဆယ့်ရှစ်နှစ် ရှိပေမယ့် နုတုန်း၊ လှတုန်းပဲ တွေ့လား" လို့ ပြောတော့ ရင်ရင်ငြိမ်းက-

"ဘယ်လောက်ပဲ လှလှ၊ ဇရာကိုတော့ ရှောင်လို့ မရပါဘူး၊ အချိန်တန်ရင် အိုရ နာရမှာပါပဲ၊ မိတ်ကပ်တွေ‥ အလှရည်တွေနဲ့ ဖုံးလွှမ်းထားတဲ့ သူ့ရဲ့ အရေပြားတွေကို တစ်လွှာချင်း ခွာပြီး မြင်အောင် ကြည့်စမ်း၊ ဘာတွေ့ရမလဲ"

"တော်ပြီ တော်ပြီ… မပြောနဲ့တော့"

ဆိုပြီး ပေါ်ဖြေး ထပြေးသည်။ စိုးမြတ်သူဇာ ဆိုတာ သူ့ရဲ့ ဖေးဘာရိတ်ပဲ။ ရုပ်ရှင်မင်းသမီးတွေထဲမှာ အလှဆုံး၊ ကျက်သရေအရှိဆုံးလို့ သတ်မှတ်ထားခဲ့တာလေ။

♦

www.burmeseclassic.com

www.burmeseclassic.com



ရင်ရင်ငြိမ်းသည် ဘာသာရေးဘက်မှာ တဖြည်းဖြည်း ပိုပြီး စိတ်ညွတ်လာသည်။ လပြည့် လကွယ်နေ့တိုင်း ဥပုသ်စောင့်သည်။ ဒါ့နဲ့တင် အားမရဘဲ တနင်္ဂနွေနေ့တိုင်း 'ကြီး ကိုးကြီး' သွားပြီး ပုတီးစိပ်၊ တရားထိုင်သည်။ ပေါ်ဌေး၏ မွေးနေ့ဖြစ်သော စနေနှင့် သူ့မွေးနေ့ ဗုဒ္ဓဟူးတိုင်းမှာ သက်သတ်လွတ်စားသည်။ မကြာခဏ ဆိုသလို တရားစခန်းဝင်သည်။ တရားပွဲ ရှိတဲ့ နေရာကို စုံစမ်းပြီး သွားနာသည်။ အားလျှင် တရားစာအုပ်တွေ ဖတ်သည်။ သူ့ဘာသာ ဖတ်ရုံနှင့် အားမရဘဲ ပေါ်ဌေးကို လာရှင်းပြပြီး ဆွေးနွေးခိုင်းတတ်သည်။ ပေါ်ဌေးကလည်း ဒါမျိုးတွေ အတော်နားဝေးသူ ဖြစ်သောကြောင့် စိတ်မဝင်စား။ တစ်ခါ တစ်ခါ ပျင်းလာသဖြင့် ပေါက်ကရတွေ လျှောက်ပြောသည်။ ထိုအခါ ရင်ရင်ငြိမ်းက-

"နင်ဟာ တယ်ခက်ပါလား ကိုပေါ်ရယ်၊ လူ့ဘဝဆိုတာ ရေပွက်ပမာ ခဏတာပဲ၊ ကွေးသောလက် မဆန့်မီ.. ဆန့်သောလက် မကွေးမီ ဖြုတ်ခနဲ ဖြစ်ပျက်သွားနိုင်တယ်၊ ဒါကြောင့် အချိန်ရှိသခိုက် ရသလောက် ပါအောင် ယူသွားသင့်တယ်"

ဟု ပြောသည်။

♦

တစ်ရက်မှာ ပေါ်ဌေး အပြင်က ပြန်လာတော့ ဝိုင်းစိန်က ဆီးပြောသည်။

"ဒေါ်လေး... ပဲခူးက တရားပွဲသွားတယ်၊ ဟိုမှာ အိပ်မယ်တဲ့၊ မနက်ဖြန်မှ ပြန်လာမယ် ပြောတယ်"

"ဘာ... ပဲခူး၊ ဘယ်သူနဲ့ သွားတာလဲ"

"အန်တီနှောင်းနဲ့ အန်တီပွင့် လာခေါ်တာ"

ပေါ်ဌေး အတော်တင်းသွားသည်။ သူက ဒီအိမ်မှာ အိမ်ထောင်ဦးစီးဖြစ်သည်။ ရင်ရင်ငြိမ်းအနေဖြင့် ညဥ့်အိပ်ညဥ့်နေ သွားမယ်ဆိုလျှင် သူ့ဆီ ခွင့်တောင်းသင့်သည်။ သူက ခွင့်ပြုမှ သွားရမည်။ ခုလို သူ မရှိတုန်း အမှာစကားလေး ထားခဲ့ပြီး ထွက်သွားတာဟာ ပမာမခန့် လုပ်တာပဲ ဖြစ်သည်။

ပေါ်ဌေးသည် ထိုကိစ္စအတွက် တနုံ့နုံ့ ဖြစ်နေသောကြောင့် ညဘက်ကောင်းကောင်းတောင် အိပ်မပျော်။ မနက်ကျတော့လည်း ဧည့်ခန်းထဲမှာ



ခေါက်တုံ့ခေါက်ပြန် လျှောက်ရင်း စောင့်သည်။ ရင်ရင်ငြိမ်းတို့ ပြန်လာသောအခါ အလောတကြီး လုပ်တတ်သော သူ့ဝသီအတိုင်း ဘေးမှာ ဘယ်သူတွေ ပါလာသလဲ ဂရုမစိုက်တော့ဘဲ အိမ်ဝင်ဝင်ချင်းမှာ ဆီးပြီး ဟောက်သည်။ လမ်းထဲက ရင်ရင်ငြိမ်း၏ မွေ့မိတ်ဆွေ မိန်းမကြီးမှာ တအံ့တဩ ဖြစ်ပြီး ကုပ်ကုပ်လေး ပြန်ထွက်သွားသည်။ ဒေစီပွင့်က မျက်စိမျက်နှာ ပျက်နေသည်။ အနှောင်းက မှုန်တေတေ ကြည့်သည်။

ရင်ရင်ငြိမ်းကတော့ ခပ်အေးအေးပဲ...

"ရုတ်တရက် စီစဥ်လိုက်ရလို့ ပြောမသွားနိုင်တာပါ၊ ပြီးတော့ တရားပွဲ သွားတာပဲဟာ၊ နင့်အနေနဲ့ သာဓုတောင် ခေါ်..."

"အဲဒီတရားပွဲက ဘယ်လောက် အရေးကြီးနေလို့လဲ"

"နင် ဘယ်လို ပြောလိုက်တာလဲ"

အနှောင်းက မနေနိုင်တော့ဘဲ ဝင်ပြောသည်။ ပေါ်ဌေးက အနှောင်းဘက် ဆတ်ခနဲ လှည့်လိုက်ပြီး-

"နင် ဝင်ပြောစရာ မလိုဘူး၊ ငါ့မိန်းမ ငါ ပြောနေတာ"

"နင့်မိန်းမ ဆိုပေမယ့် ပိုက်ဆံပေးပြီး ဝယ်ထားတာ မဟုတ်ဘူး၊ သူ့မှာလည်း သူ့အခွင့်အရေး ရှိတယ်"

"နင်နဲ့ ဘာမှမဆိုင်ဘူး၊ ဒီမှာ... တစ်ခါတည်း ပြောထားလိုက်မယ်၊ နောက်ကို ဘယ်တော့မှ လာမခေါ်ပါနဲ့၊ နင်တို့ဟာ ငါ့မိန်းမကို ဖျက်ဆီးနေကြတာပဲ"

ပေါ်ဌေးက ခံပြင်းလက်စနဲ့ မဆင်မခြင် ပြောလိုက်သည်။ အနှောင်းမှာ ပါးစပ်အဟောင်းသား ဖြစ်သွားပြီးမှ-

"ဘာ... တရားပွဲ ခေါ်သွားတာ ဖျက်ဆီးတယ် ဟုတ်လား၊ နင် ရိုင်းစိုင်းလှချည်လား၊ နင်ဟာ တိတ္ထိပဲ"

"ရိုင်းတော့ ဘာဖြစ်လဲ"

ထို့နောက် ပေါ်ဌေးနှင့် အနှောင်းတို့ အပြန်အလှန် အခြေအတင် ဖြစ်ကြသည်။ ပေါ်ဌေးက-

"နင်တို့ ငါ့အိမ်ကို ဘယ်တော့မှ မလာနဲ့"

ဟု ပြောလွှတ်လိုက်သည်။ သူတို့ ပြန်သွားတော့-

"အနှောင်းတို့ကို ဒီလောက်ကြီးတော့ မပြောသင့်ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



ရင်ရင်ငြိမ်းက ဝေဖန်သည်။

"ပြောတော့ ဘာဖြစ်လဲ"

ဆိုပြီး ရင်ရင်ငြိမ်းနှင့် ရန်ဆက်ဖြစ်သည်။ ရန်ဖြစ်တယ်သာ ပြောရတာ၊ ပေါ်ဒွေးကချည်း ဒေါသတကြီး အော်ဟစ်နေခြင်း ဖြစ်၏။ ရင်ရင်ငြိမ်းကတော့ 'လောကဓံကြီး၊ မဖြူတမ်းဖဲပေါ့၊ မတုန်စမ်းနဲ့ ငြိမ်းအောင်နေ' ဆိုတဲ့ စကားကို လက်ကိုင်ထားဟန်တူသည်။ မတုန်မလှုပ်၊ အေးတိအေးစက် နေနေသည်။ ပေါ်ဒွေးမှာသာ ကိုယ်ပျောက်နေတဲ့ လူနဲ့ ရန်ဖြစ်နေရသလို ဘေးလူအမြင်မှာ အရူးကြီး ဖြစ်နေရ၏။

ထိုကိစ္စ ဖြစ်ပြီးတဲ့နောက်မှာ ရင်ရင်ငြိမ်းက ဆင်ခြင်သွားရောလို့ထင်လျှင် တက်တက်စင် မှားလိမ့်မည်။ ပေါ်ဒွေး အမြင်မှာတော့ ပိုတောင်ဆိုးလာသလိုပဲ။ တရားစခန်း ဝင်တဲ့ အကြိမ်တွေ ပိုစိပ်လာသည်။ ဘုရားရှိခိုးလျှင် အချိန်ပိုကြာလာသည်။ မနက်တိုင်း လေးနာရီလောက်ကြီး တရားထိုင်၊ ပုတီးစိပ်သည်။ ဝါတွင်း သုံးလမှာ အိပ်ရာခွဲပြီး ဘုရားခန်းထဲ အိပ်ချင်တယ်ဟု ရင်ရင်ငြိမ်းက တောင်းဆိုလာသောအခါ ပေါ်ဒွေး ပေါက်ကွဲတော့သည်။

နောက်တော့ သူတို့နှစ်ယောက် ခပ်စိမ်းစိမ်း ဖြစ်လာသည်။ မေးထူးခေါ်ပြော အဆင့်ကို ရောက်လာသည်။ တစ်အိမ်တည်းနေ၊ တစ်အိပ်ရာတည်း အိပ်နေပါလျက် တဖြည်းဖြည်း အနေဝေးသလို ဖြစ်လာပြီး နောက်ဆုံးတော့ ပေါ်ဒွေးက ကွာမယ်၊ ရှင်းမယ် ဆိုတဲ့ အခြေအနေအထိ ရောက်လာခဲ့တာပါပဲ။

♦

"ဒါနဲ့ ရင်ရင်ငြိမ်းက မင်းကို အဖြေပေးတဲ့ အချိန်တုန်းကရော၊ လက်ထပ်ဖို့ သဘောတူတဲ့ အချိန်တုန်းကရော သူ ဘာသာရေး လိုက်စားတာကို မကန့်ကွက်ပါဘူး… မချုပ်ချယ်ပါဘူးလို့ မင်း ကတိပေးခဲ့ပြီးသား မဟုတ်လား"

ဟု အောင်ချိုက စောဒကတက်သည်။ ပေါ်ဒွေးက–

"အေး ဟုတ်တယ်၊ ဒါပေမဲ့ ဒီလောက်ထိ တရားလွန်လာလိမ့်မယ်လို့ မထင်ခဲ့မိဘူး၊ ခုတော့ကွာ… သူက သိပ်ပြီး သူတော်ကောင်း လုပ်ချင်တယ်၊ ငါကတော့ အလိုရမ္မက်ကြီးတဲ့ အကုသိုလ်တုံးကြီး၊ အပုပ်ကောင်ကြီး ဖြစ်နေပြီ၊ ငါ သည်းမခံနိုင်တော့ဘူး"

ရဲမော်က ချက်ချင်း မှတ်ချက်မပေးသေးဘဲ ခဏကြာအောင် စဉ်းစားနေပြီးမှ–



"ခုကိစ္စမှာ ရင်ရင်ငြိမ်း မှားတယ်လို့တော့ လုံးဝပြောလို့ မရဘူး၊ ပြောလည်း မပြောကောင်းဘူး၊ ဒါဆို မင်းမှာပဲ အပြစ်ရှိတယ်လို့လည်း စွပ်စွဲဖို့ခက်တယ်၊ လင်မယားဆိုတာ အကောင်းဖြစ်ဖြစ်၊ အဆိုးဖြစ်ဖြစ် ဘက်ညီမှ တာရှည်ပေါင်းဖို့ အဆင်ပြေတာ၊ မင်းတို့ ပြဿနာမှာ တစ်ဖက်ဖက်က အလျှော့ပေးမှ ဖြစ်မယ်၊ ရင်ရင်ငြိမ်းကို ပြုပြင်နိုင်းဖို့ကျတော့ တရားမှာ မဟုတ်ဘူး၊ မင်းကပဲ နားလည်မှု ရှိပေးမှ…"

"ငါ နားလည်ပေးခဲ့တာ ကမ်းကုန်နေပြီ၊ ဒီထက် လိုက်လျောရရင် ဖိုးသူတော်ဝတ်ဖို့ပဲ ရှိတော့တယ်၊ ငါ့ ဆုံးဖြတ်ချက်ကို မပြင်နိုင်တော့ဘူး"

ရဲမော်က ခေါင်းတစ်ချက် ဆတ်ပြီး–

"အေးလေ… ဘယ်တတ်နိုင်မလဲ၊ ဆီနဲ့ ရေဆိုတာ ဘယ်လို အချိုးအစားနဲ့ပဲ ပေါင်းပေါင်း ရောစပ်လို့မှ မဖြစ်နိုင်တာဘဲ၊ မင်းရဲ့ အကြောင်းပြချက်တွေကို ငါ လက်မခံချင်ပေမယ့် မခိုင်လုံဘူးလို့ ငြင်းဖို့ကျတော့ ခက်တယ်၊ ဘယ်တတ်နိုင်မလဲ၊ ကောင်းပြီလေ၊ မင်း ဖြစ်စေချင်တာကို ငါ ကူညီပါ့မယ်၊ မြရီဝင်းကိုလည်း နားလည်အောင် ပြောပြပြီး တိုက်တွန်းပေးပါ့မယ်၊ လက်ထပ်စာချုပ် ချုပ်တုန်းက မြရီဝင်းလည်း သက်သေလက်မှတ်ထိုးခဲ့တာ ဆိုတော့ ကွာရှင်းစာချုပ်မှာလည်း သူ လက်မှတ်ထိုးပေးဖို့ လိုတယ် မဟုတ်လား"

"ရဲမော်တို့ လင်မယား လက်မှတ်ထိုးပြီးရင် ငါလည်း ထိုးပေးပါ့မယ်"

ဟု အောင်ချိုက ကတိပေးသည်။ ပေါ်ဒွေး ကျေနပ်သွား၏။

www.burmeseclassic.com

www.burmeseclassic.com

ရဲမော်က မြရီဝင်းကို နားလည်အောင် ပြောပြပြီး တိုက်တွန်းပေးမယ် ဆိုသော ကိစ္စအတွက် စိတ်ပူစရာ မလို။ မြရီဝင်းမှာ ရဲမော် ပြီးလျှင် ပြီးတဲ့လူ။ ရဲမော်က ထမင်းဆိုလျှင် ချူးပြီး ခပ်ပြီး ပြင်ဆင်ပြီးသား။ ရဲမော်က ငါးပိဆိုလျှင်လည်း ဖုတ်ပြီး၊ ကင်ပြီးသားပဲ။

ခုကိစ္စမှာလည်း မြရီဝင်းက သဘောတူသည်။ အချက်တစ်ချက်ကိုတော့ ခြွင်းချက်အဖြစ် တောင်းဆိုသည်။ ပေါ်ဌေးအနေဖြင့် ရင်ရင်ငြိမ်းနဲ့ ကွာရှင်းပြီးတဲ့ နောက်ပိုင်းမှာ အိမ်ထောင် ထပ်မပြုပါဘူးဆိုသော ကတိကို ပေးရန်ပင် ဖြစ်၏။ မြရီဝင်းကပဲ သူ့သဘောနဲ့ သူ တောင်းဆိုတာလား၊ ရဲမော်ကပဲ တစ်ဖက်လှည့်နဲ့ တောင်းခိုင်းသလားတော့ မသိ။ နောင်တစ်ချိန်ကျလျှင် ပေါ်ဌေး စိတ်ပြန်လည်ကောင်း လည်လာနိုင်တယ် ဆိုသော မျှော်လင့်ချက် ရှိကြဟန်တူသည်။ ပေါ်ဌေးအနေနဲ့ကတော့ နောင်ကျရင် စိတ်ပြန်လည်မယ်၊ မလည်ဘူး ဆိုတာ ကြိုပြောနိုင်တာ မဟုတ်။ ခု လောလောဆယ် လိုချင်တာ ရဖို့ အရေးကြီးသည်။ ထို့ကြောင့် မြရီဝင်း တောင်းသော ကတိကို ပေးလိုက်၏။



အိမ်ကို သူ ရောက်သွားသော အချိန်တွင် ရဲမော်သည် အိမ်ရှေ့ခန်းမှာ ထိုင်ရင်း အခြောက်လှမ်းထားသော သစ်ရွက်ကလေးတွေကို အဝကျယ် ပုလင်းထဲ ထည့်နေတာ တွေ့ရသည်။

"တောလေးညင်းတွေကွ၊ မဲလေးပင်လို့လည်း ခေါ်တယ်၊ အဆုတ်နဲ့ ပတ်သက်တဲ့ ရောဂါတွေ ပျောက်တယ်လို့ တိုင်းရင်းဆေးကျမ်းတွေထဲမှာ ရေးထားတယ်"

ဟု ပြောသည်။ ပေါ်ဌေးက-

"ကလေးတွေကော…"

"သမီးကြီးက ကျူရှင်သွားတယ်လေ၊ အငယ်ကောင်ကိုတော့ ဂိမ်းဆိုင် လွှတ်လိုက်တယ်၊ တော်ကြာ မင်းအနားမှာ လာကပ်နေရင် ပြောရ ဆိုရ မလွတ်လပ်မှာစိုးလို့"

ရဲမော်ရဲ့ သားအငယ်ကောင်က ပေါ်ဌေးကို အတော်ချစ်သည်။ သူကလည်း မုန့်တွေ ဝယ်လာတတ်တာကိုး။ ဒီနေ့တော့ သူ့ဖောနဲ့ သူမို့ ဘာမှ ဝယ်မလာဖြစ်ခဲ့တာကို ခုမှ သတိရ၏။

ပေါ်ဌေးက ကွာရှင်းစာချုပ်ကို လက်ဆွဲအိတ်ထဲက ထုတ်ပြီး စားပွဲပေါ် တင်လိုက်သည်။ အောဘီကျော်နှင့် နာခေါင်းကြီးတို့၏ လက်မှတ်အတုတွေ မထိုးရသေးတာ တော်သေးသည်။ နို့မို့ဆို ရဲမော်က အောဘီကျော်နဲ့ ဘယ်မှာ တွေ့လို့လဲ ဘာညာ မေးနေလျှင် ဖြေရခက်မည်။ ကောင်းထွန်းကို လက်မှတ် ညာထိုးခိုင်းထားတာကတော့ မတတ်နိုင်။ နောက်မှ ကြည့်ရှင်း။

ရဲမော်က စာချုပ်ကို ယူကြည့်ပြီး-

"ပစ္စည်းခန်းအနေနဲ့ ရင်ရင်ငြိမ်း ကျေနပ်တဲ့အထိ ဆောင်ရွက်ပေးမယ်တဲ့၊ ဟုတ်လား၊ အင်း… ဒါဟာ တရားမျှတပါတယ်၊ အမယ်… ဟို နှစ်ကောင်က လက်မှတ်တောင် ထိုးပေးထားပြီးပြီပဲ၊ ကံညွန့်မောင် ဆိုတဲ့ ကောင်ကတော့ ထားပါတော့၊ ကောင်းထွန်း လက်မှတ်ထိုးပေးထားတာကတော့ အံ့သြစရာပဲ၊ ဒီကောင်က ရင်ရင်ငြိမ်းကို အတော်လေးစားတာပဲ"

ပေါ်ဌေး စိုးရိမ်သွားသည်။ ရဲမော်က သက်မကင်း ဖြစ်ပြီး ဟိုမေး ဒီမေး မေးရင် ခက်မည်။ သို့ရာတွင်-

"အေးလေ… သူလည်း သူ့အယူအဆနဲ့ သူပေါ့၊ ငါတောင် ခုလို သဘောတူခဲ့တာပဲ"

www.burmeseclassic.com

www.burmeseclassic.com



ဆိုမှ စိတ်အေးသွားရသည်။ ရဲမော်က အတွင်းခန်းဘက် လှည့်ပြီး လှမ်းအော်လိုက်သည်။

"မြရေ… ကိုပေါ် ရောက်နေပြီဟေ့"

ခါတိုင်းလို 'လာပါပြီ' ဆိုသော အသံကိုတော့ မကြားရ။ ခဏအကြာမှာ မြရီဝင်းသည် စာရွက်တစ်ရွက်ကို ကိုင်ပြီး ထွက်လာသည်။ သူ့မျက်နှာထားမှာ ရွှင်ရွှင်ပျပျ မရှိ။ ပေါ်ဒွေးကိုလည်း နှုတ်မဆက်။ ရင်ရင်ငြိမ်းအတွက် စိတ်မကောင်း ဖြစ်နေဟန်တူသည်။ သူ ဝင်ထိုင်ပြီးနောက်-

"ကဲ… မြပဲ လက်မှတ် အရင်ထိုးပေးလိုက်ပါ"

ရဲမော်က ပြောပြီး စာချုပ်ကို မြရီဝင်းဘက် တိုးပေးလိုက်သည်။

"ဒီစာချုပ်ပေါ်မှာ အရင်လက်မှတ်ထိုးပေးပါ"

မြရီဝင်းက သူ့လက်ထဲမှ စာရွက်ကို ရဲမော်ရှေ့မှာ ချပေးရင်း ပြန်ပြောသည်။ ရဲမော်က စာရွက်ကို ယူကြည့်ပြီး-

"ဟင်… ကွာရှင်းစာချုပ်"

"ဟုတ်တယ်၊ ရှင်နဲ့ ကျွန်မ ကွာရှင်းတဲ့ စာချုပ်ပဲ၊ ဒီပေါ်မှာ ရှင်လက်မှတ်အရင်ထိုးပေးပါ၊ ကိုပေါ်လည်း သက်သေနေရာမှာ လက်မှတ်ထိုးပေး၊ အဲဒါဆို ကျွန်မလည်း ဟိုစာချုပ်ပေါ်မှာ လက်မှတ်ထိုးပေးမယ်"

ရဲမော် အံ့အားကြီးသင့်သွားပြီး-

"ကိုယ်က… ကိုယ်က ကွာချင်တယ်လို့မှ မပြောဘဲ၊ ဘယ်လိုဖြစ်…"

"ဘာဖြစ်ရမှာလဲ၊ ပေါ်ဒွေးက ရင်ရင်ငြိမ်းကို ကွာမယ်ဆိုရင်၊ ရှင်ကလည်း ကျွန်မကို ကွာမှ တရားမျှတမှု ရှိမှာပေါ့၊ ကိုယ်ချင်းစာတတ်သွားအောင်လေ"

"မဟုတ်သေးဘူးလေ၊ သူတို့က ကိုယ်တို့လို…"

"ဘာမှ အပိုတွေ ပြောမနေနဲ့၊ အဲဒီပေါ်မှာ လက်မှတ်ထိုးပြီးရင် ကျွန်မကို ခေါ်လိုက်၊ ဟိုစာချုပ်မှာ လက်မှတ် လာထိုးပေးမယ်၊ အပြန်အလှန်ပေါ့၊ ဒါပဲ"

ဟု ပြောပြီး မြရီဝင်း ထထွက်သွားသည်။ ရဲမော်အပေါ် မျက်စောင်းကလေးတောင် ဘယ်တုန်းကမှ မထိုးဖူးသော မြရီဝင်းက ရဲရဲတောက် စကားတွေ ပြောပြီး အာခံသွားသဖြင့် ပေါ်ဒွေး အလွန်အံ့သြပြီး ရုတ်တရက် ဘာမှမပြောနိုင်ဘဲ ကြောင်ငေးကြည့်နေသည်။ ခဏကြာမှ-



"ဘယ်… ဘယ်လို ဖြစ်သွားတာလဲ" ရဲမော် သက်ပြင်းချလိုက်ပြီး-

"ငါလည်း ဘာပြောရမှန်း မသိတော့ဘူး၊ ကြည့်ရတာ ရင်ရင်ငြိမ်းအတွက် သူ တော်တော်ခံစားနေရပုံပဲကွာ"

"ဒါဆို… ဘာ… ဘာလုပ်ကြမလဲ"

"ဒီနေ့တော့ ဘာမှ လုပ်လို့ရမှာ မဟုတ်တော့ဘူး၊ သူ ရုတ်တရက် စိတ်ပြောင်းသွားတာ ဖြစ်မယ်၊ အေးအေးဆေးဆေးကျမှ ငါ ထပ်ပြီး ပြောပေးမယ်၊ စိတ်မပူပါနဲ့ကွာ၊ မြရီဝင်းဟာ ငါ ပြီးရင် ပြီးတယ်ဆိုတာ မင်းလည်း သိသားပဲ"

ပေါ်ဒွေးသည် မျှော်လင့်ခြင်းတစ်ဝက် စိတ်ပျက်ခြင်း တစ်ဝက်ဖြင့် ပြန်သွားရသည်။ သူ ထွက်သွားပြီးတော့မှ ရဲမော်က-

"မြရေ… ဟိုကောင်တော့ ပြန်သွားပြီဟေ့"

ဟု လှမ်းအော်လိုက်သည်။ ဒီတော့မှ မြရီဝင်း ပြန်ထွက်လာသည်။

"မြ ပြောလိုက်တာကို ဟိုကောင် တကယ် ယုံသွားပြီကွ၊ မြက အိုက်တင် သိပ်ကောင်းတာပဲ၊ မင်းသမီး လုပ်လို့တောင် ရတယ်၊ မြ စိတ်ဆိုးနေပုံကို ကြည့်ပြီး ကိုယ်တောင် တကယ်မှတ်ပြီး လန့်မလို ဖြစ်သွားသေးတယ်၊ သိပ်အသက်ပါတာပဲ၊ ဟား ဟား"

ရဲမော်က တဟားဟား ရယ်နေသည်။ မြရီဝင်းက လိုက်မရယ်ဘဲ-

"အဲဒါ အိုက်တင်လုပ်နေတာ မဟုတ်ဘူး၊ တကယ် ပြောတာ"

"မြကလည်း နောက်နေပြန်ပြီ၊ အဟဲ…"

"နောက်တာ မဟုတ်ဘူး၊ အတည်ပြောနေတာ၊ ပေါ်ဒွေးအလှည့်ပြီးရင် ရှင့်အလှည့်ပဲ မဟုတ်လား"

"ဟာ… ဘာတွေ ပြောနေတာလဲ"

"ရှင်တို့ သူငယ်ချင်းတွေဟာ ငယ်ငယ်ကတည်းက တစ်ယောက်လုပ်တာကို တစ်ယောက် လိုက်လုပ်ကြတာပဲ၊ အခု ပေါ်ဒွေးက ရင်ရင်ငြိမ်းကို ကွာဖို့ လုပ်တယ်၊ ပြီးတော့ နောက် မကြာခင်မှာ ရှင် ကျွန်မကို ကွာဖို့ ကြိုးစားမှာပဲ မဟုတ်လား"

"ဘာဆိုင်လို့လဲကွ"

"ဆိုင်တယ်၊ ခုတလောမှာ ရှင် ဘာတွေ ကြံစည်နေတယ်ဆိုတာ ကျွန်မ မသိဘူး ထင်နေလား"

www.burmeseclassic.com

www.burmeseclassic.com



"ငါက ဘာလုပ်လို့လဲ"

မြရိဝင်း၏ မျက်နှာထားမှာ တင်းမာလွန်းလှသည်။ သူ တကယ် ပြောနေခြင်း ဖြစ်ကြောင်း ရိပ်မိသွားသဖြင့် ရဲမော် အံ့သြပြီး မှင်တက်မိနေ၏။ မြရိဝင်းက ဆက်ပြောသည်။

"အားတိုးဆေး၊ အသက်ရှည်ဆေး၊ နုပျိုဆေးတွေ ကျိတ်ပြီး ဖော်နေတာ၊ ဆံပင်သန်ဆေး၊ ဆံပင်နက်ဆေးတွေ နေ့တိုင်း လိမ်းနေတာ၊ ညနေတိုင်း ဝတ်ကောင်းစားလှ ဝတ်ပြီး လမ်းလျှောက်ထွက်တာ၊ ဒါ ဘာသဘောလဲ"

"မင်း စွပ်စွပ်စွဲစွဲ မပြောနဲ့"

"ပြောတယ်၊ ဘာဖြစ်သလဲ၊ ရှင် မလုံမလဲ ဖြစ်နေသလား"

ကိုရဲရေ… မြကလေ… သိလားဆိုပြီး ချွဲချွဲနွဲ့နွဲ့ ပြောတတ်သော မြရိဝင်းက ရှင်တွေ… ကျုပ်မတွေ…နဲ့ မောက်မောက်မာမာ ပြောနေတာကို ရဲမော် ခုမှ သတိပြုမိသွားသည်။ တစ်သက်လုံး မလွန်ဆန်ရဲတဲ့ မိန်းမကများ ငါ့ကို အာခံချင်လို့ ဘယ်ရမလဲဟု တွေးရင်း ဝုန်းခနဲ ထရပ်လိုက်ပြီး-

"တော်တော်အတင့်ရဲနေပါလား၊ မင်း ပါးစပ်ပိတ်ထားလိုက်စမ်း"

"မပိတ်တော့ ဘာလုပ်ချင်လဲ"

"နာချင်လို့ ထင်တယ်… ဟုတ်လား"

ဆိုပြီး ရဲမော်က ရှေ့တစ်လှမ်း တိုးသည်။ မြရိဝင်းက နောက်တွန့် မသွားဘဲ ပေပြီး ရပ်နေသည်။ ရဲမော် ရှေ့ထပ်တိုးဖို့ ပြင်ပြီးမှ တုံ့ခနဲ ဖြစ်သွား၏။ မြရိဝင်းက နောက်မှာ ကွယ်ဝှက်ထားသော ညာလက်ကို ထုတ်လိုက်သော ကြောင့် ဖြစ်၏။ သူ့လက်ထဲမှာ ဓားဦးချွန် တစ်ချောင်း။

"မင်း… မင်း… ဒါ ဘာလုပ်မလို့လဲ"

"ဘာလုပ်မလို့လဲ၊ သိချင်တယ် ဟုတ်စ"

မြရိဝင်းက ဓားကို ဝင့်ပြီး ရှေ့တစ်လှမ်း တိုးသည်။ ရဲမော် တစ်လှမ်း ဆုတ်သည်။

"မင်းနော်… မင်း… လွန်မယ်နော်"

မြရိဝင်းက အံကြိတ်ပြီး ဆက်တိုးသည်။ တကယ်လုပ်မယ့်ပုံပဲဟ။ ရဲမော် နောက်ဆုတ် နောက်ဆုတ် လုပ်ရင်း ခြေထောက်က ကုလားထိုင်နှင့် တိုက်မိပြီး ဖင်ထိုင်လျက် ကျသွား၏။ မြရိဝင်းက အထက်စီးက ကြည့်ရင်း-



"တခြား ဘာကိစ္စဖြစ်ဖြစ် အလျှော့ပေးနိုင်တယ်၊ လူကို သစ္စာဖောက်မယ်တော့ မကြံနဲ့၊ အသက်ချင်း လဲပစ်လိုက်မယ်၊ မြရိဝင်းတဲ့… တစ်ဝင်းတည်း ရှိတယ်၊ သိရဲ့လား"

ပြောရင်းဆိုရင်း ဓားဦးချွန်ဖြင့် ပစ်ပေါက်လိုက်သည်။ ရဲမော် တုန်ခနဲ ဖြစ်သွားရင်း 'အမယ်လေး' ဟု ယောင်ပြီး အော်မိ၏။ ဓားက သူ့ရှေ့စားပွဲပေါ်မှာ ဒေါက်ခနဲ ဝင်စိုက်နေသည်။ မြရိဝင်းက 'ဟင်း…' ဟု လေသံပြင်းပြင်း ပေါက်လိုက်ပြီးမှ လှည့်ထွက်သွားသည်။ ရဲမော် သူ့ကိုယ်သူ ပြန်သတိထားမိသောအခါ ကုလားထိုင်ပေါ် ခြေထောက်ပါ တင်ပြီး ကျုံ့ကျုံ့ကလေး ဖြစ်နေကြောင်း သိလိုက်ရသည်။ ခုထိ ကတုန်ကယင်ကြီး ဖြစ်နေတုန်း။ စားပွဲပေါ်မှာ စိုက်နေသော ဓားဦးချွန်၏ အရိုးကလည်း တဆတ်ဆတ် ခါနေဆဲ။

www.burmeseclassic.com

www.burmeseclassic.com

ရှေ့နေကြီး ဦးစောရန်ဘငြိမ်းသည် အသံမထွက်ဘဲ ဟက်ဟက်ပက်ပက် ရယ်နေလိုက်တာ မျက်ရည်တွေတောင် ထွက်လာသည်။ မျက်မှန်ကို ဖြုတ်၊ မျက်ရည်တွေကို တိုက်ပုံအင်္ကျီ လက်ဖျားနှင့် တို့၍ သုတ်လိုက်ပြီးမှ-

"ခင်ဗျားအဖြစ်ကလည်း မလွယ်ပါလားဗျာ၊ ရှောင်ရမယ့် ရက်တွေက များလှချည်လား၊ ဒါနဲ့ ပြည်ထောင်စုနေ့တို့ တပ်မတော်နေ့တို့ကော ပါသေးလား"

"အဲဒါတွေတော့ မပါပါဘူး၊ သူ့မိဘတွေ·· ကျွန်တော့်မိဘတွေရဲ့ မွေးနေ့တွေနဲ့ ကွယ်လွန်တဲ့ နေ့တွေတော့ နောက်တိုးစာရင်းထဲမှာ ပါတယ်၊ သူက မကြာခဏ သွေးလျှုတတ်တယ်၊ အဲဒီအခါကျတော့လည်း သွေးလှူထားလို့ တစ်ပတ်လောက် အေးအေးဆေးဆေး အနားယူချင်တယ်လို့ ပြောသေးတယ် ဆရာရဲ့"

ဦးစောဘရန်ငြိမ်းက ပြုံးပြီး ခေါင်းတညိတ်ညိတ် လုပ်နေရင်း-

"ခင်ဗျားဘက်က ကြည့်တော့လည်း စိတ်ကသိကအောက် ဖြစ်စရာပဲ၊ သူ့ကိုလည်း အပြစ်တင်လို့ မရဘူး၊ ကုသိုလ်ဖြောင်းမှုဘက်ကို စိတ်သန်နေတာကိုး"



"တကယ်လို့ တရားရုံးတွေ ဘာတွေ တက်ရတဲ့အထိ ဖြစ်လာခဲ့ရင် အဲဒီကိစ္စကို ကွာရှင်းချင်တဲ့ အကြောင်းပြချက်အဖြစ် တင်လို့ မရဘူးလား"

"အနောက်နိုင်ငံတွေမှာ ဆိုရင်တော့ ရကောင်းရနိုင်တယ်၊ သူတို့ လူနေမှုစနစ်မှာ အဲဒီကိစ္စကိုလည်း အရေးကြီးတဲ့ အချက်အဖြစ် ခံယူထားကြတာကိုး၊ ပြီးတော့ သူတို့က တစ်ဦးချင်း ပုဂ္ဂလိက အခွင့်အရေးကို ဦးစားပေးတတ်ကြတယ်လေ၊ တစ်ခါတလေတော့ ရယ်စရာတောင် ကောင်းတယ်၊ ညအိပ်ရင် အကျယ်ကြီး ဟောက်လို့၊ အိပ်ရာထဲမှာ တစ်ချိန်လုံး လေလည်လို့ ဆိုတာမျိုးတောင် ပြဿနာ လုပ်ကြတာ၊ ဒီမှာတော့ မလွယ်ဘူး၊ မိန်းမတစ်ယောက်ဟာ တစ်ပါးသော ယောကျာ်းနဲ့ ဖောက်ပြန်ပါတယ် ဆိုရင်တောင် သက်သေ ခိုင်လုံမှ ရတယ်လို့ ခင်ဗျားကို ပြောခဲ့ပြီးပြီပဲ၊ မိန်းမက အသုံးအဖြုန်းကြီးလို့၊ ယောကျာ်း ရှာသမျှ လောင်းကစား လုပ်ပစ်လို့၊ နေ့စဉ်နဲ့အမျှ ဆူပူကြိမ်းမောင်း ဆဲဆိုနေလို့ ဆိုတာလောက်နဲ့တော့ ကွာရှင်းဖို့ မလွယ်ဘူးဗျ"

"ဆရာတို့ ဥပဒေကလည်း မျက်နှာလိုက်လိုက်တာ"

"ယောကျာ်းတွေဘက်က သာတာလည်း ရှိပါသေးတယ်ဗျ၊ ယောကျာ်း တစ်ယောက်ဟာ မယားကြီး ရှိပေမယ့် နောက်ထပ် မိန်းမတစ်ယောက်ကို တရားဝင် လက်ထပ်ယူလို့ရတယ်၊ မိန်းမတွေကတော့ လက်ရှိ လင်ယောကျာ်းနဲ့ မကွာရှင်းသေးဘဲနဲ့ အိမ်ထောင်ထပ်ပြုလို့ မရဘူး"

"ကျွန်တော်က နောက်မိန်းမ ထပ်ယူမှာလည်း မဟုတ်ပါဘူး"

"တစ်ခုတော့ ခင်ဗျားကို သတိပေးထားမယ်နော်၊ အတင်းအကျပ်တော့ သွားပြီး မကြံစည်လေနဲ့၊ လင်မယားချင်းပေမယ့် အလိုမတူရင် အမှုမှု မြောက်နိုင်တယ်ဗျ"

"ဆရာကလည်း··· ကျွန်တော်က ဆရာ့အမှုသည်ပါဗျ၊ ခုချိန်ထိ ဆရာ ကျွန်တော့်ဘက်က လိုက်ပြောတာ မရှိသေးဘူး"

"ခင်ဗျားရဲ့ အမှုကို ကျွန်တော်က လက်ခံပါတယ်လို့ ဘယ်တုန်းက ပြောဖူးလို့လဲ၊ ဒါကြောင့်လည်း ခင်ဗျားဆီက အကျိုးဆောင်ခ တစ်ပြားတစ်ချပ်မှ မယူခဲ့တာပေါ့၊ ဖြစ်နိုင်ရင်တော့ ခင်ဗျားတို့ လင်မယားနှစ်ယောက်စလုံးရဲ့ ရှေ့နေပဲ လုပ်ချင်တယ်"

ဦးစောဘရန်ငြိမ်းက ဆေးပေါ့လိပ်ကို မီးညှိပြီး အားရအောင် ရှိုက်ဖွာသည်။ ပြီးမှ ဆက်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"အေးလေ… ဘာပဲဖြစ်ဖြစ် ခင်ဗျား လက်ရှိ ကြုံနေရတဲ့ အခက်အခဲကိုတော့ ကျွန်တော်လည်း ကိုယ်ချင်းစာပါတယ်"

"ဗျာ… ကိုယ်ချင်းစာတယ် ဟုတ်လား၊ ဆရာလည်း ကျွန်တော့်လိုပဲ ဖြစ်နေလို့လား"

ဦးစောဘရန်ငြိမ်း ခေါင်းခါပြီး-

"ကျွန်တော့်အဖြစ်က ခင်ဗျားနဲ့ ပြောင်းပြန်ဗျ"

ဟု ပြောပြီး ရယ်နေပြန်သည်။ အသံတော့ မထွက်။

ပေါ်ဌေးနှင့် ရင်ရင်ငြိမ်းတို့သည် အိမ်ကနေ တစ်လှည့်စီ ရှောင်ထွက်နေကြသလို ဖြစ်နေ၏။ ပေါ်ဌေးက ညဘက်မှာ ဒီဗီဒီအခွေတွေ ကြည့်၊ ဘောလုံးပွဲကြည့်၊ စာဖတ်၊ ညဉ့်နက်မှ အိပ်သည်။ မနက် နေမြင့်မှ ထသည်။ အိပ်ရာက နိုးလျှင် လက်ဖက်ရည်ဆိုင်မှာ တမေ့တမော သွားထိုင်သည်။ နေ့လယ်ကျတော့ အပြင်ထွက်၊ သူငယ်ချင်းတွေဆီ သွားချင်သွား၊ ရုပ်ရှင်ကြည့်ချင် ကြည့်။ သူငယ်ချင်းတစ်ယောက်ယောက်နဲ့ စားသောက်ဆိုင် ထိုင်မိတဲ့အခါ ညဉ့်နက်မှ အိမ်ပြန်ရောက်သည်။ ခုတလော မကြာခဏ ဆိုသလို ဘီယာသောက်ဖြစ်နေ၏။

ရင်ရင်ငြိမ်းကလည်း တရားပွဲ သွားတဲ့အခါ သွား၊ ဘုရားတက်တဲ့အခါ တက်၊ တရားစခန်း ဝင်တဲ့အခါ ဝင်။ အိမ်မှာဆိုလျှင်လည်း ဘုရားခန်းထဲမှာသာ အနေများသည်။ ပေါ်ဌေးကလည်း အိမ်မှာ ရှိတဲ့အခါ စာဖတ်ခန်းထဲသာ အောင်းနေတတ်သဖြင့် အောက်ထပ် တစ်ထပ်လုံးကို ဝိုင်းစိန်အား အပိုင်စားပေးထားသလိုတောင် ဖြစ်နေ၏။

ပေါ်ဌေးသည် အိမ်မှာ ထမင်းမစား ဖြစ်သော ရက်တွေ များလာသည်။ အထူးသဖြင့် ညစာကို အပြင်က စားလာတတ်၏။ သူ[illegible]ငါ ညစာ

www.burmeseclassic.com

www.burmeseclassic.com

မစားဘူးဟု ဝိုင်းစိန်ကို မှာဖြစ်ခဲ့တာလည်း ရှိသည်။ မသေချာ မရေရာတာက များတာက တစ်ကြောင်း၊ မေ့သွားတာက တစ်ကြောင်းကြောင့် မမှာဖြစ်ခဲ့တာများသည်။ ရင်ရင်ငြိမ်းနှင့် ဝိုင်းစိန်တို့ ဘယ်လို စားနေကြသလဲတော့ မသိ။

ထိုအတောအတွင်း ကံညွန့်မောင်က တောင်ငူဘက်ကို သစ်မျှောစာကိစ္စအတွက် သွားမလို့ လိုက်ခဲ့ပါလားဟု ခေါ်သည်။ စိတ်ပြေလက်ပျောက်လည်း ဖြစ်၊ အိမ်ကနေ ရက်အနည်းငယ်လောက် ခွာဖို့အတွက် အဆင်သင့်ဖြစ်နေသော ပေါ်ဒွေးက ချက်ချင်းပဲ လက်ခံပြီး လိုက်သွားသည်။ ထိုရက်တွင် ရင်ရင်ငြိမ်းလည်း အိမ်မှာ မရှိဟု ယူဆရသည်။ တရားစခန်းဝင်ဖို့ သွားတာပဲဖြစ်မည်။

ပေါ်ဒွေးကတော့ ကံညွန့်မောင်နဲ့အတူ တောင်ငူမှာ စားလိုက် သောက်လိုက်ပဲ။ ယမကာ တစ်မျိုးမျိုးတော့ နေ့တိုင်း သောက်ဖြစ်သည်။ ကိုယ့်အရပ်ဒေသ မဟုတ်သဖြင့် ကာရာအိုကေဆိုင်တွေကိုတော့ ရှောင်ဖို့ ပေါ်ဒွေးကတားမြစ်ထားသည်။ မျှောစာကိစ္စ စောင့်ရင်း တောဘက်ကို အပျင်းပြေ သွားလည်ကြသေးသည်။ ထူးထူးဆန်းဆန်း တောကောင်သားတွေ စားရသည်။ မျောက်သွေးနှင့် ရောထားသော အရက် သောက်ရသည်။ ညှီစို့စို့အနံ့ကြောင့် ပေါ်ဒွေးက သိပ်မကြိုက်။ ကံညွန့်မောင်ကတော့ အားရှိတယ် ဆိုပြီး တစွတ်စွတ်သောက်နေသည်။

ခုလို ခရီးထွက်လိုက်လျှင် ရေပြောင်း မြေပြောင်း ပတ်ဝန်းကျင်ပြောင်းမှာ စိတ်လက် ပေါ့ပါးလန်းဆန်းသွားလိမ့်မည်ဟု ပေါ်ဒွေး ထင်ခဲ့သည်။ လူကတော့ လန်းဆန်းသွားတာ မှန်သည်။ စိတ်ကတော့ ပျော်ရွှင်ကြည်လင်မှုဖြစ်မလာခဲ့။ ထိုင်းမှိုင်းပြီး နောက်ကြောင်းမအေးသလို ခံစားရသည်။ အိမ်ကိုထူးထူးခြားခြား သတိရနေမိ၏။ ရင်ရင်ငြိမ်းကို လွမ်းတာ မဟုတ်ကြောင်းတော့သေချာသည်။ သို့ရာတွင် ဘယ်လို သဘောလဲ မသိ။ အိမ်ကိုပဲ ပြန်ချင်စိတ်ပြင်းပြနေသည်။

ပေါ်ဒွေးရဲ့ ထုံးစံအတိုင်းပဲ။ တစ်ခုခု လုပ်ချင်လျှင် ချက်ချင်းပဲ။ ကံညွန့်မောင် တားသော်လည်း မရ။ အလုပ်ကိစ္စ မပြတ်သေးသဖြင့် သုံးရက်လောက် ဆက်နေဖို့ကို မစောင့်နိုင်တော့။ သူ့ဘာသာ အဝေးပြေးလိုင်းကားစီးပြီး ရန်ကုန် ပြန်လာခဲ့သည်။ လမ်းမှာ ကားဘီး သုံးကြိမ်ပေါက်တာ မှတ်မှတ်ရရပါပဲ။





သူ အိမ်ပြန်ရောက်တော့ ဧည့်ခန်းမှာ ထိုင်နေသော အနှောင်းနှင့် ဒေစီပွင့်တို့ကို တွေ့လိုက်ရသည်။ ဟိုတစ်ခါ ကတောက်ကဆ ဖြစ်ပြီးကတည်းက သူတို့နှင့် ခပ်တန်းတန်း ဖြစ်နေခဲ့သဖြင့် နှုတ်မဆက်တော့ဘဲ အပေါ်ထပ်ကို တစ်ခါတည်း တက်ဖို့ ပြင်သည်။ လှေကားထိပ် အရောက်မှာ-

"ပေါ်ဒွေး"

ဟု အနှောင်းက လှမ်းခေါ်သည်။ ပေါ်ဒွေး ခေါင်းကို ငုံ့စောင်းရုံကြည့်သည်။

"ခဏထိုင်ပါဦး"

ရယ်လိုက်မိမလိုတောင် ဖြစ်သွားရ၏။ ဧည့်သည်က အိမ်ရှင်ကို ပြန်ပြီး 'ထိုင်ပါဦး'လို့ ပြောတာ ဘယ်လောက် ခွကျကျနိုင်သလဲ။

"ဘာကိစ္စ ရှိလို့လဲ" ပေါ်ဒွေးက မေးသည်။

"ပြောစရာ ရှိလို့"

ပေါ်ဒွေး ခပ်ဆိုင်းဆိုင်း နေပြီးမှ ပြန်လှည့်ပြီး သူတို့နှင့် မျက်နှာချင်းဆိုင် ခုံမှာ ဝင်ထိုင်လိုက်သည်။ အနှောင်း၏ မျက်နှာထားကို အကဲခတ်သည်။ ခါတိုင်းလို တင်းတင်းမာမာ မရှိ။ ဒေစီပွင့်ကတော့ မျက်နှာညှိုးနေတာ သိသာ၏။

"ငါတို့ နင့်ကို လာစောင့်တာ နှစ်ခေါက်၊ သုံးခေါက် ရှိပြီ၊ ခုလည်း ခဏနေလို့မှ မလာရင် ပြန်တော့မလို့"

"ကောင်းသားပဲ"

ပေါ်ဒွေးရဲ့ ရိုတိုတို စကားကို အနှောင်းက ဂရုမပြုဘဲ နေသည်။ အရင်လို ဆတ်ဆတ်ထိ မခံတဲ့ ပုံစံမျိုး မဟုတ်တာ ထူးခြားနေသည်။

"ဘာကိစ္စလဲ"

ပေါ်ဒွေးက ထပ်မေးသည်။ အနှောင်းက ချက်ချင်း မဖြေဘဲ တွေတွေကြီး လုပ်နေစဉ် ဒေစီပွင့်က ဝင်ပြောသည်။

"နင်က ရင်ငြိမ်းကို ကွာရှင်းချင်တယ်ဆို"

တစ်နေ့နေ့တော့ သူတို့ သိသွားမှာပဲဆိုတာ တွက်ထားပြီးသား ဖြစ်သောကြောင့် သိပ်တော့ မအံ့ဩမိ။ တကယ်ဆို ကိုယ်ကတောင် ဖွင့်ပြောစရာမလိုဘဲ ဖြစ်သွားတာကို ဝမ်းသာသင့်သည်။

"နင်တို့ ဘယ်လိုလုပ် သိတာလဲ၊ ရင်ငြိမ်းက ပြောပြလိုက်လား"

www.burmeseclassic.com

www.burmeseclassic.com



"ရင်ငြိမ်းလား… သေတောင် ပြောမှာ မဟုတ်ဘူး၊ မြရိဝင်း ပြောလို့ သိတာ"

ဟု အနှောင်းက ဝင်ပြောသည်။ ဒေစီပွင့်က–

"မြရိဝင်းကလည်း မဖြစ်သင့်တာ မဖြစ်ရအောင် ဖျောင်းဖျပေးပါလို့ ပြောတယ်"

"သြော်… ဒါဆို အခု နင်တို့က ငြိမ်းချမ်းရေး ကိုယ်စားလှယ်တွေ အဖြစ်နဲ့ ညှိနှိုင်းပေးဖို့ လာတာပေါ့၊ ဟုတ်လား"

"မဟုတ်ဘူး၊ ကွာရှင်းစာချုပ်မှာ သက်သေ လက်မှတ်ထိုးပေးရအောင် လာခဲ့တာ"

အနှောင်းရဲ့ စကားက ပေါ်ဖွေးကို ဒီတစ်ခါတော့ အံ့သြသွားစေသည်။

"ဘာပြောတယ်"

"ဟုတ်တယ်၊ သူငယ်ချင်းတွေကို နင် လိုက်ပြီး လက်မှတ်ထိုးခိုင်းနေတယ် မဟုတ်လား၊ ဒီလောက်တောင် အပင်ပန်းခံနေစရာ မလိုပါဘူး၊ သက်သေ နှစ်ယောက် ရှိရင် ရတာပဲ"

အနှောင်းက သူ့လက်ကိုင်အိတ်ထဲမှ စက္ကူလိပ်တစ်လိပ်ကို စားပွဲပေါ် ချပေးလိုက်ပြီး–

"အဲဒါ ကွာရှင်းစာချုပ်ပဲ၊ သက်သေ နေရာမှာ ငါတို့နှစ်ယောက် လက်မှတ်ထိုးထားတယ်၊ ရင်ငြိမ်းလည်း လက်မှတ်ထိုးပေးထားပြီးပြီ၊ ဒါမျိုး ဆိုတာ တရားရုံးမှာ လုပ်မှ ခိုင်လုံတယ်လို့ ကြားဖူးတယ်၊ ဒါပေမဲ့ နင် မပူပါနဲ့၊ ရင်ငြိမ်းက နင့်ကို ဘယ်တော့မှ နှောင့်ယှက်တော့မှာ မဟုတ်ပါဘူး"

ပန္နည်းကောင်း တစ်ခုကို ဈေးပေါပေါနဲ့ ရတဲ့အခါ အစစ်မှ ဟုတ်ရဲ့လားလို့ သံသယဖြစ်ရသလိုပဲ၊ မမျှော်လင့်ဘဲ ခုလို လွယ်လွယ်ကူကူ ကိစ္စပြတ်သွားတဲ့အတွက် ပေါ်ဖွေး ရုတ်တရက် မယုံနိုင်အောင် ဖြစ်နေ၏။ နောက်ကွယ်မှာ ဘာအကြံအစည်များ ရှိနေသလဲဟု ခန့်မှန်းနေတုန်းမှာ အနှောင်းက–

"ဒီမှာ ပေါ်ဖွေး… တစ်ချိန်တုန်းက နင်ဟာ ရင်ငြိမ်းကို ငါ့လက်ထဲကနေ လုယူသွားခဲ့တယ်၊ အဲဒီတုန်းက ငါ ဘယ်လောက် ခံစားခဲ့ရတယ် မှတ်သလဲ၊ တကယ်လို့ ငါကသာ အပြင်းအထန် ကန့်ကွက်ခဲ့မယ်ဆိုရင် နင့်ကို ရင်ငြိမ်းက လက်ခံခဲ့မှာ မဟုတ်ဘူး၊ ဒါပေမဲ့ ငါ စဉ်းစားတယ်၊ ငါ့လို… အေးလေ… နင်တို့ ပြောနေကျ စကားနဲ့ပဲ ပြောပါ့မယ်၊ ငါ့လို ဗုံမဟုတ်



ပတ်မဟုတ် လူနဲ့ နေရတာထက်စာရင် နင်နဲ့ဆို သူ့ဘဝ ပိုပြီး အဆင်ပြေမယ်လို့ တွက်ပြီး နင့်လက်ထဲကို စိတ်ချလက်ချ အပ်ခဲ့တယ်၊ နင်ဟာ သူ့ကို တစ်သက်လုံး ကြင်ကြင်နာနာနဲ့ စောင့်ရှောက်သွားလိမ့်မယ်လို့လည်း ယုံကြည်ခဲ့မိတယ်၊ အခုတော့ နင့်ကို အထင်ကြီးခဲ့တာ အမှားကြီး မှားသွားပြီပေါ့၊ အေး… ရပါတယ်၊ နင် စွန့်ပစ်လိုက်တဲ့ ရင်ငြိမ်းကို ငါ ဆက်ပြီး တာဝန်ယူသွားပါ့မယ်၊ တစ်ခုတော့ ရှိတယ် ပေါ်ဖွေး၊ နောက်တစ်ခါတော့ နင် ရင်ငြိမ်းကို ငါ့ဆီကနေ ပြန်လုယူဖို့ လုံးဝခွင့်ပြုမှာ မဟုတ်ဘူး ဆိုတာကို မြဲမြဲမှတ်ထားလိုက်ပါ"

အနှောင်း အသံတွေ တုန်လာသည်။ မျက်ရည်လည်း ဝဲလာသည်။ ဒီလိုပုံစံမျိုးကို အနှောင်းထံမှာ တစ်ခါမှ မမြင်တွေ့ဖူးခဲ့။ ဒေစီပွင့်ကတော့ တရှုပ်ရှုပ် ငိုနေပြီ။

အပြင်ဘက်မှ လေတစ်ချက် ဝှေ့ဝဲပြီး ဝင်လာသည်။ လေ၏ အရှိန်ကြောင့် စားပွဲပေါ်မှ ကွာရှင်းစာချုပ်ဟု ဆိုသော စက္ကူလိပ်ကလေးသည် ပေါ်ဖွေးဘက်သို့ လိမ့်လာသည်။ ဒီအတိုင်း လွှတ်ထားလိုက်လျှင် စားပွဲအောက်သို့ ပြုတ်ကျတော့မည်။ ပေါ်ဖွေး လှမ်းကိုင်ပြီး ထိန်းလိုက်မည်ပြုပြီးမှ မတို့မထိရဲသလို တုံ့ခနဲ ဖြစ်ပြီး လက်ကို ပြန်ရုပ်သိမ်းလိုက်သည်။ လိမ့်နေသော စက္ကူလိပ်ကလေးကို သည်းထိတ်ရင်ဖိုစရာ မြင်ကွင်းတစ်ခုလို ငေးကြည့်နေမိ၏။ ပေါ်ဖွေး၏ သက်ပြင်း ချလိုက်သော လေအရှိန်က ပြန်လည်တွန်းကန်လိုက်သောကြောင့်လား မသိ။ စက္ကူလိပ်ကလေးသည် စားပွဲစွန်းမှ ပြုတ်ကျလုတဲတဲ အနေအထားမှာ ရပ်တန့်သွားလေသည်။

♦

ပေါ်ဖွေးသည် စားပွဲပေါ်မှ စက္ကူလိပ်ကလေးကို ငေးကြည့်နေသည်။ ဘယ်လောက် ကြာသွားသလဲ မသိ။ သတိဝင်လာချိန်မှာ အနှောင်းနှင့် ဒေစီပွင့်တို့ မရှိတော့။ ဘယ်တုန်းက ထပြန်သွားကြသလဲ။ ပြန်ခါနီးမှာ နှုတ်ဆက်သွားသေးသလား။ ဘာတွေ ထပ်ပြောသွားသေးသလဲ။ ရေရေရာရာ မသိ။ စောစောတုန်းက အနှောင်းတို့ လာသွားတယ် ဆိုတာ တကယ်ကော ဟုတ်ခဲ့ရဲ့လား။ စိတ်ကူးယဉ်တာများလား။ အခု အိပ်မက် မက်နေတာလား။ စားပွဲပေါ်က

www.burmeseclassic.com

www.burmeseclassic.com



စက္ကူလိပ်ကလေးကကော။ ကွာရှင်းစာချုပ် ဆိုတာ ဟုတ်ရဲ့လား။ အစုရှယ်ယာစာချုပ်ကို ပြန်မသိမ်းမိဘဲ ထားခဲ့ရာက စိတ်ထင်ရာ လျှောက်တွေးနေတာလား။

ဒါဟာ ကွာရှင်းစာချုပ်အစစ် ဟုတ်၊ မဟုတ် သိနိုင်ဖို့ ရင်ရင်ငြိမ်းကို မေးကြည့်ရမယ်ဆိုသော အတွေး ဝင်လာမှ သတိရသည်။ ရင်ရင်ငြိမ်း ဘယ်ရောက်နေသလဲ။ အနှောင်းတို့ ရောက်နေတာကို သူ ဘာကြောင့် ဆင်း မတွေ့သလဲ။ ဘာကြောင့် အတူရှိမနေခဲ့သလဲ။

အပေါ်ထပ်သို့ ခပ်သုတ်သုတ် တက်လာခဲ့သည်။ လှေကားတစ်ဝက်ရောက်မှ စာချုပ် ကျန်ခဲ့တာကို သတိရ၏။ အောက်ကို ငုံ့ကြည့်သောအခါ စားပွဲပေါ်မှာ စက္ကူလိပ်ကလေး မရှိတော့။ သူ တုန်လှုပ်သွားသည်။ ဘယ်လိုဖြစ်တာလဲ။ စောစောက ကိစ္စတွေဟာ တကယ် မဟုတ်ဘူးလား၊ ငါ ရူးသွားပြီလားဟု တွေးမိသေးသည်။ နောက် သေသေချာချာ ကြည့်မှ စားပွဲအောက်ပြုတ်ကျနေတာ တွေ့ရသည်။ ပျောက်သွားရင် ခက်မယ်ဆိုပြီး ပြန်ဆင်းကောက်ဖို့ စဉ်းစားသည်။ ဒီအိမ်ထဲမှာ ဘယ်သူက ဘာအတွက် လာခိုးရမှာလဲဟု တွေးပြီး အပေါ်ထပ်သို့ ဆက်တက်ခဲ့သည်။

အိပ်ခန်းထဲ ဝင်ကြည့်သည်။ ရင်ရင်ငြိမ်းကို မတွေ့ရ။ ဘုရားခန်း သွားကြည့်သည်။ မရှိ။ အောက်ထပ် ပြန်ဆင်းလာပြီး မီးဖိုခန်းဘက် ဝင်ရှာသည်။ မတွေ့။ ရေချိုးခန်းတံခါးက ပွင့်နေသည်။ အိမ်သာတံခါးကိုတောင် ဆွဲဖွင့်ကြည့်သေးသည်။

ဝိုင်းစိန်ကို သတိရမိပြန်သည်။ သူကကော ဘယ်ပျောက်နေသလဲ။

"ဝိုင်းစိန်... ဝိုင်းစိန်..."

အော်ခေါ်သည်။ ထူးသံ မကြားရ။ ထပ်ခေါ်သည်၊ မရ။ ဝိုင်းစိန်အိပ်သော အခန်းဆီ သွားသည်။ တံခါးပိတ်ထားသည်။ ဆွဲဖွင့်သည်။ ဝိုင်းစိန်သည် ကွပ်ပျစ်ပေါ်မှာ မှောက်လျက်ကြီး အိပ်နေသည်။ သူ့ကိုယ်လေးက တသိမ့်သိမ့်တုန်နေ၏။ ရှိုက်သံသဲ့သဲ့လည်း ကြားရသည်။ ပေါ်ဒွေးက အခန်းထဲ ဝင်မည်ပြုပြီးမှ အဝကနေပဲ လှမ်းခေါ်သည်။

"ဝိုင်းစိန်..."

ပြန်မထူးဘဲ ရှိုက်သံကသာ ပိုကျယ်လာသည်။

"ဟဲ့... ဝိုင်းစိန် ဘာဖြစ်နေတာလဲ" ဆိုမှ ထလာသည်။

"ရင်ရင်ငြိမ်း... ဘယ်သွား..."



ပေါ်ဒွေး စကားမဆုံးခင်-

"ဒေါ်လေး မရှိတော့ဘူး"

ဟု ပြောပြီး ဟီးခနဲ ငိုချလိုက်ပြန်သည်။

"မရှိတော့ဘူး... ဟုတ်လား၊ ဘယ်သွားတာလဲ"

"မသိဘူး"

"ဘယ်တုန်းက ထွက်သွားတာလဲ"

"တစ်နေ့... တမြန်မနေ့က..."

"ဘယ်သူနဲ့ ထွက်သွားတာလဲ"

"အန်...အန်တီနှောင်းတို့နဲ့"

"နင့်ကို ဘာမှာသွားလဲ"

ဝိုင်းစိန်သည် ပြန်မဖြေနိုင်သေးဘဲ ခဏကြာအောင် ရှိုက်နေပြီးမှ-

"ဦးပေါ် လာရင်တဲ့..."

ဟု ပြောပြီး သူ့ကွပ်ပျစ်ကလေးဆီ သွားသည်။ စာအိတ်တစ်အိတ်ကို ယူလာပြီး ပေးသည်။ ထို့နောက် ကွပ်ပျစ်ဆီ ပြန်သွားပြီး စောစောကအတိုင်း မှောက်ခုံကြီး ပြန်လှဲရင်း ငိုရှိုက်နေသည်။

ပေါ်ဒွေးသည် ဧည့်ခန်းထဲ ပြန်လာသည်။ ကုလားထိုင်မှာ ထိုင်သည်။ စာအိတ်ကို ဖောက်ပြီး စာကို ဆွဲထုတ်သည်။ စာရွက်ကို ဖြန့်လိုက်သည်။ အဘွားကြီးတွေရဲ့ လက်ရေးနဲ့ တူတယ်ဟု တစ်ခါက ပေါ်ဒွေး နောက်ပြောင်ခဲ့ဖူးသော စာလုံးလေးများ။

*ကိုပေါ်...*

*အစတုန်းကတော့ နင့်ဝသီအတိုင်း စိတ်လိုက်မာန်ပါနဲ့ ထင်ရာ မြင်ရာတွေ လျှောက်လုပ်နေတာ၊ နောက်တော့လည်း စိတ်ပြေသွားမှာပါပဲလို့ ထင်ခဲ့မိတယ်။ ဒါပေမဲ့ အချိန်တွေ ကြာလာတဲ့တိုင်အောင် နင့်စိတ်က မပြောင်းလဲဘဲ ကွာရှင်းဖို့ကိစ္စကို သဲကြီးမဲကြီး ကြိုးစားနေခဲ့တာ တွေ့ရတယ်။ ခုတော့ ငါနဲ့အတူတူ နေနေရတာ နင့်အတွက် နေ့စဉ်နဲ့အမျှ စိတ်ဒုက္ခ ခံစားနေရတာကို ငါ မကြည့်ရက်တော့ဘူး။ ဒါကြောင့် နင့်ဆန္ဒအတိုင်း ကွာရှင်းစာချုပ် ချုပ်ပေးခဲ့ပါတယ်။ နင့်ကို မျက်နှာချင်းဆိုင် နှုတ်ဆက်မသွားနိုင်တာကိုတော့ ခွင့်လွှတ်ပါ။ အခုလို တိတ်တဆိတ် ထွက်ခွာသွားတာက နင့်အတွက်*

www.burmeseclassic.com

www.burmeseclassic.com



*ရော ငါ့အတွက်ပါ အသင့်တော်ဆုံး ဖြစ်လိမ့်မယ် ထင်ပါတယ်။*
*ငါလည်း ပုထုဇဉ်ပဲဟာ။ ခံစားချက်တော့ ရှိသေးတာပေါ့။*
*ကျန်းမာရေး ဂရုစိုက်ပါ...*
***ရင်ရင်ငြိမ်း***

ပေါ်ဌေးသည် စာကို နောက်တစ်ခေါက် ထပ်ဖတ်သည်။ ပြီးတော့ နောက်တစ်ခေါက်... နောက်တစ်ခေါက်... ။ အလွတ်ကျက်မှတ်ရမည့် ကျောင်းစာတစ်ပုဒ်လို တစ်လုံးချင်း အသေးစိတ် အထပ်ထပ် ဖတ်သည်။ ဖတ်ပြီးလျှင် ပြန်ပြန်မေ့သွားသည်ဟု ထင်သည်။ စာရွက်ကို ခေါက်ပြီး အိတ်ထဲ ထည့်သည်။ စာပါ အကြောင်းအရာကို ပြန်စဉ်းစားသည်။ ဟိုတစ်ကြောင်း၊ ဒီတစ်ကြောင်း အစီအစဉ်တွေ လွဲမှားစွာ ပေါ်လာသည်။ စာတစ်ကြောင်း မဆုံးခင် နောက်တစ်ကြောင်းရဲ့ အစက ဝင်လာသည်။ မဆိုင်တဲ့ အတွေးတွေက ကြားဖောက် ပေါ်လာသေးသည်။ သူ ကောင်းကောင်းမှတ်မိတာကတော့ **'ကျန်းမာရေး ဂရုစိုက်ပါ... ရင်ရင်ငြိမ်း'**။

အပေါ်ထပ်က စာဖတ်ခန်းထဲမှာ သွားထပ်ဖတ်ဦးမည်ဟု တွေးပြီး ထရပ်လိုက်သည်။ ခြေထောက် အောက်မှာ တစ်စုံတစ်ခု ခံနေသည်ဟု ထင်မိ၏။ ငုံ့ကြည့်လိုက်တော့ စောစောက ကြမ်းပေါ် ကျနေသော ကွာရှင်းစာချုပ်အလိပ် ကလေးကို တက်နင်းမိနေကြောင်း တွေ့ရသည်။ သူ ရုတ်တရက် ဒေါသဖြစ် လာသည်။ စာချုပ်ကို နောက်တစ်ကြိမ် ဆောင့်နင်းချလိုက်မိ၏။

ဆယ်တန်း စာမေးပွဲ ဖြေပြီးခါစလို ဖြစ်နေသည်။ မဖြေခင်တုန်းကတော့ စာမေးပွဲပြီးရင် စိတ်လက်ပေါ့ပါး ပျော်ရွှင်သွားမှာပဲဟု မျှော်လင့်ခဲ့သည်။ စာမေးပွဲ ပြီးလျှင် ဘာလုပ်လိုက်မည်၊ ဘယ်လို အစွမ်းကုန် ပျော်လိုက်မည် ဆိုပြီး အားခဲထားခဲ့သည်။ တကယ်တမ်း စာမေးပွဲ ပြီးသွားတော့ ထင်သလောက် မပျော်ဘဲ ဖြစ်နေ၏။ စိတ်ထဲမှာ မရှင်းလင်းဘဲ တစ်စုံတစ်ခုအတွက် စိုးရိမ် ပူပန်သလို လေးလံနေရသည်။ အာရုံက စာမေးပွဲဆီ ပြန်ပြန်ရောက်သွားသည်။ အိပ်မက်ထဲမှာ စာမေးပွဲ မဖြေနိုင်လို့ စိတ်ညစ်ရတာ၊ အောင်စာရင်းမှာ ကိုယ့် နာမည် မပါတာတို့လိုမျိုး မက်တတ်သည်။ စိတ်ဖြောင့်ဖြောင့် မပျော်နိုင်။

ခုလည်း ဒီအတိုင်းပဲ။ ပေါ်ဌေးသည် သူ လိုချင်သော ကွာရှင်းစာချုပ်ကို ရခဲ့ပြီ။ အခက်ခဲဆုံး ဖြစ်မည်ဟု ယူဆထားသူ နှစ်ယောက်ကိုယ်တိုင်က စတင်ပြီး သက်သေ လက်မှတ်ထိုးပေးသွားခဲ့သည်။ အားလုံး အောင်မြင် ပြီးဆုံးသွားခဲ့ သည်။ ရင်ရင်ငြိမ်းလည်း မရှိတော့။ စာမေးပွဲနဲ့ ကွာခြားတာကတော့ ပေါ်ဌေး သည် ရင်ရင်ငြိမ်းနှင့် ကွာရှင်းပြီးလျှင် ဘာဆက်လုပ်မယ် ဆိုတာ ကြိုတင် စဉ်းစားထားမှု မရှိခဲ့ခြင်းပင် ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ကွာရှင်းစာချုပ်ကိုပဲ ရသည်။ ပျော်ရွှင်မှုကို မရ။ စိတ်ထဲမှာ လေးလံထိုင်းမှိုင်းနေသည်။ ထိုကိစ္စနှင့် ပတ်သက်ပြီး ရဲမော်က–

"မင်း လုပ်ပုံက ဘာမှ အဓိပ္ပာယ်မရှိဘူး၊ အရင်အတိုင်း ဟန်မပျက် နေနေရင် အရင်းပဲ၊ ခုတော့ ရင်ရင်ငြိမ်း ထွက်သွားရတာပဲ အဖတ်တင်တယ်၊ မင်းလည်း စိတ်ချမ်းသာလာတာ မဟုတ်ဘူး" ဟု ဝေဖန်သည်။

◆

ပေါ်ဒွေးသည် လမ်းလျှောက်ထွက်တဲ့အခါ ပန်းခြံထဲ ဝင်ဖို့ စိတ်ကူးမိ၏။ သို့ရာတွင် အတိတ်ကို ပြန်လည်သတိရစေတတ်သော ခုံတန်းလျားမှာတော့ မထိုင်ရဲ။ တကယ်တော့ အတိတ်ဆိုတာ အမှန်ဖြစ်ခဲ့တာ။ ကိုယ်တိုင် တကယ် ကြုံတွေ့ခဲ့ရတာ။ ရှောင်နေစရာတောင် မလို။ ရှောင်လို့လည်း မရ။ နောက်တစ်ကြိမ် ပြန်သွားရမယ့် နေရာလည်း မဟုတ်။ သို့ရာတွင် ခန္ဓာကိုယ်က မရောက်နိုင်ပေမယ့် စိတ်ကို တားလို့ မရ။ ခံစားချက်က နောက်ကြောင်းပြန် လှည့်တတ်သည်။

အမှန်အားဖြင့် အတိတ်ကို ပြန်ရောက်စရာတောင် မလို။ အခု မျက်မှောက်ကာလမှာပင် တိုက်ဆိုင်မှု ရှိလျှင် သတိရစရာ ဖြစ်နိုင်၏။ သူများတွေနဲ့တော့ မတူ။ ပိတောက်ပန်းတွေ ပွင့်ချိန်၊ စိန်ပန်းတွေ ဝေချိန်မှာ သတိရတာမျိုး မဟုတ်။ ချစ်သူဘဝ၊ လင်မယား ညားခါစဘဝမှာ သွားရောက် လည်ပတ်ခဲ့ဖူးသော နေရာတွေ ရောက်လို့ အောက်မေ့တမ်းတမိတာမျိုးလည်း မရှိ။

သူ့အဖြစ်ကတော့···

ပေါ်ဒွေးသည် ကားမောင်းလာရင်း မီးပွိုင့် ရုတ်တရက် နီသွားသဖြင့် ဘရိတ်ကို ဆောင့်ဖမ်းလိုက်ရသည်။ သူ့ကားက ဖြတ်မျဉ်းပေါ် အနည်းငယ် ကျော်ပြီးမှ ရပ်သွားသည်။ နောက်ပြန်ဆုတ်ပြီး စောင့်နေရ၏။ အသုဘပို့သော ကားတန်း ဖြတ်သွားသည်။ ခေါင်မိုးပေါ်မှာ အော်လံ တပ်ထားသော ဒိုင်နာကား တစ်စီးလည်း ပါသည်။ ဝတ်ရွတ်သံတွေ ကြားရသည်။ ကားပေါ်မှာ ပါလာသော ယောဂီဝတ်စုံဖြင့် အမျိုးသမီးများကို စူးစိုက်ကြည့်နေမိ၏။ ရင်ရင်ငြိမ်းသည် အပျိုဘဝတုန်းက ဝတ်အဖွဲ့ထဲမှာ ပါခဲ့ဖူးသည်။ ခုလိုပဲ ကားတန်းနဲ့ သွားဖူးသည်။ ပေါ်ဒွေးတောင် ကားနောက်မြီးက ခိုလိုက်သွားခဲ့ဖူးသေးသည်။

◆



တကယ်ဆိုလျှင် ပေါ်ဒွေးအနေဖြင့် အရင်လို အပြင်လျှောက်သွားပြီး ရှောင်နေစရာတောင် မလို။ အိမ်မှာ ရင်ရင်ငြိမ်းမှ မရှိတော့ဘဲ။ သို့ရာတွင် အငွေ့အသက်တွေကတော့ ကျန်နေတုန်းပင် ဖြစ်၏။

ပေါ်ဒွေးသည် ညအိပ်ခါနီးလျှင် ဘုရားကို ဦးသုံးကြိမ် ပုဆိန်ပေါက် ချပြီး အိပ်တတ်သူ ဖြစ်၏။ ဩကာသတွေ ဘာတွေလည်း ရွတ်နေတာ မဟုတ်။ ဘုရားခန်းထဲကိုလည်း သိပ်ဝင်လေ့မရှိ။ နောက်ပိုင်းမှာ ရင်ရင်ငြိမ်းက ဘုရားခန်းကို အပိုင်စီးထားလိုက်သောအခါ ဗိုလ့်တောင် မရောက်ဖြစ်တော့။

ခုတော့ ဘုရားခန်းလည်း ပိုင်ရှင်မဲ့လို ဖြစ်နေပြီ။ ဘုရားခန်းသာ မဟုတ်။ တစ်အိမ်လုံးသည် ပိုင်ရှင်တစ်ဝက် မဲ့သွားခြင်းပင် ဖြစ်၏။ အပေါ်ထပ်မှာ ပေါ်ဒွေးတစ်ယောက်တည်း။ အောက်ထပ်မှာ ဝိုင်းစိန် တစ်ယောက်တည်း။

ခုတလော သူငယ်ချင်းတွေဆီလည်း မရောက်ဖြစ်တော့။ သူတို့နဲ့ တွေ့လျှင် 'မင်းဟာက အဓိပ္ပာယ်မရှိဘူး'၊ 'အဆင်ခြင်ဉာဏ်နည်းရာကျတယ်'၊ 'ဘာမှ အကျိုးမရှိဘူး'၊ 'ရင်ရင်ငြိမ်းတော့ တော်တော်ခံစားရမှာပဲ' စသော အပြစ်တင်စကားတွေကိုသာ ကြားရသည်။ ထို့ကြောင့် အိမ်မှာပဲ နေဖြစ်တာ များသည်။ စာကြည့်ခန်းထဲမှာ အောင်းပြီး စာအုပ်တွေ ဖတ်သည်။ ဒီဗီဒီအခွေတွေ ကြည့်သည်။ တီဗီက လာသော ဘောလုံးပွဲတွေ ထိုင်ငေးသည်။ ဘီယာဆိုင် သွားထိုင်ကြည့်သေးသော်လည်း သောက်ရတာ အရသာမရှိ။ ထိုင်ရင်းက ငြီးငွေ့လာသည်။

တစ်ရက်မှာ ဝရန်တာမှာ ထွက်ရပ်နေရင်း ခေါ်သံ ကြားသဖြင့် လှမ်းကြည့်သည်။ အထမ်းနှင့် လာရောင်းသော ပန်းသည် ဖြစ်၏။

"အစ်မ မရှိဘူးလား"

လှမ်းမေးသည်။ ပေါ်ဒွေး လက်ခါပြတော့–

"ဘုရားပန်း ယူဦးမလားလို့၊ အစ်မက ယူနေကျပဲ"

ပေါ်ဒွေးက မယူဘူးဟု ပြောသည်။ ပန်းသည်က အထမ်းကို ပြန်မ ပြီး ထွက်မည်အပြုမှာ ပေါ်ဒွေး တစ်ခု သတိရ၏။ ရင်ရင်ငြိမ်း မရှိကတည်းက ဘုရားခန်းကို ပိတ်ထားခဲ့တာ၊ ခုလောက်ဆို ဘုရားပန်းတွေ ညှိုးခြောက်ကုန်ရှာမည်။ ထို့ကြောင့်–

"နေဦး··· နေဦး"

www.burmeseclassic.com

www.burmeseclassic.com



ဟု တားလိုက်ပြီး ဝိုင်းစိန်ကို ခေါ်၍ ပန်းဝယ်ခိုင်းလိုက်သည်။ ဘုရားပန်းလဲပြီး သောက်တော်ရေခွက်တွေပါ ဖြည့်ဖို့ ပြောလိုက်သည်။ ဝိုင်းစိန် ဘုရားပန်း ဝယ်နေတာကို ငုံ့ကြည့်သည်။ ပန်းသည်က ရင်ရင်ငြိမ်း ယူနေကျ ပန်းတွေကို သိပြီးဖြစ်နေဟန်တူသည်။ သစ်ခွလို ပန်းမျိုးနှင့် စိန်ချယ်ပန်းတွေကို အဆင်သင့် ကိုင်ထားသည်။ ပေါ်ဒွေးက-

"နှင်းဆီပန်း တစ်စည်းပါ ယူခဲ့"

ဟု လှမ်းအော်ပြောလိုက်၏။

"ဘုရားပန်း မှန်မှန်လဲဖို့၊ သောက်တော်ရေ နေ့တိုင်း ဖြည့်ဖို့ ဒေါ်လေးက မှာခဲ့သေးတယ်၊ ဦးပေါ်က အပေါ်ထပ် တက်တာ ကြိုက်၊ မကြိုက် မသိလို့၊ ပြောလည်း မပြောရဲလို့"

ဟု ဝိုင်းစိန်က ပြောသည်။ သူလည်း ခုမှ နည်းနည်း စိတ်ချမ်းသာသွားဟန်တူသည်။ ဘုရားပန်း လဲပြီးတော့ ဝိုင်းစိန် ဘုရားရှိခိုးသည်။ ရင်ရင်ငြိမ်း သင်ပေးထားသဖြင့် ဘုရားစာ အတော်များများ ရနေပြီ။ ထို့နောက် တစ်စုံတစ်ခုကို ခပ်တိုးတိုး တတွတ်တွတ် ရွတ်ဆို ဆုတောင်းနေသည်။

ဝိုင်းစိန် ထွက်သွားပြီးနောက် ပေါ်ဒွေးလည်း လပေါင်းများစွာအတွင်းမှာ ပထမဆုံးအကြိမ် ဘုရားရှိခိုးသည်။ ဘာဆုမှတော့ မတောင်းမိဘူး ထင်တာပဲ။ ဘုရားခန်းထဲမှ ပြန်ထွက်မည်အပြုတွင် နှင်းဆီပန်းထိုးထားပုံ ဟန်မကျကြောင်း သတိပြုမိ၏။ ဝိုင်းစိန်က ပန်းတွေကို ပန်းအိုးထဲ ပြွတ်သိပ်ထိုးထည့်ထားခဲ့သည်။ ထို့ကြောင့် ကြည့်လို့ကောင်းအောင် ပြန်ပြင်ရင်း ဘုရားစင်ပေါ်က ဖန်ကလပ်ကလေးပေါ်တွင် စိပ်ပုတီးတစ်ကုံးကို မြင်သည်။

ထိုစိပ်ပုတီးမှာ ရင်ရင်ငြိမ်းက ပေါ်ဒွေးအတွက် ဝယ်ပေးခဲ့ခြင်းဖြစ်၏။ ကြိမ်ပုတီး ဖြစ်သည်။ ပေါ်ဒွေးက ရင်ရင်ငြိမ်း ကျေနပ်အောင် နှစ်ခါ၊ သုံးခါလောက် အစိပ်ပြုပြီး ဘုရားစင်ပေါ် တင်ထားခဲ့သည်။

"စိပ်ပုတီးထဲမှာတော့ ကြိမ်ပုတီးကို ငါ သဘောကျတယ်၊ အစကတော့ အဖြူရောင်ပဲ၊ စိပ်ရင်း စိပ်ရင်းနဲ့ နှစ်နဲ့ချီပြီး ကြာလာတဲ့အခါ လက်ဆီတက်ပြီး တဖြည်းဖြည်း ညိုလာရော၊ နောက်ဆုံးကျတော့ ပေါ်လစ်တင်ထားတဲ့ မဟော်ဂနီရောင် တောက်လာတော့တာပဲ၊ ကိုယ့်ရဲ့ ပုတီးစိပ်တဲ့ သက်တမ်း ဘယ်လောက်တောင် ရင့်လာပြီလဲ ဆိုတာ တွေးပြီး ဂုဏ်ယူလို့ရတယ်၊ ပုတီးကို မြင်တိုင်း ပီတိဖြစ်ရတယ်"



ဟု ရင်ရင်ငြိမ်းက ရှင်းပြခဲ့ဖူးသည်။ အခု မြင်နေရသော ပေါ်ဒွေးရဲ့ ကြိမ်ပုတီးကတော့ အဖြူရောင်သက်သက်အဆင့်မှာပဲ ရှိနေသေးသည်။

♦

ပေါ်ဒွေးသည် ရင်ရင်ငြိမ်း ထွက်သွားပြီးကတည်းက ပိတ်ထားခဲ့သော အိပ်ခန်းတွင်းသို့ ဝင်လာခဲ့သည်။ အနှောင်းတို့ ပေးခဲ့သော ကွာရှင်းစာချုပ်၏ ပစ္စည်းခန်း ခွဲဝေမှုအပိုင်းတွင် ရင်ရင်ငြိမ်းက မရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ လက်ဝတ်ရတနာ၊ ရွှေ ငွေ ဘာတစ်ခုမှ မယူပါဟု ရေးထားသည်။

အခန်းထဲက အဝတ်ဗီရိုကို ဖွင့်လိုက်သည်။ အဝတ်အစားတွေ အားလုံးနီးပါး ရှိနေသည်ဟု ယူဆရသည်။ နဂိုကပင် ရင်ရင်ငြိမ်းက အဝတ်အစား များများစားစား ရှိသူ မဟုတ်။ အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့များ ဆင်းသွားသလား ထင်ရ၏။

ဗီရို အံဆွဲကို ဆွဲဖွင့်ကြည့်သည်။ လက်ဝတ်လက်စားတွေ အကုန်ရှိသည်။ တစ်ရန့်တည်းသော နားကပ်ကလေးကိုပင် ချွတ်ထားခဲ့သည်။ နားကပ်နောက်ပိတ်မှာ သနပ်ခါးဖတ်ကလေးတွေတောင် ကပ်နေသေးသည်။

နောက် အံဆွဲတစ်ခုကို ဆွဲဖွင့်သည်။ ကတ်ပြားတစ်ထပ် တွေ့ရသည်။ အလှူရှင် ဂုဏ်ပြုကတ်ပြားတွေ။ ကတ်ပြားတိုင်းမှာ 'ဦးပေါ်ဒွေးနှင့် ဇနီး' ဟူ၍သာ ရေးထားသည်။ ရင်ရင်ငြိမ်း နာမည်နှင့်ဆိုလို့ ကတ်ပြားတစ်ခုသာ ရှိ၏။

'စစ်ကိုင်းတိုင်း၊ ပုလဲမြို့နယ်နှင့် ယင်းမာပင်မြို့နယ်အတွင်းရှိ အလောင်းတော်ကဿပ ပင်မလမ်းဖြစ်သော (လည်ငေါက်-ချင်ပြစ်) လမ်းပိုင်း ရွှေဆံပင်လမ်းနှင့် ရွှေဆံပင်တံတား အလှူရှင်ဂုဏ်ပြုလွှာ'

ခုမှ သတိရသည်။ ရင်ရင်ငြိမ်း ဆံပင်တွေ ဖြတ်ထားတာဟာ ဒီ ရည်ရွယ်ချက်ကိုး။ မိန်းမတွေက ဆံပင်တွေ ဖြတ်ပြီး လှူကြသည်။ ထိုဆံပင်များကို ကုန်သည်တွေက ဝယ်သည်။ တရုတ်ပြည်ဘက်သို့ တင်ပို့သည်ဟု

www.burmeseclassic.com

www.burmeseclassic.com



ဆိုသည်။ ရရှိသော အလှူငွေများဖြင့် အလောင်းတော်ကဿပ သွားလမ်းကို ပြင်သည်။ တံတားတွေ ဆောက်သည်ဟု ကြားဖူးသည်။

စီရှိကို ပြန်ပိတ်လိုက်သည်။ ခုတင်ဘေးက စားပွဲပုလေးပေါ်မှာ ကက်ဆက်ရီကော်ဒါတစ်လုံး တွေ့ရသည်။ အထဲမှာ အခွေတစ်ခွေ ထည့်ထားပြီးသား ရှိနေသည်။ ပလပ်ထိုးပြီး ကက်ဆက်ခလုတ်ကို နှိပ်လိုက်သည်။

ကြာနီကန်ဆရာတော် ပူဇော်သော ပဋ္ဌာန်းအကျဉ်း ရွတ်ဆိုသံ ထွက်ပေါ်လာသည်။ ခလုတ် ပြန်ပိတ်မည်ပြုပြီးမှ မပိတ်ဘဲ နားထောင်နေလိုက်သည်။ ပဋ္ဌာန်းဒေသနာတော်ကြီးကို နာကြားရင်း လွမ်းနေတဲ့ လူရယ်လို့ ရှိပါ့မလား။

ရင်ရင်ငြိမ်းသည် အိပ်ရာကို သပ်ရပ်စွာ ခင်းကျင်းထားခဲ့သည်။ ခေါင်းအုံးပေါ်မှာ ယောဂီတဘက်ကလေး တစ်ထည်ကို တွေ့ရသည်။ ခပ်နွမ်းနွမ်းကလေး။ တဘက်ကို ဆွဲယူသည်။ မျက်နှာပေါ် အုပ်ပြီး သက်ပြင်းကို ရှိုက်လိုက်မိ၏။ ကရမက်နံ့ သင်းသင်း... ။

"ဦးပေါ်... ညှို့သည်ရောက်နေတယ်"

ဟု ဝိုင်းစိန်က လာခေါ်သည်။ အောက်ထပ်ကို ဆင်းသွားတော့ လက်နှောက်ပစ် ကျောပေး ရပ်ရင်း ပေါ်ဒွေးတို့ မိဘနှစ်ပါး၏ ဓာတ်ပုံကို မော့ကြည့်နေသော ဦးအောင်ကြီးကို တွေ့လိုက်ရသည်။ ပေါ်ဒွေး ခပ်သုတ်သုတ် ဆင်းပြေးသွားပြီး-

"ဦးလေးအောင်"

ဟု နှုတ်ဆက်လိုက်သည်။ ဦးအောင်ကြီးက ဒီဘက်ကို လှည့်လိုက်ပြီး ပေါ်ဒွေး၏ ပခုံးကို ပုတ်မည့်ဟန်ပြုသည်။ ပေါ်ဒွေးက ပြုံးပြရင်း-

"ဦးလေး... ဘယ်ကလှည့်"

စကားဆုံးအောင် မပြောလိုက်ရ။ နားထင်ရင်းက ပူခနဲ ဖြစ်ပြီး စိုက်ဆင်းသွားသည်။ ပခုံးကို ပုတ်လိမ့်မယ်လို့ ထင်မိတာ၊ အမှန်က နားရင်းကို လက်ပြန်ရိုက်ထည့်လိုက်ခြင်း ဖြစ်၏။ ကိုယ်ကို ဟန်ချက်ထိန်းပြီး ပြန်မတ်လိုက်ရသည်။ မျက်စိတွေ ပြာနေသောကြောင့် လူလုံးကို သဲကွဲစွာ မမြင်ရ။ ဒါလည်း တစ်မျိုး ကံကောင်းသွားသည်။ ဦးအောင်ကြီး၏ မျက်နှာ အမူအရာ

www.burmeseclassic.com

www.burmeseclassic.com



ကိုသာ ရုတ်တရက် မြင်လိုက်ရလျှင် အရိုက်ခံရတာထက် ပိုနာလိမ့်မည်။ အသံကို ကြားရရုံနှင့်တင် နားကြောတွေ စိမ့်သွားသည်။

"ခွေးထက် မိုက်တဲ့ကောင်"

"ကျွန်တော် ဘာလုပ်လို့လဲ"

ဟု ပေါ်ဒွေး လွတ်ခနဲ ယောင်ပြီး ပြောမိ၏။

"ဘာ... ကိုယ် ဘာလုပ်ခဲ့တယ်ဆိုတာ မသိရအောင် မင်းက တိရစ္ဆာန်လား၊ ပြောစမ်း... ရင်ရင်ငြိမ်းကို မင်း အိမ်ပေါ်က နှင်ချလိုက်ပြီ မဟုတ်လား"

"ကျွန်တော် နှင်ချတာ မဟုတ်ဘူး၊ သူ့ဘာသာ ဆင်းသွားတာ"

ပေါ်ဒွေးက ကြောက်ကြောက်လန့်လန့် စောဒကတက်ကြည့်သည်။

"ရင်ရင်ငြိမ်းလို မိန်းကလေးက သူ့ဟာသူတော့ ဆင်းမှာ မဟုတ်ဘူး၊ မင်းက အိမ်မှာ မနေနိုင်အောင် ညှဉ်းပန်းနှိပ်စက်လို့ပဲ ဖြစ်ရမယ်"

"ကျွန်တော်... ဘာမှ..."

"တိတ်စမ်း၊ မင်းရဲ့ ပလီပလာ အကြောင်းပြချက်တွေ မကြားချင်ဘူး၊ အောင်ချို ဆိုတဲ့ကောင်ကလည်း အလိုတူ အလိုပါပဲ"

"သူ... သူ မပါပါဘူး ဦးလေး"

"ဘာဖြစ်လို့ မပါရမှာလဲ၊ မိန်းမကို လည်ပင်းညှစ်သတ်ဖို့ ကြံစည်ခဲ့ဖူးတဲ့ ကောင်ပဲ၊ သူ မြှောက်ပေးလို့ မင်း ဒီလောက် အတင့်ရဲတာ ဖြစ်မှာပေါ့၊ ဒါကြောင့် အောင်ချို့ကို ငါ လက်သီးနဲ့ထိုးပြီး အိမ်ပေါ်က နှင်ချလိုက်ပြီ၊ ရင်ရင်ငြိမ်း ဒီအိမ်ပေါ် ပြန်မရောက်မချင်း ဒီကောင်လည်း ငါ့အိမ်ပေါ် ပြန်မတက်ရဘူး"

လက်သီးဒဏ်ကြောင့် ဖူးရောင်နေသော အောင်ချို့ မျက်နှာကို မြင်ယောင်မိ၏။ ဦးအောင်ကြီးက ဆက်ပြောသည်။ ဒေါသသံက လျော့မသွားဘဲ ပိုတိုးလာသည်။

"ဟိုကောင် ငမော်ဆီကိုလည်း ဖုန်းဆက်ပြီး ကြိမ်းပြီးပြီ၊ ကံညွန့်မောင် ဆိုတဲ့ လူရှုပ်ကတော့ ဖုန်းကို ပိတ်ထားတယ်၊ ကောင်းထွန်းကတော့ အမြင် မတော်တာရှိရင် မတားဘူးလား၊ အေး... မင်းတို့အားလုံး ရင်ရင်ငြိမ်းကို တွေ့အောင် ရှာပြီး ပြန်ခေါ်ခဲ့၊ ဒါမှမဟုတ်ရင်တော့ အားလုံး သေဖို့သာပြင်ထား၊ ကြားလား... ခွေးတိရစ္ဆာန်ကောင်တွေ၊ တယ်လေ... ငါကွာ"



ဦးအောင်ကြီးက လက်သီးနှင့် ရွယ်လိုက်သည်။ ပေါ်ဒွေး မျက်စိ မှိတ်ပြီး ခေါင်းကို ပုထားလိုက်၏။ နှာခေါင်းရိုး မထိအောင် မျက်နှာကိုလည်း ခပ်စောင်းစောင်း နေပေးလိုက်သည်။ တစ်မိနစ်လောက် ကြာတဲ့အထိ ဘာမှ မထူးခြားသဖြင့် မျက်စိ ဖွင့်ကြည့်သည်။ ရှေ့မှာ ဦးအောင်ကြီး မရှိတော့။ ဂူးခနဲ ဆောင့်ကြီးအောင့်ကြီး မောင်းထွက်သွားသော ကားသံကိုသာ ကြားရသည်။

ခုမှ နားသယ်ရင်းက နာလာသည်။

◆

ဦးအောင်ကြီး ထွက်သွားပြီး သိပ်မကြာခင်မှာ ကံညွန့်မောင် ဖုန်းဆက်သည်။

"ဦးလေးအောင် လာသွားပြီလား"

"လာသွားပြီ"

"မြင်းသွားသေးလား"

"တစ်ချက် ခံလိုက်ရတယ်"

"အောင်ချို့ကိုလည်း နှင်ချလိုက်ပြီဆို"

"အေး... ဟုတ်တယ်"

"ဒီကောင် ဘယ်ရောက်နေလဲ"

"ထုံးစံအတိုင်း ယောက္ခမအိမ် သွားနေမှာပေါ့၊ မင်း အခု ဘယ်က ဆက်နေတာလဲ"

"ရဲမော်နဲ့ ကောင်းထွန်းကို ခေါ်ပြီး မင်းဆီ လာနေပြီ"

ဖုန်းချပြီး ပြန်အလှည့်တွင် ဧည့်ခန်းထဲမှာ ရပ်နေသော အောင်ချို့ကို တွေ့လိုက်ရသည်။ ပါးတစ်ဖက် ရောင်ကိုင်းပြီး အညိုရောင်သမ်းနေသည်။ ဒီတစ်ခါတော့ ဘယ်လက်သီး ဖြစ်ပုံရသည်။

"မင်း ယောက္ခမအိမ် ရောက်နေပြီ မဟုတ်လား"

အောင်ချိုက ခေါင်းခါပြီး-

"အဖေက ဟိုအိမ်ကိုလည်း ဖုန်းဆက်ပြီး လှမ်းတားထားတယ်၊ ငါ ရောက်သွားတော့ ယောက္ခမတွေက သတင်းကြားပြီးပြီ၊ ဒါမျိုးတော့

www.burmeseclassic.com

www.burmeseclassic.com



သူတို့လည်း အားမပေးဘူးဆိုပြီး ငါ့ကို လက်မခံဘူးကွ၊ ငါက အချောင် သက်သက် ခံရတာကွာ''

''ဒီတော့… မင်း''

''လောလောဆယ်တော့ မင်းအိမ်မှာပဲ နေရမှာပဲ၊ မင်းလည်း တစ်ယောက်တည်း မဟုတ်လား''

''ဒါနဲ့ ဦးလေးအောင်က ဘယ်လိုလုပ် သိသွားတာလဲ''

''မြရီဝင်းက စီစီ့ဆီ ဖုန်းဆက် ပြောတယ်၊ စီစီက အဖေ့ကို တိုင် လိုက်တာ''

တအောင့်လောက်ကြာတော့ ကံညွန့်မောင်၊ ရဲမော်နှင့် ကောင်းထွန်း တို့ ရောက်လာကြသည်။

''မင်း လုပ်တာနဲ့ ငါတို့အားလုံး ပြဿနာတက်ကုန်ပြီ''

ဟု ရဲမော်က ပြောသည်။ ကောင်းထွန်းက-

''ငါသာ စောစောစီးစီးက သိရင် တားပါတယ်ကွာ၊ ရင်ရင်ငြိမ်းက ငါ့စကားဆိုရင်တော့ နားထောင်မှာပါ၊ ဒီသတင်းကြားတော့ မိငယ်က ငိုတယ် ကွ''

''အေးကွာ… ဘာသိဘာသာ နေတတ်တဲ့ ငါ့မိန်းမတောင် စိတ် မကောင်း ဖြစ်နေတယ်''

ဟု ကံညွန့်မောင်ကလည်း ဝင်ပြောသည်။

''ကဲ… အခု ဘာလုပ်ကြမလဲ''

ဒီမေးခွန်းကို ပေါ်ဒွေး သူ့ကိုယ်သူ မေးနေခဲ့တာ ကြာပြီ။ စောစော က နားရင်းအရိုက်ခံရလို့ စိုက်ခနဲ ဖြစ်သွားသောအခိုက်မှာပင် သူ ဘာလုပ် ရမယ်ဆိုတာ သိလိုက်ပြီ။

♦

အနှောင်းနှင့် ဒေစီပွင့်တို့ ငှားနေသော တိုက်ခန်းကို သွားရှာသည်။ အခန်းတံခါး သော့ခတ်ထားသည်။ အောက်ထပ်က ပိုင်ရှင်အမျိုးသမီးကြီးကို မေးကြည့်သည်။

''သူတို့ ပြောင်းသွားကြပြီရှင့်''

''ဘယ်ကို ပြောင်းသွားတာလဲ''



''အဲဒါတော့ မသိဘူး၊ သူတို့ ပြောင်းပုံက အလောတကြီးနိုင်လွန်း တယ်၊ အငှားစာချုပ်က ရက်စေ့ဖို့ တစ်လနီးပါး လိုသေးတယ်၊ နောက် ခြောက်လ ထပ်ငှားဖို့တောင် စကားစ,ထားပြီးပြီ၊ ဘယ့်နှယ် ဖြစ်သွားကြသလဲ မသိဘူး''

ပေါ်ဒွေးက ရင်ရင်ငြိမ်းအကြောင်း စုံစမ်းဖို့ သတိရပြီး-

''သူတို့နဲ့အတူတူ အမျိုးသမီးတစ်ယောက် လာနေတာများ တွေ့မိလား''

''တွေ့တာပေါ့၊ ခပ်ချောချောလေး၊ ရင်ငြိမ်း ဆိုလား…''

အရေးထဲမှာ ပြုံးမိမလိုတောင် ဖြစ်သွားသည်။ အမျိုးသမီးကြီးက ဆက်ပြောသည်။

''နဂိုက သဘောတူထားတာကတော့ အခန်းမှာ လူပိုတင်မထားရ ဘူးလေ၊ ဒါပေမဲ့ ဒီမိန်းကလေးကတော့ ကြည့်လိုက်တာနဲ့ သူတော်ကောင်း မှန်း သိလို့ လက်ခံထားတာ၊ ဒါနဲ့ သူနဲ့က ဘယ်လို…''

ဆိုပြီးမှ စပ်စုရာကျမလား ဆိုပြီး ဆက်မမေးဘဲ နေသည်။ သို့ရာတွင် ပေါ်ဒွေး ဖြေချင်စိတ်ပေါက်လာသည်။

''အဲဒါ ကျွန်တော့်ဇနီးပါ''

သူ့လေသံက ဂုဏ်ယူဟန် ရှက်နေလား မသိ။

''ဟင်… ဟုတ်လား၊ မင်း သိပ်ကံကောင်းတယ်၊ အင်မတန် ကျက်သရေရှိတဲ့ ကလေးမပဲ၊ အဲ… ဟိုသင်း…''

''ကျေးဇူးတင်ပါတယ်၊ တကယ်လို့များ အကြောင်းတစ်ခုခုကြောင့် သူတို့ ပြန်လာခဲ့ရင် ကျွန်တော့်ဆီ ဖုန်းဆက်ဖို့ ပြောပေးပါ''

ဆိုပြီး သူ့လိပ်စာကတ်ပြား ပေးခဲ့သည်။

ရင်ရင်ငြိမ်းတို့ ဘယ်ကို သွားကြသလဲ။ သူ လိုက်ရှာလိမ့်မယ်ဆိုတာ ခန့်မှန်းမိလို့ ခြေရာဖျောက်သွားကြတာလား။ ဒါဆိုရင်တော့ ရင်ရင်ငြိမ်းဟာ တကယ်ပဲ သံယောဇဉ် ဖြတ်ခဲ့ပြီပေါ့။

ရင်ရင်ငြိမ်း အိမ်က ထွက်မသွားခင် နောက်ဆုံး တွေ့လိုက်သူမှာ ဝိုင်းစိန်သာ ဖြစ်၏။ သူ့ဆီက သဲလွန်စ ထပ်ရကောင်း ရနိုင်သည်။ ထို့ကြောင့်-

''ရင်ငြိမ်း သွားခါနီး ဘာတွေ မှာသွားသေးလဲ၊ ထပ်ပြောစမ်း''

''ဘုရားပန်း မှန်မှန်လဲ၊ ညတိုင်း ဘုရားရှိခိုးပြီးမှ အိပ်၊ ဦးပေါ်အတွက် ဟင်းဝယ်ပေးထား''

www.burmeseclassic.com

www.burmeseclassic.com



"ဒါပဲလား…"

"ဟုတ်"

"နေဦး၊ ရင်ငြိမ်းက သွားခါနီးမှာ ငိုသေးလား"

"ဟင့်အင်း… ဒေါ်လေးက မငိုဘူး၊ အန်တီပွင့်ပဲ ငိုတယ်"

"အဲဒီတော့ ရင်ငြိမ်းက ဘာပြောလဲ"

"ဟိုသင်း… ဟိုညစ္စာ… သေရင်လည်း ခွဲရမှာပဲ ဆိုလား၊ ပြောတယ်"

"အနောင်းကကော ဘာပြောလဲ"

"စောစောဖြတ်တာ ကောင်းတယ်တဲ့"

"ဘာဖြတ်တာလဲ"

"အဲဒါတော့ မသိဘူး"

"ဒါပဲလား"

"ဟုတ်"

"စဉ်းစားဦး၊ သတိရရင် ငါ့ကို လာပြော"

ဆိုပြီး စည့်ခန်းမှာ သွားထိုင်ရင်း စဉ်းစားသည်။ တစ်စစီ ပြန့်ကျဲနေသော အချက်အလက်တွေကို ဆက်စပ်ကြည့်သည်။ ငှားထားသော အိမ်ခန်းကနေ အလောတကြီး ပြောင်းရွှေ့သွားကြသည်။ ရင်ရင်ငြိမ်း အိမ်က ထွက်သွားတော့ လက်ဝတ်လက်စားတွေ ပါမသွား။ နားကပ်တောင် ဖြုတ်ထားခဲ့သည်။ ငွေလည်း များများယူမသွားခဲ့။ အဝတ်အစားတွေလည်း ဒီအတိုင်း။ ဒေစီပွင့်က ငိုသည်။ သေရင်လည်း ခွဲရမှာပဲ။ စောစောဖြတ်တာ ကောင်းတယ်။ အဖြေကို ဆုပ်ကိုင်မိလုလု အချိန်မှာပင် ဝိုင်းစိန် ရောက်လာသည်။

"သမီး တစ်ခု သတိရတယ်"

"ပြော… ပြော… ဘာလဲ"

ပေါ်ဌေးက အားတက်သရော မေးသည်။

"ဒေါ်လေးက မှာခဲ့တယ်၊ ဦးပေါ်ကို အချိန်မှန်မှန် ထမင်းကျွေးပါတဲ့၊ အဲဒါ…၊ အခု ထမင်းစားတော့မလား ဟင်"

ပေါ်ဌေး စိတ်တိုသွားပြီး-

"မစားဘူး၊ မစားဘူး… သွား သွား"

ဝိုင်းစိန် ခေါင်းကုတ်ပြီး ထွက်သွားသည်။ ပြီးမှ ပြန်လှည့်လာပြီး-

"သမီး တစ်ခု သတိရပြန်ပြီ"



ပေါ်ဌေးက ဟောက်ထုတ်မည်ပြုပြီးမှ-

"ဘာသတိရတာလဲ" ဟု မေးလိုက်သည်။

"ဒေါ်သီတာကို ပြောပြီးပြီလားလို့ ဒေါ်လေးက အန်တီနှောင်းတို့ကို မေးတယ်"

"ဒေါ်သီတာ…"

ဒီနာမည်ကို ကြားဖူးသည်။ ဘယ်မှာ ကြားဖူးတာလဲ။ ဘာကိစ္စနဲ့ ကြားဖူးတာလဲ။ အပြင်းအထန် စဉ်းစားသည်။ စောစောက အချက်အလက်တွေနဲ့ ပေါင်းစပ်ကြည့်သည်။ ခုန ပျောက်ကွယ်သွားသော အဖြေကို ပြန်ဖမ်းမိသည်။ ရင်ရင်ငြိမ်း ဘယ်မှာ ရှိသလဲဆိုတာ ခန့်မှန်းလို့ရပြီ။

သူ ချက်ချင်း ကားဆီ ပြေးပြီး ခုန်တက်လိုက်သည်။ ပြီးမှ သော့ မယူရသေးကြောင်း သတိရသည်။ အိမ်ထဲ ဝင်ပြီး သော့ယူသည်။ ပိုက်ဆံအိတ် ကျန်ခဲ့သဖြင့် အပေါ်ထပ် တစ်ခေါက် ပြန်တက်ရသေးသည်။ ထို့နောက် ကားကို မောင်းထွက်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

ရိပ်ခနဲ ကျော်လာသော မှန်ဦးကို မှတ်မိလိုက်သည်။ ထို့ကြောင့် ကားကို ရပ်ပြီး ပြန်ကွေ့သည်။ ဝင်းထဲသို့ အရှိန်နှင့် မောင်းဝင်ပြီး ဘရိတ်အုပ်လိုက်သည်။ ဖုန်မှုန့်တချို့ ဝဲပျံသွားသည်။ ဆရာကြီးဒေါ်သီတာ၏ စမ်းရေတွင်းသီလရှင် ကျောင်းတိုက်။ ရင်ရင်ငြိမ်း၏ မွေးနေ့တုန်းက လာလှူခဲ့ဖူးသည်။

သီလရှင်ငယ်လေး တစ်ပါးက ကားကို ပြူးပြူးပျာပျာ ကြည့်ပြီး နောက် ကျောင်းဆောင်းကနေ လှစ်ခနဲ ကွေ့ဝင်ပျောက်ကွယ်သွားသည်။ ပေါ်ဒွေး ကားပေါ်မှ ဆင်းပြီး ကျောင်းထဲဝင်မည် ပြုသည်။ အပေါက်ဝမှာ အထဲက ထွက်လာသော သီလရှင်တစ်ပါးနှင့် ဆုံသည်။

"တစ်ဆိတ်လောက် ဆရာလေးရယ်… ဒီမှာ.. ဟင် အနှောင်း"

အနှောင်းကို သီလရှင်အဖြစ် မြင်လိုက်ရသောကြောင့် အံ့အားသင့် သွားသည်။ တစ်ပြိုင်နက်တည်းမှာ အတွေးတွေက တန်းစီပြီး ဆန့်ထွက်သွား၏။

"ရင်ငြိမ်းကော…"

"မရှိ…" ဟု လွှတ်ခနဲ ပြောပြီးမှ-

"ရှိ… ရှိပါတယ်၊ ဒါပေမဲ့…"



"ငါ… အဲ.. တပည့်တော် သူနဲ့ တွေ့ချင်တယ်"

"တွေ့လို့ မဖြစ်ပါဘူး"

"ဘာဖြစ်လို့လဲ၊ သူ… သူ.. သီလရှင် ဝတ်လိုက်ပြီလား"

"အခု ဝတ်တော့မယ်"

"ကျွန်တော် သဘောမတူဘူး"

"ခုချိန်မှာ သူက လွတ်လပ်တဲ့သူ ဖြစ်နေပြီပဲ၊ ဒကာကြီး တားခွင့် မရှိပါဘူး"

"ရှိတယ်၊ ကွာရှင်းစာချုပ်က တရားရုံးမှာ လုပ်ထားတာ မဟုတ်ဘူး၊ ကျွန်တော်… တပည့်တော်လည်း လက်မှတ်မထိုးရသေးဘူး၊ တရားမဝင်ဘူး၊ သူ ဘယ်မှာလဲ၊ ရအောင် တားမယ်"

ပေါ်ဒွေးက ဖွတ်အတင်း ဝင်မည်ပြုသည်။

"သွားလို့မရဘူး"

"ရတယ်၊ သွားမယ်"

ပေါ်ဒွေး၏ အသံက နည်းနည်းကျယ်သွားသည်။

"ဒီကျောင်းမှာ စကားကျယ်ကျယ် မပြောရဘူး"

ကြည်လင်ပြတ်သားသော အသံတစ်သံကို ကြားရသဖြင့် လှမ်းကြည့် လိုက်သည်။ တည်ကြည်ခံ့ညားသော ဥပမိရုပ်ဖြင့် စိုက်ကြည့်နေသော သီလရှင် ဆရာကြီးတစ်ပါးကို တွေ့ရသည်။ အနှောင်းက လက်အုပ်ချီသောအခါ ပေါ်ဒွေး လည်း လက်အုပ်ချီလိုက်သည်။ ဆရာကြီးက ခေါင်းတစ်ချက် ဆတ်လိုက်ပြီး အပေါ်ထပ်သို့ ညင်သာသော ခြေလှမ်းများဖြင့် ကြွသွားသည်။

"ဆရာလေး တောင်းပန်ပါတယ် ဒကာကြီး၊ ရင်ငြိမ်းကို မနှောင့်ယှက် ပါနဲ့တော့"

တကယ်လို့သာ ဆရာလေး အနှောင်းက မာမာထန်ထန် တားမြစ် နေလျှင် ပေါ်ဒွေး ဖွတ်တိုးမိလိမ့်မည်။ အစဉ်အမြဲ ကျွတ်ဆတ်ဆတ် ပြောတတ် သော အနှောင်းလို လူမျိုးက ခုလို မေတ္တာရပ်ခံနေသောအခါ ပေါ်ဒွေး တွေဝေ သွား၏။

"တပည့်တော် သူ့ကို တွေ့ရုံကလေး တွေ့ပါရစေ"

ဟု ပြန်တောင်းဆိုလိုက်မိ၏။ ဆရာလေးက အတော်ကြာအောင် တွေစဉ်းစားနေပြီးမှ-

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီလေ၊ ဒါပေမဲ့ တစ်ခုတော့ ရှိတယ်၊ သူ့ကို ခပ်လှမ်းလှမ်းကနေပဲ ကြည့်ရမယ်၊ လှမ်းမခေါ်ရဘူး၊ စကားမပြောရဘူး၊ ဒကာကြီးကိုလည်း သူ မြင်မသွားစေရဘူး၊ အဲဒီကတိကို ပေးမလား"

ပေါ်ဒွေး သက်ပြင်းချလိုက်သည်။ ခေါင်းညိတ်ပြ၏။

ဆရာလေးက ကျောင်းဆောင်မှ ပတ်ပြီး ခေါ်သွားသည်။

"ဒီနေရာကနေပဲ ကြည့်ပါ၊ ဟိုမှာပဲ"

ကျောင်းဆောင် ကွက်လပ်မှာ ရင်ရင်ငြိမ်းကို လှမ်းမြင်ရသည်။ ဆောင်တစောင်း အနေအထား ဖြစ်၏။ ရင်ရင်ငြိမ်းက ဆောင့်ကြောင့်ထိုင်ပြီး ခေါင်းငုံ့ထားသည်။ သီလရှင်တစ်ပါးက ရင်ရင်ငြိမ်း၏ ဆံပင်များကို သင်တုန်းဓားဖြင့် ရိတ်ပေးနေသည်။ သီလရှင်နှစ်ပါးက ပိတ်ဖြူစကို တစ်ဖက်စီ ကိုင်ပြီး ကျလာသော ဆံစများကို ခံပေးထားသည်။ ထိုအထဲက တစ်ပါးမှာ ဒေစီပွင့် ဖြစ်၏။ ရင်ရင်ငြိမ်းမှာ ခေါင်းငုံ့ထားသဖြင့် မျက်နှာကို ကောင်းကောင်းမမြင်ရ။ တည်တည်ငြိမ်ငြိမ် ရှိနေဆဲပဲ ဆိုတာကိုတော့ ခန့်မှန်းမိ၏။ ရင်ထဲမှာ ဘယ်လိုရှိနေသလဲတော့ မသိ။

ဆံပင်တွေက ပိတ်ဖြူပေါ်သို့ တစ်ထွေးပြီး တစ်ထွေး ကျနေသည်။ ဓားရိတ်သံ တဂျစ်ဂျစ်ကိုတောင် ကြားယောင်လာ၏။ ပေါ်ဒွေး ရှေ့ကို ခြေတစ်လှမ်း တိုးလိုက်သည်။

"ဒကာကြီး"

ဆရာလေးအနောင်း၏ သတိပေးသံ ထွက်လာသဖြင့် တုံ့ခနဲ ပြန်ရပ်လိုက်ရသည်။

"သူဟာ မကြာခင်မှာ ငြိမ်းချမ်းတဲ့ဘဝကို ပိုင်ဆိုင်တော့မှာပါ၊ အေးအေးချမ်းချမ်း နေပါစေတော့ ဒကာကြီးရယ်၊ သူ့ကို လွတ်မြောက်ခွင့် ပေးလိုက်ပါတော့"

ခေါင်းရိတ်ပြီးသွားသည်။ သီလရှင်ကြီးက မျက်နှာသုတ်ပဝါဖြင့် ခေါင်းကို အုပ်ပြီး ကပ်နေသော ဆံစတွေကို သုတ်သင်ပေးသည်။ ပေါ်ဒွေး ဆက်ကြည့်နိုင်စွမ်း မရှိတော့။ ချာခနဲ လှည့်ထွက်လာခဲ့သည်။

ကားပေါ် တက်ထိုင်သည်။ စက်နှိုးသည်။ မောင်းထွက်ဖို့ တုံ့ဆိုင်းနေသည်။ စတီယာရင်ကို ကိုင်ထားသော လက်များက တဆတ်ဆတ် တုန်နေသည်။ စတီယာရင်ပေါ် ခေါင်းစိုက်ပြီး မှီထားမိ၏။ စိတ်ကို ထိန်းပြီး ခေါင်း



ပြန်မော့သည်။ ကျောင်းတိုက်ဝင်းအတွင်းမှ သီလရှင်အချို့သည် သူ့ကို မသိမသာ အကဲခတ်နေကြသည်။ ပေါ်ဒွေး အမြင်မှာ သီလရှင်အားလုံး ရုပ်ရည်ချင်း တစ်ပုံစံတည်း ဖြစ်နေ၏။ ထို့နောက် သီလရှင်အားလုံးသည် ရင်ရင်ငြိမ်းတွေချည်း ဖြစ်နေသည်ဟု ထင်မိပြန်သည်။

အားလုံး ပြီးဆုံးသွားပြီ။ ဒီနေရာသည် သူနှင့် မအပ်စပ်တော့။ ထွက်ခွာမှ ဖြစ်တော့မည်။ ဂီယာထိုးသည်။ ကားကို မောင်းထွက်သည်။ မျက်နှာက ရှေ့ကို မူထားသော်လည်း မျက်လုံးတွေက နောက်ကြည့်မှန်ဆီ ရောက်နေသည်။ မုခ်ဦးနား ရောက်လာသည်။ ထိုစဉ်တွင် အလာတုန်းက မြင်ရသော သီလရှင်ငယ်လေးသည် နောက်မှ လက်ပြရင်း ပြေးလိုက်လာတာကို နောက်ကြည့်မှန်ထဲမှာ တွေ့ရသည်။ သူ့နောက် ခပ်လှမ်းလှမ်းမှာ ဆရာလေး အနောင်း။ တစ်စုံတစ်ခု အော်ဟစ် ပြောဆိုနေသည်။

ကားကို ရပ်လိုက်သည်။ ဆရာလေးက အပြေးတစ်ပိုင်း လာနေသည်။ ပေါ်ဒွေးက ကားကို နောက်ပြန်ဆုတ်သည်။ ဆရာလေး ကားဆောင်း ရောက်လာသည်။

"ဒကာကြီး... ဒကာကြီး... နေပါဦး"

"ဘာဖြစ်လို့လဲ"

"ဆေးရုံ... ဆေးရုံကို ပို့ပေးပါ"

"ဘာ..."

"ရင်ငြိမ်း မူးပြီး မေ့လဲကျသွား..."

'လို့' ဆိုသော စကားလုံးက နောက်မှာ ကျန်ခဲ့သည်။ ပေါ်ဒွေး ပြေးသည်။ ကွက်လပ်ထဲမှာ သီလရှင်တွေ ပျာယာခတ်နေကြသည်။ ဒေစီပွင့်က ရင်ရင်ငြိမ်းကို ပွေ့ထားသည်။ ပေါ်ဒွေး ဘာမှ မေးမနေတော့ဘဲ ရင်ရင်ငြိမ်းကို ပွေ့ချီပြီး ကားဆီ ပြေးသည်။ ရှေ့ခန်းက ခုံမှာ တင်သည်။ နောက်မှ ပြေးလိုက်လာသော သီလရှင်နှစ်ပါးကို-

"နောက်ကတက်၊ သူ့ကို ထိန်းကိုင်ပေးထား"

ဟု ပြောပြီး ကားပေါ်တက်၊ စက်နှိုး မောင်းထွက်ခဲ့သည်။ လမ်းတစ်လျှောက်လုံးမှာ- 'ရင်ငြိမ်း... ရင်ငြိမ်း.. သတိရလား'ဟု တတွတ်တွတ် မေးသွားသည်။ သူ့ကားသည် ဂျစ်ကားမျှသာ ဖြစ်၏။ သို့ရာတွင် ရှေ့မှာ တွေ့သမျှ ကားအကောင်းစားတွေကို ကျော်တက်ခဲ့သည်။ မီးနီတွေ ဘာတွေ

www.burmeseclassic.com

www.burmeseclassic.com



ဖွတ်မိသလား မသိ။ ယာဉ်ထိန်းရဲ့ ခရာမှုတ်သံတွေနောက်မှာ ပြတ်ကျန်ခဲ့သည်။ ရင်ရင်ငြိမ်းဆီက ညည်းသံသဲ့သဲ့ ကြားသည်။ ပေါ်ဒွေး လီဗာကို ဖိနင်း၏။

"ဟိုမှာ... ဟိုမှာ ဆေးခန်း"

ဟု ပြောသံ ကြားရသည်။ 'အမရာ အထူးကုဆေးခန်း' ဆိုသော ဆိုင်းဘုတ် ရှိရာ အဆောက်အအုံကို ခေါင်းထိုးရပ်လိုက်သည်။ ရင်ရင်ငြိမ်းကို ပွေ့ပြီး ဆေးခန်းထဲ ပြေးဝင်သည်။ အရေးပေါ် ကုသခန်း ဆိုင်းဘုတ် ချိတ်ထားသော အခန်းထဲ စွတ်ဝင်သွားသည်။ ခုတင်ပေါ် တင်လိုက်သည်။ သူနာပြု ဆရာမတစ်ယောက် နောက်က လိုက်ဝင်လာသည်။

"ဘာဖြစ်တာလဲ"

"မူးလဲသွားလို့"

"အပြင်မှာ စောင့်နေပါ"

ဟု ပြောရင်း အခန်းထောင့်မှ တယ်လီဖုန်းကို ကောက်ကိုင်သည်။

"မမလား... အင်မာဂျင်စီကေ့စ်တစ်ခု ဝင်လာလို့၊ ရှော့(ခ်)ရလာတယ် ထင်တယ်၊ ဟုတ်"

ပေါ်ဒွေးတို့ အခန်းပြင်က စောင့်နေကြသည်။ အသားညိုညို၊ ရုပ်ခပ်ချောချော ဆရာဝန်မကြီးတစ်ဦး အရေးပေါ်ခန်းထဲသို့ ခပ်သုတ်သုတ် ဝင်သွားသည်။ ဒီတော့မှ-

"ဘယ်လို ဖြစ်တာလဲ" ဟု ပေါ်ဒွေးက မေးသည်။

"သူ့ အစားကောင်းကောင်း မစားတာ ကြာပြီ၊ မနက်ကလည်း ဘာမှ မစားဘူးထင်တယ်၊ အားပြတ်ပြီး မူးလဲတာ ဖြစ်မယ်"

ဆရာလေးဒေစီပွင့်က ပြောသည်။ ဆရာလေး အနှောင်းက-

"တကယ်တော့ သူလည်း ဆရာလေးတို့နဲ့ အတူတူ သီလရှင်ဝတ်မလို့ဘဲ၊ ဒါပေမဲ့ ဆရာကြီးဒေါ်သီတာက တစ်ခုခု စိတ်မချလို့ ထင်တယ်၊ သုံးရက်လောက် အချိန်ယူ စဉ်းစားပါဆိုလို့ ဒီနေ့မှ ဝတ်ဖို့ဖြစ်သွားတာ"

ဟု ရှင်းပြသည်။

ဘယ်လောက် ကြာသွားသလဲ မသိ။ ပေါ်ဒွေးကတော့ နာရီဝက်လောက်တောင် ကြာသည်ဟု ထင်မိ၏။ အခန်းရှေ့မှာ ခေါက်တုံ့ခေါက်ပြန် လျှောက်နေသည်။ သူ စိတ်မရှည်နိုင်တော့ဘဲ အခန်းထဲ လိုက်ဝင်မည်အပြုမှာ ...င် အထဲက ထွက်လာသော ဆရာဝန်မကြီးနှင့် သွားဆုံသည်။ ဆရာမကြီး



မျက်နှာထားကို ကြည့်ခြင်းအားဖြင့် အခြေအနေ သိပ်မဆိုးလှကြောင်း ခန့်မှန်းနိုင်သည်။ ဆရာဝန်မကြီးက ပြုံး၍-

"ကွန်ဂရက်ကျူလေးရှင်း ဦးပေါ်ဒွေး"

"ခင်ဗျာ..."

"ရှင့်ဇနီးမှာ ကလေးရှိနေပြီ"

"ဗျာ... ဟာ... မဟုတ်ဘူး၊ မဟုတ်ဘူး၊ မဖြစ်နိုင်ဘူး"

ဆရာဝန်မကြီး မျက်နှာတည်သွားပြီး-

"ဘာဖြစ်လို့ မဟုတ်ရမှာလဲ၊ ကျွန်မကိုယ်တိုင် စမ်းသပ်ခဲ့တာပဲ၊ ဒီမှာ ဒေါက်တာနုနုဆွေတို့ လက်က အာထရာဆောင်းထက်တောင် သေချာသေးတယ်"

"မဟုတ်သေးဘူး၊ ကျွန်တော်တို့ နှစ်ယောက်က ဘာမှ မဖြစ်... အဲ... တစ်ခုခုတော့ လွဲနေပြီ ထင်တယ်"

"ကဲ... ဟုတ်၊ မဟုတ် သိချင်ရင် ကိုယ့်ဟာကိုယ်ပဲ သွားမေးကြည့်ပေတော့၊ အဲ... တစ်ခုတော့ မှာလိုက်မယ်၊ ဝမ်းသာလုံးဆို့ပြီး အော်ဟစ်ခုန်ပေါက်တာတော့ မလုပ်နဲ့နော်၊ တခြားလူနာတွေ လန့်ကုန်ဦးမယ်"

ပြုံး၍ မျက်စောင်းတစ်ချက် ထိုးပြီး ထွက်သွားသည်။ ပေါ်ဒွေး အခန်းထဲ ပြေးဝင်လာခဲ့၏။

ရင်ရင်ငြိမ်းသည် ခုတင်ပေါ်မှာ လှဲနေသည်။ သူ သတိရနေပြီ ဖြစ်၏။ မျက်နှာကြက်ကို မမှိတ်မသုန် ငေးကြည့်နေသည်။ ပေါ်ဒွေးသည် ခုတင်ဘေးက ခုံမှာ ဝင်ထိုင်လိုက်ပြီး-

"ဆရာမကြီး ပြောတာ ဟုတ်လား ဟင်၊ တကယ်ပဲလား"

ရင်ရင်ငြိမ်းက ခေါင်းညိတ်ပြသည်။

"ဘယ်လိုဖြစ်ရတာလဲ ရင်ငြိမ်းရယ်၊ ငါတို့ ဘာမှ မဖြစ်ကြဘဲနဲ့၊ ဒါဆို..."

"နင် ငါ့ကို အထင်သေးလှချည်လား"

"မဟုတ်ပါဘူး၊ ငါ နားမလည်နိုင်လို့ပါ၊ ဘယ်လို ယုံရမှာလဲ"

ရင်ရင်ငြိမ်းက တစက်စက် ကျနေသော အကြောဆေးပိုက်ကို ကြည့်ရင်း-

www.burmeseclassic.com

www.burmeseclassic.com



"မိုးတွေ သိပ်သည်းတဲ့ ညတစ်ညမှာ နင် အရက်တွေ အရမ်းမူးလာတယ်လေ"

ထိုနေ့က ပေါ်ဒွေး စာကြည့်ခန်းထဲက ခုတင်လေးပေါ်မှာ လှဲအိပ်နေသည်။ တစ်ကိုယ်လုံး မိုးရေတွေ ရွှဲရွှဲစိုနေသည်။ အအေးမိပြီး ဖျားမှာစိုးသဖြင့် ရင်ရင်ငြိမ်းက အဝတ်အစားတွေ လဲပေးခဲ့သည်။ ထိုအခါ ပေါ်ဒွေးက ရင်ရင်ငြိမ်းကို....

"ဟင်... အဲဒါ တကယ်ပဲပေါ့၊ အိပ်မက် မက်တာ မဟုတ်ဘူးပေါ့၊ ငါ ဝမ်းသာလိုက်တာဟာ၊ ရင်ငြိမ်း... ငါတို့ ကလေးရတော့မယ်နော်"

ပေါ်ဒွေးက ရင်ရင်ငြိမ်း၏ လက်ကို ဆုပ်ကိုင်လိုက်သည်။ ရင်ရင်ငြိမ်းသည် မျက်နှာကြက်ကို ပြန်ငေးကြည့်နေရင်းက–

"အဲဒီနေ့က ငါ ဘာဖြစ်လို့ ခွင့်ပြုခဲ့မိရတာလဲ ကိုပေါ်ရယ်"

ရင်ရင်ငြိမ်း မျက်ရည်ကျသည်။ ပေါ်ဒွေး၏ လက်ကိုတော့ ပြန်ပြီး ဖျစ်ညှစ်ဆုပ်ကိုင်ထားလိုက်၏။ ပေါ်ဒွေးသည် တခြားယောကျ်ားတွေထက် ပိုမိုသာလွန်သော အခွင့်အရေးတစ်ခုကို ရရှိလိုက်သည်။ ဆံပင်တွေ ပြောင်စင်အောင် ရိတ်သင်ထားသော ရင်ရင်ငြိမ်း၏ ဦးခေါင်းလေးကို ဖွဖွလေး ငုံ့နမ်းလိုက်ခြင်းပင် ဖြစ်၏။

မနက်ဖြန်ကျလျှင် ရွှေနေကြီး ဦးစောဘရန်ငြိမ်းဆီ သွားရမည်။ လက်ထပ်စာချုပ်အသစ် တစ်ခု ထပ်ပြီး စီစဉ်နိုင်းရမည်။ ထိုစာချုပ်မှာ ရင်ရင်ငြိမ်းကို နောက်ဘဝအတွက် ကြိုတင်ပြီး လက်ထပ်ထားဖို့ပင် ဖြစ်လေသည်။

ပွဲသိမ်းရော မမှတ်သေးခင်
မန်ယူ ရှုံးပြီလို့ မပြောပါနဲ့ဦး။
ကျားသစ်ဆိုတာ
အရေခွံဆုတ်ပြီးမှ
တကယ်သေပြီလို့ အတည်ပြုနိုင်တယ်။
ပိုးဟပ်တစ်ကောင်ဟာ
ခေါင်းမပါဘဲနဲ့
ရက်အတော်ကြာ အသက်ရှင်နိုင်သေး ဆိုပဲ။
အသက်ရှူ ရပ်သွားတာတောင်
ဦးနှောက် အလုပ်လုပ်နေရင်
သေပြီလို့ မဆိုနိုင်သေးဘူး။
ငါ့နှလုံးခုန်သံ ယှဲယှဲလေးပဲ ကျန်တော့လို့
မင်း သိပ်ပျော်နေလားဟင်။
စိတ်ချ...
နောင်ဘဝကျရင်လည်း
ငါ မင်းကိုပဲ ပြန်ချစ်ဦးမှာ။
တန်ဖိုးရှိတဲ့ မိန်းမဆိုတာ
စာအုပ်ကောင်းတစ်အုပ်လိုပဲ
ဘယ်လောက် ဟောင်းနွမ်းစုတ်ပြတ်နေပါစေ
ပြန်ဖတ်တိုင်း အရသာရှိတယ်လေ။

မင်းလူ
၁၁–၂–၂၀၁၁
နံနက် [illegible]း၅၀ နာရီ

www.burmeseclassic.com